

www.facebook.com/onairmm
For Knowledge & Educational



ဉ်ဖန်တီးထုတ်လုပ်မှု

ခင်ဇော်

မူပိုင်

မြင့်မြင့်အေး (မေ)


စာမူခွင့်ပြုအမှတ်

၄၁၆/၉၅ (၇)

မျက်နှာဖုံးခွင့်ပြုအမှတ်

၄၀၃/၉၅ (၈)

ထုတ်ဝေခြင်း

ပထမအကြိမ်၊ ၁၉၉၅၊ ဩဂုတ်လ

အုပ်ရေ

၅၀၀

မျက်နှာဖုံးနှင့် ရေခံပန်းချီ

ကျော်သောင်း

မျက်နှာဖုံးကာလာခွဲ

CSS ကွန်ပျူတာ

ထုတ်ဝေသူ

ဦးကျော်လေး (ရွှေပြည်တော်စာပေ) (၀၁၅၆၉)
အမှတ် ၂၂၆၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြသွေး၊ တော်ဝင်ပုံနှိပ်တိုက် (၀၂၂၇၄)
အမှတ်(၉၂)၊ ၂၈ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်

ဒေါ်ကြည်ကြည်အေး၊ ဆန်းသိခ်ပုံနှိပ်တိုက် (၀၃၂၅၅)
အမှတ် (၁၅၀/၁၅၂)၊ ၄၈ လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး ◆၆၀၀ ကျပ်


# ချစ်ဦးညို

## ဟိမဝန္တာခရီးသည်

## စစ်ရာဇသံ

"နောင်တော် ဘုရင်မင်းမြတ်အား ကြားသိစေလိုက်သည်မှာ…

ကျွန်ုပ်သည် သင့်အထံတွင် အိမ်ရှေ့ဥပရာဇာဘဝဖြင့် နေထိုင်ခဲ့သော ကာလပတ်လုံးပင် သုံးပါးသော ကံတို့ဖြင့် စိုးစဉ်းမျှ သင့်အား ပြစ်မှားမိခဲ့ခြင်းမရှိ။ ရန်သူနှလုံးထားမတရားသောအရာ ပြုခဲ့ခြင်းလည်းမရှိ။

သို့ပင်လျက် သင်သည် ကျွန်ုပ်အား ရန်သူပြုလျက် အရာမှနုတ်ကာ အိမ်ဆိုး အကျဉ်းထောင်၌ အနှောင်အဖွဲ့ပြုခဲ့ပေ၏။

ကျွန်ုပ်သည် မိမိ၏ ဘုန်းတန်ခိုးနှင့် သစ္စာကို အထောက်အထားပြုလျက် သင်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရုန်း

ထွက်ခဲ့ကာ ယခုအခါ သင့်အထံသို့ ဤစစ်ရာဇသံကို ပေးအပ်ပေပြီ။

ရန်သူ မလုပ်လိုတဲလျက် သင်၏ ပြုမူချက်ကြောင့် ရန်သူ လုပ်ရပြီဖြစ်သော ကျွန်ုပ်သည် သင့်အား ဤသို့သော စစ်စကားဆိုပြီး ထီးနန်းကိုသော်လည်း ပေးအပ်မည်လော၊ စစ်ပွဲသော်လည်း ပြုမည်လော။ အကြာအရှည်နေသော် တိုင်းသားပြည်သူ ကျွန်တော်မျိုးတို့သာ ပင်ပန်းကြတော့မည်”

ပေါလဇနကမင်း

သံတော်ဆင့်၏ ရာဇသံဖတ်ကြားချက်အဆုံးတွင် ညီလာခံသည် ပို၍ တိတ်ဆိတ်သိပ်သည်းသွားသည်။ နန်းရင်ပြင်တွင် ရှိနေကြသူများအားလုံး၏ မျက်လုံးအစုံပေါင်း များစွာတို့မှ စူးစူးရဲရဲ အကြည့်တို့သည် မိမိထံတွင် စုပြုံကျရောက်နေသည်ကို အရိဋ္ဌဇနကမင်း သိနေသည်။

တစ်နေ့ ဤသို့ဖြစ်လာမည်ကို ကြိုသိနေကြသည့် မျက်လုံးများ။ ဤနေ့ဤရက်ကို အကယ်ပင် ကြုံတွေ့ရတော့မည်ဟု တထိတ်လန့်လန့် တွက်ဆထားကြသော မျက်နှာများ....။

“သစ်တပ်မှာ နေရတဲ့သူကများ စစ်ရာဇသံ ပို့သတဲ့လား”

ကြုံးဝါးရေရွတ်သံပင်ဖြစ်သော်လည်း အရိဋ္ဌဇနကမင်း၏ အသံမှာ ခြင်္သေ့မင်း၏အသံလို အဝင်အားမဆောင်တဲ့ လျော့





ရဲရဲ ထွက်ပေါ်လာသည်။ အမှူးအမတ်များနှင့် စစ်ကဲမင်းများကို လှမ်းကြည့်လိုက်သော အခါတွင်လည်း မသာမယာ မျက်နှာထားများသာ တွေ့ရသည်။ စစ်ဆိုသောအသံ၏ ရိုက်ပုတ်နှိုးဆော်မှုဖြင့် စစ်သွေးတို့ ဖြန်းဖြန်းတက်ကြွကာ သောသောလှုပ်လှုပ် အုတ်အုတ်ကျက်ကျက် ဖြစ်သွားရမည့်အစား ရေသေအိုင်ကြီးတစ်ခုလို လေးလံစေးပျစ်လျက်သာ ရှိချေသည်။

ဤတွင် အရိဋ္ဌဇနကမင်း၏ ရင်သည် ရာဇာတို့၏ မာန်မာနဖြင့် တင်းခနဲဖြစ်သွားသည်။ သံတော်ဆင့်နှင့် စစ်ကဲမင်းတို့၏ နောက်နားကျကျ၌ ခစားနေသော စစ်သံများကိုလှမ်းကြည့်လိုက်သည်။ မခံချိမခံသာ အဖြစ်ပင်၊ စစ်ရာဇသံပို့လာသော ထိုသူငါးယောက်တို့၏ ရဲမက်ဝတ်စုံမှာ ဟောင်းနွမ်းနေသော်လည်း အသွင်အပြင်မျက်နှာထားများက ပကတိတင်းမာနေကြသည်။ စိုးရွံ့ခြင်း အလျဉ်းမရှိ။ မိမိ၏ တုံ့ပြန်စကားကို စွင့်သောနားဖြင့် တည့်မတ်စွာ ရှိနေကြသည်။

အရိဋ္ဌဇနကမင်းသည် ရာဇာမင်းတို့၏မာန်ကို စုစည်းသောအနေဖြင့် အသက်ပြင်းပြင်း တစ်ချက်ရှိုက်သည်။ သက်ပြန်ထုတ်လိုက်သော လေပူတို့နှင့်အတူ စကားတုံ့ကို ဆိုသည်။

“မင်းတို့ခေါင်းဆောင်ကို ပြောလိုက်၊ ထီးနန်းနဲ့တန်သလားလို့ ကိုယ့်ကိုယ်ကို မေးကြည့်ဦး၊ အဲဒီလို မေးနေတုန်း အဖြေထုတ်နေတုန်းမှာပဲ ကျွန်ုပ်က အလုံး

အရင်းနဲ့ စစ်ထွက်လာပြီဆိုတာ တွေ့ရမယ်။ စစ်မြေပြင်တလင်းမှာ သင်းဦးခေါင်းကို ငါယူမယ်”

မင်းတို့ “ခေါင်းဆောင်’ ဟူသော စကားကို သုံးလိုက်နိုင်ခြင်းအတွက် အရိဋ္ဌဇနကသည် မိမိကိုယ်မိမိ ကျေနပ်အားရသွားသည်။ ခေါင်းဆောင်....ဟုတ်သည်။ ပေါလဇနကသည် မင်းမဟုတ်၊ မင်းလျာမဟုတ်။ အာဏာဖီဆန်သူတို့၏ ခေါင်းဆောင်၊ သစ်တပ်တည်၍ သစ်လုံးများအတွင်းမှာ နေရသောသူ။

စစ်ရာဇသံပို့လာသော ရဲမက်ငါးယောက်တို့ နန်းရင်ပြင်မှထ,ကြသည်။ထို့နောက် ညီလာခံပရိသတ်မှူးမတ်များအကြားလမ်းမြောင်အတိုင်း တိတ်ဆိတ်စွာ ထွက်ခွာသွားကြသည်။ ဝဲယာတစ်ဖက်စီမှ နန်းတွင်းအမှုထမ်းများကလည်း နန်းဆောင်အပြင်သို့ ထွက်သွားကြသူများကို တိတ်ဆိတ်သော မျက်လုံးများဖြင့် ကြည့်နေကြသည်၊ ရဲမက်များ၏ ခြေသံတရှပ်ရှပ်နှင့် ဝတ်ရုံစများ ပွတ်တိုက်သံတို့သာ ထွက်ပေါ်နေသည်၊

မကြာမီ စစ်ရာဇသံပို့လာသော ရဲမက်အစုသည် နန်းဆောင်ခန်းကြီးထဲမှ ထွက်ခွာလျက် ပျောက်ကွယ်သွားကြသည်။ ညီလာခံသည်ကား စောစောကအတိုင်းပင် တိတ်ဆိတ်ခြင်း၌ နစ်မြုပ်လျက် ကျန်ရစ်ခဲ့လေသည်၊

ဤသို့ဖြင့်ပင် ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်၏ သမိုင်းတစ်ခုသည် စစ်တည်းဟူသော ကဏ္ဍသစ်တစ်ခုထဲသို့ ဝင်





ရောက်သွားပေပြီ၊ စစ်ဆိုသည့်အရာနှင့် နှစ်ပရိစ္ဆေဒရှည်ကြာစွာ ကင်းကွာနေခဲ့သော အေးချမ်းငြိမ်သက်သည့် မိထိလာသည် စစ်ကို ဘွားခနဲ မျက်မှောက်ပြုလိုက်ရပြီ ဖြစ်လေသည်။

ဘေးတော် ဘိုးတော်တို့လက်ထက်။ ထို့နောက် ခမည်းတော် မဟာဇနကမင်းကြီး လက်ထက်။ ထို့နောက် မိမိလက်ထက်၊ အစဉ်တစိုက် ငြိမ်းချမ်းခဲ့လေသော မိထိလာပြည်။ ဤပြည်ကြီး၏ ငြိမ်းချမ်းမှုသည် ယခုအခါ အဆုံးသတ်တော့မည်။ စစ်မြေပြင်ကြီးတစ်ခု မကြာခင် ပေါ်ပေါက်တော့မည်။

စစ်၏အငွေ့အသက်ကို စ,တင်စေလွှတ်လိုက်သူမှာ တိုင်းတစ်ပါး ပြည်ခြား မင်းဘုရင်တစ်ပါးမဟုတ်၊ ကျူးကျော်ဝင်ရောက်သူများမဟုတ်၊ မိမိ၏ညီတော် ပေါလဇနကမင်း ဖြစ်သည်။

ပေါလဇနက။ အရိဋ္ဌဇနကမင်းသည် ဤအမည်ကို စိတ်ထဲမှာ ရေရွတ်ရင်း မွန်းကျပ်လာသည်၊ သင်း စော်ကားရိုင်းပျလေခြင်း။ ခမည်းတော် မဟာဇနကမင်းကြီး အသက်ထင်ရှားရှိစဉ်၊ မိမိ အိမ်ရှေ့ဥပရာဇာဘဝတွင် ရှိစဉ်က သင်းသည် သေနာပတိဖြစ်ခဲ့သည်။ ခမည်းတော်မင်းကြီး အနိစ္စရောက်သွားသောအခါ မိထိလာနန်းပလ္လင်ထက်သို့ ၊ မိမိတက်ခဲ့ချိန်တွင် သင်းအား အရိုက်အရာခံ အစဉ်အလာအတိုင်း ဥပရာဇာအဖြစ်ကို ပေးခဲ့သည်။

ယခုမူ သင်းကား သစ်လုံးတပ်တည် ဗိုလ်ဝင်ခံ အင်အားစုကာ ထီးဖြိုင် နန်းဖြိုင် ပြုနေချေပြီ။ ထီးနန်းကိုပေးအပ်မည်လော၊ စစ်မက်ကို ပြုမည်လောဟု ရာဇသံ စေချေပြီ။

အရိဋ္ဌဇနကမင်းသည် မချမ်းမမြည့် ခံစားလာရသည်။

မိထိလာ၏ ငြိမ်းချမ်းမှုအပြင်ညီတွင် အက်ကွဲကြောင်းစ,တင် ဖြစ်ပေါ်လာပြီ။ ပေါလဇနကသည် စစ်ကိုတောင်းနေပြီ။ထိုပေါလဇနကသည် ယခုလို ပုန်စားသူတို့ ခေါင်းဆောင်ဘဝ မရောက်မီက အိမ်ရှေ့ဥပရာဇာ ဖြစ်ခဲ့သူ၊ အိမ်ရှေ့ဥပရာဇာ မဖြစ်မီက သေနာပတိဖြစ်ခဲ့သူ....၊ သူလှုပ်ခါလိုက်သောအချိန်ကြောင့် မိထိလာနန်းတော်သည် ယိမ်းယိုင်ရတော့မည်လား၊

အုံ့မှိုင်းသော အတွေးများဖြင့် အရိဋ္ဌဇနကမင်းသည် နန်းရင်ပြင်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ ငုံ့ငိုက်နေကြသော ဦးခေါင်းများ၊ ဝပ်တွားနေကြသော ကျောပြင်များ၊ နိမ့်ဆင်းနေကြသော ပခုံးများကို မြင်နေရသည်။ အားရတက်ကြွဖွယ် အလျဉ်းမရှိသော မြင်ကွင်းဖြစ်သည်။

ညီလာခံပရိသတ်ဆီမှသည် အကြည့်ရုပ်သိမ်းကာ လက်ဲဘက်အောက်ခြေ တစ်နေရာဆီသို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင် ရွှေပိန်းချ သလွန်တစ်ခုရှိသည်။ သို့သော် သလွန်ပေါ်တွင် ထိုင်သူမရှိ၊ ကတ္တီပါဖုံ့နှင့် ကမ္ဗလာခင်းထားသောသလွန်သည် လစ်လပ်နေသည်။





ထိုနေရာသည် မိဖုရားကြီး၏ နေရာဖြစ်သည်။

အရိဋ္ဌဇနကမင်းသည် စိုးရိမ်ထိတ်လန့်မှုတစ်ခုကို သိသိသာသာကြီး ခံစားလိုက်ရသည်၊ မိဖုရားကြီးသည် ပဋိသန္ဓေအရင့်အမာဖြင့် ရှိချေသည်တကား။

# စစ်ပွဲအကြိုကာလများ

စံပယ်နံ့၊ နှင်းပန်းနံ့များအပြင် အစဉ် မွှေးပျံ့လျက်ရှိသော မိဖုရားကြီး၏ အဆောင်သည် ယနေ့အဖို့ ထိုပန်းနံ့များမှ ကင်းဝေးလျက် စိမ်းရွှေရွှေအနံ့တစ်မျိုးဖြင့် ထုံသင်းနေသည်ကို အရိဋ္ဌဇနကမင်း ဦးစွာ သတိထားမိသည်။

ရွှေရေးချ သုံးချောင်းထောက်ခုံပေါ်မှ လှပသော ကြွေအိုးတွင် နှင်းဆီပန်းများ ထိုးစိုက်ထားသော်လည်း နှင်းဆီပန်းရနံ့တို့ကား ထွက်ပေါ်မလာ။ စိမ်းရွှေရွှေရနံ့ တချို့သာ အဆောင်ထဲမှာ ဖုံးလွှမ်းနေသည်။

အရိဋ္ဌဇနကမင်း အဆောင်တော်တွင်း ဝင်လာသည်နှင့် မောင်းမရံရွှေများသည် ပျာပျာသလဲ ဖြစ်သွားကြကာ အသီးသီး လှုပ်ရှားနေသော နေရာများမှ ရှဲဖယ်ကြသည်။ အရိဋ္ဌ

ဇနကမင်းသည် မိဖုရားကြီး၏ စက်ရာ ခုတင်ခေါင်းရင်း ဆီသို့ လှမ်းသွားလိုက်သည်။

စက်ရာပေါ်တွင်ကား ပဋိသန္ဓေအရင့်အမာကို လွယ်ထားသော မိဖုရားကြီးသည် အလိုက်သင့် လဲလျောင်းနေလေသည်။ စိမ်းရွှေရွှေအနံ့မှာ ခုတင်ခေါင်းရင်းအောက်ရှိ ကြေးလင်ပန်းရှိ တစ်စုံတစ်ရာကို မီးရှို့မြိုက်ရာမှ ထွက်ပေါ်လာသော အနံ့ဖြစ်ကြောင်း အရိဋ္ဌဇနကမင်း သိသည်။

"ခါတိုင်းလို ပန်းနံ့တွေနဲ့ မကြိုဆိုနိုင်တဲ့အတွက် နှမတော်ကို ခွင့်လွှတ်ပါ။ သမားတော်များ အစီအမံနဲ့ အဲဒီ ဆေးမှုန့်နဲ့ ဆေးမြစ်တွေကို မီးရှို့ပြီး ထွက်လာတဲ့အနံ့ကို ရှူရှိုက်ရပါတယ်၊ သွေးလေ မတက်စေရအောင် ကြိုတင်စီမံထားတာပါ မောင်တော် မင်းကြီး"

နေ့စေ့လစေ့ ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး၏ အာဝေဏိက ဒုက္ခတစ်ပါးကို အရိဋ္ဌဇနကမင်း စာနာ နားလည်လိုက်သည်၊

သို့သော် မိဖုရားကြီး၏ ပဋိသန္ဓာရ တောင်းပန်စကားကို ခေါင်းညိတ် ပြုံးမျှဖြင့်သာ တုံ့ပြန်လိုက်ပြီးနောက်....

"အင်မတန် အရေးကြီးတဲ့စကားပြောဖို့ မောင်တော် လာခဲ့တယ်၊ နှမတော် သက်သာသလို နေပါ၊ မောင်တော်ပြောမှာကို ရှုစိုက်နားထောင်ပါ"

"မိန့်ပါ မောင်တော်မင်းကြီး"





အရိဋ္ဌဇနကမင်းသည် မိဖုရားကြီး၏ ပြည့်ဖြိုးသော ဝမ်းဗိုက်ဆီသို့ စောင်းငဲ့ကြည့်သည်။ ပဋိသန္ဓေကို လွယ်ဆောင်သော မိခင်လောင်းတစ်ဦး၏ ကျက်သရေရှိမှုကိုလည်း သတိထားမိသည်၊ မိဖုရားကြီးသည် မိမိ၏ရင်သွေးကို မကြာမီ မွေးဖွားပေးပေတော့မည်။ မိမိ၏ ရင်သွေး၊ ထီးနန်းအရိုက်အရာ၊ မိထိလာ၏ နန်းညွန့်နန်းလျာ။

သည်လိုအချိန်မျိုးမှာမှ စစ်ဆိုသောအရာသည် နန်းတော်မြို့ရိုးတံခါးကို ရိုက်ပုတ်လာလေခြင်း။ နေ့နေ့ညည မကြာမီ မီးရှူးသန့်စင်တော့မည့် မိဖုရားကြီးအား အနိဋ္ဌာရုံမှန်သမျှ မမြင်ရ၊ မကြားရစေဘဲ ဣဋ္ဌာရုံမှန်သမျှတို့ကိုသာ မြင်ကြား ထိတွေ့နေစေသင့်သော ဤလိုအချိန်အခါမျိုးတွင်မှ ဤသို့ ကြုံရလေခြင်း....။

နှုတ်ထွက်စကား မဆိုရက် ရှိလေတော့သည်။

"မောင်တော်မင်းကြီး မျက်နှာမသာယာရှိလှတယ်။ ဆိုစရာရှိတာဆိုပါ မောင်တော်၊ နှမတော်ဟာ ဘုန်းသမ္ဘာရှင် ရင်သွေးသန္ဓေကို လွယ်ထားတာမို့ ဘာကို မဆို ရင်ဆိုင်နိုင်ပါတယ်"

အရိဋ္ဌဇနကမင်းသည် မိဖုရားကြီး၏ လက်ဖမိုးထက်သို့ တယုတယ အုပ်မိုးဆုပ်ကိုင်လိုက်လေသည်၊ မပြောမပြီးသည့် စကားကိုပြောရန် သက်ပြန်ရှူရှိုက်အားယူသည်။ ထို့နောက်....

"ပေါလဇနက စစ်ရာဇသံပို့ပြီ နှမတော်"

မိဖုရားကြီးက မင်းကြီး၏ လက်ကို ဆုပ်ညှစ်သည်။

"တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ နှမတော် သိနှင့်ပြီ မောင်တော်"

တုန်လှုပ်မှု မရှိသော မိဖုရားကြီးအသွင်ကို မြင်ရသည့်အတွက် အရိဋ္ဌဇနကမင်း အတော်အတန် တည်ငြိမ်မှု ယူနိုင်ပေသည်။

"နန်းတော် အကျဉ်းထောင်ထဲကနေ ပေါလဇနက လွတ်မြောက်သွားပြီး ရပ်စွန်ရွာငယ်မှာ ခိုအောင်းနေခဲ့တာတွေ၊ ပစ္စန္တရစ်ဒေသတွေက သူ့အောက်ခိုဝင်ကြပုံတွေ၊ ဇနပုဒ်တွေ၊ ရွာငယ်တွေကို သူသိမ်းသွင်းခဲ့ပုံတွေကို နှမတော်တို့ အစဉ်တစိုက် ကြားခဲ့ပြီးဖြစ်ပါတယ်။ နောက်ဆုံး မြို့ပြင်မနီးမဝေးမှာ သစ်တပ်ဖွဲ့ပြီး ဗိုလ်ဝင်ခံတဲ့အထိ အင်အား စုရုံးပြီ ဆိုတဲ့ သတင်းကို ကြားလာရတယ်။ အဲဒီကတည်းက ပေါလဇနကဆီက စစ်ရာဇသံပို့တော့မယ့် နေ့တစ်နေ့ကို ရောက်လာမယ်ဆိုတာ နှမတော် မျှော်လင့်ပြီး ဖြစ်ပါတယ် မောင်တော်"

"စစ်ဆိုကတည်းက ရှုံးအံ့ နိုင်အံ့ကို တပ်အပ်မသိနိုင်ပေဘူး နှမတော်"





ထိုစကားကိုပြောပြီးမှ မိမိစကား မှားသွားပြီဟု အရိဋ္ဌ
ဇနကမင်း သိလိုက်သည်။ သည်စစ်မှာ မောင်တော် မုချနိုင်
မယ်၊ ပေါလဇနကမင်း ရှုံးနိမ့်မယ်။ အေးဆေးစွာသာ စံပေ
တော့၊ ကိုယ်ဝန်ကိုသာ စောင့်ရှောက်မွေးမြူနေတော့ဟု ဘာ
ကြောင့် ပြောမထွက်ခဲ့သနည်း....။

မိဖုရားကြီးကား တုန်လှုပ်ဟန်ကို မပြ။

"ဟုတ်ပေတာပေါ့ မောင်တော်။ စစ်ဆိုတာ
နိုင်ခြင်း၊ ရှုံးခြင်း၊ အလားအလာ နှစ်ခုရှိနေတာပဲ"

"မောင်တော် စစ်ထွက်ရတော့မယ်"

"ကိုယ်လက်ပေါ့ပါးစွာသာရှိနေရင် မြို့ဦးမုခ်ကနေ
ပြီး နှမကိုယ်တိုင် စစ်ထွက်ယောကျာ်းကို သပြေကမ်း
လိုက်ချင်ပါတယ်၊ အခုတော့...."

"သန္ဓေကိုသာ ကောင်းစွာ စောင့်ရှောက်ပါ နှမ
တော်၊ ပြီးတော့ စစ်မြေပြင်ဆီက သတင်းကိုလဲ နိုးနိုး
ကြားကြား နားစွင့်နေဖို့ ..."

"နားဆင်ပါ မောင်တော် မင်းကြီး၊ မိန်းမသား
တစ်ယောက်အဖို့ သားသန္ဓေလွယ်ပြီး မီးရှူးသန့်စင်
ဖွားမြင်တယ်ဆိုတာဟာလဲ စစ်ပွဲတစ်ပွဲပဲ မဟုတ်လား
နှမတော် ကိုယ်တိုင်လဲ စစ်မျက်နှာသစ်တစ်ခု ဖွင့်နေ
တယ်လေ၊ ဒီစစ်ပွဲမှာ နှမတော် မုချ အနိုင်ရမှာပါပဲ

အသွားတုန်းက မောင်တော် မင်းကြီးလဲ စစ်ပွဲမှာ မုချ အနိုင်ရမှာပါပဲ၊ အောင်ပွဲရလာမယ့် မောင်တော်တို့နဲ့ အောင်ပွဲ ရ,ထားတဲ့ နှမတော်တို့ ဘာ့ကြောင့် မြို့ဦး မုခ်ဝမှာ မဆုံရမှာလဲ၊ အစစ စိတ်ချယုံကြည်စွာနဲ့ စစ်ချီပါ မောင်တော်''

မိန်းမသားတို့၏ ခွန်အားကို မျက်ဝါးထင်ထင် တွေ့ရပေပြီ။ စစ်၏ ခြိမ်းခြောက်မှုဖြင့် နှလုံးမသာ ဖြစ်နေခဲ့ရခြင်းများ ကင်းကွာသွားသည်၊ မိခင်လောင်း၏ ပြည့်ဖြိုးရှင်လန်းသော မျက်နှာကို နှစ်ခြိုက်မြတ်နိုးစွာ ကြည့်လျက် အရှင်ဇနကမင်းသည် အဆောင်ထဲမှ ထွက်ခွာသွားလေသည်။

■ ■ ■

သစ်တပ်ကင်းမျှော်စင်ထက်သို့ မမျှော်လင့်ဘဲ ပေါလဇနကမင်း ရောက်လာသည့်အတွက်ကြောင့် ကင်းစောင့်တပ် ရဲမက်အစုများ အံ့သြသွားကြသည်။ ယခုလို ညဥ့်နက်သန်းခေါင်ကျော်တွင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကင်းလှည့်စစ်ဆေးမည်ဟု မည်သူမျှ မထင်ကြ။ သို့သော် မိမိတို့ ရဲမက်အစုမှ ကင်းတာဝန်ကို အစေ့ အစပ် အကြားအလပ်မရှိ အမှုထမ်းနေကြသည် ဖြစ်သောကြောင့် ဘုရင်မင်းမြတ် ရှောင်တခင် စစ်ဆေးသည်ကို စိုးရိမ်စရာတော့မလိုပေ။

''ကိုယ့်နေရာမှာပဲ ကိုယ်နေကြ၊ ငါ ကင်းလှည့်စစ်ဆေးတာ မဟုတ်ပါဘူး၊ မိထိလာကို ဒီမျှော်စင်ပေါ်ကနေ ငါကြည့်ချင်လို့ တက်လာခဲ့တာ''





ပေါလဇနကမင်း၏ ရင်းနှီးပွင့်လင်းသော ဤအဆက်အဆံကိုပင် ရဲမက်တို့ မြတ်နိုးချစ်ခင်ကြခြင်း ဖြစ်သည်။ စစ်မှူးချုပ် သေနာပတိအဖြစ်မှသည် အမ်ရှေ့ဥပရာဇာ၊ ထိုမှသည် သစ်တပ်တွင် ယခုလို ပုန်စားသူမင်းတစ်ပါးအဖြစ် ရောက်ရှိလာသည့် မိမိတို့အရှင်ကို ရဲမက်များ ထာဝရ သစ္စာစောင့်သည်ပင်။

''နန်းတော်ဆီက လှုပ်ရှားမှုတစ်စုံတစ်ရာ ထူးခြားသေးလား''

''မထူးခြားသေးပါဘူးအရှင်၊ ညဥ့်အချိန်မှာ သူတို့စစ်မထွက်ရဲကြတာ သေချာပါတယ်၊ နံနက်မိုးသောက်တော့မှပဲ စစ်ပြင်ကြမယ်လို့ မျှော်လင့်ရပါတယ်၊ အခုတစ်ညဥ့်လုံးတော့ သူတို့ နန်းမြို့ရိုးအတွင်းမှာပဲ စစ်အင်္ဂါ ပြင်ဆင်နေကြပါတယ်''

တပ်စုမှူးဗိုလ်က အဝေးဆီတွင် မြင်နေရသော မိထိလာနန်းမြို့ရိုးဆီမှ မီးရောင်များကို ကြည့်ရင်း ပြောသည်။

''အင်း .... ကိုယ့်တာမှာ ကိုယ်နေကြ၊ ဘာပဲဖြစ်ဖြစ် သတိမပြတ်စေနဲ့ ငါ ဒီမှာပဲနေဦးမယ်''

ကင်းစုမှူးဗိုလ်လေးသည် မိမိ၏ အရှင်သခင်အနေဖြင့် တစ်ကိုယ်တည်းနေလိုကြောင်း သဘောပေါက်သွားကာ မျှော်စင်ထက်မှ ဆင်းသွားလေသည်၊ မျှော်စင်၏ အထက်ဆုံးအဆင့် ဤနေရာသည် အလွန်မြင့်မားလှသည်ဖြစ်၍ အဝေးဆီမှ မိထိ

လာ နန်းမြို့ရိုးနှင့်တကွ သစ်တပ်နှင့် မြို့ရိုးအကြားရှိ တောင်ကုန်းလွင်ပြင်ကြီးကိုပါ ကောင်းစွာ မြင်နိုင်သောနေရာ ဖြစ်လေသည်၊

ပေါလဇနကမင်းသည် အမှောင်ကို ထွင်းဖောက်လျက် အဝေးဆီမှ မိထိလာ နန်းမြို့ဆီသို့ တစ်မျှော်တစ်ခေါ် လှမ်းကြည့်လိုက်သည်။

မိထိလာ....၊ သို့မဟုတ် မိမိ၏ သွေးသား နှလုံးသည်းပွတ်။

မိမိနှင့် ခွဲခွာမရကောင်းသော တိုင်းဌာနီ၊ မိမိ၏ မိခင်။

ယခုမူကား ထိုမိထိလာကို စစ်ပွဲဖြင့် သိမ်းပိုက်ယူရတော့မည့်အဖြစ်။ နက်ဖြန် နံနက်မိုးသောက် အလင်းရောက်ပြီ ဆိုလျှင် မိမိ၏ ဤသစ်တပ်နှင့် မိထိလာ နန်းမြို့ရိုးအကြား တောင်ကုန်းငယ်များ ထူပြောသည့် လွင်ပြင်ပြန့်ကျယ်ကြီးသည် စစ်မြေပြင်စစ်တလင်း ဖြစ်လာတော့မည်။

တိုင်းသားပြည်သူ ကျွန်တော်မျိုးတို့ ဒုက္ခမရောက်ကြပါစေနှင့်။ မလွှဲသာ၍ စစ်ကိုခေါ်ရသော်လည်း သတ္တန္တရကပ်ဘေးမဆိုက်လာပါစေနှင့်။ အမှန်တော့ မိထိလာ နန်းမြို့ရိုး၊ လွင်ပြင်ဒေသနှင့် တကွသော ဤဝိဒေဟရာဇ်တိုင်း မြေအပြင်ကို သွေးများဖြင့် မစွန်းထင်းစေချင်။

သို့သော် နောင်တော် အရိဋ္ဌဇနကမင်းသည် မိမိကို ဤအဖြစ်သို့ရောက်အောင် ပို့ဆောင်ခဲ့ပေပြီ။ စစ်ရာဇသံကို နံနက်ပိုင်းက စေလွှတ်ခဲ့သည်။ နောင်တော်မင်းကလည်း ပြင်းထန်





စွာ တုံ့ပြန်လိုက်ပြီးပြီ။ စစ်တလင်းမှာ သင်း ဦးခေါင်းကို ငါယူမည်–တဲ့။

မကြာမီ ရင်ဆိုင်ရတော့မည့် စစ်အတွက် မိမိ၏ သစ်တပ်အတွင်း အားလုံး အဆင်သင့် ရှိထားပြီးလေပြီ။ ဆင်တပ်၊ ရထားတပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့သည် လန်းဆန်းစွာဖြင့် စစ်ကို ရင်ဆိုင်ရန် အသင့်ရှိပြီးပြီ။ ပစ္စန္တရစ်၊ ဇနပုဒ်၊ ရွာငယ်နှင့် မြို့ငယ်များမှ တဖွဲဖွဲ လက်အောက်ခံ ခိုဝင်လာကြသော သစ္စာတော်ခံများကလည်း လက်ရုံး တပြင်ပြင် ရှိကြလေပြီ။ စစ်အတွက် မိမိ စိုးစဉ်းမျှ ကြောင့်ကြစရာမရှိ။

မိမိနှင့်တကွသော စစ်သည်အားလုံးတို့သည် စိတ်ဓာတ်အရရော၊ ခွန်အားအရပါ ပြည့်စုံဖူလုံပြီးဖြစ်ကြသည်။ သို့သော်....

ပေါလဇနကမင်းအနေဖြင့် စစ်ကြောင့် တိုင်းသားပြည်သူတို့ ဆင်းရဲပင်ပန်းကြမည်ကိုသာ ပူပန်နေမိခြင်း ဖြစ်လေသည်။ စင်စစ်သော် ဤ စစ်ဖြစ်ပွားလာအောင် လှုံ့ဆော်သော အကြောင်းတရားများတွင် တိုင်းသားပြည်သူတို့ မပါဝင်ပေ။ ဤစစ်ကြီးဖြစ်ပွားအောင် လှုံ့ဆော်သော အဓိကအကြောင်းတရားမှာ တစ်ဦးတည်းသာဖြစ်သည်။

ထိုသူသည်သာ စစ်၏ အရင်းအမြစ်ဖြစ်သည်။

ထိုသူကား နောင်တော် အရိဋ္ဌဇနကမင်း ဖြစ်သည်။ ပေါလဇနကမင်းသည် မျှော်စင်ထက်မှနေ၍ ညဉ့်အမှောင်ပြင်

ပြန့်ကျယ်ကို ဖြတ်သန်းကာ အဝေးဆီတွင် ပျပျရေးရေး မြင်နေရသည့် မိထိလာ နန်းမြို့ဆီသို့ ကြည့်နေသည်။ အမှောင်ကြောင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ၊

သို့သော် ကလေးငယ်ဘဝမှသည် မင်းပျိုလုလင်၊ ထိုမှသည် စစ်မှူးချုပ်သေနာပတိ၊ ထိုမှသည် အိမ်ရှေ့ဥပရာဇာဘဝများအထိ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရသော မိထိလာ နန်းမြို့ရိုး၊ နန်းမြို့ရိုးအတွင်းမှ အဆောင်ဆောင် အခန်းခန်းများ အတိပြီးသော နန်းတော်ကို စိတ်မှန်းဖြင့် မြင်နေသည်။

ထိုနန်းတော်ကြီး၏ တစ်ခုသော အဆောင်၊ အနောက်ဘက် မြို့ရိုးအနီး တစ်ခုသောနေရာသို့ ပေါလဇနကမင်း၏ အတွေးများ အလိုအလျောက် ဝင်ရောက်သွားသည်၊ မိမိသည် သစ်တင်မျှော်စင်ထိပ်တွင် မဟုတ်တော့ဘဲ မိထိလာ နန်းတော်၏ တစ်ခုသော ထိုနေရာသို့ ရောက်သွားသည်၊

ထိုနေရာသည် မည်းမှောင်ပြီး စိုစွတ်ထိုင်းမှိုင်းသည့် နေရာဖြစ်သည်။

ကြမ်းတမ်းသော ကျောက်သားနံရံများက လေးဘက်လေးတန် အထူအထဲရှိသည်။ လေးလံမာကျောသည့် သစ်သားတံခါးကြီးတစ်ခု တပ်ဆင်ထားသည်။ ထိုတံခါးကြီး၏ အပေါ်ဘက်တွင် သေးငယ်သော အပေါက် တစ်ပေါက်ရှိသော်လည်း ထိုအပေါက်တွင် သံတိုင်များ စိုက်ထား





သည်။ အလင်းရောင် မဝင်နိုင်၊ နေ့ညဥ့်ကို မသိနိုင်လောက်အောင် မည်းမှောင် စွတ်စို ထိုင်းမှိုင်းသော နေရာဖြစ်သည်။

ထိုနေရာကို အိမ်ဆိုးဟု ခေါ်ကြသည်။

အကျဉ်းထောင်ဖြစ်သည်။ အပြစ်အကြီးလေးဆုံး ရာဇဝတ်သားတို့ကို ချုပ်နှောင်ရာ။ ထို့နောက် အပြင်ထုတ်၍ ကွပ်မျက်ရာ ကြေးတိုက်ဖြစ်သည်။

ထို အိမ်ဆိုး၊ အကျဉ်းထောင်၊ ကြေးတိုက်ထဲတွင် မိမိသည် လေးလံသော သံကြိုးတို့ဖြင့် ချည်ဖွဲ့ နှောင်စည်းခံခဲ့ရသည်။

နှောင်တော် အရိဋ္ဌဇနက၏ အကျဉ်းသားဘဝအဖြစ်၊

■ ■ ■

## ခါးသီးသော အတိတ်

''အိမ်ရှေ့အရာက ယခုပင်ချက်ချင်းနုတ် သံခြေချင်
အနှောင်အဖွဲ့တုပ်၍ ယခုပင် အိမ်ဆိုး အကျဉ်းထောင်မှ
ထား'' ဟူသော ဘုရင့်အမိန့်နှင့် ပေါလဇနကသည် ကြေ
တိုက်ထဲသို့ ရောက်ခဲ့လေသည်။

မိမိ ဘယ်သို့သောအပြစ်ကို ကျူးလွန်သနည်း။ နော
တော် အရိဋ္ဌဇနကမင်း၏ အပေါ်တွင် လည်းကောင်း၊ အဆ
ဆက်သော နတ်ရွာစံ အဘိုးဘေးမင်းများအပေါ်တွင် လည်
ကောင်း၊ မိထိလာ၏ နန်းရပ်ဥကင်ပလ္လင်တော် အပေါ်တွ
လည်းကောင်း မိမိသည် ဘယ်သောအခါကမျှ တစ်စိုးတ
စေ့ မပြစ်မှားခဲ့။

ဟန်သစ်စာပေ

ခမည်းတော် မဟာဇနကမင်းကြီး ရှိစဉ်က နောင်တော်သည် အိမ်ရှေ့ဥပရာဇာ။ မိမိသည် သေနာပတိ။ ခမည်းတော် အနိစ္စရောက်သွားပြီး နောက်တွင် နောင်တော်သည် မိထိလာပြည့်ရှင် ဘုရင်မင်းမြတ်။ မိမိသည် အိမ်ရှေ့ဥပရာဇာ။ လွန်စွာပင် ရိုးစင်းရှင်းကင်းသော ရာဇဝံသဖြစ်သည်။ ချောမွေ့ ပြေပြစ်သော နန်းညွန့်ထီးလျှာ ဆက်ခံမှုဖြစ်သည်။

ဤအစဉ်အတိုင်း သက်သောင့်သာယာစွာ စီးဆင်းနေထိုင်ကြဆဲတွင် နောင်တော်၏ တစ်ချက်လွှတ်အမိန့်သည် မိမိဦးခေါင်းထက်၌ လျှပ်မီးမိုးကြိုးတစ်ခုလို ပေါက်ကွဲလာခဲ့လေသည်။ ပြင်းထန်သော ထိုအမိန့်တော်နှင့်အတူ မိမိသည် ကြေးတိုက်အကျဉ်းထောင်ထဲသို့ ရောက်သွားသည်။ လက်အစုံ ခြေအစုံကိုသည် သံကွင်းလက်ထိပ် ခြေချင်းတို့ တုတ်နှောင်ခြင်းခံရသည်။ သံကွင်းကြီး၏ အခြား တစ်ဖက်သည် ကြေးတိုက်ကျောက်သားနံရံဆီတွင် နက်နက်ရှိုင်းရှိုင်း မြုပ်နေသည်။ မိမိ၏အဖြစ်ဒဏ်မှာ ထီးနန်းကိုလုပ်ကြံသူတစ်ယောက် ခံယူရသည့် အကြီးကျယ်ဆုံး ရာဇဝတ်အပြစ်ဒဏ်မျိုး ဖြစ်နေသည်။

အဘယ့်ကြောင့်နည်း။ ဘာကြောင့် မိမိ ဤမျှပြင်းထန်သော ရာဇဝတ်သားဘဝ ရောက်ခဲ့လေသနည်း။ အဖြေရှာမရ။

နေ့ညဉ့်မသိရသော ခါးသီးသည့် အချိန်ကာလများကို ဖြတ်သန်းကာ ကြေးတိုက်ကျောက်နံရံတို့အကြား သံခြေချင်း၊





သံလက်ထိပ်များဖြင့် ဆင်းရဲကြီးစွာ ကုန်ဆုံးခဲ့ရသည်၏ အခြားမဲ့၌ မိမိ၏ ကိုးကွယ်ရာမှာ သစ္စာတရားသာလျှင် ဖြစ်ကြောင်း သိလာသည်။

ပေါလဇနကသည် မိမိရွတ်ဆိုခဲ့သော ထိုသစ္စာစကားတို့ကို ယခုတိုင် လုံးပတ်စေ့ မှတ်မိနေဆဲ။

"ငါသည် ခမည်းတော် မရှိသည့်နောက် နောင်တော် ထီးနန်းကိုသိမ်းမြန်း၍ ငါ့ကို အိမ်ရှေ့အရာထားသည်မှ ကြေးတိုက်အတွင်း သံကြိုးအနှောင်အဖွဲ့တို့ဖြင့် နေရသော ယခု အချိန်တိုင် နောင်တော့်အပေါ်တွင် ရန်သူ့နှလုံးထားဖြင့် ပြစ်မှားမိဖူးသောအရာ ဆံလွှာ၊ ဆံချည်ခန့်မျှ ငါ့မှာမရှိ"

ထို့ကြောင့် သစ္စာသည်သာ ငါ့ကိုးကွယ်ရာ ဖြစ်တော့ပြီ။

"ငါသည် နောင်တော်၏ ရန်သူစင်စစ် မှန်ပါက ဤအနှောင်အဖွဲ့၊ သံခြေချင်း၊ သံလက်ကွင်း တို့သည် မပွင့် မလွတ် ရှိစေကုန်သတည်း။

ငါသည် နောင်တော်၏ ရန်သူစင်စစ် မဟုတ်၊ အထက်၌ဆိုခဲ့သော စကားသည် ငါ၏ သစ္စာစကား မှန်လျှင် ဤအနှောင်အဖွဲ့၊ ဤသံခြေချင်း၊ ဤသံလက်ကွင်းနှင့် ဟကွသော ဤကြေးတိုက် အကျဉ်းထောင်တို့သည် ယခု ခဏချင်းပင် ပွင့်စေ လွတ်စေ ကုန်သတည်း"

သစ္စာစကားကို ဆိုပြီးသည့်နောက် တစ်မုဟုတ်ချင်းမှာပင်—

မိမိ တစ်ကိုယ်လုံးသည် ရှိန်းရှိန်းမြမြ ဖြစ်သွားသည်ဟု ခံစားလိုက်ရသည်၊ တင်းကျပ်စွာပိတ်ထားသော မျက်လုံးအိမ်၊ မျက်လွှာနံရံအတွင်း၌ အလင်းတစ်ချက် ဝင်းခနဲ ပြက်သွားသည်ဟု ထင်လိုက်ရသည်၊

ထို့နောက်မှ—

မိမိ၏ လက်ကောက်ဝတ်၊ ခြေချင်းဝတ်တို့ဆီမှ သံကွင်းများ၊ သံကြိုးများ အပိုင်းပိုင်း ပြတ်ပွင့်နေသည်ကို တွေ့လိုက်ရလေသည်။ ထူထဲလေးလံလှသော ကြေးတိုက်ထောင်၏ သစ်သားတံခါးကြီးလည်း ပွင့်နေသည်။ အပြင်ဘက်ရှိ အစောင့်ပါးကွက်သားတို့မှာ အံ့သြတုန်လှုပ်ခြင်းဖြင့် ကြက်သေ သေနေကြသည်။

ပေါလဇနကသည် ဟန့်တားတိုက်ခိုက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ကြေးတိုက်မှထွက်၊ နန်းတော်စကြံများကို ဖြတ်ကာ မြို့တံခါးမှ ထွက်လာခဲ့သည်၊ ဥပရာဇာ လွတ်မြောက်ထွက်ပြေးသွားပြီဟူသော အော်သံလည်းမရှိ။ လိုက်လံဖမ်းဆီးမည့်သူလည်း မရှိ၊ ဆီးကြိုရန်ပြုမည့်သူလည်း မရှိ၊

မိထိလာနေပြည်တော်နှင့် ဝေးကွာသော ပစ္စန္တရစ်ဒေသတစ်ခုသို့ တိမ်းရှောင်ခဲ့သည်။ အိမ်ရှေ့ဥပရာဇာမှန်း သိလာကြပြီးသည်၏ နောက်တွင် အနီးတစ်ဝိုက်ရှိ ဇနပုဒ်၊ ကျေး





ရွာ၊ မြို့နယ်များမှ တိုင်းသားပြည်သူတို့သည် ပေါလဇနကထံသို့ တဖွဲဖွဲတသဲသဲ ခိုဝင်လာကြသည်၊

ထိုအချိန်မှစ၍ ကြွေးကြော်ခဲ့သောစကား—

"ငါသည် ရှေးယခင်ကတော့ နောင်တော်၏ ရန်သူမဟုတ်၊ ယခုတော့ နောင်တော်မင်းကိုယ်တိုင်၏ ပယောဂစနက်ကြောင့် ရန်သူလုပ်ပြီ"

နေပြည်တော်နှင့် မနီးမဝေးဒေသရှိ သစ်တပ်ကြီးသည်လည်း နေ့ချင်း ညချင်းပင် ကြီးထွားတောင့်တင်းလာခဲ့လေသည်။ ဤသစ်တပ်ဝင်းအတွင်း၌လည်း ဥပရာဇာဘဝက ခစားထမ်းရွက်သူများအပြင် အသစ်သစ်သော လိုလားသူ ဘက်တော်သားများ၏ ဆင်, မြင်း, ရထား, လက်နက်အင်အားတို့ဖြင့် အခိုင်အမာ ဖွဲ့စည်းပြီးသား ဖြစ်သွားလေသည်။

■ ■ ■

ပိတ

၁၁၆၀

## စစ်၏ ကန့်လန့်ကာအဖွင့်

စစ်ရထားပေါ် ခုန်တက်ပြီး မြင်းဇက်ကြိုးများကို စုစည်း ဆွဲကိုင်လိုက်ရသည့် ခဏမှာပင် ဒိဗ္ဗသည် မိမိကိုယ်မိမိ မိထိ လာ၏ စစ်သေနာပတိကြီးအလား ထင်မှတ်သွားသည်။

"ဒီစစ်ပြီးလို့ မင်းကြီး အောင်ပွဲရအပြီးမှာတော့ ငါ့အနာဂတ်ဟာ ဟင်း ဟင်း"

အတွေးဖြင့်ပင် ကျေနပ်အားရစရာကောင်းလှသော အနာ ဂတ်၊ ကြီးကျယ်သော အဆင့်မြင့် ရာထူးဌာနန္တရ၊ ဆုလာဘ် ရွှေငွေများ၊ အခွန်အတုတ်စား မြို့ရွာများ၊ ထို့နောက် အရိုး ဇာနက မင်းကြီးထံမှ အထူးသီးသန့်ရရှိမည့် ဘွဲ့တံဆိပ်တော် ရွှေစလွယ်၊ နဖူးစည်းရွှေပြား။

ဟန်သစ်စာပေ

"အရည်အချင်းရှိတဲ့ ယောက်ျားဆိုတာ တစ်ဆင့်တစ်ဆင့် မြင့်ရာမြင့်ကြောင်းကို ဒီလိုပဲ ရှာဖွေ တက်လှမ်းသွားရမှာပဲလေ"

ဒီဗွသည် သူ့ကိုယ်သူ ကျေနပ်အားရမဆုံး ရှိနေသည်။ ယခုပင်လျှင် သူသည် ရထားတပ်စုတစ်စု၏ အကြပ်ဗိုလ်မင်းရာထူးကို ရရှိနေပေပြီ။ ယခင်ကဆိုလျှင်တော့ သာမန် မထင်မရှား အညတရ အမတ်ငယ်တစ်ဦးမျှသာ။ ဘယ်လောက်ခံပြင်းစရာကောင်းလိုက်သနည်း။ အမတ်ငယ်ရာထူးဖြင့် ခစားခဲ့ရသည်ကလည်း ပြည့်ရှင်မင်းထံမှာ မဟုတ်။ ဥပရာဇာ ပေါလဇနကထံမှာ ဖြစ်သည်။ အိမ်ရှေ့ ဥပရာဇာတစ်ပါး၏ အမတ်ကျွန်ယုံဆိုသောဘဝကို ဒီဗွ မကျေနပ်နိုင်။

ဘယ်သောအခါမှ အမတ်ကျွန်ယုံဘဝမှ တက်ရပါမည်နည်းဟု ဒီဗွ အချိန်နှင့်အမျှ တွေးခဲ့ရသည်။ အိမ်ရှေ့ဥပရာဇာကလည်း တစ်ဆိတ် လွန်လွန်းအားကြီးသည်။ သေနာပတိဘဝမှ တက်လာသူ ဖြစ်ခဲ့သောကြောင့်လားမသိ၊ ဥပရာဇာ ပေါလဇနကမင်းသည် တိကျပြတ်သားလွန်းသည်။

မိမိသည် ပေါလဇနကမင်း၏ ကျွန်ယုံဖြစ်သည်။အတွင်းလူဖြစ်သည်။သို့သော်ရာထူးဌာနန္တရများ ခန့်ထားချီးမြှောက်ရေးနှင့်ပတ်သက်လေတိုင်း မိမိသည် အပြင်လူ ဖြစ်ဖြစ်သွားသည်၊ တစ်ကြိမ်၊ နှစ်ကြိမ် မဟုတ်၊ အကြိမ်ကြိမ်အခါခါ။





ဘာလဲ....ဒါ တိကျပြတ်သားတာတဲ့လား။ ကိုယ့်အတွင်းကျွန်ယုံကို ကိုယ်အရာတိုးမပေး၊သူကောင်းပြုမပေးဘဲ နောက်မှပေါက်သည့် ရွှေကြာပင်တွေကိုသာ စလွယ်တွေ ဘွဲ့တွေ အဆောင်တွေ အပ်နှင်းနေတာ ဘာသဘောလဲ။ မြို့စား၊ ရွာစား ချီးမြှင့်ကြပြီဆိုလျှင်လည်း ဒီဗွမပါ။ ဆုလာဘ် အသပြာ ချကြပြီဆိုလည်း ဒီဗွ ကျန်ရစ်သည်၊ အဆောင်အယောင်တိုးမြှင့်အပ်နှင်းပွဲ ကျပြန်တော့လည်း ဒီဗွ ရွှေတိုက်စာရင်းမဝင်ပြန်၊

"ဥပရာဇာဟာ ခေါင်းဆောင်ကောင်း ပီသလှတယ်၊ မင်းကောင်း မင်းမြတ်လည်း ဖြစ်တယ်။ တရားမျှတမှုကို အစဉ်ဦးညွှတ်သူဖြစ်တယ်။ တကယ်တော်တဲ့သူသာမှန်ပါစေ။အိမ်ရှေ့မင်းရဲ့ချီးမြှောက်မှုကိုတကယ်ရရှိမှာ စိတ်ချ။ အေး .... အရည်အသွေး မရှိဘဲနဲ့များတော့ အိမ်ရှေ့မင်းက ဘာမှ ချီးမြှင့် မြှောက်စားလိမ့်မယ် မထင်နဲ့ဗျာ"

ပေါလဇနကမင်းနှင့် ပတ်သက်သော သတင်းများ ဖြစ်သည်။ ဒါကိုပင် ဒီဗွ ဆတ်ဆတ်ထိ မခံနိုင်ခြင်း ဖြစ်ချေသည်။

"ဘာပဲဖြစ်နေနေ ငါဟာ သူ့ရဲ့ အတွင်းကျွန်ယုံပဲ၊ ရာထူးဌာနန္တရ တစ်ခုခု ချီးမြှောက်စရာရှိရင် ငါဟာ ထိပ်ဆုံးကပဲရှိသင့်တယ်"

ဟု ဒီဗွ တွက်ကာ အရာမြင့်မား တိုးတက်ရေးကို အကြံကြီးကြံ၊ အမျှော်ကြီး မျှော်ခဲ့သည်။ သို့သော် ကြံစည်

မျှော်မှန်းသမျှ အချိန်ကာလများသာ ကုန်ဆုံးသွားသည်။ ကျွန်ယုံအမတ်ငယ်ဘဝမှ မတက်၊ မိမိရှေ့မှောက်တွင်သာ တစ်ယောက်ပြီး တစ်ယောက် အဆောင်အယောင်များ မြင့်မား တိုးတက်သွားကြသည်။ မိမိကား ဘွဲ့မည် ဘာတစ်ခုမျှ မရှိသော၊ ရိက္ခာတော် နည်းနည်းသာ ရရှိသော၊ ကျေးရွာနယ်ပယ်ကိုလည်း မစားရသော သာမန်အမတ်ငယ်မျှသာ။

ပူပြင်းနီရဲသော အစိုင်အခဲတစ်ခုသည် ဒိဗ္ဗရင်ထဲတွင် တစ်နေ့တခြား ကြီးထွားဖြစ်တည်လာလေသည်။

"ဘာ တရားမျှတတာလဲ၊ ဘာ မင်းကောင်း မင်းမြတ်လဲ။ ဒိဗ္ဗဆိုတဲ့ ငါဟာ သူ့ရဲ့အတွင်းလူ ကျွန်ယုံပဲ မဟုတ်လား။ အတွင်းလူ ကျွန်ယုံ ဖြစ်နေခြင်းသည်ပင် လျှင် ငါ ရာထူးဌာနန္တရ မြင့်မားဖို့ လုံလောက်နေပြီပဲ။ ငါက ဘာများ အစွမ်းတော့ပြနေရဦးမှာလဲ"

ကြိတ်မှိတ်အောင့်အည်း နေရခြင်း၏ ဟိုမှာဘက်သို့ လွန်သွားခဲ့သည်။

ဒိဗ္ဗ သည်းမခံနိုင်တော့။ လက်လွှတ်သွားရသော ရာထူး ဘွဲ့တံဆိပ်တွေ၊ ဆုလာဘ် ရွှေငွေတွေ၊ အဆောင်အယောင်တွေကို မြင်ယောင်ရင်း ပူပြင်းနီရဲသော ဒိဗ္ဗ၏နှလုံးသည် တစ်နေ့သောအခါ မီးတောက်မီးလျှံ အဖြစ်သို့ ပြောင်းလဲသွားလေသည်၊ သို့ဖြင့်–





"အရှင့်ညီတော် အိမ်ရှေ့မင်းဟာ ထီးနန်းအန္တရာယ်တစ်ခုဖြစ်လာဖို့ ရှေးရှုနေပါပြီ အရှင်မင်းမြတ်။ မိထိလာပြည်သား ပြည်သူများရဲ့ ချစ်ခင်လိုလားမှုကို အနုနည်းနဲ့ လျှို့ဝှက်စွာ စုဆောင်း ရယူနေပါတယ်၊ နန်းတွင်းအမှုထမ်းများနဲ့လဲ တစ်စိတ် တစ်ဝမ်းတည်းဖြစ်အောင် ပုန်းကွယ် ကြိုးစားနေပါတယ်၊ သတိထားတော်မူပါ အရှင်မင်းမြတ်"

အရိဋ္ဌဇနကမင်းကြီးထံဝင်၍ ဒိဗ္ဗ သံတော်ဦးတင်ခဲ့သည်။ မင်းကြီးက မတုန်မလှုပ် ရှိလေသောအခါ အခွင့်အခါတော်ကို တစ်ဖန် ထပ်မံစောင့်ဆိုင်းရပြန်သည်၊

"ကျွန်တော်မျိုးကြီးဟာ ဥပရာဇာရဲ့ အမှုထမ်းပါ။ သို့သော် ပြည့်ရှင်မင်းတို့ရဲ့ အသက်နဲ့ ထီးနန်းကို လာထိပါးမယ့်အန္တရာယ် ဖြစ်လေတော့ သခင်ရင်း၊ ကျွန်ရင်း မထားနိုင်တော့ပါ အရှင်မင်းကြီး။ ဥပရာဇာဟာ သခင်ရင်းဖြစ်သော်လည်း ကျွန်တော်မျိုး အလိုတူအလိုပါ မလုပ်နိုင်ပါ။ ကျေးဇူးသစ္စာတော်ရဲ့ အရင်းအမြစ်ဟာ အရှင်မင်းကြီးသာ ဖြစ်ပါတယ်"

နောက်တစ်ကြိမ် သံတော်ဦးအတင်တွင် အရိဋ္ဌဇနကမင်းကြီး အနည်းငယ် ဆုတ်ဆိုင်းတွေဝေသွားခဲ့လေသည်။

ဤသို့ဖြင့် နောက်တစ်ကြိမ်၊ နောက်တစ်ကြိမ် အကြိမ်ပေါင်းများစွာ အခွင့်သာတိုင်း နားသွင်းခဲ့သည်၏ အဆုံး တစ်နေ့၌–

F–3

တဟေးဟေး ညာသံများက လွင်ပြင်တွင် အဆက်မပြတ်။ မြင်းဟီသံ၊ ရထားဘီး ကြိတ်ခြေသံ၊ တံပိုးသံ၊ ခရာသံ၊ စစ်မောင်းသံများ ရှုပ်ထွေးသွားသည်။

တောင်ကုန်းငယ်တို့ ထူထပ်သောလွင်ပြင်ကျယ်တွင် ဒိဗ္ဗ၏ စစ်ရထားအပါအဝင် ရထားတပ်ကြီး အဟုန်ပြင်းစွာ မောင်းနှင်ကြသည်။ ရှေ့ဆီတွင် လှမ်းမြင်နေရသော သစ်လုံးခံတပ်သည် တစ်စတစ်စ ကြီးမားလာသည်။

ဇက်ကြိုးကိုဆွဲထားရင်း ကြာပွတ်ကို အဆက်မပြတ် ဝှေ့ယမ်းရင်း ဒိဗ္ဗသည် တစ်ခုခုကို ကြောက်သလိုလို ဖြစ်လာသည်။ မိမိသည် စစ်ရထားနှင့် ရင်းနှီးကျွမ်းဝင်သူမဟုတ် ဟူသော အသိ စ,တင် ဝင်သည်။ ရထားတပ်စုအကြပ် ဗိုလ်မင်းသော ရာထူးကို မဆင်မခြင် လက်ခံလိုက်မိသည်မှာ မှားပြီဟူသော အသိ၊ ထို့နောက် မိမိတို့ရထားတပ် ကျရှုံးလိမ့်မည်ဟူသောအသိ၊ ထို့နောက် မိမိတို့ရထားတပ် ဤလွင်ပြင်ကို အဆီးအတားမဲ့ ကဆုန်စိုင်းကာ အတင်းဝင်ရောက်မောင်းနှင်လာခဲ့သည်ကကော သေနင်္ဂ အစီအရင် မှန်ရဲ့လားဟူသော သံသယ။

ရထားလှည်းကား အထိန်းအချုပ်မဲ့စွာ သစ်တပ်ရှိရာသို့ ပြေးဝင်နေပေပြီ။

လေးတစ်ပစ်၊ မြားတစ်ပစ် အကွာဆီသို့ တစ်စတစ်စ နီးကပ်သွားနေပြီ။

ရှုတ်တရက် လွင်ပြင်ကြီးအထက်ဆီမှ မိုးကောင်းကင်တွင် အုံ့မှိုင်းမည်းမှောင်သွားသလိုလို။ အခါမဲ့ မိုးသားများ တက်





လာပြီလားဟု ဒိဗ္ဗ ကောင်းကင်ဆီသို့ မော့ကြည့်လိုက်သည်။ မိုးသားတိမ်လိပ်များ မဟုတ်။ ဒါဖြင့် ဘာတွေလဲ၊ မိုးစက်မိုးပေါက်တွေလား။ အဲဒီအပေါ်မှာ ဖွေးဖွေးလှုပ်နေတာ။ မဟုတ်–မိုးစက်မိုးပေါက်တွေလည်း မဟုတ်။

ဒါဖြင့် ဘာတွေလဲ၊ ဘာဖြစ်လို့ ကောင်းကင်ကြီးက မှိုင်းသွားတာလဲ။

အလိုလေး မြားတံတွေ၊ အထောင် အသောင်း အသိန်းမက ပျံသန်းလာတဲ့ မြားတံတွေ၊ သစ်တပ်မျှော်စင်ဆီက ပစ်လွှတ်လိုက်တဲ့ မြားတံတွေ။

"ကယ်....ကြ....ပါ၊ ငါ....ငါ စစ်မတိုက်တတ်"

ဒိဗ္ဗ၏ အော်သံမှာ စူးစူးခြစ်ခြစ် ပေါ်လာရင်းမှ အဆုံးမသတ်ဘဲ ရပ်တန့်ပြတ်တောက်သွားသည်။ ဒိဗ္ဗ၏ အော်သံကို အဆုံးမသတ်စေဘဲ ပြတ်တောက်လိုက်သော အရာမှာ သူ့လည်မျိုတွင် ဝင်စွဲသော မြားတံတစ်ခုဖြစ်သည်။ ထို့နောက် မြားစွဲသောကိုယ်ဖြင့်ပင် ရထားအောက်သို့ တလိမ့်ခေါက်ကွေး လွင့်စဉ်ကျသွားသည်။ ဒိဗ္ဗကိုယ်ပေါ်သို့ ပြတ်နင်းသွားသော ဘီးများမှာ ဒိဗ္ဗမောင်းလာခဲ့သော ရထား၏ဘီးများပင် ဖြစ်သည်။

နောင် ညီ ဇနကမင်းတို့၏ စစ်ပွဲကြီးသည် ဒိဗ္ဗလည်တွင် စွဲဝင်စူးနစ်သွားသော မြားတံဖြင့် စ,တင်ဖွင့်လှစ်လေသည်။

■ ■ ■

ပီကါ

၈၇၆၅



## စစ်ရှုံးသူ

ရွှေနန်းတော်တွင်း မိဖုရားကြီး၏ အဆောင်တော်၌ မောင်းမရံရွှေများအားလုံး စုံညီ ရောက်ရှိနေကြသည့်အပြင် ထူးခြားသော အခြင်းအရာတစ်ရပ်လည်း ပေါ်ပေါက်နေမည်။ မိဖုရားကြီး၌ သန္ဓေစ၍ နှုတ်ငုံရင့်မာလာခဲ့ပြီဆိုကတည်းက အတွင်းဆောင်ထဲသို့ သမားတော်ကြီးများမှအပ မည်သူမျှ မဝင်ရဟူသော အမိန့်ကို ထုတ်ပြန်ထားခဲ့သည်။

ယခုမူကား အဆောင်တော်ထဲ၌ ကိုယ်ရံတော်တပ်ဖွဲ့များ တံခါးမှူးများအပြင် မြို့စောင့်တပ်အစုမှ အချို့သောရဲမက်များပါ စုံညီရောက်ရှိ ခစားနေရသည်။ ကြမ်းပြင်ပေါ်တွင် ခစားနေကြသူများ အားလုံး၏ မျက်နှာမှာ စိုးရိမ်ထိတ်လန့်

သော အသွင်များဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ကြုံလာရတော့မည့် ကြမ္မာဆိုးတစ်ခုခုကို စောင့်ဆိုင်းရင်း မသာမယာဖြစ်နေကြသော ထိုမျက်နှာမှ အကြည့်များအားလုံးသည်လည်း မိဖုရားကြီးထံ၌သာ စုပြုံကျရောက်နေကြသည်။

အရှေ့မျက်နှာဆီမှ 'စစ်သံများ' သည် မိဖုရားကြီး၏ အဆောင်သို့ လွင့်ဝဲလာကြသည်။ တိုက်ဆင်တို့၏ စူးစူးနစ်နစ် အော်သံများက အထိုးဖောက်အကျယ်လောင်ဆုံး ဖြစ်သည်။ တံပိုးသံများက သံတို၊ သံရှည်၊ သံပြတ်၊ သံရှိန်၊ အမျိုးမျိုးသော စစ်ပွဲကြွေးညာသံများအဖြစ် ထွက်ပေါ်နေသည်။

မိဖုရားကြီးသည် လေသာဆောင်လက်ရန်းဆီသို့ လျှောက်သွားလိုက်သည်။ ရံရွေတော်နှစ်ဦးက နောက်မှလိုက်ပါသွားကြသည်။ လေသာဆောင်မှနေ၍ အရှေ့အရပ်မျက်နှာဆီသို့ မိဖုရားကြီးမျှော်ကြည့်မည်။ အမှန်တော့ ဤနေရာမှ စစ်တလင်းမြေပြင်ကို မြင်ရသည်မဟုတ်ပေ။ အရှေ့မြို့တံခါး၏ အပြင်ဘက် ကျုံးနှင့် သစ်ပင်တန်းများဆီလောက်သာ မိဖုရားကြီးမြင်နိုင်သည်။ သို့သော် အရှေ့ဘက်စစ်မျက်နှာ တောင်ကုန်းလွင်ပြင်တွင် အပြင်းအထန် တိုက်ခိုက်နေကြသော စစ်ပွဲကြီးကို မိဖုရားကြီးသည် အာရုံဖြင့် မျှော်မှန်းကြည့်ရှုနေလေသည်။

အဆောင်တော်အတွင်းရှိ မှူးမတ်၊ ရဲမက်၊ ရံရွေများအားလုံး၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော အသွင်များ





ဖုံးလွှမ်းနေကြစေကာမူ အားလုံးနှင့် ဆန့်ကျင်စွာပင် မိဖုရားကြီး၏ အသွင်ကား ပကတိ ငြိမ်သက်လေးနက်လျက် ရှိပေသည်။

မမြင်သာသော အရှေ့အရပ် စစ်မျက်နှာဆီသို့ ငေးမျှော်ရင်း တိုက်ဆင်တို့၏ ကျီကျီကျာကျာအော်သံများ၊ တံပိုးသံများကို နားစွင့်ရင်း မိဖုရားကြီးသည် တစ်စုံတစ်ခုကို ကြိုတင်၍ သိနေသလို ခံစားနေရသည်။

စင်စစ်မူ စစ်ပွဲ၏အသွားအလာကို မိဖုရားကြီး ခန့်မှန်းတွက်ချက်ပြီးလေပြီ။ မောင်တော် အရိဋ္ဌဇနကမင်းကြီးသည် စစ်၌ အထုံလေ့သူမဟုတ်၊ တိုက်ရည်ခိုက်ရည် ကျွမ်းသူမဟုတ်။ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကြီးသည် စစ်မက်အန္တရာယ်မှ ကင်းဝေးတာ ငြိမ်းအေးသာယာစွာ တည်ခဲ့လေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့် စစ်မက်နှင့်ဝေး၍ သွေးအေးနေခဲ့သော မောင်တော်မင်းကြီးနှင့် သူ၏ ရဲမက်ဗိုလ်ပါစစ်သည်များမှာ ယခုလို ဗြုန်းစားကြီးပေါ်ပေါက်လာသော စစ်ပွဲတွင် အဆင်သင့် မဖြစ်ခဲ့ကြချေ။

ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်နှင့် ခြေကျင်တပ်တို့ကို သေနင်္ဂဗျူဟာအရ ဖွဲ့စည်းထားခဲ့သော်လည်း သာမန်လေ့ကျင့်မှုများဖြင့်သာ ယဉ်ပါးနေခဲ့ပြီး ပွဲဝင်အနေအထား၌ ရှိမနေခဲ့ချေ၊

စစ်ထိုးဖက်ဖြစ်လေသော ပေါလဇနက မင်းသားမှာမူကား စစ်အတွက် အားလုံးအဆင်သင့်ဖြစ်ကာ အကောင်း

ဆုံး အခြေအနေအရောက်တွင် ပေါလဇနကသည် စစ်ရာဇသံ ပို့လိုက်ခြင်းဖြစ်ချေသည်။

လေသာဆောင်တွင်ရပ်လျက် မမြင်ရသော အရှေ့ဘက် စစ်မျက်နှာသို့ မိဖုရားကြီး မျှော်ကြည့်နေခြင်းမှာ စစ်တလင်းမှ ပို့လာမည့် သဝဏ်များကို စောင့်ကြိုနေခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့်မူ အရှုံးဟူသော ကန့်လန့်ကာများ တစ်ချပ်ပြီး တစ်ချပ် မည်သို့ကျလာမည်ကို စောင့်ကြည့်နေခြင်းသာ ဖြစ်သည်။

စစ်ပွဲအခြေအနေကို စစ်တလင်းမှနန်းတော်သို့ အကြောင်းကြားပို့ရန် မြင်းသည်ကျော်များ ရှိနေကြသည်ပင်၊ ယခု အထိတော့ မည်သည့်သတင်းသဝဏ်မျှ ရောက်မလာသေး။ ဤသို့ ရောက်မလာသေးခြင်းသည်လည်း အခြေအနေ မသာ ယာခြင်း၏ ပြယုဂ်တစ်ခုဖြစ်သည်။

အောင်ပွဲသတင်းသာဆိုပါက အမြန်ရောက်ရှိလာမည်။

ရှုံးနိမ့်ခြင်းသဝဏ်ဆိုသည်က နောက်ကျတတ်သည်၊

မမြင်ရသော အရှေ့အရပ်ဆီမှမူ တိုက်ဆင်အော်သံများ၊ တံပိုးသံများ စူးစူးနစ်နစ်။

ရထားတပ် လုံးဝ ပြိုကွဲသွားသည့် မိထိလာရထားတပ်မှ စစ်ရထားများ အားလုံးလိုလို ချီတက်သံ စစ်မြေပြင်ခရီးလမ်း ကြောင်းတစ်ဝက်အရောက်တွင် ပျက်စီးသွားကြသည်၊ ပေါလ





ဇနကမင်း၏ ရထားတပ်သည် ဖရိုဖရဲ ဝရုန်းသုန်းကားဖြစ် ကာ တပ်ပျက်သွားလေသည်။

■ ■ ■

မိဖုရားကြီး၏ အဆောင်တော်သို့ ပဌမဆုံး စစ်ပွဲသတင်း သဝဏ်ကို ယူဆောင်လာသော မြင်းသည်ကျော် ရောက်လာ သည်။ သဝဏ်တူးကိုဖွင့်၍ နားခံတော်အမတ်က တုန်ယင် သောအသံဖြင့် ဖတ်လိုက်သည်။

"ရထားတပ် အရေးနိမ့်ခဲ့ပြီ၊ ရန်သူခံတပ်ခြေရင်း၌ ဆင်တပ်၊ မြင်းတပ်တို့ဖြင့် လုပ်ကြံနေဆဲ"

■ ■ ■

အရိဋ္ဌဇနကသည် မျှော်စင်ထိပ်မှဆင်းကာ ဆင်ပေါ်သို့ တက်လိုက်သည်။ အနီးရှိစစ်ုသည်တစ်ဦးက ချပ်ဝတ်များကို စစ်ဆေးပြုပြင်ပေးသည်။ ချွန်းကိုင်ဦးစီးက အရှင်သခင်၏ အမိန့်တော်ကို စောင့်ဆိုင်းနေသည်။ ပုခက်တွင် အကျအန နေရာယူကာ လက်နက်များကို အသင့်ပြင်ဆင်ပြီးနောက် အရိဋ္ဌဇနကမင်းက အမိန့်ပေးလိုက်သည်၊

"သစ်တပ် တံခါးဖွင့်လိုက်တော့"

အနီးကပ်ရင်ဆိုင်တိုက်ပွဲကြီးကို စတင်လိုက်ခြင်းဖြစ်သည်။

■ ■ ■

ဒုတိယသဝဏ်ရောက်လာသည်၊ နားတော်ခံအမတ်၏လက် များ တဆတ်ဆတ်တုန်နေသည်။ နားခံတော်သည် ဤအရှုံး

ကို ဖတ်ရှုထုတ်ဆင့်ရသည့် မိမိ၏ဘဝကို နာကြည်းနေသည်။ အရှုံးသတင်းပင် ဖြစ်မည်ဟုလည်း အသေအချာသိနေသည်။ သဝဏ်လာပို့သော မြင်းသည်ကျော်၏ သွေးဆုတ်ဖြူရော် မျက်နှာက အထင်အရှားပြနေပြီ။

"ရန်သူ ဆင်တပ်အင်အားကြီးလှသည်၊ တပ်တော်
ရဲမက်တို့ ပွဲမိရသေး၊ အပြင်းအထန်လုပ်ကြံနေဆဲ"

■ ■ ■

မိထိလာဆင်တပ် ဖရိုဖရဲဖြစ်နေသည့် မြင်ကွင်းထဲတွင် ပေါလဇနကမင်းကို ရိပ်ခနဲတွေ့လိုက်ရသည်။ သူ့ဆင်ထက်မှာ ချွန်းကိုင်မရှိတော့၊ တိုက်ဆင်ကြီးသည် ချွန်းကိုင်မဲ့သောအနေ အထားတွင် သွေးပျက်ထိတ်လန့်ကာ ဦးကင်းတည်ရာ တူရူသို့ ပြေးစင်သည်။ မိထိလာတပ်ဦးကို ကျွံကာ တိုက်ဆင်ကြီးသည် အရိဋ္ဌဇနက၏ လက်ရွေးစင် မြင်းစစ်သည်များကြားထဲသို့ ကမူးရှူးထိုး ဝင်လာခြင်းဖြစ်သည်။

အရိဋ္ဌဇနကမင်းသည် ခါးကြားမှ တံပိုးကို ဖြုတ်ကာ မှုတ်လိုက်သည်။ သံတိုသံပြတ်ခုနစ်ချက်။ ဤတံပိုးသံ၏ အမိန့် အနက်အဓိပ္ပာယ်ကို မြင်းစစ်သည်တို့ ကောင်းစွာသိကြပြီးဖြစ် သည်။ အဓိပ္ပာယ်မှာ တိုက်ဆင်ပေါ်မှ ပေါလဇနကမင်းကို အဓိကထား၍ ဝိုင်းအုံလုပ်ကြံကြတော့၊ စွဲကိုင်ထားသော လက်နက်များဖြင့် ပစ်လွှတ်ကြတော့၊ စစ်ပွဲကို အဆုံးသတ် ကြတော့။





မြင်းစစ်သည်တို့၏ လက်ထဲမှ လှံရှည်များ၊ လှံလျှင်များ၊ အဲမောင်းများ ဖြိုင်ဖြိုင်လွင့်တက်သွားကြသည်။ ထိုလက်နက် များအားလုံး၏ ဦးတည်ပျံသန်းရာမှာ တစ်ခုတည်းသော ပစ် မှတ်။ ပေါလဇနကမင်း။

■ ■ ■

တတိယသဝဏ်သည် နောက်ဆုံးသဝဏ်ဖြစ်မည်ဟု မိဖုရား ကြီး သိလိုက်လေပြီ။ နာခံတော်၏ လက်ထဲမှ သဝဏ်ကို ဆွဲ ယူလျက် ကိုယ်တိုင်ဖတ်လိုက်သည်။

"မင်းကြီး ကျဆုံး၊ အရေးတော်နိမ့်...."

သဝဏ်ကို ပြီးဆုံးအောင်မဖတ်နိုင်တော့။

ဝရန်တာတိုင်လုံးကို အားပြုဆုပ်ကိုင်ကာ မိဖုရားကြီးသည် မျက်စိအစုံကို တင်းကြပ်စွာပိတ်လိုက်သည်။ မောင်းမရံရွေ များ ဝိုင်းအုံလာကြသည်။ မိဖုရားကြီး၏ မျက်လုံးများ ပြန် ပွင့်လာသည်။ အားလုံးကို တစ်ချက်မျှ ဝေ့ဝိုက်ကြည့်ကာ အက်ကွဲခြောက်ကပ်သောအသံဖြင့် ပြောသည်၊

"လွတ်ရာပြေးကြတော့၊မင်းတို့အရှင်သခင်ကျသွားပြီ"

အဆောင်တော်အတွင်း ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်၊

■ ■ ■

## လွတ်မြောက်ရာသို့

ချက်ချင်းမင် ငရဲပွက်သလို ကသောင်းကနင်း ဖြစ်သွားသော မြင်ကွင်းကို ကြည့်ကာ မိဖုရားကြီးသည် မိမိကိုယ်မိမိ ကြိုးစားဆောက်တည်လိုက်ရသည်၊ အခါးသီးဆုံး ဝေဒနာကား တစ်ကိုယ်လုံးသို့ ဖြန့်ကျက် လွှမ်းမိုးခဲ့လေပြီ။

မောင်းမရုံရွှေတို့သည် အထုပ်အပိုးများကို ရရာဆွဲ၍ ပြေးလွှားနေကြသည်၊ အချို့က အကြောက်လွန်ကာ အော်ဟစ်ငိုယိုနေကြသည်။ အမိန့် အာဏာတော်တို့၏အောက်၌ အမြဲတစေ ငြိမ်သက်တိတ်ဆိတ်ကာ မိမိပြုဖွယ်ကိစ္စများဖြင့် လှုပ်ရှားခဲ့သော နန်းတော်ကြီးတစ်ခုလုံးမှာ ယခုအခါ အလိုအလျောက် စစ်တလင်းငယ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွား

သည်။ နေရာတိုင်းမှာ သောကပရိဒေဝများဖြင့် ဆောက်တည်မဲ့ ပြေးလွှားနေကြသည်။ တုံကင်ဆင်သံ၊ တံပိုးသံနှင့် ကြွေးဟစ်သံများကလည်း အရှေ့မြို့တံခါးအထိ နီးကပ်လျက် ကျယ်လောင်စွာ ကြားလာရပြီဖြစ်သည်၊ စစ်နိုင်သူတို့ လာကြပေပြီ၊ အောင်ပွဲရသူသည် မိထိလာနန်းတော်ထဲသို့ မကြာခင် ဝင်ရောက်လာတော့မည်။

ကမ္ဘာလောကတစ်ခု ပျက်သုဉ်းသွားပြီဖြစ်သော ယခုလိုအချိန်တွင် မိမိကိုယ်တိုင်သည်လည်း မိထိလာပြည်ကြီး၏ အရှင်သခင်ဘဝမှ တစ်ပါးတည်း ရွှေ့လျော့ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း မိဖုရားကြီး သဘောပေါက်လိုက်သည်၊ မောင်တော်မင်းကြီး ကျဆုံးခဲ့ပြီ၊ မိထိလာတပ်ပျက်ခဲ့ပြီ၊ ထီးနန်းနှင့် ပလ္လင်သည် မိမိနှင့် ဘာမှမဆိုင်တော့၊ မိမိမှာ မိဖုရားကြီးတစ်ပါး၏ အဆောင်အယောင် တန်ခိုးသြဇာ ဘာမှမရှိတော့၊ ထိုအရာအားလုံးတို့သည် စစ်မြေပြင်တစ်နေရာ၌ ကျဆုံးသွားခဲ့သော မောင်တော်မင်းကြီး၏ အသက်ဇီဝိန်နှင့်အတူ ကြေမွပျက်စီးသွားခဲ့ပြီ၊

ပိုင်ဆိုင်သမျှသော အရာအားလုံး ပျက်စီးသွားခြင်း၏နောက်ဝယ် မိမိ၏ အသက်ရှင်နေထိုင်ရေးသည်ကော၊ စစ်ရှုံးဘုရင်၏ မိဖုရားသည် စစ်ရာဇဝတ်သားပင်ဖြစ်ပေမည်။ စစ်နိုင်သူသည် ထိုမိဖုရား၏ အရှင်သခင်အသစ် ဖြစ်သွားလေပြီ။ မိမိ၏ ဘဝစည်းစိမ် အရာခပ်သိမ်း ထို စစ်နိုင်သူလက်ထဲသို့ ကျရောက်သွားခဲ့ပြီ၊





မိမိ ဘဝကြောင့် ဆက်လက် အသက်ရှင်သန်နေဦးမည်ဟု မိဖုရားကြီးတွေးသည်၊ အဆိပ်ခွက်၊ ဓားမြှောင်များကို မြင်ယောင်လာသည်၊ သို့တည်းမဟုတ် ဤနန်းလေသာဆောင် ပြာသာဒ်ဘုံမြင့်ဆီမှ ခုန်ချခြင်း၊

ထွေပြားသော ဗျာပါဒ အတွေးများဖြင့် မိဖုရားကြီး သလွန်မှထသည်။ အဆောင်ထဲတွင် မည်သူမျှမရှိကြတော့။ အားလုံး ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားကြပြီဖြစ်သည်။ တစ်ကိုယ်တည်း တစ်ယောက်တည်း။

'အို...ငါတစ်ကိုယ်တည်းမှ မဟုတ်ဘဲ"

ရှုံးနိမ့်ပျက်စီးခြင်း အမှောင်တိုက်ထဲတွင် အလင်းရောင်ကလေးတစ်ချက် ပေါ်လာသည်။ နှုတ်ငုံအရင့်အမာရှိလေပြီဖြစ်သော ကိုယ်ခန္ဓာကို ငုံ့ကြည့်မိသည်။ ထိုအခိုက်တွင် တန်ခိုးအာဏာရှင်ဟူသော အရှင်သခင်မဘဝကိုလည်း သတိမရတော့။

မိဖုရားကြီး၏ နှလုံးထဲသို့ ဝင်ရောက်လာသည့် စာစ်ခုတည်းသော အသိ။ ထိုအသိကား မိခင်တစ်ယောက် ဟူသော ခံစားရမှု။

"ငါ ရင်သွေးကို မွေးဖွားရဦးမယ်၊ လူ့လောကထဲကို အရောက်ပို့ဆောင်ပေးရဦးမယ်၊ ငါသေဆုံးသွားလို့ မဖြစ်သေးဘူး၊ ငါဟာ ဒီလောကကြီးမှာ

အဓိပ္ပာယ်အပြည့်ဝဆုံးနဲ့ အလေးအနက်ဆုံး ဘဝတစ်ခုကို ရရှိနေတာပဲ၊ အဲဒါကတော့ ငါဟာ မိခင်တစ်ယောက် ဖြစ်တယ်ဆိုတာပဲ’

အလင်းရောင်စက်ဝန်းက တစ်စတစ်စ ကျယ်ပြန့်လာသောအခါ ဗျာပါဒ အမိုက်တိုက်သည် တစ်စတစ်စ အက်ကွဲလာလေသည်။

“ငါ အသက်ရှင်နေရဦးမယ်၊ ငါ့ရင်သွေးအတွက်, ငါဆက်လက်ရှင်သန်ရမယ်၊ မိခင်တစ်ယောက်ရဲ့ ရှင်သန်နေထိုင်မှုဆိုတာ အမြတ်ဆုံးသော နေထိုင်မှုဖြစ်တယ်၊ ငါ့ရင်သွေးကို မွေးဖွားသန့်စင်ပြီး မြင့်မြတ်တဲ့ လူသားတစ်ယောက်အဖြစ် ငါပို့ဆောင်ပေးရဦးမယ်”

မေတ္တာဓာတ်နှင့် အားမာန်တို့၏ တောက်ပမှုအောက်ဝယ် ဆောက်တည်ရာမဲ့ ဖြစ်ခဲ့သော အရာအားလုံး လွင့်ပါးပျောက်ကွယ်သွားကြသည်။

မိဖုရားကြီးသည် အဆောင်တွင်းမှထွက်ခဲ့သည်၊ ပေါ့ပါးဖျတ်လတ်သော ခြေလှမ်းများက ရွှေတိုက်တော်ဆီသို့ ဦးတည်နေကြသည်၊

■ ■ ■

အကောင်းဆုံး ကျောက်မျက်ရတနာများနှင့် ရွှေစင် ရွှေတုံးများကို အလျင်အမြန်ရွေးယူလိုက်သည်၊ ထို့နောက် ပုဆိုးဖျင်ထဲသို့ ထည့်သည်။ အထပ်ထပ် ရစ်ပတ်ချည်နှောင်လိုက်





သည်၊ လက်တစ်ပွေ့ မရှိ တရှိ ထိုပုဆိုးထုပ်ကို ပိုက်ရင်း မိဖုရားကြီးသည် ရွှေတိုက်တော်၏ ထောင့်တစ်နေရာဆီသို့ လှမ်းခဲ့ပြန်သည်၊ ထိုနေရာတွင် ဗျပ်တောင်းများ၊ သေတ္တာများ အစုလိုက်အပုံလိုက် ရှိသည်။

မိဖုရားကြီးသည် ထိုပစ္စည်းပုံထဲမှ ဟောင်းနွမ်းစုတ်ပြဲနေသော တောင်းတစ်လုံးကို ထုတ်ယူလိုက်သည်၊ ထို့နောက် ပုဆိုးထုပ်ကို တောင်းထဲသို့ထည့်ပြီး အပေါ်မှ ပုဆိုးနွမ်းတစ်ခုကို ခင်းအုပ်လိုက်သည်။ ထို့နောက် ပုဆိုးပေါ်သို့ ဆန်စေ့များ ဖုံးလောက်ရုံ ကြဲဖြန့်လိုက်သည်။

နောက်တစ်ခု ကျန်ပေသေးသည်။

မိမိကိုယ်တိုင်၏ ဝတ်စားတန်ဆာများဖြစ်သည်။ တောက်ပသော အဖိုးထိုက်အဖိုးတန် အဝတ်များကို ညစ်နွမ်းသော အဝတ်များဖြင့် လဲလိုက်သည်။ ပခုံးပေါ်တွင် ဖျင်ကြမ်းတဘက်တစ်ထည်ကို လွှမ်းခြုံသည်။ ဆံပင်များကို နဖူးထိပ်ထက်တွင် ဖွာရာကြဲနေအောင် လုပ်လိုက်ပြီး ဟောင်းနွမ်းသော ပဝါစတစ်ခုဖြင့် မျက်နှာတစ်ခြမ်းလုံး အုပ်မိအောင် လုပ်လိုက်ပြီး ပတ်လိုက်သည်၊ ဆင်းရဲသူမ တစ်ဦး၏ အသွင်သည် ရုပ်လုံးပေါ်လာလေသည်၊

ထို့နောက် မိဖုရားကြီးသည် ရွှေတိုက်တော်မှ ထွက်ကာ အနီးဆုံး အတိုဆုံး လမ်းကြောင်းများဖြင့် နန်းတော်အဆောင်များ မရဝဏ်မှ ထွက်လာခဲ့သည်။ ရုတ်ရုတ်သဲသဲ အော်

တစ်ပြေးလွှားနေသူများအကြားမှ တိုးဝှေ့ကာ ပန်းရုံများ၊ ဥယျာဉ်များကို ဖြတ်ခဲ့သည်။

ဟောင်းနွမ်းသော တဘက်ခြုံစောင်ကြီးကို ပတ်လျက်၊ အရောင်အဆင်းမဲ့သော ပဝါတစ်ထည်ကို မျက်နှာတစ်ခြမ်းဖုံးအုပ်သည်ထိ ပတ်ပေါင်းလျက် ဦးခေါင်းပေါ်တွင် တောင်းစုတ်ကြီးတစ်လုံးကို ရွက်ကာ ကတိုက်ကရိုက် မပြေးရုံတစ်မည် သွားနေသည့် မိဖုရားကြီးကို မည်သူမျှ မမှတ်မိနိုင်ကြ၊ စစ်ပြေးဒုက္ခသည် အဘွားအိုကြီးတစ်ယောက်သည် ဖရိုဖရဲဖြစ်နေသော လူအုပ်ကြားတွင် ဘာမှ အထူးအဆန်းမဟုတ်၊

မြောက်ဘက်မျက်နှာမြို့သို့တံခါးသို့ ရောက်လာသည်။

မြို့တံခါးတွင် မိမိနှယ်ပင် လွတ်မြောက်ထွက်ပြေးကြသော သူများကို တွေ့ရသည်၊ ဤတံခါးတစ်ခုသာလျှင် ရန်သူတို့ မစီးရသေးသော နေရာဖြစ်သည်။ မိဖုရားကြီးသည် မြို့တံခါးကို ဖြတ်ကာ ကျုံးတံခါးအစပ်သို့ရောက်လာသည်။

ပကတိသော ခြေဖဝါးဖြင့် တစ်ခါမျှ ခြေမချဖူးသော နေရာ။ ယခင် ယခင်ကဆိုလျှင် ဝေါယာဉ်ဖြင့်ဖြစ်စေ၊ ရထားပေါင်းချုပ်ဖြင့် ဖြစ်စေ ဖြတ်သန်းခဲ့သောနေရာ၊

"ဒါဟာ မိခင်တစ်ယောက်ရဲ့ ခြေလှမ်းအသစ်တွေပဲ"

ရင်ထဲမှ ကြုံးဝါးသံနှင့်အတူ ကျုံးတံတားကို မိဖုရားကြီးဖြတ်သည်။ ထိုအချိန်တွင် စစ်နိုင်သူ ပေါလဇနကမင်းသည်




မိုးကြာ

မိထိလာနန်းတော်၏ လှေခါးခုံများမှတက်ခဲ့ပြီးနောက် မုခ်ဦးအဝ ရင်ပြင်ပေါ်သို့ ပထမဆုံး ခြေချလိုက်သည်၊

တောင်းစုတ်တစ်လုံး ခေါင်းပေါ်ရွက်ကာ မိန်းမကြီးတစ်ယောက် မြောက်ဘက်အရပ်ဆီသို့ ထွက်ခွာသွားနေချိန်ဝယ် ပေါလဇနကမင်း၏ ခြေလှမ်းများသည် ရာဇပလ္လင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာလေသည်၊

မြောက်ဘက်ကျုံးလမ်းသည် စစ်ပြေးပြည်သူများဖြင့် ရှုပ်ထွေးနေသည်၊ အချို့က အရှေ့လမ်းအတိုင်း အုပ်စုလိုက်ဝင်သွားကြသည်၊ ပေါလဇနကမင်းထံတွင် ခိုလှုံတော့မည်ဟုလည်း အောင်ဟစ်နေကြသည်။ တစ်ခါက အိမ်ရှေ့ဥပရာဇာဖြစ်ခဲ့ဖူးသော ပေါလဇနကမင်းသည် မိထိလာပြည်သူများကို သက်ညှာ လွတ်ငြိမ်းခွင့် ပေးကာ အုပ်ချုပ်လိမ့်မည်ဟု သူတို့ယုံကြည်ထားကြသည်။

"မြို့ရိုးထဲကို ပြန်ဝင်ကြမယ်ဟေ့၊ ခြေဦးတည့်ရာ ပြေးမနေကြနဲ့၊ ပေါလဇနကမင်းဟာ တို့ရဲ့ အရှင်သခင် ဟောင်းပဲ၊ ငါတို့ကိုခွင့်လွှတ်မှာမုချပဲ။ သူဟာ သူ့နောင်တော်နဲ့သာ စစ်ပွဲခဲ့တာ၊ ငါတို့ တိုင်းသားပြည်သူတွေဟာ ပေါလဇနကမင်းရဲ့ ရန်သူတွေမဟုတ်ဘူး၊ လာကြ....လာကြ ဘုရင်သစ်ထံမှာ သစ္စာတော်ခံကြစို့"

ဤစကားကို သက်ဝင်လက်ခံသူများ များပြားလာသည်၊ ကြောက်လန့်တကြားဖြင့် အထုပ်ကိုယ်စီဆွဲ၍ ပြေးလွှားနေကြသူ အတော်များများ အာရုံပြောင်းသွားကြသည်၊

ဤသို့ဖြင့် မြောက်ကျုံးလမ်းမှာ ပို၍ ရှုပ်ထွေးသွားကြသည်၊

မြောက်အရပ်သို့ ပြေးသူ၊ပြန်လှည့်ကာ မြို့ရိုးအတွင်း ဝင်ရန် ကြိုးစားသူများဖြင့် ကျုံးတံတားမှာလည်း အတိုးတိုးအဝှေ့ဝှေ့ ဖြစ်ကုန်သည်။ တစ်စတစ်စဖြင့် မြို့နန်းအတွင်း ပြန်ဝင်လာကြသူများ များပြားလာသည်၊

မိဖုရားကြီးကား ပို၍ပင် အားငယ်ချောက်ချားလာလေသည်။

သာမန် ပြည်သူများအနေဖြင့် ဘုရင်သစ်ထံတွင် သစ္စာတော်ခံကာ နေမြဲနေခွင့်ရနိုင်ကြတန် ကောင်းပေသည်။ မိမိကား စစ်ရှုံးဘုရင်၏ မိဖုရား။ ပေါလဇနကမင်းသည် မိမိအား ချမ်းသာခွင့် ပေးလိမ့်မည် မဟုတ်၊ ဘုရင်ဟောင်းတစ်ပါး၏ မိဖုရားသည် ဘုရင်သစ်၏ ရန်သူစာရင်းတွင် ထိပ်ဆုံးက ပါဝင်လိမ့်မည်သာ ဖြစ်သည်၊

တိုးဝှေ့ တွန်းတိုက်လျက်ပင် မိဖုရားကြီးသည် မြောက်ကျုံးလမ်းအတိုင်း ထွက်ခဲ့သည်။မြောက်ကျုံးလမ်းသည် အရှေ့နှင့်အနောက် ဖြတ်သော လမ်းမကြီးတွင်ဆုံသည်၊ ရှေ့ဆက်၍ ဘယ်အရပ်သို့ ထွက်ခွာရမည်နည်း၊ ဤအခါမှပင် ရွှေနန်း





တော်ထက်မှ မိဖုရားခေါင်ကြီးတစ်ဦး၏ ကျဉ်းမြောင်း ကြပ်တည်းမှုဒုက္ခကို မျက်ဝါးထင်ထင် ကြုံရတော့သည်။

မိဖုရားကြီးသည် ခရီးလမ်းပန်းကို မသိ၊ အရပ်ဒေသအစွဲအမှတ်ကိုလည်း မသိ။ ကိုယ်တိုင်၏ ခြေလှမ်းများဖြင့် တစ်ခါမျှ ခြေမချဖူးသော မြို့ပြင်အရပ်၊

ချောက်ချားအားငယ်မှုကို အတတ်နိုင်ဆုံး သိုန်းသိမ်းကာ စိတ်အာရုံကို တည်ငြိမ်အောင် ဆောက်တည်လိုက်သည်၊အားငယ်စိတ်များ ပေါ်လာတိုင်း မို့မောက်သော ဝမ်းအပြင်ကို အသာအယာ ပွတ်သတ်လျက် သန္ဓေသားငယ်ကို အာရုံပြုသည်။ 'ရင်သွေးငယ်ကို ငါမွေးဖွားရဦးမယ်။ ငါ့ရဲ့ရင်သွေးအတွက် ငါအသက်ရှင်သန်ရဦးမယ်' [ဟု အကြိမ်ကြိမ် နှလုံးသွင်းသည်၊ ထိုအခါ ကြောက်ရွံ့စိတ်များ အတော်အတန် လွင့်ပြယ်သွားကြသည်။

နောက်ဆုံးတွင်ကား မိဖုရားကြီးသည် ကျုံးလမ်းနှင့် တစ်ခေါ်လောက်အကွာရှိ မန်ကျည်းပင်တန်းမှ တစ်ခုသောဇရပ်ဆောင်ဆီသို့ ခိုလှုံမိသွားသည်၊ ဇရပ်ပေါ်တွင် မိမိကဲ့သို့ပင် စစ်ပြေးကြသော သတ္တန္တရကပ်၏ သားကောင်များကို တွေ့ရလေသည်၊

ဇရပ်ထောင့်၏ တိုင်တစ်တိုင်ကို ကွယ်မှီလျက် မိဖုရားကြီးသည် ခေါင်းပေါ်မှ တောင်းကို အောက်ချလိုက်သည်။ ရွှေ

နန်းတော်သဥ္စာလီ၏ ညောင်စောင်းထက်မှသည် လမ်းဘေး ဇရပ် တစ်ဆောင်ဆီသို့ ရောက်ခဲ့လေပြီ၊ ဤနေရာကား စစ်ပြေးခရီး၏ ပထမဆုံး စခန်းတစ်ထောက်ပင်။

ဤနေရာမှနေ၍ အဘယ်အရပ်သို့ ထွက်ခွာရမည်နည်း၊

ဝေးနိုင်သမျှ အဝေးဆုံးနေရာသည် အန္တရာယ်အကင်းဆုံး ဖြစ်လေမည်။

မျက်နှာတစ်ခြမ်း လုံအောင်ဖုံးထားသော တဘက်စဖြင့် နဖူးချွေးစက်များကို သုတ်လျက် မိဖုရားကြီး စဉ်းစားသည်။ စစ်ပြေးဒုက္ခသည်များ၏ ညည်းညူသံ၊ ကလေးငယ်များ၏ ငိုကြွေးသံ၊ မိန်းမတို့၏ တိုင်တည်သံများက ဇရပ်ပေါ်တွင် စီစီညံနေသည်၊

ကာလစမ္ပာနဂိုရ်ပြည်။

တစ်ခုသော အမည်နာမက မိဖုရားကြီး၏ အသွေးထဲသို့ ရောက်သည်။

မည်းနက်သော စကားပင်တို့ ပေါက်ရောက်ရာမြို့....စမ္ပာနဂိုရ်။ အင်္ဂတိုင်းတွင် ထိုမြို့ရှိသည်ဟု သတိရလာသည်၊ သို့သော် မိထိလာရှိရာ ဤဝိဒေဟတိုင်းနှင့် အင်္ဂတိုင်းဟူသည်ကား ယူဇနာပေါင်း များစွာဝေးကွာသည်၊ ဤမျှသော ခရီးဝေးခရီးကြမ်းကို မည်သို့သွားမည်နည်း။





"ဒီမှာရှင့်....ဝရီး၊ စမ္ပာနဂိုရ်ဆိုတာ ဟိုးဘက်မှာ ရှိတယ် မဟုတ်လားဟင်"

အနီးရှိ လူကြီးတစ်ယောက်ကို မေးလိုက်သည်၊

ထိုလူကြီးက ဆတ်ခနဲ လှည့်ကြည့်ကာ–

"စမ္ပာနဂိုရ်လား၊ အင်္ဂတိုင်းရဲ့ မြို့တော်၊ အင်း.... ရှိတယ်လေ၊ ယူဇနာ ခြောက်ဆယ်ကျော်ဝေးတယ်၊ ဘာပြုလို့လဲ"

"အဲဒီကို သွားမလို့ပါရှင်"

လူကြီးက မျက်လုံးပြူးကြည့်သည်။

"ဘယ်လို....အင်္ဂတိုင်းကို သွားမလို....ဟုတ်စ၊ မိန်းကလေး ရူးနေသလား၊ ယူဇနာ ခြောက်ဆယ်လေ၊ ခုလို ကာလပျက်ကြီးထဲမှာ မိန်းကလေးကို ဘယ်သူ လိုက်ပို့မှာလဲ၊ ရှိသမျှ လှည်းတွေ၊ ရထားတွေလည်း ကြုံတဲ့လူတွေက ဆွဲစီးသွားကြပြီ"

မိဖုရားကြီးလည်း တဘက်စကို မျက်နှာပေါ်ပြန် အုပ်လိုက်သည်၊ လူကြီးက ကွမ်းတစ်ယာ ထုတ်ဝါးကာ ပြောပြန်သည်၊

"စောစောကတင်ပဲ စစ်ပြေးတစ်သုတ် လှည်းတစ်စီးနဲ့ ထွက်ခွာသွားကြလေရဲ့၊ စမ္ပာနဂိုရ်ဘက်လို့ ကြားလိုက်တာပဲ၊ ဟိုနား ဒီနား မေးကြည့်ပေါ့ကွယ်၊

လှည်းကြုံတော့တွေ့မယ်မထင်ဘူး အင်း... ဒုက္ခ....ဒုက္ခ သတ္တန္တရကပ်များ တယ်ကြောက်စရာ ကောင်းပါလား"

"ကပ်တွေ ဘာတွေ ပြောမနေပါနဲ့နော်"

အနီးရှိ မိန်းမရွယ် တစ်ယောက်က ဝင်ပြောသည်။

"အဘနှယ် သူတို့ရှင်ဘုရင်ချင်း ထီးနန်းလုကြတဲ့ဟာကိုများ၊ ကြားထဲက ကျုပ်တို့ မြေစာပင် ဖြစ်တာကိုများ"

• "ဟဲ့... လုံမရဲ့၊ အဲသဟာကိုပဲ ကပ်ခေါ်တာပေါ့၊ တို့ တောသူတောင်သားချင်း ခိုက်ရန်ဖြစ်ကြလို့တော့ ဘာအရေးလဲ၊ တုတ်ဆွဲ ဓားဆွဲပဲ ရှိတော့မပေါ့၊ ခုဟာက ညီတော် နောင်တော် စစ်ဖြစ်ကြတာ၊ သူတို့နောက်က ဆင်တပ်၊ မြင်းတပ်တွေ ပါလာရော၊ ဟော....စစ်တလင်း ဖြစ်ကရော၊ ပြေးတော့....ငါတို့က ပြေးရရော"

"လောကပါလ နတ်မင်းကြီးများ ကြည့်မနေကြပါနဲ့တော်"

လူကြီးနှင့် မိန်းမရွယ်တို့ အချီအချ စကားများနေကြချိန်မှာ မိဖုရားကြီး တိုင်အကွယ်မှ ထ,ထွက်လာခဲ့သည်။ မည်သို့ရှိစေ စမ္ပာနဂိုရ်ပြည်ရှိရာသို့ ပြေးတော့မည်ဟု ဆုံးဖြတ်လိုက်ရသည်။





ဇရပ်ပေါ်မှအဆင်းတွင် လူကြီး၏အသံကို ကြားလိုက်ရသည်။

"ဟဲ့....ဟဲ့ မိန်းကလေး၊ ဘယ်လိုလဲ....ဩော် ဒုက္ခ....ဒုက္ခ၊ ခေါင်းပေါ်မှာလဲ တောင်းနဲ့၊ ကြည့်ရတာလဲ မပေါ့မပါး၊ အင်းလေ....သူ့ကိုယ်မကယ်နိုင်၊ ကိုယ့် သူမကယ်နိုင်ကိုး"

■ ■ ■

# ရထားသမားအဘိုးအို

ယူဇနာ ခြောက်ဆယ်ခရီး၏ ပထမခြေလှမ်းများဖြစ်သည်။

မွန်းတည့်နေက အညှာအတာမဲ့စွာ ဦးခေါင်းပေါ်မှလိုက်ပါလာသည်။ ကန်သင်းတစ်လျှောက်မှ ဖုန်ထုက ထောင်းထောင်းထသည်။ စိမ်းဖန့် ထနောင်းပင်အုပ်ကို ဖြတ်ခဲ့သော်လည်း အရိပ်ခိုနားရန် စိတ်မကူးခဲ့၊ ဤခရီးသည် ယူဇနာခြောက်ဆယ်မက အရာ အထောင် အသိန်း အသန်းသော ယူဇနာ အကွာအဝေးပင် ဖြစ်စေတော့၊ ရင်သွေးငယ်ကို ဤလောကကြီးထဲသို့ ပို့ဆောင်မပေးရသေးသမျှ ကာလပတ်လုံး ငါမရပ်၊ ငါမနား၊ ငါမသေ ဟူသော မိခင်တို့၏ အားမာန်

နှင့် မေတ္တာတန်ခိုး၊ ထို့နောက်မူ ဤလောက အလယ်သို့ ရောက်ရှိလာမည့် ရင်သွေးငယ် မျိုးသစ်အတွက် တင့်တယ် ဂုဏ်မြောက်သော ဘဝတစ်ခုကို အတတ်နိုင်ဆုံး ဖန်ဆင်း တည်ဆောက်ပေးအံ့ဟူသော သန္နိဋ္ဌာန်။

မိဖုရားကြီး၏ ခြေလှမ်းများသည် ပူပြင်းနီရဲသော နေလုံးကြီးနှင့် ပူပြင်းသော ဖုန်လမ်း တောခရီးကြမ်းကို ပြက်ရယ်ပြုလိုက်လေသည်။

"စမ္ပာနဂိုရ်ကို လိုက်ကြမလား" အောင်မြင်သော အသံဝါကြီးနှင့်အတူ မြင်းခွာသံ၊ ချူသံ၊ ရထားဘီးများ ပွတ်တိုက်ရွေ့လျားသံတို့ကိုပါ ကြားလိုက်ရသည်ဟု ထင်သည်။

ချောက်ချားထိတ်လန့်ခဲ့ရသော အနိဋ္ဌာရုံတို့၏ အစဉ်တစိုက် ဖိစီးမှုကြောင့် သွေးလေပျက်ပြားကာ အမြင်အကြားတို့ လွဲမှားဖောက်ပြန်ခဲ့ပြီလား...။

"စမ္ပာနဂိုရ်ကို လိုက်ချင်တဲ့သူများ ရှိရင် ပြောကြနော်"

ခင်တန်းအုပ်ကလေး တစ်ခု အကွေ့မှ နေ၍ မြင်းရထား တစ်စီး ဘွားခနဲ ပေါ်လာသည်။ မိမိ အမြင်အကြားမှားခြင်း မဟုတ်တော့။

ဆွတ်ဆွတ်ဖြူသော မြင်းတစ်ကောင် က,ထားသည့်ရထား နှပေါင်းချုပ် တစ်စီးဖြစ်သည်။ မောင်းသူနေရာတွင် အဘိုးအို





တစ်ယောက် ထိုင်နေသည်။ ဇက်ကြိုးကို ဖွဖွကိုင်ကာ ကြာပွတ်ကို လေထဲတွင် ဝှေ့ယမ်းလိုက်သည်။ မြင်း၏ချူသံ ကလုံကလင်တို့သည်လည်း လွင်လွင်စာစာ သာယာလွန်းသည်။

ရထားပေါင်းချုပ်က မိမိရှေ့တည့်တည့်တွင် ရပ်လာသည်။

"စမ္ပာနဂိုရ်ကို လိုက်ချင်တဲ့သူများရှိရင် ပြောကြနော်"

အဘိုးအို၏အသံက မိမိကို ရည်ညွှန်းကာ တည့်တည့်ကြီး ပြောနေသယောင်။

"အဘိုး...ကျွန်မ စမ္ပာနဂိုရ်ကို သွားချင်ပါတယ်ရှင်"

"သွားချင် သွားရစေမပေါ့၊ ရောက်ချင် ရောက်ရစေမပေါ့ သမီးရဲ့၊ ကိုင်း....ရထားပေါ်တက်ပေရော့"

ခြေလှမ်း မဆိုသလောက်ပြင်ပြီးမှ မိဖုရားကြီးတုံ့ရပ်သည်။

"အဘိုးရယ် နားနဲ့မနာ ဖဝါးနဲ့ နာပါတော့၊ ကျွန်မမှာက မပေါ့မပါး ရှိနေလေတော့"

"အဲဒါ ဘာဖြစ်သလဲကွယ့်....သမီးရဲ့"

"ခရီးရှည် ခရီးကြမ်းကြီးမှာ ကျွန်မ ရထားမစီးဝံ့ပါဘူး အဘိုး၊ အရင့်အမှာ သန္ဓေသားလေးခမျာ လမ်းခရီးတစ်လျှောက် အလူးအလိမ့် အခုန်အမြောက်တွေနဲ့ မအပ်စပ်ပါဘူး"

"အင်း....ဒီတော့...."

"ဟောဒီတောင်းကိုသာ ရထားပေါ် တင်ပေးလိုက်ပါရစေ၊ ကျွန်မကတော့ ရထားနောက်ကပဲ ခြေကျင်လိုက်ခဲ့ပါ့မယ်ရှင်"

ရထားသမားကြီးသည် လှိုက်လှဲ လေးနက်စွာ ပြုံးလိုက်သည်။ အဘိုးအို၏အပြုံးသည် ထူးခြားလှသည်ဟု မိဖုရားကြီး ထင်သည်။ ထို့ပြင် အဘိုးအိုသည် ရထားမောင်းသမားဆိုစေကာမူ ဥပဓိရုပ်က ကြည်စင်သန့်ရှင်းလှပြီး ပူပြင်းလောက်ပသော နေရောင်အောက်ဝယ် သူ့ခန္ဓာကိုယ်တစ်ဝိုက်မှ တံလျှပ်များ တရိပ်ရိပ် ထွက်နေသည်ဟုလည်း ထင်ရသည်။

"သမီးရဲ့....အဘိုးကိုများ သာမန် ရထားသမား အောက်မေ့ရော့ သလား၊ ရထား မောင်းနှင်ခြင်း အတတ်မှာ အဘိုးနဲ့ တူသူ တတ်သူ မရှိဘူးကွယ့်၊ ကြားလား၊ အဘိုးက အဲသလို ရထားမောင်းသမား ဖြစ်သလို အဘိုးရဲ့ ရထားကလည်း လောကဇမ္ဗူမှာ တစ်စီးဆို တစ်စီးတည်းသောရထား၊ မှတ်ထားသမီး၊ ဘာမှ စိတ်နှောင့်စရာမရှိဘူး၊ ကဲ....တက်ပေရော့...သမီး"

ဤအဘိုးအိုနှင့် ဤရထားအပေါ်တွင် လုံးဝ ဥဿုံ ယုံကြည်စိတ်ချခြင်းများ ဖြစ်ပေါ်လာကာ မိဖုရားကြီးသည် ရထားနှင့် လိုက်ပါရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် ရထားလှေကားခုံရှိရာသို့ ချဉ်းကပ်ခဲ့သည်။





ဤအခိုက်ဝယ် ထူးခြားဆန်းကြယ်လှသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်သွားကြောင်း မိဖုရားကြီး မသိလိုက်။ ထိုဖြစ်ရပ်ကား ရထားလှေကားခုံအောက် မိဖုရားကြီး တက်အံ့ဟု စွဲတည်လိုက်သော ခြေအပြင်သည် လေအပြည့်သွင်းထည့်လိုက်သော သားရေနယ်အိတ်အလား ပုံ့ပုံ့ကြွ ခုံးခုံးထလျက် ရထားနောက်မြီးစွန်းတိုင် တစ်ညီတစ်ပြေးတည်း မောက်တက်လာခဲ့ခြင်းပင်။

ဤသို့ဖြင့် မိဖုရားကြီးသည် ခြေကို မြှင့်မြှောက် လှမ်းတက်စရာ မလိုတော့ဘဲ ပြကတေ့သော လှမ်းမြဲခြေတို့ဖြင့်ပင် ရထားထက် ရောက်ခဲ့တော့သည်။

"အို...."

မိဖုရားကြီးသည် ရထားပေါင်းချုပ်အတွင်း ရောက်လျှင်ရောက်ချင်းပင် အံ့ဩဝမ်းသာ အာမေဍိတ် ပြုမိတော့သည်။

ရထားထဲတွင် ညောင်စောင်းအပြင် အသင့်တည်လျက် ညောင်စောင်း အပြင်တွင်လည်း နူးညံ့ထူထဲသော သားမွေး ကတ္တီပါဖုံ အခင်းများ၊ ခေါင်းအုံးများ ကမ္ဗလာများ၊ ခင်းကျင်းစီမံထားပြီးလျက် ရှိနေချေသည်။

မြင့်မြတ်သော အိပ်ရာထက်၌ လဲလျောင်းမိချိန်မှာပင် မိဖုရားကြီး၏ အတွေးထဲသို့ တစ်စုံတစ်ခု ဝင်ရောက်လာသည်။

"သည်အတိုးအိုဟာ လူသားမဟုတ်၊ နတ်စင်စစ်ကောန်ဖြစ်ရှေပြီ"

နူးညံ့လွန်းသော အိပ်ရာအပြင်ထက်တွင် မိဖုရားကြီးသည် ပင်ပန်းနွမ်းနယ်စွာ၊ ထို့နောက် စိတ်ချအေးငြိမ်းစွာ အိပ်ပျော်သွားခဲ့လေသည်။

မိဖုရားကြီး တွေးထင်သည့်အတိုင်းလည်း အကယ်စင်စစ်ဖြစ်တော့သည်။

ရထားသမား အဘိုးအိုကား အခြားသူမဟုတ်။ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ တည်သော ဘုန်းသမ္ဘာရှင် ဘုရားလောင်း၏ အန်ခိုးရှိန်စော် အာနုဘော်၏ လှုံ့ဆော်မှုဖြင့်–

မိမိ၏ နေရင်းဖြစ်သော တာဝတိံသာနတ်ပြည်၊ ပင်လယ်ကသစ်ပင်ရင်းမှ အလျား ယူဇနာခြောက်ဆယ်၊ အနံ ယူဇနာငါးဆယ်၊ အထုတင် ဆယ့်ငါးယူဇနာ ပမာဏရှိ၍ လယ်ခေါင်ရန်းပွင့်နှယ် နီကြန်သောအဆင်းကို ဆောင်သည့်၊ ထိုင်လိုက်လျှင် ခါးတိုင်အောင် မြုပ်နစ်သော အနူးအညံ့ရှိသော ပဏ္ဍုကမ္ဗလာကျောက်ဖျာကြီး တင်းမာလာခြင်းကြောင့်–

လူ့ပြည်လောကသို့ ဆင်ခြင်ရှုမျှော်ရာတွင် ဘုန်းသမ္ဘာရှင် သန္ဓေစွဲပင်သူ၏ အာနုဘော်ကို သိမြင်ကာ 'မင်းဖြစ်ထိုက်သော ဘုန်းရှိယောကျ်ား စင်စစ်ဖြစ်လျက် မပျက်စီးလေသင့်၊ ဤသန္ဓေမှ မြင်သူ ယောကျ်ားကောင်းကြောင့် ပြည်သားပြည်





သူတို့ အကျိုးစီးပွား များစွာဖြစ်လတ္တံ့၊ ယောကျ်ားမြတ်ကို ငါ မစ, ကယ်တင်ရမည်'ဟု ကြံကာ–

ရထားပေါင်းချုပ်ကို ဖန်ဆင်း၊ ကိုယ်တိုင်လည်း ရထားသမား အဘိုးအိုအသွင်ကို ယူခဲ့သည်။ နတ်တို့ သနင်း ဣန္ဒာသက္က သိကြားမင်း စင်စစ် ဖြစ်သောကြောင့်ပင်တည်း။

■ ■ ■

## ကာလစမ္ပာနဂိုရ်

အစဉ်တစိုက်နှင့် လာခဲ့သော ပေါင်းချုပ်ရထားသည် ငြိမ့်ခနဲ တစ်ချက် ရပ်လိုက်သည်။ နှစ်ခြိုက်ချမ်းမြေ့စွာ အိပ်စက်နေသော မိဖုရားကြီးသည် တစ်ချက်မျှ လူးလွန့်သည်။ နူးညံ့စွာသော ညောင်စောင်း အခင်းအပြင်သည် မိဖုရားကြီးအား ညင်သာသော အတွေ့ဖြင့် ထွေးပိုက်ထားသကဲ့သို့ ရှိလေသည်။

"သမီး....ထ....ထ"

အဘိုးအို၏ အကြင်နာငွေ့ လွှမ်းသော အသံကို ကြားရသဖြင့် မိဖုရားကြီး မျက်လုံးအစုံကို ဖွင့်ကြည့်သည်။ အားအင်

ပြည့်ဖြိုး လန်းဆတ်စွာ နိုးထလာရသည့် အဖြစ်ကို ခံစား ရသည်။

"သမီး....ထလိုက်ဦး၊ မြစ်ရေနဲ့ ရေမိုး သန့်စင် လိုက်ပြီးတော့ ဟောဟိုက အိပ်ရာ ခေါင်းရင်းမှာ သမီးအတွက် ဝတ်စုံအသစ်လဲလိုက်ပြီးရင် ထမင်းစား၊ ထမင်းထုပ်လဲ အဆင်သင့်ပဲကွယ့်...."

ငိုက်မျဉ်းသမ်းဝေခြင်း ကင်းစွာ မိဖုရားကြီး အိပ်ရာမှ ထသည်။ လေပြည်ထဲတွင် ပါလာသော မြစ်ရေနံ့ကို နှစ်ခြိုက် စွာ ရှူရှိုက်မိသည်၊ ရထားပေါင်းချုပ်၏ ပြတင်းမှ အပြင်သို့ ထွက်ကြည့်လိုက်သောအခါ တသွင်သွင် စီးဆင်းနေသော စိမ်းပြာပြာ မြစ်ရေပြင်ကြီးကို ဘွားခနဲ တွေ့လိုက်ရလေသည်။

"သမီးတို့ ဘယ်ဒေသ ရောက်နေကြပြီလဲ အဘိုး" အဘိုးအိုက ကြာပွတ်ကို ရထားမောင်းခုံဘေးက တိုင်တွင် ထိုးစိုက်ရင်း—

"မိထိလာကနေ ယူဇနာ သုံးဆယ် ဝေးကွာခဲ့ပြီ လေ...."

"အို... ဟုတ်လား"

"ကဲ....ကဲ သမီး ရေချိုးလိုက်၊ ဟောဟိုနားက ကျောက်ဖျာကြီးတွေ၊ သစ်တုံးတွေပေါ်နေတဲ့ နေရာ ဟာ သဘာဝ ရေချိုးဆိပ်ပေါ့...."





အဘိုးအိုသည် ရထား၏ တစ်ဖက်သို့ လှည့်ထွက်သွား သည်။ မိဖုရားကြီးလည်း မြစ်ဆိပ်သို့ ဆင်းခဲ့လေသည်။

ရေချိုးသန့်စင်ကာ ဝတ်စုံသစ်များ လဲလှယ်ပြီးနောက် အသင့်ပြင်ပေးထားသော နေ့လယ်စားမြိန်စာကို စားသည်။ နှစ်ခြိုက်စွာ အိပ်စက်ခဲ့ရခြင်း၊ အေးမြသော မြစ်ရေတွင် ရေ ချိုး သန့်စင်ခဲ့ရခြင်းတို့ကြောင့် နေ့လယ်စာကိုလည်း မြိန်ရှက် စွာ စားဖြစ်သည်။

"သမီးရေ....ပြီးရင် ရထားပေါ် ပြန်တက်၊ ခရီး က ကျန်သေးတယ်"

ညောင်စောင်း အခင်းပြင်ထက်ဝယ် နေရာယူပြီးသည်နှင့် မိဖုရားကြီးသည် နှစ်ခြိုက်စွာ အိပ်ပျော်သွားပြန်သည်။ ရထား ဘီးများလည်း စတင်ရွေ့လျားသည်။ မြင်းများ၏ ကျောက်ကုန်း ပေါ်သို့ တစ်ခါမျှ ကျရောက်ခြင်း မရှိတတ်သော အဘိုးအို ၏ ကြာပွတ်သည် လေထဲတွင် လွင့်တက် ဝှေ့ယမ်းသွားသည်။ ခြုံသံ ကလုံကလင်တို့ ပေါ်ထွက်လာကြသည်။ ရထား၏ ရှေးရှုရာကား...ကျန် ယူဇနာ သုံးဆယ်အကွာရှိ ကာလစမ္ပာ နဂိုရ်ပြည်သို့—

■ ■ ■

"သမီး...ထင်တာ..."

ရထားပေါင်းချုပ် အပြင်သို့ လှမ်းကြည့်လိုက်သောအခါ နေအလင်းတို့ ဖျော့တော့နေကြလေပြီ။ ညချမ်း ရောက်လုနီး အချိန် ဖြစ်လေသည်၊

"သမီးတို့ ဘယ်ကိုရောက်နေကြပြီလဲ အဘိုး.... အို...ဟိုမှာ"

ရှေ့ဆီတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် မိဖုရားကြီးမှာ အံ့အားသင့်သွားသည်။ မှောင်ရီ မသမ်းတတ်သေးသော နီကြန်ကြန် ဆည်းဆာ နေရောင်အောက်၌ တွေ့လိုက်ရသည်ကား နီကြန်ကြန်မြို့ရိုးတံတိုင်း။ တံတိုင်းအထက်ဆီမှ ပြအိုးများ၊ တန်ဆောင်းပစ္စင်များ၊ ရင်တားချားနှင့်ဖျဖွေးတောက်ပသည့် တံခါးမုခ်ကြီးများ....။

"မြို့ကြီး တစ်မြို့ပါလား....အဘိုး၊ ဒါ....ဘာမြို့လဲ တာ"

အဘိုးအိုက ပြုံး၍ဖြေသည်၊

"ကာလဇမ္ဗာနဂိုရ်ဆိုတာ ဒီမြို့ကြီးပေါ့ကွယ်"

မိဖုရားကြီးမှာ ပို၍ အံ့သြသွားသည်။

"အဘိုး ...ကာလဇမ္ဗာနဂိုရ်ဆိုတာ မိထိလာကနေ ယူဇနာ ခြောက်ဆယ် ဝေးတယ်ဆို၊ သမီးတို့ မိထိလာကနေ ထွက်ခဲ့ကြတာမနက်ခင်းက၊ အခု ညဥ့်မမှောင်



၆



သေးခင် နေဝင်ရီတရောမှာ ဒီနေရာမှာ ရောက်နေတယ်၊ ယူဇနာခြောက်ဆယ် ခရီးကို နေ့ချင်းနဲ့ရောက်လာတယ်လို့ အဘိုးပြောလိုက်သလား"

"သမီးပြောတာ မှန်ပါတယ်၊ မိထိလာနဲ့ ဇမ္ဗာနဂိုရ်ဟာ ယူဇနာ ခြောက်ဆယ် ခရီးပါပဲ၊ ဒါပေမယ့် ဒါက သာမန်ခရီးသွားတွေရဲ့ အတိုင်းအတာ အကွာအလှမ်းလေ၊ အဘိုးက ဒီခရီးလမ်းကို အထူးကျွမ်းကျင်သူကွယ့်၊ ခရီးဖြောင့် ခရီးတိုကို အဘိုးလောက် ဘယ်သူမှ မသိနိုင်ဘူး၊ မြေကြောကို ရှုံ့နိုင်တဲ့ ရထားသမားကြီးလေ...သမီးရဲ့၊ ဒါကြောင့် ဒီခရီးကို ဒီလို နေ့ချင်းနဲ့ ရောက်လာတာပေါ့...."

မိဖုရားကြီးသည် အဘိုးအိုအား လှမ်းကြည့်လိုက်သည်။ ယူဇနာ ခြောက်ဆယ် ခရီးကို တစ်နေ့တာလုံးလုံး ရထားမောင်းနှင်ခဲ့လေသော်လည်း ရထားသမား ဤအဘိုးအိုသည် စိုးစဉ်းမျှ ပင်ပန်းနွမ်းနယ်ဟန်မရှိ။ ပကတိ လန်းဆန်းတက်ကြွနေသည်၊ ထို့အပြင် ချုပ်ညရီဝင်စ နေရောင် အောက်တွင် အဘိုးအို၏အသွင်မှာ မီးတိုင်တစ်တိုင်အောက် ရောက်နေသလို အလင်းကွက် စက်ဝန်းတို့ဖြင့် တောက်ပ နေသယောင်။

မိဖုရားကြီး၏ စူးစမ်း အံ့သြအကြည့်ကို မသိကျိုးကျွန် ပြုလျက်၊ အဘိုးအိုက ကြာပွတ်ကို လေထဲတွင် ဝှေ့ယမ်းလိုက် ပြန်သည်။

"ကဲ....သမီးရေ လိုရာခရီးရောက်ပြီ၊ အဘိုးက တော့ ခရီးဝေးကို ဆက်ရဦးမယ်၊ စမ္ပာနဂိုရ်မြို့တွင်း ဝင်မယ်ဆိုရင် ဒီအချိန်ဟာ အသင့်ဆုံးပဲ၊ နည်းနည်း မှောင်သွားရင် မြို့တံခါးကြီးက အပိတ်အဆို့ အစစ အဆေးတွေ ရှိတော့မယ်...."

ဇက်ကြိုးကို လှုပ်ခါလိုက်သောကြောင့် မြင်းဖြူကြီးလည်း နှာတမှုတ်မှုတ် ခွာတရှပ်ရှပ် ဖြစ်လာသည်၊

မိဖုရားကြီး ရထားထက်မှဆင်းသည်။ မြေပြင်သို့ ရောက် သည်နှင့် ခြူသံနှင့်အတူ ရထားဘီးများ စ,တင် ပွတ်တိုက် ရွေ့လျားသံ ပေါ်လာသည်။ ကျေးဇူးစကားကို အနူးအညွတ် ဆိုရန်ပင် အချိန်မရလိုက်တော့။ မိဖုရားကြီး ငေးမောကြည့် နေဆဲမှာပင် ရထားသည် မျက်စိတစ်ဆုံး အရပ်သို့ ရောက် သွားသည်၊ တစ်စတစ်စဖြင့် ရထားနှင့်တကွသော အဘိုးအို ၏ သဏ္ဌာန်သည် မြို့ရိုးထောင့် အမှောင်ရိပ်စွန်းသော နေရာ သို့ ရောက်ရှိ ပျောက်ကွယ်သွားသည်၊

မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မှပင် မိဖုရားကြီး သည် စမ္ပာနဂိုရ်မြို့ရိုး၏ တောင်တံခါးမုခ်ရှိရာ အရပ်သို့ မျက် နှာပြန်လှဲလိုက်သည်။

ကာလစမ္ပာနဂိုရ်၊ ယူဇနာ ခြောက်ဆယ် ဝေးကွာခဲ့ပြီ ဖြစ်သော ဒေသ၊ ကြားရုံသာကြားဖူး၍ တစ်ခါမှ မရောက် ဖူးသော နေရာ၊ အားငယ်စိတ်တို့ ဝင်လာသည်။ အတွေးလျှင် သည် ပူနွေးဆဲ အတိတ်ဖြစ်ရပ်ဆီသို့ လျင်မြန်စွာ ပြေးလွှား





ပျံသန်းသွားသည်၊ စစ်ရှုံးဘုရင် မောင်တော် အရိဋ္ဌဇနက၊ စစ်မြေပြင်တွင် ကျဆုံးခဲ့ပြီဖြစ်သော မောင်တော်ဘုရင်၊ ယခု အချိန် ဆိုလျှင် မိထိလာ၏ နန်းဆောင်ခန်းမထဲက သီဟာသန ပလ္လင်ထက်တွင် ပေါလဇနက ဘုရင်သစ်သည် သားမြီးယပ် နှင့် သန်လျက်ကိုစွဲကိုင်ကာ အမိန့်တော်အသစ်များကို ထုတ် ပြန်နေချေမည်။ စစ်ရှုံးဘုရင်၏ မိဖုရားကြီး ထွက်ပြေးပျောက် ဆုံးသွားသည်ကို သူတို့ သိသွားကြပြီ။ ရန်စ ရန်ငုတ် အကြွင်း အကျန် မရှိစကောင်းပေရာ၊ မိမိကိုလည်း ဘုရင်သစ်၏ စစ် သည်များက လိုက်လံရှာဖွေနေကြချေမည်။

စမ္ပာနဂိုရ်၏ တောင်တံခါးမုခ်ကြီးက တိတ်ဆိတ်သော အသွင်ဖြင့် စောင့်ကြိုနေသယောင်။ မိဖုရားကြီးသည် အတိတ် ကာလထဲသို့ နစ်မြုပ်ကျဆင်းသွားသော အတွေးများကို ဖယ် ထုတ်လိုက်သည်။

ကာလစမ္ပာနဂိုရ်သို့ သွားမည်ဟု မိမိ ဆုံးဖြတ်ခဲ့သည်။ ယခု ရောက်နေပြီဖြစ်သည်၊ ထူးဆန်းသော ရထားသမား အဘိုးအိုတစ်ယောက်က ဘွားခနဲပေါ်လာကာ မိမိကို လိုရာ အရပ်သို့ ပို့ဆောင်ပေးခဲ့သည်။ ကြံစည်ရည်ရွယ်ရင်းအတိုင်း မိမိရောက်ခဲ့ပြီ။ ညီတော် နောင်တော်တို့၏ ရာဇအာဏာ အရေးတော်မှာ မိမိပယောဂ ပါသည်မဟုတ်၊ မိမိရွေးချယ် ခဲ့သော အရာမဟုတ်၊ မိမိ ပါဝင်ပတ်သက်ခြင်းမရှိသော ဖြစ် ရပ်တစ်ခုကြောင့် မိမိသည် ဘဝတစ်ခုကို အဖျက်ဆီးခံလိုက် ရသည်၊ ဘာဝမ်းနည်းစရာရှိသနည်း။

စမ္ပာနဂိုရ်သို့ ထွက်ပြေးမည်ဟု မိမိကြံရွယ်ခဲ့သည်။ ယခု ထိုကြံရွယ်ချက်အတိုင်း အထမြောက်ခဲ့ပြီ။ မိမိရွေးချယ်သော အရာသည် မိမိအလိုအတိုင်း အောင်မြင်ခဲ့ပြီ၊ အခြားတစ်ပါးသူတို့၏ စနက်ကြောင့် မိမိထိခိုက်ရသည်ထက် မိမိ၏ စနက်ကြောင့် မိမိထင်တိုင်း ကြံတိုင်း အောင်မြင်ပေါက်ရောက်ခဲ့သည် မဟုတ်လား။ အောင်မြင်အထမြောက်မှုသည် မိမိရှေ့မှောက်တွင် ရှိနေပြီ၊

ထို့နောက်မှ ဝမ်းကြာတိုက်၌ ကိန်းလေသော သန္ဓေသား၊

အို….ကြည့်စမ်း။ ထူးဆန်းတဲ့ ရထားသမား အဘိုးအိုကြီး ရောက်လာတာဟာ ငါ့ရင်ထဲက သန္ဓေသားငယ်ရဲ့ ဘုန်းတန်ခိုးကြောင့် ဖြစ်ရမည်။ ဘဝမှာ ဆက်လက် ရှင်သန်နေထိုင်ဖို့ ဆုံးဖြတ်ချက်ဖြစ်သည်။ ဘာမှ ဝမ်းနည်းအားငယ်စရာ မရှိ။ အားတက်ရှင်လန်းဖို့ပင် ဖြစ်သေးတော့သည်။

မျိုးသစ်သားငယ်ကို မွေးဖွားထိန်းကျောင်း စောင့်ရှောက်ရတော့မည့် မိခင်တစ်ဦး၏ အနာဂတ်ဟာ ဘယ်လောက် စိတ်လှုပ်ရှား တက်ကြွစရာ ကောင်းသလဲ။ အသစ်အသစ်သော တည်ဆောက်ဖွဲ့စည်းမှုတွေက ချီမြှန်းပစ္စာ ကြိုဆိုနေကြသည် မဟုတ်လား၊

မိခင်တို့၏ မေတ္တာ၊ အားမာန်၊ မိန်းမသားတို့၏ ဗျတ္တိစွမ်းရည်၊ တိုက်ခိုက်ရခြင်းထက် သာလွန် ပိုမိုစွမ်းပကား ကြီးမားသော ခံနိုင်ရည်ရှိခြင်း အင်အား။





မိဖုရားကြီးသည် တောင်တံခါးနှင့် မနီးမဝေးရှိ ဇရပ်တစ်ဆောင် ဆီသို့ လျှောက်သွားလိုက်သည်၊ ဤခြေလှမ်းတို့သည် ဘဝသစ် ကန့်လန့်ကာကြီးကို ဆွဲဖွင့်လိုက်သည့် မိခင်တို့၏ ဂုဏ်စားသော ခြေလှမ်းများပင် ဖြစ်လေသည်။

■ ■ ■

**ပီတာ**

**စ၁၉၀**

## ဒိသာပါမောက္ခ

တစ်နေ့တာ သင်ကြားပို့ချမှုများ ပြီးဆုံး၍ ယခုလို ညနေနေဝင်ရီတရော အချိန် ရောက်ပြီဆိုလျှင် ဒိသာပါမောက္ခဖြစ်သော ဥဒ္ဒိစ ပုဏ္ဏား ဆရာကြီးသည် တောင်တံခါးမှနေ၍ မြို့ပြင်သို့ ထွက်လာနေမြဲဖြစ်သည်။

အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော အမျိုးလေးပါးတို့၏ သားသမီး တပည့်များကို သင်ကြားပို့ချပေးရသော အလုပ်သည် လွယ်ကူသောလုပ်ငန်းမဟုတ်။ ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒ ဟူ၍ အမျိုးဇာတ် လေးပါးမှ လာကြသည့် တပည့်လက်သားတို့မှာ စရိုက် အမျိုးမျိုး အကျင့်အတွေ့တွေ ရှိကြသည်။

ဟန်သစ်စာပေ

ဥပမာဆိုလျှင် ဗြဟ္မဏတို့က အမျိုးဇာတ် မြင့်မြတ်ခြင်းကို စွဲ၍ မာန်မာန ပလွှားချင်ကြသည်။ ခတ္တိယတို့ကလည်း ရာဇအာဏာကိုမှီ၍ မောက်မာချင်ကြသည်။ ဝဿတို့က စည်းစိမ်ချမ်းသာကို ကျောထောက်နောက်ခံပြုလျက် ခက်ထန်ချင်ကြသည်။ အမျိုးဇာတ်၊ အာဏာ၊ စည်းစိမ် ဘာမှမပါလာသော သုဒ္ဒတို့သည်ပင် ခွန်အားဗလနှင့် လက်ရုံးစွမ်းကို အားကိုးပြုလျက် မကျိုးမနွံ ရှိချင်ကြသည်။

သို့သော် ထိုထိုသော ထောင်လွှား မောက်မာခြင်း အမျိုးမျိုးတို့သည် ဗြဟ္မဏ မဟာသာလမျိုးနွယ်မှ ဆင်းသက်လာသော ဒိသာပါမောက္ခထံ ရောက်လာသောအခါ အားလုံးတုပ်ကွ ကိုင်းရှိုင်းသွားကြသည်သာမင်။

**အတတ်ပညာ** ပို့ချခြင်း၊ အသိပညာ မျှဝေခြင်းတို့ဖြင့် ပညာဂုဏ်ကို ဗဟိုပြုသော ဆရာ၏အဖြစ်သည် နှစ်လိုဖွယ်ကောင်းသည်။ စရိုက်အမျိုးမျိုး အကျင့်အထွေထွေ တပည့်များသည် ပညာနှင့်တွေ့သောအခါ လိမ္မာသော အလမ္ပာယ်ဆရာ၏ လက်ဝါးပြင်ရှေ့မှ မြွေဟောက်များနှယ် ဖြစ်သွားကြသည်။

**မိမိ**တို့ထက် တော်ပါ တတ်ပါတကား၊ မိမိတို့ မသိဖူးမကြားဖူးသည်များကို သိမြင်နိုင်စပ်လှပါတကား ဟူသောအမြင်က တပည့်တို့၏ ဦးခေါင်းများကို ငုံ့စင်းငိုက်လျှိုးစေသည်။ မိမိကလည်း စေတနာ မေတ္တာ အရင်းခံတွင် ဆရာ





ဟူသော အနေအထားကို ထိုက်တန်စွာ ယူကာ ကြပ်မတ်ပို့ချသင်ကြားပေးခဲ့သည်။

ထိုအခါ အရပ် လေးမျက်နှာတို့၏ ဆရာကြီး ဒိသာပါမောက္ခဟူသော ဂုဏ်သတင်းက ထွန်းပွုံလာလေသည်။

စေတနာအား ကြီးမားလေလေ ထက်သန်စွာ သင်ကြားပို့ချ ဖြစ်လေလေ၊ မိမိမှာ စိတ်ရောလူပါ ပင်ပန်းနွမ်းနယ်ရလေလေ ဖြစ်ခြင်းကိုတော့ ဒိသာပါမောက္ခ ကိုယ်တိုင်သာ နားလည်ခံစားနိုင်သည့်အရာ ဖြစ်သည်။ ထို့ကြောင့် ယခုလိုလက်ရုံးရည် အခြေခံပညာများကို ပြင်းထန်သော လေ့ကျင့်မှုတို့ဖြင့် သင်ကြားပို့ချပေးရသည့် နေ့များတွင် ဒိသာပါမောက္ခကြီးသည် စိတ်ရော ကိုယ်ပါ နွမ်းနယ်သွားတတ်သည်။

သို့ဖြင့်ပင် တောင်တံခါးမှ ထွက်၍ ရေချိုးသန့်စင်ဖို့ လာခဲ့ခြင်းဖြစ်သည်။ တစ်နေ့တာ ပင်ပန်းသမျှတို့ကို ဖြေလျှော့ရန်အတွက် ဆရာကြီးသည် ဤသို့ပင် ရေချိုးထွက်လေ့ရှိပေသည်။

လက်ရုံး အခြေခံပညာတို့ကို မွန်းလွဲမှသည် ညနေစောင်းအထိ လေ့ကျင့်ခဲ့ကြသော တပည့်လက်သား ငါးရာတို့ကလည်း ဆရာကြီးနှင့်အတူ လိုက်ပါလာခဲ့ကြလေရာ တောင်တံခါးမုခ် တစ်ဝိုက်မှာ အော်ဟစ်ဆူညံ ပျော်ရွှင်သံများဖြင့် စည်ကားလျက်ရှိလေသည်။

ဒိသာပါမောက္ခသည် တပည့်တို့၏ စိတ်လွတ်လပ်ပေါ့ပါးသော ငယ်ရွယ်သူတို့ ပျော်ရွှင်မှုကို နားခံရင်း ရှေ့ဆုံးမှ

လျှောက်လာခဲ့သည်။ ရေချိုးကန်ဆီလျှောက်ရန် ဇရပ်တစ်ဆောင်ကို ကွေ့ပတ်ကျော်လွန်ရပေဦးမည်။

ဒီသာပါမောက္ခ၏ လှမ်းနေဆဲခြေတို့ တုံ့ခနဲ ရပ်သွားသည်။

ရှေ့တွင် မြင်နေရသော ဇရပ်ပေါ်၌ ထူးခြားသော အချင်းအရာတစ်ခု ဖြစ်ပေါ်နေသည်။ ဤလို နေဝင်ရီတရော ချုပ်ညရီ အမှောင်သမ်းစ အခါမျိုးမှာ ဤဇရပ်၌ မည်သူမျှ ရှိမနေတတ်ကြ။

မြို့စွန်း ဗဟိုစည်မောင်းမှ မကြာမီ တီးခတ်တော့မည့် စည်သံနှင့်အတူ တောင်တံခါးမုခ်သည် ပိတ်တော့မည်ဖြစ်သည်။ မြို့ရိုးပြင် ရောက်နေကြသော စမ္ပာနဂိုရ်ပြည်သားတို့သည် မြို့တံခါးမပိတ်ခင် တံခါးမုခ်မှတစ်ဆင့် မြို့တွင်းသို့ ဝင်သွားကြသည်၊ မြို့ပြင်ဇရပ်ပေါ်တွင် မည်သူမျှ မနေကြတော့။

ယခုကား ဇရပ်ပေါ်တွင် လူရိပ်သဏ္ဌာန်တစ်ခု။

စူးရှသော မျက်လုံးများက ထိုလူရိပ်သဏ္ဌာန်သည် မိန်းမတစ်ယောက် ဖြစ်နေကြောင်းကို တွေ့မြင်လိုက်သည်။

အချိန်မတော် ကာလ၊ မြို့ပြင် ဇရပ်ပေါ်မှ မိန်းမတစ်ယောက်။





ဒီသာပါမောက္ခ၏ ခြေလှမ်းတို့ ရွှေ့လျားလာပြန်သည်။

အဋ္ဌာရသပညာတို့ဖြင့်ထုံမွှမ်းသော နိုးကြားထက်မြက်မှုဖြင့် ထိုသဏ္ဌာန်သည် အန္တရာယ် မပေးနိုင်ကြောင်း အလိုလိုသိသည်၊ သို့ဖြင့် ပို၍ နီးကပ်လာသော အကွာအဝေးသို့ ရောက်သော အခါ....

ဒီသာပါမောက္ခသည် အံ့သြသွားလေသည်။ တပည့်တို့သည် နောက်ဘက် ခပ်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့ကြပြီ၊ ဇရပ်ပေါ်တွင် ရှိနေသော မိန်းမကား အရွယ် အဆင်း တင့်တယ်သည့် မိန်းမပါကလား၊ ထို့ထက်မူ....တင့်တယ်ရသော ထိုမိန်းမသည် သန္ဓေလွယ်ထားသော မိန်းမပါကလားဟု သိလိုက်သည်။

ဒီသာပါမောက္ခသည် ဇရပ် လှေကားရင်းတွင် ခြေစုံ ရပ်လိုက်သည်။

ဇရပ်တိုင်လုံးကို မှီ၍ တမှိုပြုလျက် ထိုင်နေသော မိန်းမငယ်ကို စူးစိုက်ကြည့်ရင်း ဒီသာပါမောက္ခ၏ ရင်ထဲ၌ မေတ္တာဓာတ်များ ကိန်းဝပ်ပွားများလာသည်။ ဤမိန်းမငယ်ကို မြင်ရသည့် အခိုက်မှာပင် နှစ်ကာလ ရှည်ကြာ ကွေကွင်းခဲ့ရသော တစ်အူတုံဆင်း နှမရင်းတစ်ယောက်ကို တွေ့လိုက်ရသကဲ့သို့ ကတုန်ကယင်ကြီး ဖြစ်လာသည်၊ မိမိ၌ ဤကဲ့သို့ သွေးသားရင်းချာ နှမ မရှိခဲ့ကြောင်း ဒီသာပါမောက္ခ သိနေသည့်တိုင် ဤမိန်းမငယ်ကို နှမရင်းသဖွယ် သဘောထားမိခြင်းကို မည်သို့မျှ ပယ်ဖျောက်မရနိုင်အောင် ဖြစ်လာသည်။

နှမငယ်လေး…နှစ်ပေါင်းရှည်ကြာ ဝေးကွာ ကွေကွင်းခဲ့ရပြီး အခုမှ ပြန်တွေ့ရတဲ့ နှမငယ်လေး…. ဤ တိုးညင်းသော အသံတစ်သံသည် ပါမောက္ခ၏ နှလုံးအိမ် နံရံကို လှိုင်းအိမျှားသဖွယ် အဆက်မပြတ် ရိုက်ခတ်နေတော့သည်။

ထိုအချိန်တွင် တပည့် ပုဏ္ဏားလုလင်တို့လည်း ဇရပ်ဆီသို့ ရောက်လာကြပေပြီ။ ပါမောက္ခသည် မိမိ၏ တပည့်များသောသောအုတ်အုတ် ရှိလျှင် မိန်းမငယ် ကြောက်အားပိုမည်ကို စိုးမိသဖြင့် တပည့်များကို တော်ရာသို့ ဖယ်ရှားလိုက်သည်။

ထို့နောက် ဇရပ် လှေကားထစ်ပေါ်သို့ တက်လျှက် မေးလေသည်။

"နှမလေး… မင်း ဘယ်အရပ်သူလဲကွယ့်"

မိဖုရားကြီးကလည်း လှေကားထစ်တွင် ခြေစုံရပ်ရင်း မိမိထံ လှမ်းကြည့်နေသော ပါမောက္ခကို အကဲခတ် ကြည့်နေမိသည်။ တည်ငြိမ် ထက်မြက်၍ ရိုးသား ဖြောင့်မတ်သော မျက်နှာပြင်ထက်တွင် အန္တရာယ် အလျဉ်းမရှိသော မျက်လုံးများနှင့် အကြင်နာငွေ့ လွှမ်းသောအကြည့်ကို တွေ့လိုက်သောအခါ ယုံကြည်စိတ်ချမှု လုံးဝ ဖြစ်ပေါ်လာသည်။

"ကျွန်မဟာ မိထိလာပြည့်ရှင် အရိဋ္ဌဇနကမင်းရဲ့ မိဖုရားကြီး ဖြစ်ပါတယ် မောင်ကြီးရှင့်…."





အမှန်အတိုင်းပင် မဆုတ်မဆိုင်း ဖြေလိုက်သည်။

ဒီသာပါမောက္ခ၏ ကရုဏာ မျက်လုံး၌ အံ့ဩသော အသွင်များ ရိုက်ခတ်သွားလေသည်။

"အို…ပြည့်ရှင်မင်းရဲ့ မိဖုရားလား၊ ဒါဆိုရင် ဘယ်လို အကြောင်းများကြောင့် ဒီလောက် ဝေးလံတဲ့ အရပ်ဆီကို တစ်ကိုယ်တည်း ရောက်လာရတာလဲ နှမငယ်၊ မိထိလာပြည်တဲ့၊ အရိဋ္ဌဇနကမင်းတဲ့။

ကြည့်ပါဦး…အခု မင်းရောက်နေတဲ့ ကာလစမ္ပာနဂိုရ်ဟာ မင်းရဲ့ မိထိလာနဲ့ ယူဇနာ ခြောက်ဆယ် ဝေးကွာတဲ့ ခရီးကွယ့်…."

မိဖုရားကြီး၏ အကြည့်များသည် အဝေးဆီသို့ လွင့်သွားသည်၊ ဝေဒနာပေါင်းစုံတို့ ရိုက်ခတ်သည့်နှယ် မျက်နှာပြင်သည် အုံ့မှိုင်းသွားသည်။ သို့သော် အသက်ပြင်းပြင်းတစ်ချက် ရှိုက်ကာ မိမိ၏ တည်ငြိမ်မှုကို မိဖုရားကြီး ဆောက်တည်ယူလိုက်သည်။ ထို့နောက် တိုးတိမ်သော်လည်း တုန်ယင်ခြင်းကင်းသော အသံဖြင့် တစ်လုံးချင်း ရေရွတ်သည်။

"မောင်ကြီး …. အဖြစ်က ဒီလိုပါ… မိထိလာပြည်မှာ……"

အရိဋ္ဌဇနကနှင့် ပေါလဇနက ညီနောင်တို့ စစ်ထိုးကြပုံ၊ မင်းကြီး စစ်မြေပြင်တွင်ကျဆုံးပုံ၊ ကိုးကွယ်ရာမဲ့ဖြစ်ခဲ့ပြီးနောက်

ပဉ္စသန္တေကို စောင့်ရှောက်ရန် တစ်ကိုယ်တည်း ရုပ်ဖျက်၍ ထွက်ပြေးခဲ့ပုံ .... ခရီးလမ်း တစ်လျှောက်လုံး၌ ထူးဆန်းသော အတိုးအို တစ်ယောက်က ရထားဖြင့် တင်ဆောင်ခဲ့ပုံ များကို အစအဆုံး မခြွင်းမချန် ပြောပြလေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်ရင်း ဒိသာပါမောက္ခသည် လေးလေးပင်ပင် ခေါင်းညိတ်သည်။ ထို့နောက် လှေကားထစ်များအတိုင်း ဇရပ်ပေါ်သို့ တက်ခဲ့သည်။ ဇရပ်ခါးပန်းခုံတွင် ခြေချထိုင်ကာ မေးသည်။

"အင်း.... မောင်ကြီး သိရပါပြီနှမငယ်၊ ဖြစ်ပြီးခဲ့တာတွေ ရှိပါစေတော့။ ခုအချိန်ဟာ အတိတ်ကို ပြန်လည် တမ်းတ ပူဆွေးဖို့ အချိန် မဟုတ်တော့ပေဘူး၊ မောင်ကြီး တစ်ခုမေးပါရစေဦး"

"မေးပါ.... မောင်ကြီး"

"ဒီ စမ္ပာနဂိုရ်မှာ နှမငယ် ဆွေမျိုး မိတ်သင်္ဂဟ များကော ရှိရဲ့လား"

မိဖုရားကြီး နွမ်းဖျော့သော အပြုံးဖြင့် ခေါင်းယမ်းလျက်–

"အမည်သာကြားဖူးပြီး တစ်ခါမှ မရောက်ဖူးတဲ့ ဒေသပါ မောင်ကြီး၊ နှမမှာ ဆွေမျိုး မိတ်သင်္ဂဟ သိကျွမ်းသူ လုံးဝ မရှိပါဘူး"





ဒိသာပါမောက္ခ၏ မျက်နှာပေါ်၌ ကြည်လင်သော အပြုံးတစ်ခု ဖြစ်ပေါ်လာသည်။

"ဘာမှ မစိုးရိမ်နဲ့၊ အားမငယ် မကြောင့်ကြနဲ့ နှမငယ်။ မောင်ကြီးဟာ ဟောဒီပြည်မှာ ဗြာဟ္မဏ မဟာသာလ မျိုးနွယ်က ဆင်းသက်တဲ့ ဒိသာပါမောက္ခ ဖြစ်ပါတယ်၊ အရပ်လေးမျက်နှာက ရောက်လာတဲ့ အမျိုးလေးပါးတို့ရဲ့ ဆရာဖြစ်ပါတယ်။ နှမအတွက် နေထိုင် စားသောက်ရေး အစစ အရာရာ ဘာတစ်ခုမှ မငြိုငြင်စေရအောင် မောင်ကြီး တတ်နိုင်ပါတယ်"

"ဝမ်းသာလှပါတယ် မောင်ကြီး"

"နှမငယ် စိတ်ချထားဖို့ တစ်ခုက နှမငယ်ကို တစ်အူတုံဆင်း နှမရင်းနှင့်မခြား မောင်ကြီး ပြုစု စောင့်ရှောက် ပါမယ်။ မောင်ကြီးကို လုံးဝဥဿုံ စိတ်ချယုံကြည်ပါ"

"အို.... နှမ ယုံကြည်ပါတယ် မောင်ကြီး"

"ဒါပေမယ့် တို့မောင်နှမ တစ်ခုတော့ ပြင်ဆင် စီမံကြရလိမ့်မယ်"

"ဘာများလဲဟင် မောင်ကြီး"

ဒိသာပါမောက္ခက လေသံကို နှိမ့်၍–

"မောင်ကြီးမှာ အခု နောက်လိုက် တပည့်တွေ ပါလာတယ်။ သူတို့ အားလုံးရှေ့မှာ တို့နှစ်ယောက် ဟာ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရပြီး အခုမှ ပြန်တွေ့ ကြရတဲ့ မောင်နှမတွေအဖြစ် သရုပ်ဆောင်ကြရလိမ့် မယ်"

"ဟုတ်ပေတာပေါ့...မောင်ကြီးရယ်...."

"သူတို့မကြာခင် ဇရပ်ကိုရောက်လာကြတော့မယ်။ ဟော...ကြားလား"

ဇရပ်ဆီသို့ နီးကပ်လာသည့် ခြေသံများ၊ စကားသံများကို ကြားရသည်။

"မောင်ကြီးပြောသလိုလုပ်၊ မောင်ကြီးရဲ့ ခြေရင်း မှာ နှမ မြည်တမ်း ငိုကြွေးယောင်ပြု၊ နားလည်တယ် နော်"

"နှမ သိပြီ ...မောင်ကြီး"

■ ■ ■

ပုဏ္ဏားလုလင်တို့ ဇရပ်ဆီသို့ ရောက်လာကြသည်။ ဤတွင် ဇရပ်ပေါ်မှ သူတို့ဆရာနှင့် မိန်းမရွယ် တစ်ဦးတို့၏ ထူးခြား သောအဖြစ်ကို တွေ့လိုက်ကြရသည်။ မိန်းမရွယ်က ဆရာ့ ခြေကို ဖက်လျက် ငိုကြွေးမြည်တမ်းနေသည်။





"မသေကောင်း မပျောက်ကောင်း အခုမှ တွေ့ကြ ရလေတယ် မောင်ကြီးရယ်၊ အံ့မယ်လေး–ဒီတစ်သက် ဖြင့် သေကွဲ၊ ရှင်ကွဲ ကွဲကြပြီထင်တာ၊ ပြန်တွေ့ကြရ သေးတယ်နော်၊ နှမလေးရဲ့ ဒုက္ခကို ကြည့်ပါဦး မောင်ကြီးရဲ့...."

ဆရာ ဒိသာပါမောက္ခလည်း မျက်ရည်အလိမ်းလိမ်းဖြင့် ရေရွတ်လျက်–

"ကံကြီးပေလို့...တို့မောင်နှမ ပြန်ဆုံကြရပေတယ်၊ တိတ်ပါတော့ နှမလေးရယ်၊ မငိုပါနဲ့တော့....ဒုက္ခ ဆင်းရဲတွေ ကုန်ဆုံးပြီ အောက်မေ့ပါတော့ ....ထ.... ထ....နှမငယ်လေးရေ့...."

"ဆရာ....ဆရာ..."

တပည့်များကို ယခုမှပင် မြင်လိုက်ဟန်ဖြင့် ဒိသာပါမောက္ခ သည် လှည့်ကြည့်လိုက်သည်။

"ဩော်....ငါ့တပည့်များ ရောက်လာကြပြီလား၊ ဟောဒီမှာကွယ့် ... ငယ်စဉ်ကတည်းက ကွဲသွားတဲ့ နှမလေး....ဆရာ့နှမလေးလေ..."

"မှသေကောင်း မပျောက်ကောင်း ခုမှ ပြန်တွေ့ရ လေတယ်။ ဝမ်းသာကြည်နူးခြင်းကြောင့်လဲ ဆရာ ကိုယ်တိုင် မျက်ရည်မဆယ်နိုင် ဖြစ်နေရတယ်လေ...."

တပည့်များသည် ဆရာ့ခြေရင်းမှ မိဖုရားကြီးကိုကြည့်ရင်း—

"အို .... ဟုတ်လား .... ကွဲကွာနေတဲ့ ဆွေမျိုးသားချင်းကို ပြန်တွေ့ရတယ်ဆိုတာ သိပ်ကို ကြည်နူးစရာပေါ့ ဆရာရယ်။ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ ဆရာ၊ ဘာမှ မစိုးရိမ်ပါနဲ့"

"ငါ့နှမအတွက် အိမ်ပြန်ပြီး ရထားပေါင်းချုပ်တစ်စီး သွားယူချေကြကွယ်။ ပြီးတော့ မင်းတို့ရဲ့ ဆရာကတော်ကိုလဲ အကျိုးအကြောင်း ပြောပြကြ။ ရထားပေါင်းချုပ်နဲ့ ပါလာမယ့်သူဟာ ငါ့နှမအရင်းဖြစ်တယ်၊ ပြုဖွယ် ဆောင်ဖွယ် ဝတ်ကြီးဝတ်ငယ်ပြုပြီး ကောင်းကောင်းထားပါလို့ ငါက မှာလိုက်ကြောင်း ပြောပြကြ။"

"ကောင်းပါပြီ ဆရာ၊ အစစအရာရာ စိတ်ချပါ။ ကြည့်စမ်း... ငါတို့ ဆရာကြီးမှာ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ နှမလေးတစ်ယောက် ရှိတယ်ဆိုတာ ငါတို့ မသိဘူး၊ အေးလေ....ဆရာကြီးကလဲ ပြောမှ မပြောဖူးတာကိုး။ ဘာပဲဖြစ်ဖြစ်ကွာ ဆရာကြီးမှာ သူ့နှမလေးနဲ့ ပြန်တွေ့ရတာ ဘယ်လောက်များ ဝမ်းသာရှာမလဲ။ ကိုင်း....လာကြဟေ့၊ ရထားပေါင်းချုပ် ပြန်ယူကြစို့၊ ဆရာကတော်ကို အကျိုးအကြောင်း ပြောကြစို့။ ငါတို့ဟာ ဒီနေ့တော့





မင်္ဂလာသတင်းကို သယ်ဆောင်မယ့် တမန်တွေ ဖြစ်ကြပြီ လာကြဟေ့...."

■ ■ ■

ဒိသာပါမောက္ခ ကတော် ပုဏ္ဏားမသည် အကျိုးအကြောင်းကို သိရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ခင်ပွန်းသည်၏ နှမ၊ မိမိ၏ ယောက်မကို အနူးအညွတ်ကြိုဆိုသည်၊ မိဖုရားကြီး၏ တင့်တယ်သော ရုပ်ဆင်းကို တွေ့သောအခါမှာလည်း မိမိ၏ ညီမရင်းသဖွယ် ချစ်ခင်သွားသည်။ ထို့အပြင် မဒ္ဒီသန္ဓေ လွယ်လျက်ရှိကြောင်း သိရသောအခါ မိန်းမချင်းဟူသော စာနာစိတ်ဖြင့် ပို၍သာ ကရုဏာသက်ကာ သံယောဇဉ် ဖြစ်သွားသည်။

ဒိသာပါမောက္ခ တပည့်များနှင့်အတူ ရေချိုးရာမှ ပြန်လာသောအခါ ပုဏ္ဏားမ၏ စီစဉ်ပေးမှုဖြင့် မိဖုရားကြီးသည် မြင့်မြတ်သော အိပ်ရာတွင် နွေးထွေးစွာ အနားယူလျက် ရှိပေပြီ။

"ရှင်မရေ....ငါ့နှမလေးကော..."

"ညီမလေး .... အိပ်ပျော်နေရှာတယ်။ ခများ ပင်ပန်းရှာတယ်လေ"

"အေး အေး .... အိပ်ပါစေဦးကွာ၊ နိုးလာမှ ညဉ့်စာထမင်း စားကြတာပေါ့"

"ဝမ်းမီးငြိမ်းပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျသွားအောင် ကျွန်မ ကိုယ်တိုင် အားရှိစေတဲ့ အဖျော်ရည် တိုက်ကျွေးထားပါတယ်တော်။ ရေမိုးချိုး သန့်စင်လို့လဲ ပြီးပါပြီ"

"အင်း....နှမလေး....နှမလေး...."

"ပုဏ္ဏေးကြီးရယ်....တော် နေနိုင်လိုက်တာ၊ ဒီလို ချစ်စရာ၊ သနားစရာ နှမလေးတစ်ယောက် ရှိတယ် ဆိုတာ ကျုပ်ကို တော် ပြောမပြဘူး။ ကျုပ်မှာ ဒီလို ယောက်မ လှလှလေး တစ်ယောက် ရှိတယ်ဆိုတာ အစကတည်းက သိရရင် မတွေ့တွေ့အောင် လိုက်ရှာ မှာပေါ့"

"ငယ်စဉ် အကလေး အရွယ်ကတည်းက ကွဲကွာ သွားလေတော့ မရှာနိုင်တော့ဘူး ထင်တာကိုး ရှင်မရဲ့။ အင်း....ကံကြီးပေလို့ မသေကောင်း မပျောက်ကောင်း ပြန်တွေ့ကြရလေတယ်"

"ဟုတ်ပါရဲ့ ပုဏ္ဏားကြီး ရယ်၊ ခမျာ က လေး ကံကောင်းရှာတယ်လို့ ပြောရ မှာပေါ့။ ခုဆိုရင် ကျုပ်ကလဲ ကျုပ်ညီမလေး တစ်ယောက် ကောက်ရ တယ်လို့ အောက်မေ့တာပဲ၊ ကဲ....ညဉ့်စာစားတော့ မလား"





"မစားသေးပေါင်ကွာ .... နှမလေး နိုးမှ အတူ စားမယ်လေ"

"ကောင်းလှချည့်ပေါ့တော်၊ ကျုပ်တို့ သုံးယောက် ထမင်းလက်ဆုံ စားကြရမှာပေါ့၊ နေဦး....သူ့ခမျာ မပေါ့မပါးကြီးနဲ့ ဆိုတော့ အားဖြစ်စေတဲ့ အစာလေး တွေ ထပ်စီစဉ်ဦးမှ...."

ဒိသာပါမောက္ခနှင့် ပါမောက္ခကတော်တို့၏ အေးမြသော မေတ္တာရိပ် အောက်တွင် ချမ်းမြည့်စွာ နေထိုင်ခဲ့ရသော မိဖုရားကြီးသည် မိခင်လောင်းတို့၏ ကျက်သရေဖြင့် တစ်နေ့ တခြား တင့်တယ်လာခဲ့လေသည်။

ခါးသီးသော အတိတ်ဖြစ်ရပ်များကို ကြိုးစားမေ့ပျောက် လျက် မိဖုရားကြီးသည် သန္ဓေသား၏ ကျန်းမာသန့်စွမ်းရေး ကိုသာ အာရုံပြု နေထိုင်ခဲ့သည်။ အရာခပ်သိမ်း လိုအပ်သည် မရှိ၊ ပကတိ ပြည့်စုံစွာသော အဖြစ်ကို မိဖုရားကြီး ရရှိခဲ့သည်။ ကိုယ်ဝန် ပဋိသန္ဓေ တဖြည်းဖြည်း ရင့်မာလာသည်နှင့်အမျှ မိထိလာပြည် ထီးနန်းလုပ်ပွဲနှင့် ပတ်သက်သော အတိတ်ဖြစ်ရပ် များသည်လည်း တစ်တစ်စ လျှော့ပါး မေ့မှိန်လာခဲ့သည်။

ဤသို့ဖြင့်ပင် .. မကြာမမြင့်မီသော ကာလတစ်ခု၌....

မိဖုရားကြီးသည် ရွှေအဆင်းကဲ့သို့ ရှုချင်သဖွယ် တင့်တယ် သော သားယောကျ်ားလေး တစ်ယောက်ကို ဖွားမြင်သန့်စင် ခဲ့လေသည်။ ■ ■ ■

"ညီမလေးရဲ့သားကို အမည်မှည့်ဖို့ အချိန်ကျပြီလေ"

"ဟုတ်တယ် .... နှမလေး၊ သားကလေး အတွက် အမည်နာမကို မင့်အစ်မတော်ဖြင့် တစ်ခုပြီးတစ်ခု ရွေးနေလိုက်ပုံများ...."

ရင်ခွင်ထဲမှ သားငယ်ကို တစိမ့်စိမ့် ကြည့်နေရာမှ မိဖုရားကြီးသည် ပြုံးလိုက်လေသည်။

"သားလေးအတွက် အမည်မှည့်ဖို့ ကျွန်မ စဉ်းစားပြီးပါပြီ မောင်ကြီး။ သားရဲ့အမည်ကို ကျွန်မ မှည့်ခေါ်မယ်နော်....အစ်မကြီး"

"အို....ညီမလေးရွေးမှည့်တဲ့အမည် ဖြစ်ရမှာပေါ့"

"ဘယ်လို နာမည်လဲ....နှမငယ်"

မိဖုရားကြီး မျက်နှာကို မသိမသာမော့သည်၊ မျက်လွှာ အစုံကို ဖွဖွညင်သာ ပိတ်သည်။ အတွေးစဉ်တွင် မိထိလာ၏ နန်းစဉ်မျိုးဆက်တို့ အလိုအလျောက်ပင် ထင်ဟပ်လာကြသည်။

နောင်တော် အရိဋ္ဌဇနက၊ ညီတော် ပေါလဇနကတို့၏ ခမည်းတော်။ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကို လက်မွန်မဆွ စိုးစံအုပ်ချုပ်တော်မူခဲ့သည့် ဘုရင်မင်းမြတ်ကြီး....





သားရဲ့ ဖခမည်း အရိဋ္ဌဇနကမင်း၊ သူ့ရဲ့ ဖခမည်းတော် ဘုရင်မင်းမြတ်။ သားရဲ့ ဘိုးတော် မင်းတရားကြီး၊ အဲဒီ ဘိုးတော် မင်းတရားကြီးရဲ့ အမည်နာမကိုပဲ သား ဆက်ခံရစေမယ် သား။

"သားတော်ရဲ့အမည်ကို 'မဟာဇနက'လို့ ကျွန်မ မှည့်ခေါ်လိုက်ပါတယ်"

ဒိသာပါမောက္ခနှင့် ပါမောက္ခကတော်တို့ ပြိုင်တူလိုလို ရေရွတ် လိုက်ကြလေသည်။

"မဟာဇနက"

■ ■ ■

"အံမာ – မုဆိုးမသားကများ ငါ့သားလေးကို အနိုင်ကျင့်တယ်ပေါ့လေ။ လာ–သားလေး မငိုနဲ့ တိတ်တိတ်။ သားရဲ့ အဖကို သွားတိုင်၊ ဟောဟို အဖမဲ့တဲ့ မုဆိုးမသား မဟာဇနကက သားကို အနိုင်ကျင့်နေပါတယ်လို့ သွားတိုင်ချေ"

လက်မောင်း ပခုံးစွန်းမှာ ပွန်းပဲ့ရာများ၊ ဖုန်မှုန့်များဖြင့် ပေကျံနေသော ကလေးငယ်သည် တအီးအီးငိုရင်း မိန်းမကြီး၏ ရင်ခွင်ထဲမှ ထွက်သွားသည်။ အဖကို တိုင်မယ်၊ ငါ့အဖကို တိုင်မယ်ဟုလည်း နှုတ်မှ တတွတ်တွတ် မြည်တမ်းနေသည်။

ကလေးငယ်၏ မိခင်ဖြစ်သော မိန်းမကြီးရှေ့တွင် မဟာဇနကသည် တစ်ဖဝါး မရွေ့ ဇတမ်း ရပ်နေသည်၊ မိန်းမကြီး

က မဟာဇနကကို ငုံ့ကြည့်ရင်း လက်ညှိုး တဖေါက်ဖေါက် ထိုးကာ ပြောပြန်သည်၊

"ဘယ်အရပ် ဘယ်ဒေသကနေ လွင့်လာမှန်းမသိ၊ ဘယ်သူဘယ်ဝါရဲ့ သားမှန်းလဲမသိ၊ ဟင်း-သူတကာ တွေလို အဖေပြစရာမရှိတဲ့ ဟဲ့-အုတ်ကြားမြက်ပေါက် ကလေး၊ ဟဲ့-မုဆိုးမသားရဲ့ မိစုံဖစုံနဲ့ ကလေးတွေကို နင်က အနိုင်ကျင့်ချင်လို့ ရ,ရမလားဟဲ့-ဟင်"

သံရည်ပူများ နားထဲ စီးဝင်လာသည်ဟု ထင်ရသည်။ မုဆိုးမသားဟူသော စကားလုံးက ခါးသီးစွာ ပုတ်ခတ်သည်၊ မိန်းမကြီး၏ ရန်လိုသော မျက်နှာထားနှင့် တဖေါက်ဖေါက် တယမ်းယမ်း လက်ညှိုးကို စိုးစဉ်းမျှ ကြောက်လန့်ခြင်း မရှိ သော်လည်း ရင်ထဲမှာကား ဝမ်းနည်းစိတ်များ လှိုက်၍ တက်လာနေလေသည်။

မုဆိုးမသား၊ သူတကာတွေလို အဖေ ပြစရာ မရှိ....။

"အံ့ပါရဲ့တော်၊ ကလေးချင်း ကစားလို့ ဖြစ်လိုက် ပြီ ဆိုတာနဲ့ ဘယ်သူလဲမေးမနေနဲ့၊နင်ပဲ မုဆိုးမသားရဲ့၊ နင် လုပ်လွှတ်လိုက်လို့ မြို့ထဲရပ်ထဲက ကလေးတွေ ငိုရတာချည်းပဲ"

အိမ်နီးနားချင်းများ၊ လမ်းသွား လမ်းလာများလည်း မိန်းမကြီးအနီးသို့ စုရုံးရောက်ရှိလာကြသည်။ စပ်စုတတ်သော မိန်းမများက တီးတိုး သဖန်းပိုး လုပ်ကြန်ပြသည်၊





"ဘာဖြစ်လို့လဲ အမိရဲ့"

"ဘာဖြစ်ရမှာလဲ၊ ဟောဒီ မုဆိုးမ သားပေါ့၊ ကျုပ်သားလေးကို နှိပ်စက် လွှတ်လိုက်တာလေ"

"ဟင်-ဒါ ဒီသာပါမောက္ခ အိမ်က မဟာဇနက လေးပါလား!"

"ဟုတ်တယ်လေ၊မဟာဇနကပေါ့။ ကြည့်ပါလား၊ သူပြောနေတာ မဟုတ်တဲ့အတိုင်းပဲ၊ လူကြီးတွေကို ပြန်ကြည့်နေပုံက ခံတန်တန် မျက်နှာပေးနဲ့"

"ကလေး သူငယ်တို့ ဘာသာဘာဝ ဆော့ကြ ကစားကြရင်းနဲ့ မတော်တဆ ထိခိုက်မိတာနဲ့ တူပါရဲ့ နှမကြီးရယ်"

မျှမျှတတ စဉ်းစားတတ်ဟန်ရှိသော လူကြီးတစ်ယောက်က ဝင်ပြောသည်၊ ထိုအခါ ကာယကံရှင် မိန်းမကြီးမှာ ရှူးရှူး ရှားရှား ဖြစ်လာပြန်ကာ....

"ဘယ့်နှယ် မတော်တဆ ထိခိုက်မိရမှာလဲ၊ တမင် အနိုင်ကျင့် လုပ်လွှတ်လိုက်တာ၊ ကျုပ်ကလေးမှာ ပွန်းရာ ပဲ့ရာတွေနဲ့၊ အရေပြားတွေ လန်လို့၊ သွေးစိမ်း ရှင်ရှင်ထွက်လို့။ အရိုးတွေ ဘာတွေများ ကျိုးအက် ကုန်ပြီလား မသိပါဘူး"

စောစောက လူကြီးသည် မိန်းမကြီး၏ ပြူးတူးဖြဲတဲ အသွင်ကိုကြည့်လျက် တမင်တကာ ပုံကြီး ချဲ့နိုင်ရန်ကော ဟူသော အဓိပ္ပာယ်ဖြင့် ခေါင်းယမ်း၍ ထွက်သွားသည်။ မိန်းမကြီးကား အနားမှ လူတွေ စုအုံနေသည်ကို ပို၍ သဘောကျလာဟန်ဖြင့် တတွတ်တွတ် ရေရွတ်ဆဲ၊

"ခုတစ်ခါတည်း မကဘူးနော်။ ဒီလို ဖြစ်ဖြစ်နေတာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး၊ ကလေးချင်း ကစားကြလို့ တစ်ယောက်ယောက် တစ်ခုခု ဖြစ်ပြီ၊ ငိုရပြီ၊ ခိုက်မိပြီဆိုရင် ဘယ်သူလဲ မမေးနဲ့ မဟာဇနကပဲ၊ ကြည့်ပါလား အရပ်ကတို့ရဲ့၊ ကျုပ်ကိုတောင် စူးစူးဝါးဝါးနဲ့ ကြည့်နေတာ၊ မုဆိုးမကိုတောင် သားက စိတ်မထင်ရင် ကလေးချင်း မပြောနဲ့ လူကြီးမိဘတွေကိုတောင် တက် စော်ကားမယ့် ဟာလေး၊ ဖမဆုံးမ၊အေးလေ....အဖေမရှိလဲ ရှိတဲ့အမေက ဆုံးမလို့ မရတဲ့ မိမဆုံးမ၊ ဖမဆုံးမ သားလေး"

ဟောင်ဖွာ ဟောင်ဖွာ စကားလုံးတွေမှ အပ အခြားမည်သည့် အရေးကိစ္စမျှ ကြီးကျယ်လှသည် မဟုတ်ကြောင်း သိသွားကြသော ပရိသတ်လည်း ဝိုင်းအုံနေရာမှ ထွက်ခွာသွားကြသည်။ မိန်းမကြီးလည်း တစ်ယောက်တည်း မောလောက်အောင် ပြောဆို ရေရွတ်ပြီးနောက် အိမ်ပြန်သွားသည်။





ထီးတည်း ကျန်ရစ်ခဲ့ကာ အငိုင်သားရပ်နေသူမှာ မဟာဇနက၊

မိမိအပေါ် စုပြုံရောက်ရှိနေခဲ့သော ပရိသတ်၏ မျက်လုံးအစုံများ။ ထို့နောက် မိန်းမကြီး၏ လက်ညှိုး တငေါက်ငေါက်ထိုးဟန်၊ ထို့နောက် အစူးရှ အပြင်းထန်ဆုံး ဖြစ်သော စကားလုံး၊ မုဆိုးမသား....။

ကြုံခဲ့သမျှ၊ ကြုံနေသမျှတို့ကို မဟာဇနက ဆင်ခြင်ကြည့်သည်၊

ကလေးသူငယ်တို့ဘာဝ အပေါင်းအဖော်များနှင့် ဆော့ကစားသည်။ ဘာကြောင့်မှန်းမသိ၊ ကလေးဖော် သူငယ်တွေက မိမိကို ချုပ်ချယ်ကြသည်၊ မိမိတင်ပြသော ကစားနည်းကို ပယ်၍ သူတို့လိုချင်သော ကစားနည်းထဲမှာသာ ပါဝင်ခွင့်ပြုသည်၊ မိမိ သူတို့ကို လိုက်လျောခဲ့သည်။

ကစားနည်း တစ်ခုခုကို ရွေးချယ်ပြီးနောက် "ဆက်" ရွေးကြ၊ လူစုခွဲကြပြီဆိုလျှင်လည်း မိမိသည် သတ်မှတ်ပေးရာ အုပ်စုမှာသာ ပါဝင်ခွင့်ရသည်၊ "မဟာဇနက မင်းက တို့ဆီကို အခုမှ ရောက်လာတဲ့သူပဲ။ တို့ချပေးတဲ့ နေရာမှာ မင်းနေရမယ်" ဟု သူတို့ ပြောတတ်သည်၊ ဒါကိုလည်း မိမိ လိုက်လျောခဲ့သည်၊

ကစားကြသောအခါမှာ အချုပ်အချယ် အဖိအနှိပ်တွေက ပိုလို့ များလာသည်၊ မဟာဇနက အဲဒီနေရာမှာပဲ နေ၊

မဟာဇနက မင်းလုပ်လိုက်လို့ ရှုံးပြီ၊ မဟာဇနက သက်သက်ညစ်တာ။ မင်း ငါတို့ဘက်က ထွက်၊ ဟာ–ငါတို့ဘက်လဲ ဒီကောင့်ကို လက်မခံနိုင်ဘူး၊ အမြဲလိုလို ကြုံခဲ့ရသော နာကျင်ခံခက် အဖြစ်များ။ ဤတွင်–

တစ်ကိုယ်လုံးရှိ အကြောအခြင်များ တင်းမာလာသည်ဟု ခံစားရသည်၊ မျက်နှာပြင် တစ်ခုလုံးတွင်လည်း တဖြန်းဖြန်း ပူနွေးလာသည်၊ ဘာကြောင့်မှန်းမသိ၊ မိမိအား ချုပ်ချယ်ဝိုင်းပယ်နေကြသော၊ အနိုင်ကျင့်နေကြသော ဤ ကစားဖော်များထက် မိမိသည် ပို၍ ကြီးကျယ်မြင့်မြတ်သည်ဟု အလိုလိုထင်မြင်လာသည်။ သင်းတို့ကများ ငါ့ကို ရာရာစစ။ ထိပ်ကို အပုတ်ခံလိုက်ရသော မြေပွေးပေါက်စလေး တစ်ကောင်နှယ် ရှူးခနဲ ခေါင်းဆတ်ကာ အဆိပ်ရည်များ စိမ့်ထွက်ချင်လာသည်။

ထိုသို့သော ဆူဝေပေါက်ကွဲခြင်းနှင့်အတူ ခွန်အား ဗလများကလည်း ဘယ်လို ရောက်လာမှန်းမသိ၊ ထိန်းချုပ်ထားသည့်ကြားမှ တွန်းထိုးပုတ်ခတ်လိုက်မိသည်ချည်းသာ။ မျက်လုံးအိမ်များထဲမှ ပြာဝေ နောက်ကျိသော အရောင်များ ကင်းစင်သွားပြီးနောက်တွင် သတိပြန်ဝင်သည်။ သို့သော် ထိုအချိန်တွင် မိမိအား ချုပ်ချယ် ဖိနှိပ် စော်ကားသူ ကစားဖော် သူငယ်အား တုံးလုံးပက်လက် လဲကျသွားပေပြီ။

ထိုသူငယ်တို့သည် မိမိကို ထပ်၍ နှုတ်ဖြင့် ဆဲဆို ရေရွတ်ခြင်းပင် မပြုရဲတော့၊ စူးစူးဝါးဝါး အော်ဟစ် ငိုယိုကာ





သူတို့၏ မိဘများရှိရာသို့ ပြေးသွားကြသည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုယို၍ တိုင်တာမ်းကြတော့သည်၊

ဤသို့ဖြင့်ပင် ကစားကွင်း တလင်းပြင်၏ နေ့ရက်များစွာတို့သည် သည်းမခံနိုင်အောင် ပူလောင်လာကြသည်၊

ကစားဖော်တို့၏ ဖိနှိပ်ချုပ်ချယ် ရန်လိုမှု၊ မိမိ၏ ပေါက်ကွဲမှု၊ တွန်းထိုး ပုတ်ခတ်လိုက်မိခြင်း၊ ထို့နောက် လူကြီးတွေ၏ ရေရွတ် ကြိမ်းဝါးခြင်း၊ မုဆိုးမသား....မုဆိုးမသား...၊

မဟာဇနက၏ သူငယ်ဘဝ မြူးထူးဆော့ကစား နေ့ရက်များသည် ဤသို့ပင် ကုန်ဆုံးလာခဲ့သည်။ ပျော်ရွှင်ရခြင်း နှင့်။ လွတ်လပ်ရွှင်မြူးရခြင်း မရှိ။ ချုပ်ချယ် ဖိနှိပ်ခံရခြင်း၊ တွန်းထိုးပုတ်ခတ်မိခြင်းနှင့် မုဆိုးမသား ဟူသော လက်ညှိုး ငေါက်ငေါက်၊ နှုတ်အာစူးစူး အဖြစ်များဖြင့်သာ ခါးသီး ပူလောင်ခဲ့ရသည်၊

"ဟော–မုဆိုးမသား လာပြီဟေ့"

"မဟာဇနကလား။ တို့ ကစားဝိုင်း သိမ်းကြစို့"

"ဟေ့ – ဖဟေ့ – မုဆိုးမသား၊ မင်း မပါရဘူး သွား–သွား"

နာကျင်လာသော နှလုံးသားထဲမှ မေးခွန်း တစ်ခုသည် မိမိ၏ နားဝတွင် တစ်ရံမလပ် မြည်ဟည်းလာတော့သည်။

"ဒေါ်ဟာ – မုဆိုးမ သားလား။ ငါ့အဖေဟာ ဘယ်သူလဲ"

ပုဏ္ဏားကြီး၏ ကြင်နာသော မျက်လုံးများ၊ တပည့်များနှင့် တွေ့လျှင် တည်ကြည်တင်းမာနေသလောက် မိမိနှင့် တွေ့လျှင် အမြဲပြုံးနေတတ်သော မျက်နှာ။ "လူလေးရဲ့"ဟု တညင်တသာ ဆိုတတ်သော အသံ။ ပြီးတော့ စံအိမ်တော်ကြီးတွင် လိုလေသေးမရှိ ပြုစု ထောက်ပံ့သော အရာများကို ပြန် ဆင်ခြင်ကြည့်သည်။

ရင်ထဲမှာ ငြိမ်သက်သွားသလိုလို ရှိသည်။ ဟုတ်တယ်။ ဒိသာပါမောက္ခဟာ ငါ့ရဲ့ ဖခင်ပဲပေါ့။ မင်းတို့ ငါ့ကို မုဆိုးမသားလို့ ခေါ်လို့ မရတော့ဘူးဟေ့ ....။ စိတ်ထဲက ကြုံးဝါးလိုက်လေသည်။

"ဟေ့ မုဆိုးမသား လာပြန်ပြီလား"

သူငယ်တွေက စုံးစံအတိုင်း လှမ်းအော်ကြသည်။

"ငါ့ကို မုဆိုးမသားလို့ မခေါ်နဲ့။ မင်းတို့ မှားနေတယ်။ ဒိသာပါမောက္ခ ဆရာကြီးဟာ ငါ့ဖခင်ပဲ။ ငါ့မှာ အမိရှိသလို အဖလဲရှိတယ်"

မဟာဇနကကာ ဝံ့ဝံ့စားစား ပြန်ပြောသည်။

သူငယ်တွေက တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီးမှ တိုင်ပင်ထားသည့်အလား တဝါးဝါး ရယ်ကြလေသည်။ ရယ်သ ဗလုံးဗထွေးဖြင့် တစ်ယောက်က ပြောသည်။





"ဒိသာပါမောက္ခဟာ မင်းအဖေ ဟုတ်လား.... မဟာဇနက၊ ရယ်စရာ ကောင်းလိုက်တာ၊ မင်းကို ဘယ်သူပြောသလဲ"

"ငါ့အမိ ကိုယ်တိုင်က ပြောတာ"

တဟားဟား ရယ်ကြပြန်သည်။

"ဟား–ဟား ဟား စမ္ပာနဂိုရ် မြို့တော်ကြီးတော့ ပျက်စီးပါပြီ။ ဟေ့....မဟာဇနက မင့်အမိက မင်းကို လိမ်လိုက်တာပဲကွ။ မင်းတို့ သားအမိဟာ ဟိုး တစ်ပြည် တစ်ရပ်ကနေ ထွက်ပြေး လွင့်ပါးလာတာ၊ သိလား၊ ဟောဟိုမှာ ကြည့်လိုက်စမ်း ဘာတွေ့သလဲ"

လေဗွေ တစ်ချက် အသုတ်တွင် တဖြောဖြော လွင့်မျောလည်ပတ်ကာ ကစဉ့်ကလျား ဖြစ်သွားသော သစ်ရွက်ခြောက်ကလေးတွေကို တွေ့လိုက်ရသည်။

"တွေ့လား၊ အဲဒီ သစ်ရွက်ခြောက်လိုပဲ၊ ဘယ်ကနေလာမှန်းမသိ။ ဘာကြောင့် လာမှန်းမသိဘဲ လေဗွေထဲက ရွက်ခြောက်လို ခိုကိုးရာမဲ့ မျောလွင့်လာပြီး ငါတို့ စမ္ပာနဂိုရ်ကို မင်းတို့ သားအမိ ရောက်လာတာ။ ဒိသာပါမောက္ခကြီးနဲ့ မင်းနဲ့ ဘာမှ တော်တာမဟုတ်ဘူးကွ။ ဟား–ဟား–ဥဒိစ္စပုဏ္ဏားကြီးကို သူ့ ဖခင်တဲ့ ဟား–ဟား–၊ သူငယ်ချင်းတို့ ကြားကြရဲ့လားဟေ့"

"ဟေး–ဟေး–ကြားပါ၊ ကြားပါ။ ယုံချင်ဟန် ဆောင်လိုက်ကြစို့လား"

"ဒီ သာ ပါ မောက္ခကြီးရဲ့ သား—ကြွပါ ခင်ဗျာ၊ ထိုင်ပါခင်ဗျာ၊ ဟား–ဟား–ဟား"

"ဥဒ္ဒိစ္စပုဏ္ဏားကြီးရဲ့ သား နေကောင်းပါစ ခင်ဗျာ၊ ဟား -ဟား"

"ဗြာဟ္မဏမဟာသာလကြီးရဲ့ သားတဲ့ ကြည့်ထား ကြနော် ဟား–ဟား"

မျက်နှာပြင်ကို ပြင်းစွာ ရိုက်နှက်ခံလိုက်ရသည်နှင့် မခြားပင်၊ မကြားရဲတော့သောကြောင့် နားကို လက်ဝါးဖြင့် ပိတ်လျက် ထွက်ပြေးလာခဲ့သည်။ အရင်လို တွန်းထိုး ပုတ်ခတ်၊ ခိုက်ရန်မသတ်လို့တော့။ သူတို့အားလုံးနှင့် ဝေးရာကိုသာ ထွက်ပြေးလာခဲ့သည်။ ဝေးရာ၊ အားလုံးနှင့် ဝေးရာ ပြေး အို-သစ်ရွက်ခြောက်ကလေး တစ်ရွက်မှာ ဘယ်လောက်အထိ အဝေးသို့ ပြေးထွက်နိုင်စွမ်းရှိလို့လဲ၊ ရယ်သံ လှောင်သံ ပြောင်သံများက နားဝတွင် ခိုကပ်ကာ လိုက်ပါလာသည်။ ရှေ့တူရူမှ လေပွေများက ပြေးထွက်လာသော အရှိန်နှင့်အမျှ မျက်နှာပြင်ကို ရိုက်ပုတ်ကြသည်၊ နှလုံးသားသည် ပေါက်ကွဲလွင့်စဉ်သွားတော့မည့်အလား....။

ငါ့ဖခင် ဘယ်သူလဲ၊ ငါ့ဖခင် ဘယ်သူလဲ...။





အမိရင်ခွင်ထဲမှာ မဟာဇနက ငြိမ်သက်နေသော်လည်း စိတ်အတွေးတို့ကမူ ဆူဝေလျက် ရှိလေသည်။ ကစားဖော် သူငယ်တို့၏ ရယ်မောနောက်ပြောင်သံများက နားထဲမှ မထွက်။ မိမိတို့သားအမိသည် စမ္ပာနဂိုရ်သို့ ဘယ်အရပ်၊ဘယ်ဒေသမှန်း မသိသော ဒေသတစ်ခုဆီမှ ရွက်ခြောက်များလို လွင့်မျောလာသူတွေ....တဲ့။ ဗြာဟ္မဏမဟာသာလကြီးနဲ့ ဘာမှ မဆိုင်တဲ့။

ကစားဖော် သူငယ်တွေကတော့ အကြောင်းမဲ့ သက်သက် မိမိကို နှိမ်နင်းစကား ပြောကြမည်မဟုတ်။ ကလေးသူငယ်ဆိုတာ လီဆယ် ပြောတတ်သူများ မဟုတ်၊ စိတ်ထဲရှိသည့်အတိုင်း သိတာကို သိသည့်အတိုင်း နှုတ်က မရှုံ့မဆုတ် ပြောချတတ်ကြသည်ကို မိမိအရွယ်နှင့် ထပ်တူ စာနာ နားလည်သည်၊ ကိုယ်ကိုယ်တိုင်လည်း မဟုတ်မမှန် ပြောတတ်သည် မဟုတ်။ ဟုတ်တယ်....ငါတို့ကလေးတွေဆိုတာ ဝါမပြောတတ်၊ မှန်ရာကိုသာ ပြောကြသူတွေ ...၊ ဒါဆိုရင် ဝါပြောသူသည် မိခင်ပင်ဖြစ်ရတော့မည်။ ဟုတ်တိုင်းမှန်ရာ မပြောဘဲ လှီးလွှဲ၍ ပြောခြင်း ဖြစ်ရမည်။ အမိ၏ အရိပ်အကဲက လည်း တစ်ခါတစ်ရံ မသင်္ကာဖွယ်အနေအထားမျိုး ဖြစ်သည်၊ မိမိကို ရင်ခွင်တွင် ထားလျက် အဝေးသို့ ငေးငိုင်ကြည့်နေတတ်သည်၊

ဘယ်ဆီကိုမှန်း မသိ၊ ဘာကိုမှန်း မသိ၊ မမြင်သော ကြည့်ခြင်းမျိုးဖြင့် ရီငွေဝမှုန်မှိုင်းနေသော မျက်လုံးများက သားကို ကျော်လွန်ကာ ဟိုးအဝေးဆီသို့ ရောက်နေတတ်သည်။

"ငါ့အမိဟာ အမှန်တစ်ခုခုကို သိထားပြီး ငါ့ကို မပြောဘဲ လျှို့ဝှက်ထားတာပဲ ဖြစ်ရမယ်၊ သည်တစ်ခါ တော့ အမှန်ကိုသိရအောင် ငါကြိုးစားတော့မယ်"

အမိမျက်နှာကို ရင်ခွင်ထဲမှ ကြည့်ရင်း မဟာဇနက ဆုံးဖြတ်သည်။ အမိ ငါ့ကို အမှန်အတိုင်း မပြောလေခြင်း ဟူသော အတွေးကြောင့် ဝမ်းနည်းမှုနှင့်အတူ မခံမရပ်နိုင်သော ဝေဒနာများလည်း ပေါ်လာသည်၊

"မယ်မယ်...."

"ဘာလဲ .. ဟင်.... သား"

တစ်ဦးတည်းသော သားရင်သွေး ဖြစ်သည့် အလျောက် မဟာဇနကမှာ သူငယ်အရွယ် ရောက်နေသည့်တိုင် မိခင်၏ ရင်ခွင်တွင် နေကာ မိခင်နို့ချိုကို သောက်စို့နေဆဲပင်။

"သားရဲ့ဖခင် ဘယ်သူလဲဆိုတာ မယ်မယ် အမှန်အတိုင်း မပြောဘူးလား၊ ပြောမှာလား...."

"အို.... သားရယ်၊ မယ်မယ် ပြောပြီးပါပကော"

မဟာဇနက၏ မျက်နှာပြင် နုနုကလေးသည် အရွယ်နှင့် မလိုက်အောင်ပင် လေးနက် တည်ငြိမ်သွားသည်။





"အမှန်အတိုင်း မပြောရင် အခုပဲ မယ်မယ့်သား မြတ်စွန်း ပြတ်ထွက်သွားအောင် သား ကိုက်ဖြတ်ပစ် လိုက်မှာနော်"

သားကို မိခင်က ငုံ့ကြည့်သည်၊ အဖြေမှန် အဖြစ်မှန်ကိုမှ မသိလျှင် ပြောသည့်အတိုင်း တကယ်လုပ်တော့မည့် အသွင်ကို တွေ့ရသည်။ ဤမျက်လုံးများမှထွက်ပေါ်နေသည့် အခိုးအလျှံများကား ရာဇာတို့၏ မင်းမာန်ကို အထင်အရှား ပြနေသည်။ ထက်မြက်စူးရဲသော အကြည့်များက သားလေး၏ နုနယ်သော မျက်ဝန်းအိမ်များမှာ အတိုင်းသား ပေါ်လွင်နေသည်။

သားသည် အရွယ်နှင့်မလိုက်အောင်ပင် နားလည် ခံစားတတ်နေပါပြီကော။ တစ်ဦးတည်းသော ဖတဆိုးသားလေးမို့ ရင်ခွင်ထဲမှာသိပ်ရင်း ချော့မော့ နှစ်သိမ့်ထား၍ ရတော့မည် မဟုတ်။ သားငယ်ဆန္ဒကို ဖြည့်စွမ်းရတော့မည့်အချိန် ရောက်လာပေပြီ။

သူသိချင်တာကို ဟုတ်တိုင်းမှန်ရာ မသိရပါလျှင် သားလေး၏ နုနယ်သော နှလုံးသား၌ ဒဏ်ရာဒဏ်ချက် စွဲထင်ချေတော့မည်။ အပြစ်ကင်းမဲ့သော ကလေးငယ်၏ နှလုံးသားသည် အနာတရ မဖြစ်စကောင်း။

"မယ်မယ်နော်....သားတကယ်ပြောနေတာ၊ သားရဲ့အဖ ဘယ်သူလဲဆိုတာ အမှန်အတိုင်း မသိရရင်

သား တကယ်လုပ်မှာ၊ သားရဲ့ အဖဟာ ဒိသာပါမောက္ခကြီး မဟုတ်ဘူး ဆိုတာ သား သိတယ်၊ ဒါပေမယ့် ဘယ်သူလဲဆိုတာတော့ သား မသိဘူး၊ မယ်မယ် အခု ပြောကိုပြောရမယ်''

မဟာဇနက၏ နှုတ်ဆံစများကို အသာအယာ ပွတ်သပ်ပေးလိုက်သည်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အဖြစ်မှန်ကို ပြောပြမည်ဟု ဆုံးဖြတ်သော်လည်း ဤမျှလောက် စောစီးစွာ ပြောဖြစ်မည် မထင်ခဲ့၊ ယခုတော့ အချိန်တန်ပေပြီ။

''သားရဲ့ ဖခမည်းတော်ဟာ မိထိလာပြည်ကြီးကို အစိုးရတဲ့ အရိဋ္ဌဇနကမင်းကြီးပဲ သား''

■ ■ ■

ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်၊ အရိဋ္ဌဇနကမင်း၊ ညီတော် ပေါလဇနက အိမ်ရှေ့စံ ဥပရာဇာ ညီတော်နှစ်ပါးတို့၏ စစ်မြေပြင် ကြီးကျယ်လှသော စစ်ပွဲ၊ အရိဋ္ဌဇနကမင်း ကျဆုံးပြီး နောက်ဘက် မြောက်တံခါးမှ လျှို့ဝှက်ထွက်ပြေးခဲ့ရသော မိဖုရားကြီးနှင့် သူ၏သန္ဓေ၊ ထူးဆန်းသောမြင်းရထားနှင့် လူကြီးတစ်ယောက်။ စမ္ပာနဂိုရ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီး....။





လက်ရှည်ကြီး တစ်ပုဒ်ကို ရွတ်ဖတ်နေသည့်အလား စိတ်အားထက်သန်စွာ ပြောပြနေသည့် မယ်မယ့် စကားတွေကို မဟာဇနကသည် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်သည်။

''ကဲ– သား သိချင်တာကို သိရပြီ မဟုတ်လား၊ သားရဲ့ဖခမည်းဟာ မိထိလာပြည့်ရှင် စစ်ပွဲမှာ ကျဆုံးသွားရတဲ့ အရိဋ္ဌဇနကမင်း....''

မိတ္တာ

''သား ကျေနပ်ပါပြီ မယ်မယ်''

စာပေ

ရင်ခွင်ထဲမှ ဖြည်းညင်းစွာ အသာအယာ လူးလဲထသော မဟာဇနကကို မိခင်က အကဲခတ်သည်။ သူ့ဖခမည်းသည် တစ်တိုင်းတစ်ပြည်မှ နတ်ရွာစံဘုရင်တစ်ပါး ဖြစ်သည်ကို သိသွားပြီးနောက်၌ သားလေး မည်သို့ ရှိချေမည်နည်း။

မဟာဇနကသည် အမိနှင့် မလှမ်းမကမ်း နေရာတွင် ပြန့်ထိုင်လျက် ပြတင်းဝမှတစ်ဆင့် အပြင်သို့ ငေးကြည့်နေသည်၊ တုန်လှုပ်ချောက်ချားကာ အမူအရာ ပျက်သော အသွင်မျိုး မရှိ။

''ကစားဖော်တွေက သားကို မုဆိုးမသားလို့ ခေါ်ကြဦးမယ်၊ ဒါပေမယ့် အရင်ကလို သား သူတို့အပေါ် စိတ်မဆိုးတော့ဘူး၊ သူတို့ မှန်တာကိုပြောကြတာပဲ၊ ဒါပေမယ့် နောက်ထပ် အဖြစ်မှန်တစ်ခုကို သူတို့ မသိရှာကြဘူး၊ မသိလို့ပြောတာ ပြောကြပါစေ မယ်မယ်

ရယ်၊ သားလဲ အစကတော့ မသိခဲ့လို့ပါ၊ ခုလို သိရပြီဆိုတော့လေ...”

လှည့်ကြည့်လိုက်သော မဟာဇနက၏ မျက်လုံးဝိုင်းဝိုင်းလေးများက တောက်ပနက်ရှိုင်းနေကြသည်။

“သူငယ်ချင်းတွေကို သား ခွင့်လွှတ်လိုက်ပါပြီ။ သား သူတို့နဲ့ ဘယ်တော့မှ ခိုက်ရန်မဖြစ်တော့ဘူးလို့ မယ်မယ့်ကို ကတိပေးပါတယ်၊ သား သိချင်တာ သိခွင့်ရလို့ မယ်မယ့်ကိုလဲ ကျေးဇူးတင်ပါတယ်”

အို—အရွယ်နှင့်မမျှ သား စကားတတ်လေခြင်း။

“ခုလို သိရပြီးတော့ သား ဘာလုပ်မလဲဟင်”

“သားလား ...”

တစ်ချက် စဉ်းစားဟန်ရှိသည်။ ပြီးမှ အပြုံးရိပ်ဖြင့် ဆိုသည်။

“သားက သိချင်တာကို သိရဖို့ပါပဲ မယ်မယ်၊ သိချင်တာသိရပြီးတော့ သား ကျေနပ်သွားတာပေါ့ မယ်မယ်ရယ်”

ထိုမျှသာ ပြောလျက် မဟာဇနကသည် လှေကားအတိုင်း ဆင်းသွားသည်။ သား၏ အရိပ်အကဲကို အမြဲစောင့်ကြည့်နေ





သော မိခင်က ဤနေရာတွင် ထူးခြားမှုတစ်ခုကို တွေ့လိုက်ရသည်။ ခါတိုင်းဆိုလျှင် သူငယ်တို့ဘာဝ စံအိမ်လှေကားရှည်ကြီးကို ခုန်ပေါက်မြူးထူးစွာ ပြေးတက်ပြေးဆင်း လုပ်ခဲ့သော သားလေးသည် ယခုအခါ တည်ငြိမ်သော ဣန္ဒြေကြီးဖြင့် လှေကားတစ်ထစ်ချင်း ဆင်းသွားချေသည်။

သားလေး မဟာဇနက စတင်ပြောင်းလဲသွားပြီ။ ကောင်းသော အပြောင်းအလဲများချည်းသာ ဖြစ်ပါစေဟု မိခင်တို့၏ မေတ္တာဖြင့် ဆုတောင်းလိုက်မိလေသည်။

■ ■ ■

“မုဆိုးမသား မဟာဇနက လာဟေ့....ကစားကြရအောင်”

“မင်းအဖဟာ ဒီသာပါမောက္ခ မဟုတ်ပါဘူးကွ”

“အဖမဲ့သားလေးလား၊ လာလေကွာ”

အရင်ကလိုပင် နောက်ပြောင် ခေါ်ဝေါ်ကြသည်။ သို့သော် သူတို့အပေါ် မိမိ ဘယ်လိုမှ စိတ်မဆိုးနိုင်တော့ကြောင်း၊ အရင်လို မခံချင်စိတ်ဖြင့် ဒေါသတွေ ဆူပွက်လာ

တာမျိုး မရှိတော့ကြောင်း မဟာဇနက မိမိကိုယ် မိမိ ပြန်လည် တွေ့ရှိရသည်။

သူတို့ကို ဘာတစ်ခုမှလည်း ရှင်းလင်းချေပ မနေတော့။ ငြင်းခုံဖြေရှင်းချင်စိတ်လည်း မရှိတော့၊ မုဆိုးမသားဟု ကျီစယ်နောက်ပြောင် ခေါ်ကြလေတိုင်း "ငါ မုဆိုးမသားပေမယ့် ငါ့အဖက မိထိလာပြည့်ရှင် ဘုရင်မင်းမြတ် ဖြစ်တယ်။ ငါ့ဖခမည်းဟာ စစ်ပွဲမှာ ကျဆုံးသွားခဲ့တာ၊ အဖမဲ့ပေမယ့် ငါဟာ ရာဇသွေးဖြစ်တယ်"ဟု စိတ်ထဲမှ ပေါ်လာသည်။ ထိုအခါ နှာ:ခိုရာတစ်ခုကို ရလာသည်။ သူတို့မသိရှာကြလို့ ပြောတာပြောကြပါစေဟု ခွင့်လွှတ်လိုက်သည်၊ ထိုအခါ နားလည်မှုနှင့်အတူ သည်းခံနိုင်မှုတို့လည်း အလိုလို ဖြစ်တည်လာသည်။

ကစားဖော် သူငယ်ချင်းများကလည်း မဟာဇနက၏ တည်ငြိမ် အေးချမ်းသော ပြောင်းလဲမှုကို တွေ့ရသောအခါ ယခင်ကလို နောက်ပြောင်ကျီစယ်ခြင်း မပြုကြတော့။

မဟာဇနက၏ ကလေးသူငယ်ဘဝသည် အပြစ်ကင်းသော ပျော်ရွှင်ခြင်း များဖြင့် တစ်စတစ်စ အချိန် ကုန်လွန်ခဲ့လေသည်။

■ ■ ■





ဆယ်နှစ်ဟူသော ကာလသည် တရွေ့ရွေ့ ကုန်မှန်းမသိ ကုန်သွားသည်။ မဟာဇနကသည် ဆယ့်ခြောက်နှစ်အရွယ် ရောက်လာသည်၊ အတင့်တယ်ဆုံးသော အရွယ်ကာလတွင် မဟာဇနက၏ အသွင်သည် ထွားကျိုင်းသန်မာသော ပင်ပျိုနု သစ်တစ်ပင် ကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးလာခဲ့သည်။

ဤအချိန်တွင် ဒိသာပါမောက္ခကြီးကလည်း သားအရင်းနှင့်မခြား ချစ်မြတ်နိုးစွာဖြင့် အရွယ်နှင့် လိုက်လျောညီသော အတတ်ပညာတို့ကို သင်ကြားပို့ချပေးခဲ့သည်။ မဟာဇနကသည် ဗေဒင်ကျမ်း၊ မန္တသတ်ကျမ်း၊ ဆန်းအလင်္ကာ သဒ္ဒါ နီတိတို့၌ ဝံ့စားကူးခတ် ပေါက်မြောက်ခဲ့ပြီ ဖြစ်သည်။ ထို့အပြင် နတ်မှုအတတ်၊ လက်အတတ်နှင့် လျှောက်ပတ်သော အဌာရသဝင် လက်ရုံးပညာတို့ကိုလည်း လေ့ကျင့်ကုံလုံခဲ့ပြီ ဖြစ်သည်။

> "မဟာဇနက၊ လူလေးဟာ တစ်ဆယ့်ခြောက်နှစ်ဆိုတဲ့ အရွယ်နဲ့အညီ မင့်ခြေပေါ် မင်းရပ်နိုင်တဲ့ အစွမ်းကို ပိုင်ဆိုင်နေပြီ သိလား"ဟု ဒိသာပါမောက္ခကြီးက ပြောသည်။

ပါမောက္ခကတော် ပုဏ္ဏေးမကြီးကလည်း "ဆယ့်ခြောက်နှစ်သား ယောကျ်ားလုလင်တွေထဲမှာတော့ ငါ့သား မဟာ

ဇနကဟာ ဘယ်သူနဲ့မှ မတူ တစ်မူခြားနားတဲ့ နတ်လုလင်လေးပါပဲတော်”ဟု အားပါးတရ ဆိုရှာသည်။

မိခင်ကြီးကား ချစ်မဝသော မေတ္တာမျက်လုံးများဖြင့် သားကို ရွှန်းရွှန်းစားစားကြည့်ကာ အတိုင်းမသိ ကျေနပ်ကြည်နူးနေတော့သည်။

“သိလား....သား၊ မင်းဟာ အစွမ်းအားလျော်စွာ
ကိုယ့်ကိုယ်ကို ထူထောင်နိုင်တဲ့ အရွယ်ရောက်ပြီကွ”

ဟု ပြောသော ဒိသာပါမောက္ခကြီး၏ စကားကို ငြိမ်သက်စွာ နားထောင်ရင်း မဟာဇနကသည် တစ်စုံတစ်ခုကို လေးနက်စွာ တွေးဆင်ခြင်မိလေသည်။

သား၏မျက်နှာကို ကြည့်ရင်း မိမိ၏သားဖြစ်သူ မဟာဇနကသည် အသက်တစ်ဆယ့်ခြောက်နှစ်ရွယ် လုလင်ပျိုမှဟုတ်ပါလေစဟု မယ်တော်ကြီးစိတ်ထဲ ထင်မြင်လာသည်။ အဘိုး၏ဘွဲ့နာမည် နာမကို ယူ၍ မှည့်ခေါ်အပ်သော ဤသားငယ်ကား ပီတိရာဇသွေးတို့ဖြင့် ဝံ့စားထက်မြက်လှဘိခြင်း။

မိခင်ကို စူးစူးရဲရဲကြည့်နေသော မဟာဇနက၏ မျက်လုံးအိမ်များတွင် ယောကျ်ားကောင်းတို့၏ ခိုင်မာ မြဲမြံသော စိတ်တန်ခိုး အင်အားများကို တွေ့နေရသည်။ မမှိတ်မသုန် အကြည့်သည် မရမနေ အားထုတ်တော့မည်ဟူသော ပိုင်း





ဖြတ်ချက်၊ မလျှော့စတမ်းဟူသော ဇွဲသတ္တိ၊ ကြုံတွေ့လာနိုင်သမျှ အတားအဆီးမှန်သမျှတို့ကို ကျော်လွှားလွန်မြောက်စေမည်ဟူသော ထက်သန်တက်ကြွမှုများဖြင့် အတိပြီးလေသည်။

“မယ်မယ်....သားမေးနေပါတယ်၊ ဖြေပါမယ်မယ်၊ အဘရဲ့ အရိုက်အရာဖြစ်တဲ့ မိထိလာထီးနန်းကို သားသိမ်းပိုက်ယူရပါလိမ့်မယ်၊ ဒါဟာ သားရဲ့ အသက်ရှင်သန်မှုပါပဲ၊ ဒါ့အတွက် သား ဥစ္စာစီးပွားကို အရင်းအနှီးပြုရလိမ့်မယ်၊ ဥစ္စာစီးပွားရဖို့ သား ကုန်သွယ်ဖောက်ကား သွားလာရောင်းဝယ်ရလိမ့်မယ်၊ မယ်မယ့်မှာ မယ်မယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ ရှိပါသလားလို့ သားမေးနေပါတယ် မယ်မယ်၊ အကယ်၍ မရှိဘူးဆိုရင်လဲ အရေးအရာ မဟုတ်ပါဘူး၊ သား ရနိုင်သမျှ အရင်းအနှီးနဲ့ ကုန်သွယ်ခရီးထွက်မယ်”

သားသည် အခွင့်တောင်းနေခြင်း မဟုတ်။ ဆုံးဖြတ်ချက်တစ်ခုကို တင်ပြလာခြင်းပင် ဖြစ်သည်။ မိခင်ဟူသော အဖြစ်၌ ဦးထိပ်ထားရိုကျိုးသည်နှင့်အမျှ ယောကျ်ားပျိုတို့၏ အားမာန်ကိုလည်း ဖွင့်လှစ်ပြလိုက်ခြင်း ဖြစ်သည်။

“မယ်မယ့်မှာ ပစ္စည်းဥစ္စာ ရှိပါသလားဟင်”

အမွေတောင်းခံခြင်းမျိုး မဟုတ်ဘဲ သားတစ်ယောက်၏ ပိုင်ခွင့်တစ်ခုကို တောင်းဆိုနေခြင်းပင်။

ခြင်္သေ့လေးတစ်ကောင်အလား ဝံ့စားဘူးရှိနေသော သား၏ နှုတ်ဆက်စကားများကို အသားအယာ ပွတ်သပ်လျက် မယ်တော်ကြီး ပြောရတော့သည်။

"သား—မဟာဇနက၊ မိထိလာကနေ စစ်ရှုံးဘုရင်ရဲ့ မိဖုရားအဖြစ် မယ်မယ်ညှိုးငယ်စွာ ထွက်ပြေးခဲ့ရပေမယ့် မယ်မယ် လက်ချည်းသက်သက်နဲ့ ကစဉ့်ကလျား ပြေးခဲ့တာမဟုတ်ဘူး"

သား၏ အခိုးအလျှံများက မိခင်ဆီသို့ ကူးစက်လာကြဟန် တူသည်။

"ဆောင်လွယ် ယူလွယ် ဝန်ကျဉ်းကျဉ်းနဲ့ အဖိုး အနဂ္ဃထိုက်တဲ့ ရတနာတွေကို မယ်မယ် ယူလာခဲ့တယ် သား"

မဟာဇနက၏ မျက်လုံးများသည် နေခြည်ပက်သော ရေစက်ရေပေါက်ပမာ လင်းခနဲ ပြက်သွားကြလေသည်။

"ပြောပါ မယ်မယ်၊ သား နားထောင်နေပါတယ်"

"မယ်မယ့်ဆီမှာ အဖိုး တစ်စုံတစ်ရာ ဖြတ်လို့ရတဲ့ ရွှေတွေ၊ ကျောက်သံတွေကို ထားလိုက်ဦး၊ သားရဲ့ ခမည်းတော် ဆင်မြန်းခဲ့တဲ့ ပုလဲ၊ မြနဲ့ စိန်၊ ဒီရတနာ





သုံးလုံးကပဲ ရာဖြတ်တို့ တန်ဖိုးမဖြတ်နိုင်၊ မဆိုနိုင်လောက်အောင် အဖိုးတန်တယ်၊ တစ်လုံး တစ်လုံးကို အဖိုး ဘယ်လောက် ထိုက်တန်တယ်ဆိုတာ ခန့်မှန်းလို့ မရဘူး"

"ပုလဲ၊ မြနဲ့ စိန် ဟုတ်လား မယ်မယ်"

"ဟုတ်တယ်၊ ဒါတွေဟာ သားရဲ့ ခမည်းတော် လက်ထက်ကျမှ ပေါ်လာတာလဲ မဟုတ်ဘူး၊ ဟိုးရှေး အစဉ်အဆက် ဘိုးလောင်းတော် ဘေးလောင်းတော်တို့ လက်ထက်ကတည်းက နန်းစဉ်ထားခဲ့တဲ့ ရတနာတွေပဲ သား"

"နန်းစဉ်ရတနာတွေ အနေနဲ့ သား ဒါတွေကို တပ်မက်ခြင်း မရှိပါဘူး မယ်မယ်၊ ဒါပေမယ့် ဒါတွေကို မိထိလာ ထီးနန်းကို သိမ်းယူရေးဆိုတဲ့ သားရဲ့ အကြံအစည်အတွက်တော့ အသုံးချရလိမ့်မယ်"

မယ်တော်ကြီးက ဖြည်းညင်းစွာ ခေါင်းယမ်းသည်။

"ရတနာ သုံးခုမှာ တစ်ခုခုကပဲ တိုင်းပြည် တစ်ပြည်မက အဖိုး ထိုက်တယ်၊ ဒါကိုယူပြီး သား ခမည်းတော်ရဲ့ အရိုက်အရာဖြစ်တဲ့ မိထိလာထီးနန်းကို သိမ်းယူလို့ ရတယ်၊ သား ကုန်သည် ဖောက်ကား အရောင်းအဝယ် ခရီးသွားစရာ မလိုပါဘူးကွယ်"

မဟာဇနက,ကလည်း သွက်သွက်ကြီးပင် ခေါင်းကို ခါယမ်းလိုက်သည်။

"ရတနာရဲ့ တန်ခိုးအင်အားနဲ့ မိထိလာကို သိမ်းမှာ မဟုတ်ဘူး မယ်မယ်၊ သားရဲ့ ဘုန်းစွမ်း လူစကို အရင်း ပြုပြီး မိထိလာ ကို သိမ်းမှာ၊ ဒါကြောင့် မယ်မယ့်ကို သား ချစ်ခင်အားထားစွာ ပြောပါရစေ၊ မယ်မယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာကို တစ်ဝက်ခွဲပြီး သားကို ပေးပါ၊ ဒီပစ္စည်းဥစ္စာတွေကို ပွားအောင် လုပ်ပြီး သား သုဝဏ္ဏဘူမိတိုင်းကို သွားမယ်၊ နောက်ထပ် နောက်ထပ် အဆပေါင်းများစွာ ပွားစေပြီးမှ လုပ်စရာရှိတဲ့ အစီအမံတွေလုပ်ပြီး မိထိလာကို သား သိမ်းယူမှာ ဖြစ်ပါတယ်"

ယုံကြည်ချက် စွမ်းအားများဖြင့် လေးနက် ပြင်းထန်နေသော သား၏စကားကို မယ်တော်ကြီး သဘောပေါက်သွားသည်။သားကို တားမြစ်ပိတ်ပင်၍ ရတော့မည် မဟုတ်သလို မိမိလည်း တားမြစ်စကား မဆိုချင်တော့။

"ကောင်းပြီ သား"

သားနှင့် မိခင်တို့ အလယ်တွင် အနားစများ ကြဲဖွာနေသော တောင်းတစ်လုံး ရောက်လာသည်၊ မိဖုရားကြီးက တောင်းပေါ်မှ အရောင်အဆင်း ပြယ်နေသော အဝတ်





ပုဆိုးစုတ်ကို ဖယ်ရှားလိုက်သည်၊ မိထိလာမှ ထွက်ပြေးခဲ့စဉ်က ပုဆိုးစုတ်ပေါ်တွင် ကြဲဖြန့်ခဲ့သော ဆန်စေ့များသည်ပင် ပွစိစိ၍နေကြချေပြီ၊

ပုဆိုးအောက်တွင်ကား ခိုင်ခန့်သော ပိုးသားကောင်း အဝတ် တို့ဖြင့် တုပ်နှောင်ထားသည့် အထုပ်ကလေးများ ပေါ်လာသည်။ ထို အဝတ်ထုပ်ကလေးများကို မယ်တော်ကြီး ဖြေနေသည့် တစ်ချိန်လုံးလုံး မဟာဇနကသည် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေသည်။

ရွှေ,ငွေ, ကျောက်သံများ နန်းစဉ် လက်ဝတ် တန်ဆာ ဘယက်ဒွါဒရာများ ထို့နောက် တောင်း အောက် ခြေတွင် ထူထဲသော ကတ္တီပါစဖြင့် ထုပ်ထားသည့် အထုပ်ငယ် တစ်ထုပ်။

မယ်တော်ကြီးက တိကျသေချာသော လက်ချောင်းများဖြင့် အထုပ်၏ အထုံးအဖွဲ့ကို ဖွင့်ဖြေလိုက်လေသည်။

"ဟောဒါတွေပဲ သား၊ အဖိုးအနဂ္ဃတန်တဲ့ ပုလဲ၊မြနဲ့ စိန်"

■ ■ ■

ဒီသာပါမောက္ခကြီးက မဟာဇနကာ၏ ပခုံး နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်၊ ထို့နောက် ကြီးမား ကျယ်ပြန့်သော မိမိ၏ ရင်အုပ်ကြီးအတွင်းသို့ ဆွဲသွင်းသည်။ မဟာဇနက,ကလည်း တင်းကျပ်စွာ ပွေ့ဖက်ထားသည်၊

"မင်းကို ငါယုံတယ် သား"

ဆရာကြီးက တိုးတိမ် နက်ရှိုင်းသော အသံဖြင့် ရေရွတ်လိုက်သည်၊

မွေးဖခင်နှင့် မခြားသော ဒီသာပါမောက္ခ ဆရာကြီးကို နှုတ်ဆက်ပြီးနောက် မဟာဇနက သည် ဆရာကြီး၏ ဇနီး ပုဏ္ဏားမ၏ ခြေရင်း၌ ဒူးတုပ် ထိုင်ချလိုက်သည်၊ ပုဏ္ဏားမကြီး ကား မျက်နှာပြင်ထက်တွင် အပ်ထားသော ပဝါကို ပြန်မခွာ နိုင်။ တသိမ့်သိမ့် ခါနေသော ပခုံးတို့ဖြင့် ဆည်မရနိုင်အောင် ငိုရှိုက်လျက် ရှိလေသည်၊

မဟာဇနက,က ပါမောက္ခ ဆရာကြီးကို လှမ်းကြည့်ရာ ဆရာကြီးက မျက်နှာ အရိပ်အကဲဖြင့် မိဖုရားကြီးထံ သွား ကန်တော့ရန် ညွှန်ပြသည်။

မဟာဇနကသည် မိခင်ကြီး၏ ခြေဖမိုးထက်သို့ နဖူးပြင်နှင့် တိုက်ကာ လက်အုပ်ချီ ကန်တော့သည်၊ မိဖုရားကြီး၏ မျက်လုံးအိမ်၌ မျက်ရည်များ ဖွဲ့အိုင်နေသော်လည်း မယွင်း မပျက်စေရအောင် အသံကို ထိန်းသိမ်းလျက် ပြောလေသည်။





"သား – သား အခု သွားမယ်ဆိုတဲ့ ခရီးဟာ အန္တရာယ် များလွန်းလှပါတယ်၊ မဟာသမုဒ္ဒရာဆိုတာ မရေမတွက်နိုင်တဲ့၊ မမြင်နိုင်တဲ့ ဘေးအန္တရာယ်တွေနဲ့ အတိ ပြီးပါတယ်၊ သမုဒ္ဒရာ မှာ ကျက်စား ကြတဲ့ ကုန်သည်တွေမှာ မိမိ လိုရာခရီးရောက်ဖို့ဆိုတာ သိပ်ကို ခက်ခဲရှားပါးလွန်းပါတယ် သားရယ်၊ မလိုက်ပါနဲ့ သားရယ်၊ မယ်မယ် တားပါရစေ"

ပူးယှက်ဖွဲ့ချီထားဆဲ မဟာဇနက၏ လက်အုပ်အစုံပေါ်သို့ မယ်တော်ကြီးက ဆုပ်ကိုင် ဖျစ်ညှစ်လေသည်။

"မယ်မယ့် စကား နားထောင်မယ် မဟုတ်လား သားလေးရယ်၊ အခု မယ်မယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာ တွေနဲ့ဆိုရင် မိထိလာ တစ်ပြည်ကိုသာမက အခြား အခြား ပြည်တိုင်းကားတွေကိုသော်မှ သားအလိုရှိရင် ရနိုင်ပါတယ်၊ ဒီ အဖိုးတန် ရတနာတွေနဲ့ပဲ မိထိလာ ကို သား သိမ်းယူပါလား၊ ထီးနန်း အရိုက်အရာကို သိမ်းယူပါလားဟင် သားလေး"

သား၏ ပြင်းပြသော ဆုံးဖြတ်ချက်ကြောင့် ကနဦးက လိုက်လျော ခွင့်ပြုခဲ့သည် မှန်သော်လည်း တကယ်တမ်း သား ဖြစ်သူက ရှိခိုးကန်တော့ နှုတ်ဆက်ပြီဆိုသောအခါ မိခင်ကြီး မှာ ယိမ်းယိုင် ပြိုကွဲရပြန်လေသည်။

မဟာဇနက၏ အသံက ချိုမြလိုက်လှဲစွာ ထွက်ပေါ်လာသည်။

"မယ်မယ်.... သုဝဏ္ဏဘူမိတိုင်းကိုသွားမယ့် သင်္ဘောနဲ့ လိုက်ဖို့ သား အားလုံး စီစဉ်ပြီးနေပါပြီ၊ မတားပါနဲ့တော့ မယ်မယ်၊ သား လိုက်ပါရစေ၊ မယ်မယ် အကြည်အသာ ခွင့်ပြု စကားလေး ပြောပေးပါနော်"

သားနှင့်မိခင်တို့၏ မျက်တောင် မခတ်စတမ်း အပြန်အလှန် ကြည့်ဖြစ်ကြပြန်သည်။ မဟာဇနက၏ အကြည့်တွင် တလက်လက် ထင်ဟပ်နေသော အစီပ္ပာယ်များကို သား၏ ချစ်ခြင်းဖြင့် မိခင်ကြီး သိလိုက်သည်။

ရတနာတွေနဲ့ မိထိလာကို သိမ်းမှာမဟုတ်ဘူး မယ်မယ်။ ရတနာတွေကို အရင်းပြုတဲ့ သားရဲ့ ယောကျ်ားကောင်းတို့ စွမ်းအင်နဲ့ မိထိလာ ထီးနန်းကို သိမ်းယူမှာ .... ဟူသော စကားလုံးများ....။

မိမိ၏ တောင်းပန်တားမြစ်မှုများ အချည်းနှီး ဖြစ်လေပြီကို မိခင်ကြီး နားလည်သွားလေသည်။ ဤအချိန်တွင် သားဖြစ်သူ တောင်းပန် တောင်းဆိုနေသော အကြည်အသာ ခွင့်ပြု စကားကိုသာ ဆိုရတော့မည်။

မိခင်တို့၏ မေတ္တာတရားဖြင့် မိမိ၏ သောကပရိဒေဝကို မျိုသိပ်လျက် မျက်ရည်တို့ ဖိတ်လျှံလုဆဲ မျက်လုံးများကို





မျက်တောင် တစ်ချက် ပုတ်ခတ်၍ သိမ်းဆည်းလိုက်သည်၊ ထို့နောက် သား၏ ဆုံးဖြတ်ချက်ကို တစ်စိုးတစ်စိမျှ မထိပါးစေအံ့သောငှာ အပြုံးတစ်ခုကို ကြိုးစားဖန်တီး၍ တိုးညင်းစွာ ရေရွတ်သည်။

"ကောင်းပါပြီ သားရယ်.... သားကို မယ်မယ် ခွင့်ပြုပါတယ်"

မဟာဇနကသည် ဒူးတုပ်ပျပ်ဝပ်ရာမှ ထလျက် မိခင်ကြီးကို ကျောခိုင်းလိုက်သည်၊ သင်္ဘောဆိပ်ရှိရာ ထွက်ခွာ သွားသော သားကို မျက်စိတစ်ဆုံး ကြည့်ရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့်ပင် မိဖုရားကြီးသည် တစ်ချက် ရှိုက်လျှက် လဲကျသွားလေသည်။

"အို....ညီမတော်ကြီး"

အလန့်တကြားရေရွတ်ရင်း အလိုက်သင့် ပွေ့ယူလိုက်သော ပုဏ္ဏေးမကြီးအား ဒိသာပါမောက္ခက လှမ်းပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူး၊ မိခင်တို့ရဲ့ မေတ္တာ၊ မိန်းမသားတို့ရဲ့ အားမာန်၊ သားအပေါ် ယုံကြည်ချက်တွေနဲ့ သူ နေကောင်းသွားမှာပါ ရှင်မရယ်"

■ ■ ■

သဘော်ာပဲ့နင်းကြီးသည် အရှေ့ဘက် ကောင်းကင်ဆီသို့ ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်လေသည်။

"စမ္ဗာနဂိုရ် ဆိပ်ကမ်းကနေ ငါတို့သဘော်ာ ရွက်လွှင့်ခဲ့တာ ခုနစ်ရက်ပဲ ရှိသေးတယ်၊ ခရီးက ယူဇနာ ခုနစ်ရာ ပေါက်ခဲ့ပြီ၊ လေအဟုန် သိပ်ကောင်းနေတယ်၊ ငါ့ သဘော်ာရဲ့ ရွက်တွေဟာ အမြဲပဲ ဖောင်းကားလို့ နေတယ်၊ တက်တွေကို တစ်ချက်ကလေးမှ မသုံးခဲ့ရ သေးဘူး၊ ဒီနေ့ သတ္တမနေ့"

"ဟုတ်တယ်…ဆရာကြီး ခုနစ်ရက်နဲ့ ဒီလောက် ခရီးပေါက်ခဲ့တာဟာ အားရစရာကြီးပါပဲ၊ ဒီအတိုင်း ဆိုရင် သုဝဏ္ဏဘူမိကို ကျွန်တော်တို့ မှန်းဆ တွက်ချက် ထားတာထက် ပိုစောပြီး ကပ်နိုင်လိမ့်မယ်"

လက်ထောက် ပဲ့နင်းက ပြောသည်။

ပဲ့နင်းကြီး၏ နေလောင်ထားသော ညိုညစ်ညစ် မျက်နှာကြီးမှာ ပို၍ မှုန်မှိုင်းသွားသည်။

"ဘာတွေ ပြောနေတာလဲကွ၊ ငါပြောတဲ့ စကားကို မင်း နားမလည်ဘူး"

"ခင်ဗျာ"





"အရှေ့ဘက် ကောင်းကင်ကို မင်းကြည့်လိုက်စမ်း"

လက်ထောက်ပဲ့နင်းက ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာကြီး၊ ကောင်းကင်ဟာ တစ်ခွင် တစ်ပြင်လုံး ကြည်နေတာပဲ၊ ဟိုး အထက်မှာ လေပြင်းနဲ့ အတူ ပါသွားတဲ့ တိမ်ရိပ်ကလေးတွေကိုတောင်မှ…"

"တော်စမ်း…လှေသမား၊ ရေသမား မဟုတ်တာ ကျနေတာပဲ၊ ခုနစ်ရက်နဲ့ ယူဇနာ ခုနစ်ရာခရီး ပေါက်တယ်ဆိုတာ၊ မှုမှန်တဲ့ ခရီးရောက်ခြင်း မဟုတ်ဘူးကွ၊ လေအရှိန်ဟာ ကျတယ် မရှိဘူး၊ တောက်လျှောက် ပြင်းနေတယ်၊ ပြီးတော့ မင်းအဘ ကောင်းကင်က တစ်ခွင်တစ်ပြင်လုံး ကြည်နေတာကို မင်းက ကြည်နူးနေသလားဟေ့ ငမိုက်သားရဲ့၊ မဟာသမုဒ္ဒရာ အထက်က ကောင်းကင်ရဲ့ ကြည်လင်ခြင်း နောက်မှာ ဘာလိုက်လာတတ်သလဲ"

ထိုအခါ လက်ထောက်ပဲ့နင်း၏ မျက်နှာမှာ သွေးဆုတ်သွားသည်။

"မုန်—တိုင်း"

"အေး…ပဲ့နင်းတွေမှာ အလိုလို သိလာတတ်တဲ့ အသိတစ်ခုရှိတယ်။ မုဆိုးဟာ တောထဲမှာ သား

ကောင် ရှိ၊မရှိ ဆိုတာ အလိုလို သိလာတတ်သလို ပဲ့နင်းဟာလဲ ပင်လယ်မှာ မုန်တိုင်း ရှိ၊မရှိ ဆိုတာကို အာရုံတွေက အလိုလိုခံစားမိတတ်ကြတယ်၊ ငါ့အာရုံတွေက အခု နီးနီးကြားကြားနဲ့ သိလာကြပြီ၊ အကြီးကျယ်ဆုံး မုန်တိုင်းကြီးတစ်ခုဟာ ငါတို့ရဲ့—”

ပဲ့နင်းကြီး၏ စကားသည် အဆုံးမသတ်ဘဲ ရပ်တန့်သွားသည်၊ အရှေ့ဘက်ကောင်းကင်ဆီ ဝေ့ကြည့်လိုက်တော့ မျက်လုံးများက ပြူးကျယ်သွားကြသည်၊ လက်ထောက်ပဲ့နင်းက သူ့ဆရာကြီးကြည့်ရာသို့ လိုက်ကြည့်သည်။ ထို့နောက် ဝမ်းခေါင်းသံကြီးဖြင့် ရေရွတ်သည်။

“အလိုလေး....မျက်လှည့်ပြလိုက်သလို ပါပဲလား၊ စောစောလေးကတင် ကြည်လင်ပြာလဲ့နေတဲ့ ကောင်းကင်ကြီး အခု တစ်ပြင်လုံးနီရဲ....”

သူ့စကားကို ပဲ့နင်းကြီး၏ အော်ဟစ်သံကြီးက ဖြတ်တောက်လိုက်ပြန်သည်။

“ရွက်တွေ အားလုံးဖြုတ်၊ မုန်တိုင်းလာပြီ”

သင်္ဘောတစ်စင်းလုံး ကျွက်ကျွက်ညံသွားသည်၊

သို့သော်....ပထမဆုံး မုန်တိုင်း၏ ရှေ့ပြေး လေပြင်းအလျှဉ်ကြီး အောက်မှာပင် သင်္ဘော၏ ပင်မရွက်တိုင်ကြီးသည်





ကြောက်မက်ဖွယ် မြည်ဟည်းကာ ခုတ်လှဲခံလိုက်ရသော သစ်ပင်ကြီးပမာ ဖြောင်းဖြောင်းကျိုးကျသွားလေသည်၊

ရွက်တိုင်ကြီးသည် ဘေးတစ်ဖက်တစ်ချက်သို့ လဲကျသွားခြင်းမဟုတ်ဘဲ သင်္ဘောကုန်းပတ် အလျားလိုက်အတိုင်း လဲကျသွားခြင်း ဖြစ်သောကြောင့် ကုန်းပတ်ပြင်တစ်လျှောက်လုံးလည်း မြင်မကောင်းအောင် ကွဲအက်ကြေမွသွားသည်။ ဤတွင် ပျဉ်စပ်ချင်း ထိဆက်နေသော သင်္ဘောနံရံမှ အထောက်အကန်များ၊ ပျဉ်များသည်လည်း အပိုင်းပိုင်းအစစ ဖြစ်သွားကြသည်၊ ပျဉ်စပ်တို့ ကွဲပေါက်သွားသည်နှင့် တစ်ပြိုင်နက် သမုဒ္ဒရာရေများသည် တရဟော ဝင်လာကြသည်၊ ထိုအခါ သင်္ဘောကြီးသည် မစောင်းမတိမ်းဘဲနှင့် သည်အတိုင်းပင် တအိအိ နစ်မြုပ်စပြုလာလေသည်။

သင်္ဘောကြီးပေါ်တွင်ကား ငရဲပွက်လေပြီ။

ပဲ့နင်းကြီးက အမိန့်တစ်စုံတစ်ရာ ပေးရန် ကြိုးစားသော်လည်း အချည်းနှီးဖြစ်သွားသည်၊ ခုနစ်ရာသော သင်္ဘောသားတို့သည် ပဲ့နင်းကြီးကို သတိမရကြတော့။ ခဲပုပ်ရောင်ထနေသော မိုးကောင်းကင်တစ်ခွင်တစ်ပြင်အောက်တွင် သမုဒ္ဒရာလှိုင်းလုံးကြီးများက ဆင့်ကဲဆင့်ကဲ ရိုက်ပုတ် ဖုံးလွှမ်းလာကြသည်။ ကျိုးကျနေသော သင်္ဘောရော ကိုယ်ထည်ကြီးကို လှိုင်းလုံးကြီးတစ်လုံးက အပေါ်ဘက်သို့ပင့်မြှောက်လိုက်ပြီး အခြားလှိုင်းကြီးတစ်လုံးက အငြိုးကြီးစွာဖြင့် ရိုက်ပုတ်ချလိုက်ပြန်

သည်၊ အဆက်မပြတ်သော လှိုင်းလုံးကြီးများ၏ အလယ်တွင် စိတ်ရှိတိုင်း ထုရိုက်ချေမှုန်းခံနေရသော သင်္ဘောကြီး။

လင်းယဉ်တိုင်ကြီးကား အထူထဲ ဆုံးသော သံမဏိ အကွပ်များဖြင့် တည်ဆောက်ထားသည်ဖြစ်၍ ပြိုကျသွားခြင်း မရှိသေး၊ ဤလင်းယဉ်တိုင်ကြီးအောက်ခြေသို့ သင်္ဘောသားများ တွန်းတိုက်စုပြုံရောက်ရှိလာကြသည်၊ ရွက်တိုင်ကြီး ကျိုးကျသွားကတည်းက ကြိုးလှေကားတစ်ခုတွင် အစွဲအမြဲအားပြုဆုပ်ကိုင်ထားသော မဟာဇနကသည် ထိုသင်္ဘောသားများကို သတိထားကြည့်လိုက်မိသည်။ လင်းယဉ်တိုင်အောက်ခြေသို့ သူတို့ ဘာကြောင့် စုပြုံ တိုးဝှေ့သွားကြသနည်း။

မကြာမီပင် အဖြေကို သိလာရတည်၊ သင်္ဘောသားတို့သည် လက်အစုံတို့ကို အထက်ဆီသို့ မြှောက်ချီဝှေ့ယမ်းကာ ပါးစပ်မှလည်း သံကုန်အော်ဟစ် တိုင်တည်နေကြသည်။ အချို့က လက်အုပ်ချီမြှောက်ကြသည်။ အချို့က နှုတ်မှ တတွတ်တွတ် ရေရွတ်ကြသည်၊ သမုဒ္ဒရာစောင့်နတ် ကောင်းကင်စောင့်နတ်၊ မုန်တိုင်းနတ်တို့ကို သူတို့ ရှိခိုးတောင်းပန်နေကြခြင်းပင်။

အချည်းနှီးသော ထိုကိုးကွယ် တိုင်တည်မှုများကို မပြုလုပ်ကြရန်နှင့် သင်္ဘောကြီး အပြီးတိုင် နစ်မြုပ် ပျောက်ကွယ်မသွားမီ အသက်ဘေးမှ အလွတ်ရုန်းကြရန် ထိုသူများ ကြား





နိုင်လောက်အောင် မဟာဇနကသည် အော်ဟစ် သတိပေးလိုက်သည်၊

သို့သော် နောက်ကျသွားလေပြီ။ တောင်ကုန်းငယ်တစ်ခုစာလောက်ရှိသော လှိုင်းလုံးကြီးတစ်လုံးက တစ်ရှူးထိုး ဝင်ရောက်လာကာ လင်းယဉ်တိုင်အောက်ခြေမှ လူများအားလုံးကို သမုဒ္ဒရာထဲသို့ မောင်းနှင်ချလိုက်လေသည်။

မဟာဇနကသည် ကြိုးလှေကားကို မြဲမြံစွာ ဆုပ်ကိုင်ထားရင်းမှ မိမိရှိနေရာနှင့် လင်းယဉ်တိုင်၏ အကွာအဝေးကို စိတ်ဖြင့်မှန်းဆတွက်ချက်လိုက်သည်။ ငိုကြွေး အော်ဟစ်နေခြင်း၊ ဆောက်တည်ရာမဲ့ ပြေးလွှားကာ တွေ့သမျှကို တွယ်ဖက်ထားခြင်းတို့သည် အကျိုးမဲ့ အလဟဿ ဖြစ်တော့မည်ဟု နားလည်လိုက်သည်။ ဤအချိန်တွင် ဥပဒ်ဘေးလွတ်ကြောင်း အဖြစ် သမုဒ္ဒရာနတ်၊ မုန်တိုင်းနတ်တို့ကို ရှိခိုးတိုင်တည်နေခြင်းသည်လည်း ရူးသွပ်သော အပြုအမူသာဖြစ်သည်။

ဝန်းကျင်ထက်အောက်ကို မဟာဇနက လှမ်းမျှော်ကြည့်လိုက်သည်။ ခဲပုပ်ရောင် ကောင်းကင်ကြီးနှင့် လှိုင်းတံပိုးတို့ ပိုးဟီးထသော သမုဒ္ဒရာ အပြင်ကျယ်ကြီးသည်သာ မြင်ကွင်းအပြည့် ဖြစ်သည်၊ ထို့ထက်မူ နောက်ထပ် ကြီးစွာသော အန္တရာယ်များကထင်ပေါ်လာသည်။ အခြားမဟုတ် သမုဒ္ဒရာရေပြင်ထဲတွင် ကစဉ့်ကလျား လွင့်ပါနစ်မြုပ်သွားကြသော

သူများအား အောင်သေအောင်သား စားသောက်ဝါးမျိုကြသည့် ရောမ ငါးမန်းများ၊ မကာရ်ကြီးများ၏အန္တရာယ်။

သင်္ဘောကြီး နစ်မြုပ်ရာ၏ ဝန်းကျင် အတောင် တစ်ရာ့ ရလေးဆယ် တစ်ဥသဘ တစ်ဝိုက်၌ ရေပြင်သည် သွေးခြင်းခြင်း နီလျက်ရှိချေပြီ။ မဟာဇနက ကြည့်နေရင်းမှာပင် ပဲ့နင်းကြီးသည် အဝေးသို့ လွင့်စဉ်သွားကာ အစွယ်ဖွေးဖွေးဖြင့် မကာရ်ကြီးတစ်ကောင်က ကိုက်ချီ ဆွဲယူသွားသည်ကို တွေ့လိုက်ရသည်၊

မုန်တိုင်းနှင့် လှိုင်းဘေးဆိုး၊ ထို့နောက် သမုဒ္ဒရာတွင် ကျက်စားသော ရောမ အသားစား ငါးကြီးများနှင့် မကာရ်ကြီးများ၏ အန္တရာယ်မည်သို့မျှ၊ လွတ်မြောက်နိုင်စရာ မရှိတော့သော ဘေးအန္တရာယ်တို့ဖြင့် အတိပြီးလေပြီ၊ သင်္ဘောနစ်ရာ တစ်ဥသဘ ဝန်းကျင်သည်လည်း အသားစား ရေသတ္တဝါကြီးတို့၏ စားကျက်ကွင်း ဖြစ်သွားလေပြီ။

မိမိဘာလုပ်ရမည်နည်း။ မဟာဇနကသည် အန္တရာယ်ဆိုးကြီးများကို သုံးသပ်ပြီးနောက် လွတ်မြောက်ကြောင်း နည်းလမ်းကို ဆင်ခြင်လိုက်သည်။ ဦးစွာ ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်ခြင်းကို ရေစက်တစ်ပေါက်စာမျှ မကပ်ငြိရအောင် မိမိသန္တာန်မှ မောင်းထုတ်လိုက်သည်။

သုဝဏ္ဏဘူမိသို့ အရောက်သွား၍ ကုန်ကူးရေး ဟူသော ရည်ရွယ်ချက်ကား ပျက်စီး ပျောက်ကွယ် သွားခဲ့ချေပြီ၊ သို့





သော် သုဝဏ္ဏဘူမိသည် မိမိ၏ အဆုံးစွန် ရည်ရွယ်ချက် မဟုတ်၊ ခုလတ်ရည်မှန်းချက်သာ ဖြစ်သည်၊ မိမိ၏ တကယ့်ရည်မှန်းချက်ကား မိထိလာ။

အကြောက်တရားနှင့် စိုးရွံ့ခြင်းကို ဖယ်ရှားကာ မိမိ၏ ရည်ရွယ်ချက်ကို ပို၍ ထင်ရှားပြတ်သားအောင် ကြည့်မြင်ဖွဲ့စည်း ယူလိုက်သောအခါ မဟာဇနက၏ သန္တာန်သည် ကြည်လင်ထက်မြက်လာသည်၊ မိမိ ဘာလုပ်ရမည်ကို ထင်ရှားစွာ သိလာသည်၊

အစွဲအမြဲ ဆုပ်ကိုင်ထားသော ကြိုးလှေကားမှ လက်ချောင်းများကို မလွှတ်ဘဲ သင်္ဘော၏ ခါယမ်းနေသော အရှိန်နှင့် မုန်တိုင်း၏ အရှိန်တို့ကို တွက်ဆကာ မဟာဇနကသည် လွင့်ပါးလူးပ်ရှားသွားသော ကြိုးလှေကားကို ကိုယ်လုံးအားဖြင့် ထိန်းဘားယျက် ကုန်းပတ် တစ်နေရာဆီအရောက် လွဲကူးလိုက်သည်၊ အလိုက်သင့်ကျသွားမှပင် ကြိုးလှေကားကို လက်မှလွှတ်သည်။ မဟာဇနက ရောက်သွားသောနေရာမှာ စရည်းအိုးကြီးများ ထားရှိသော ရိက္ခာ အခန်း ဖြစ်သည်၊ စရည်းအိုးကြီးများလည်း ကွဲကြေနေကြသည်။ သို့သော် အချည်းနှီးမဖြစ်သေး။ ရေများဝင်နေသော်လည်း စရည်းအိုးအတွင်းရှိ ထောပတ်သစ်များ မပျက်စီးသေး။

သင်္ဘောရိက္ခာအတွက် သိုမှီးထားသောထောပတ်သစ်များကို မဟာဇနကသည် အဝအလင် စားလိုက်သည်။ ထောပတ်

သစ်သည် အစာကြေခဲသော အဆီဖြစ်၍ ဆာလောင်မွတ်သိပ်မှုကို ခံနိုင်စွမ်းသော အာနိသင်ကိုပေးသည်။ ထို့ပြင် သွေးလှည့်ပတ်မှုကို နွေးစေသည့်အတွက် အအေးဒဏ်ကို ခံနိုင်သည်။

ထောပတ်သစ်ကို အဝစားပြီးနောက် မဟာဇနကသည် ပုဆိုးနှစ်ထည်ကို စရည်းအိုးထဲသို့ နှစ်လိုက်သည်။ ဤစရည်းအိုးထဲတွင်လည်း သင်္ဘောရိက္ခာ ဟင်းချက်ဆီများ အပြည့်ရှိနေသည်။ ဆီဆွတ်ထားသော ပုဆိုးသည် ဆီ၏ အာနိသင်ကြောင့် ရေစုပ်ခြင်း မရှိနိုင်တော့။ ထိုအခါ ရေဝင်ခြင်း အန္တရာယ်ကို ကာကွယ်ပြီးသား ဖြစ်ချိမ့်မည်။

လိုအပ်သော ပြင်ဆင်မှုပြုပြီး ရှေ့ဆက်၍ လုပ်စရာ ကျန်သေးသည်။ မဟာဇနကသည် တဝေါဝေါ ဝါးလုံးထိုးဝင်နေသော ရေလုံးများအကြားမှ တိုးဖြတ်ကာ လင်းယဉ်တိုင်ဆီသို့ ခက်ခဲစွာ လာခဲ့သည်။ လင်းယဉ်တိုင်ကား သင်္ဘောကြီး၏ အဓိက ရွက်မတိုင်ကြီး ဖြစ်သည်။ မုန်တိုင်းစအဝင်တွင် ကျိုးကျသွားသော ရွက်တိုင်ကြီးထက် ပို၍ မြင့်သည်။ သင်္ဘောတစ်စင်းလုံးတွင် အမြင့်ဆုံး လွှင့်ထူထားသော တိုင်မကြီး ဖြစ်သည်။

မဟာဇနကသည် လင်းယဉ်တိုင်ထိပ်အထိ တက်ခဲ့လေသည်။

ဟန်သစ်စာပေ



တစ်စတစ်စ လျှင်မြန်စွာ နစ်မြုပ်နေသော သင်္ဘောကြီးနှင့်အတူ ရေလုံးဝဲကတော့ကြီးများက မဟာဇနက၏ နောက်သို့ လိုက်လာကြသည်။ လင်းယဉ်တိုင်အောက်ခြေကား လုံးဝ နစ်မြုပ်နေလေပြီ။

လင်းယဉ်တိုင်ထိပ်တွင် ခြေစုံရပ်မိပေပြီ။

ဝန်းကျင်ကို အပေါ်စီးမှ တစ်ချက် ကြည့်သည်။

သွေးခြင်းခြင်းနီသော ရေအပြင်၊ အသားစား ငါးမကာရ်ကြီးများ၏ ထိုးထိုးထောင်ထောင် ခံတွင်းအစွယ်များ၊ ရေပြင်ထက်တွင် သွေးရူးသွေးတန်း ကူးခပ်ရင်း ငါး၊ မကန်းကြီးများ၏ အစွယ်များကြားတွင် ပါသွားကြသော သင်္ဘောသားများ။ သွေးအတိလွှမ်းသော သမုဒ္ဒရာကို ကြည့်ရင်း မဟာဇနကသည် သုဝဏ္ဏဘူမိဒေသရှိမည့် အရပ်မျက်နှာကို ကျောပေးလိုက်သည်။ မိထိလာပြည်ရှိမည့်ဘက်သို့ မျက်နှာမူလိုက်သည်။

လင်းယဉ်တိုင်ကြီး ယိမ်းခါနေသည်။ သင်္ဘောကုန်းပတ်ကြီးကား ရေအောက်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။ သင်္ဘောကြီး နစ်မြုပ်သည့်အရှိန်ဖြင့် ဝဲကတော့ကြီးများလည်း ပေါ်နေလေရာ ဤဝဲကတော့ကြီးများ၏ စုပ်ယူမှုကြောင့်ပင် နစ်မြုပ်နေသော အရှိန်မှာလည်း ပို၍ ကြီးမား ပြင်းထန်လာသည်။

ဟန်သစ်စာပေ

မဟာဇနကသည် အသက်ပြင်းပြင်း တစ်ဝကြီး ရှူရှိုက်လိုက်သည်။ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းစင်အောင် ဖယ်ထုတ်ထားသောကြောင့် စိတ်သန္တာန်သည် ပကတိ တည်ငြိမ်လျက် ရှိသည်။ ထိုတည်ငြိမ်သောစိတ်ဖြင့် အတူပင် တစ်ကိုယ်လုံး ရှိရှိသမျှ ခွန်အားတို့ကို စုစည်းယူလိုက်သည်။ လင်းယဉ်တိုင်ထိပ်တွင် မြဲမြံစွာ ချရပ်ထားသော ခြေအစုံဆီသို့ ခွန်အားများကို စုပုံပို့လွှတ်သည်၊ ထို့နောက်....

လင်းယဉ်တိုင်ထိပ်ကို အစွမ်းကုန် အားပြုကန်ထုတ်လျက် သမုဒ္ဒရာထဲသို့ ခုန်ချလိုက်သည်။ ညို့မှလွှတ်သော မြားတံကဲ့သို့ မဟာဇနက၏ တစ်ကိုယ်လုံးသည် မုန်တိုင်း ကောင်းကင်ထဲတွင် ဝဲပျံသွားသည်၊ လေးကိုင်းသဏ္ဌာန် မျဉ်းကြောင်းအတိုင်း ဝဲပျံခုန်ထွက်ခဲ့ချိန်တွင် အောက်ဘက် သမုဒ္ဒရာ ရေပြင်မှ အသားစား ရေသတ္တဝါကြီးတို့၏ ဖြဲဟထားသော ခံတွင်း၊ အစွယ်ဖွေးဖွေးကြီးများကို ရိပ်ခနဲ တွေ့လိုက်ရသည်။ သွေးခြင်းခြင်းနီသော ရေအပြင်သည် မဟာဇနက၏ အောက်ဘက်တွင် ကျန်ရစ်ခဲ့သည်။ မဟာဇနက ကျရောက်သွားသော ရေပြင်နေရာကား သင်္ဘောကြီးနစ်မြုပ်သွားသည့် နေရာနှင့် ငါး၊ မကာရီတို့ အောင်ပွဲခံရာ တစ်ဥသဘအဝန်းကျင်ကို လွတ်မြောက်သွားသည်၊

ရေမ လှိုင်းလုံးကြီးများက မဟာဇနကကို ကြိုဆိုနေကြသည်၊ နစ်မြုပ်သွားသော သင်္ဘောကြီး၏ လင်းယဉ်တိုင်ထိပ်





ဖျားသည်လည်း ရေမျက်နှာပြင်အောက်တွင် ပျောက်ကွယ်သွားခဲ့လေပြီ။

မဟာဇနက သင်္ဘောလှင့်သည့်နေ့မှာပင် မိထိလာပြည်၌ မိမိ၏ ခမည်းတော် ပေါလဇနကမင်း ပြင်းစွာ နာမကျန်းဖြစ်ခဲ့ခြင်းကို လည်းကောင်း၊ သင်္ဘောမုန်တိုင်းမိ၍ နစ်မြုပ်သော ဤနေ့မှာပင် ပေါလဇနကမင်း ကွယ်လွန်သွားသည်ကို လည်းကောင်း မဟာဇနက မသိ၊

မဟာဇနက သိသည်ကား မိမိ၏ လုံ့လဝီရိယ၊ မိထိလာသို့ အရောက်ကူးခပ်ရမည့် မိမိ၏တာဝန်၊ ဝီရိယ၏ အာနိသင်အပေါ်တွင် အစွဲအမြဲ သက်ဝင်သော ယုံကြည်ချက်အစိဋ္ဌာန်။

■ ■ ■

"စိုးရိမ်စိတ်ဆိုတာ အမှောင်ဖြစ်တယ်။
အဖျက်အဆီးဖြစ်တယ်၊
ရဲရင့်ခြင်းဟာ အလင်းရောင်ဖြစ်တယ်။
တည်ဆောက်မှုခွန်အား ဖြစ်တယ်။
ကြောက်ရွံ့ခြင်းဟာ နောက်ကိုဆွဲခေါ်တယ်၊
ရဲရင့်ခြင်းက ရှေ့ကိုပို့ဆောင်တယ်"

မဟာဇနက၏ စိတ်သန္တာန်၌ အထင်အရှားဖြစ်တည်ခဲ့ပေပြီ၊ လှိုင်းလုံးများကား အငြိုးကြီးစွာဖြင့် မဟာဇနက၏ အရပ်လေးမျက်နှာ ဝန်းကျင်မှနေ၍ ရိုက်ရက် ဆွဲနှစ် ရန် ကြိုးစားနေကြသည်။ သို့သော် လှိုင်းလုံးကြီးများ၏ အပေါ်မှ တစ်မျိုး၊ အောက်မှတစ်ဖုံ ကူးခတ်ရင်း မဟာဇန ကသည် စိုးစဉ်းမျှ ဆုတ်နစ်ခြင်းမရှိဘဲ ကူးခပ်ခဲ့သည်။

လုံ့လဝီရိယ၏ ထက်သန်ခိုင်မြဲမှုကို မဟာဇနကသည် နောက်ဆပ် မြင့်မြတ်စင်ကြယ်မှု စွမ်းပကားဖြင့် အထောက်အခံ ပြုလိုက်ပြန်သည်။ ထိုအရာကား သီလတရားဖြစ်သည်။

သမုဒ္ဒရာနတ်၊ မုန်တိုင်းနတ်၊ ကောင်းကင်နတ် စသည်များကို လျစ်လျူပြုလျက် မဟာဇနကသည် သီလစောင့်ထိန်းခြင်း အမှုကို မိမိဘာသာမိမိ ပြဋ္ဌာန်းဆောက်တည်ခဲ့သည်။ ဥပုသ် ပြုသည်၊ ကူးခပ်ရင်းဖြင့် မိမိအနီးသို့ စားဖွယ်သောက်ဖွယ် ဖြစ်သော အရာများ မျှောပါလာတတ်ကြသည်။ သင်္ဘော ပျက်ဆီးမှု ဥသဘပေါင်းများစွာ လွင့်စဉ်သွားကာ မိမိကူးခပ် နေရာ ပြန်မျှောလာသော စားစရာများကား အနီးတစ်ဝိုက် ရောက်လာတတ်သည်။

သို့သော် ဥပုသ်ဆောက်တည်ထားသော မဟာဇနကသည် နေ့လွဲညစာ အမှတ်ဆားလျက် ထိုအစာများကို မစားဘဲ ရှောင်ကြဉ်ထိန်းသိမ်းလိုက်သည်။





အဆုံးအစမမြင်၊ ကျယ်ပြောလှသော မဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီးတွင် လှိုင်းတံပိုးတို့၏ တွန်းထုတ်ရိုက်ထုတ်မှု၊ နှစ်မြုပ် စုပ်စွဲမှုတို့အကြား၊ မြဲစွာအားအန်ခဲလျက် ဆက်လက် ကူးခပ်ခဲ့သည်။လှိုင်းတို့အကြားဝယ် မဟာဇနကသည် ပျောက်တုံ ပေါ်တုံ ဖြစ်နေသည်။

သမုဒ္ဒရာ၏ ဆားငန်ရေတို့က မျက်လုံး၊ မျက်ခမ်း၊ နှုတ်ခံတွင်း၊ နှာခေါင်းပေါက်၊ နားပေါက်များထဲသို့ အလုံးအရင်းဖြင့် တိုးဝင်သည်။ အရှိန်ပြင်းစွာသော လှိုင်းတို့က လက်ရုံး လက်မောင်းတို့ကို ကန့်လန့်ဖြတ်လျက် ခွေဝိုက်လျက် ရိုက်ထုတ် ဟန့်တားကြသည်၊ သို့သော် မဟာဇနကအဖို့ ထိုလှိုင်း၊ ထိုရေတို့သည် အရေးအရာ ပမာဏ ထားစရာများ မဟုတ်တော့။

မဟာဇနက၏ အဆက်မပြတ်သော ကူးခပ်မှုနှင့် အတူ အရပ်အနားမရှိသော လက်ရုံးလက်မောင်း လက်ဖျံ၊ ခန္ဓာကိုယ်အနှံ့ရှိ ကြွက်သားစိုင်များ၊ အတွင်းမှာ ရှိနေသော တစ်စုံတစ်ရာက ထိုအန္တရာယ် အတားအဆီးမှန်သမျှကို အချိန်တိုင်းမှာ ဖယ်ရှားပစ်နေသည်။

ထိုအရာကား မဟာဇနက၏ ဓမ္မ ဝီရိယ၊ တရားနှင့်လျော်သော ဝီရိယ၊ ကိုယ်ကျင့်သိက္ခာ မြင့်မြတ်စင်ကြယ်မှုပေါ်၌ တည်ဆောက်ထားသော ဝီရိယဖြစ်သည်။ သီလနှင့် ပြည့်စုံခြင်းကို အခြေခံအဖြစ် တည်ဆောက်ယူထားသော ဝီရိယဖြစ်

သည်၊ သီလနှင့်ပြည့်စုံသူ၏ တောင့်တမှုမှန်သမျှသည် မိမိ၏ သီလ စင်ကြယ်သည်နှင့်အမျှ ပြည့်စုံရမည်ဟု မဟာဇနက နှလုံးစွဲပိုက်ထားသည်။

ရဲရင့်တင်းမာခြင်းဂုဏ်၊ ခိုခိုမင်မင် လျင်စွာ ရောက်ရှိကြောင်း ကောင်းမြတ်သော လုံ့လဝန်။

ဆားငန်ရေကို ငုံလျက် ခံတွင်းကို ဆေးကြောကာ ပြန်ထွေးပစ်လိုက်သည်။ မဟာဇနက၏ နှလုံးသားသည်လည်း နောက်တွန့် ကြောက်ရွံ့ခြင်းမှန်သမျှတို့ကို အပြီးတိုင် ထွေးအန်ပြီးသား ဖြစ်နေတော့သည်။

မဟာသမုဒ္ဒရာသည် မဟာဇနကကို ပြိုင်ဆိုင်ရင်းဖြင့်ပင် အရှုံးပေးနေရလေသည်။

ခုနစ်ရက်တိုင်တိုင် ရှိခဲ့လေပြီ၊

စိမ်းရင့်နက်မှောင် ရေအပြင် ကျယ်ကြီးသည် မြသားခုံလောက်ပမာ ရှိသည်ဆိုပါက တပြောင်းပြန်ပြန် အားအန်ခဲလျက် ပေါ်တုံလျှောက်တုံဖြင့် ရှေ့ဆီသို့ ရှေ့ဆီသို့ တရွေ့ရွေ့ ထိုးတက်လှုပ်ရှားနေသော မဟာဇနကသည် ထိုမြသားခုံလောက် အကြားမှ ရွှေတုံးရွှေခဲပင် ဖြစ်ပေမည်။

■ ■ ■





တန်ဆာ ရှစ်သွယ် တို့ဖြင့် အထူးထူး စီရင်အပ်သော ပတ္တမြား ခါးစည်းကြိုးကို ဆင်ယင်သောကြောင့် ဤနတ်သမီး၏ အမည်သည် မဏိမေခလာဟူ၍ အစွဲပြု ရရှိခဲ့ခြင်းဖြစ်၏။ မဏိမေခလာသည် သမုဒ္ဒရာကို စောင့်ကြပ်ရသော နတ်ဒေဝီလည်း ဖြစ်သည်။

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စတုလောကနတ်မင်းကြီး လေးပါးတို့ ကိုယ်တိုင် မဏိမေခလာအား သမုဒ္ဒရာ၌ စောင့်ကြပ်ရန် အမိန့်ထား တာဝန်ပေးထားသည်။ သမုဒ္ဒရာဟူသည်မှာ လှေ့သင်္ဘော ကြီးငယ်တို့ဖြင့် လူသားတို့ ကူးသန်း သွားလာရာ ဒေသကြီးဖြစ်သည်၊ ဤလှေ့သင်္ဘော ကြီးငယ်တို့သည် သဘာဝအလျောက် မိုးသက် မုန်တိုင်းများ၊ လေပြင်းများ၏ ဘေးဒဏ်တို့ ကျရောက်ရာ ဒေသ လည်း ဖြစ်သည်။

သမုဒ္ဒရာသည် လူသားတို့ကို မိမိရေအပြင်ထက်၌ လှည့်လည်သွားလာစေဖို့ ခွင့်ပြုထားသလို သဘာဝ အန္တရာယ်ကြီးများဖြင့် လူသားတို့ကို နှစ်မြုပ်ဆွဲခေါ်တတ်သည့် အရာလည်း ဖြစ်သည်။

လောကပါလ နတ်မင်းကြီး လေးပါးတို့က မဏိမေခလာနတ်သမီးအား သမုဒ္ဒရာကို စောင့်ကြပ်ရန် တာဝန် အပ်နှင်း အမိန့်ပေးထားရာ၌ "ဤ သမုဒ္ဒရာ၌ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ အချည်းနှီး အသက်မဆုံးစေနှင့်၊ အမိ

အဘတို့ကို လုပ်ကျွေး ပူဇော်တတ်၏။ တစ်ပါးသူတို့အား ချစ်ခင် သနားတတ်သူ၊ သီလ ဆောက်တည် စွဲမြဲ မြဲစင်သူ၊ အလှူဒါနဖြင့် မွေ့လျော်သူ—အစရှိသော ကောင်းမြတ်သည့် လူသားတို့အား သမုဒ္ဒရာ၌ နစ်မွန်း၍ မသေစေနှင့်။ သင် မနတ်သမီးက ကြပ်မတ် စောင့်ရှောက် ကယ်ဆယ်ရမည်" ဟု တာဝန်အပ်နှင်းထားကြလေသည်။

သို့သော် သမုဒ္ဒရာစောင့် မဏိမေခလာ နတ်သမီးသည် မိမိ၏ နတ်နန်းဗိမာန်၌ နတ်တို့၏ စည်းစိမ်ကို ခံစား စံစား နေခြင်းဖြင့် သမုဒ္ဒရာကို လှည့်လည်စောင့်ကြပ်ရန် မေ့လျော့ နေခဲ့သည်။ ခုနစ်ရက်မြောက်သောနေ့မှ နတ်သမီး သတိရ လာသည်။ စတုလောကပါလ နတ်မင်းကြီး လေးပါး၏ အမိန့်၊ မိမိ၏ တာဝန် ဝတ္တရား။

ခုနစ်ရက်တိုင် မေ့လျော့နေပြီးမှ သတိရ၍ သမုဒ္ဒရာကို ကြည့်ရှုဆင်ခြင်သောအခါ မဟာဇနကကို တွေ့မြင်လိုက်လေ သည်။

"မိထိလာပြည့်ရှင်၏ သားတော်ဖြစ်သော မဟာ ဇနကသည် သမုဒ္ဒရာ၌ တပြောင်းပြန်ပြန် ကူးခပ် နေသည်ကော၊ ဘုန်းသမ္ဘာရှင် ဤ ယောကျ်ားသား သမုဒ္ဒရာမှာ နစ်မွန်း ပျက်စီးခဲ့ပါက ငါ နတ်သဘင် အစည်းအဝေးသို့ ဝင်ရတော့မည် မဟုတ်"





နတ်ဗိမာန် စည်းစိမ်အလယ်မှ ထကာ မဏိမေခလာသည် မဟာဇနက ကူးခပ်နေသော သမုဒ္ဒရာအပြင်၊ မနီးမဝေး အထက်ကောင်းကင်၌ အထင်အရှား ပေါ်လာချေပြီ။

စိမ်းညို့ တောက်ပ မြ ခါးရန်းကြိုး တန်ဆာတို့ဖြင့် ကိုယ် အရောင် လင်းလက်စွာ ထင်ရှား ပေါ်လာသော မဏိမေခလာ နတ်သမီးကို မဟာဇနကသည် မျက်ဝါးထင်ထင် တွေ့မြင် နေရသော်လည်း မိမိ၏ ကူးခပ်မှုကို လျော့ပေါ့ ရပ်ဆိုင်း မပစ်ဘဲ ကူးမြဲသာ ဆက်ကူးလေသည်။

မဟာဇနက ကူးခပ်ရာအတိုင်း ကောင်းကင် အထက် နေရာမှ အတူလိုက်ပါလျက် မဏိမေခလာ မေးလေသည်။

"မဟာသမုဒ္ဒရာ ဆိုတာ ကမ်းမမြင် လမ်းမမြင် အပြောကျယ်လှတယ်၊ ဒီသမုဒ္ဒရာအပြင်မှာ ရဲရဲစူးစူး ကူးနေတာ ဘယ်သူလဲ၊ တစ်ဖက်ကမ်းသို့ မရောက် နိုင်တဲ့ သမုဒ္ဒရာမှာ သည်မျှ အပင်ပန်းခံ ကူးခပ်နေ ခြင်းကြောင့် ဘာများ အကျိုးရှိနိုင်မှာလဲ၊ လူသား– ဘယ်လိုအကျိုးထူးကို မျှော်ကိုး ရှေးရှုပြီး သင် ကူးခပ် နေတာလဲ၊ ဒီလို ကူးခပ် နေခြင်းကြောင့် သင့်မှာ ဘာများ ဆန္ဒပြည့်ဖို့ ရှိလို့လဲ"

လက်ရုံးနှစ်ဖက်ကို ရေလှိုင်းများ အောက်ဆီမှ ရုန်းကြွ တက်မြောက်စေကာ ခြေအစုံကို ရေအောက်တွင် အရှိန်ပြင်း

စွာ ယက်ကန်ကာကူးနေသော မဟာဇနကသည် မဏိမေခလာ နတ်သမီး၏ အသံကို ကြားလိုက်ရသည်။

"သမုဒ္ဒရာမှာ ငါကူးနေတာ ခုနစ်ရက်ရှိပြီ၊ ဒီနေ့အထိ ဘယ်သူနဲ့မှ မတွေ့မကြုံခဲ့ရ၊ အခု ဒီ အသံ ဒီစကား ပြောကြားသူ ဘယ်သူလဲ"

ကောင်းကင်သို့ ကြည့်လိုက်သောအခါ နတ်သမီး ကို တွေ့လိုက်ရလေသည်။ မဟာဇနက သည် ကူးနေ့ရင်းဖြင့်ပင် စကားပြောလိုက်သည်။

"နတ်ဒေဝီ၊ လောကမှာ ဤသို့ပြုလျက် ဤအပြစ် ဖြစ်တယ်၊ ဤသို့ပြုလျှင် အပြစ်မှမလွတ်တယ်၊ ဤအမှုကို ပြုလျှင် ပစ္စုပ္ပန်မှာ အကျိုးရှိတယ်၊ ဤအမှုကိုပြုလျှင် သံသရာမှာ အကျိုးရှိတယ်....စသည်ဖြင့် လူတို့ရဲ့ ကျင့်ဆောင်ရာ ဝတ္တရားများ ရှိပေတယ်။ နတ်သမီး.... သင့် သိကောင်း သိလိမ့်မယ်။ ပစ္စုပ္ပန် သံသရာ မျက်မှောက် မျက်ကွယ် အပြစ်လွတ်ကြောင်း ကောင်းစွာ အားထုတ်တဲ့ ယောကျာ်းတို့ရဲ့ လုံ့လ ဝီရိယ ဆိုတာ ဘယ်သောအခါမှ အကျိုးမဲ့ အချည်းနှီး မဖြစ်ဘူး၊ ပစ္စုပ္ပန် သံသရာ တစ်ခုခုမှာတော့ ချမ်းသာ သုခကို မလွတ်တမ်း ကြုံရမှာ ဖြစ်တယ်၊ ဒီသဘောအရ ကျွန်ုပ်ဟာ အပြော ကျယ် လှတဲ့ ဤ မဟာသမုဒ္ဒရာမှာ မလျှော့စတမ်းသော ဇွဲ လုံ့လနဲ့ ကူးခပ်နေတယ်၊





လုံ့လဝီရိယနဲ့ယှဉ်တဲ့ ယောကျာ်းကောင်းတို့ရဲ့ မလျှော့သော အရည်အချင်းဟာ အကျိုးကျေးဇူး တစ်ခု မဟုတ် တစ်ခုကို တွေ့ရမှာ မုချပဲ၊ အသင်နတ်သမီး.... ကမ်းမမြင်ကာမျှနဲ့ ဘာ့ကြောင့် ယောကျာ်းတို့ လုံ့လကို လျှော့ချရမှာလဲ၊ ကမ်းကိုမြင်ရခြင်း၊ မမြင်ရခြင်းဟာ ကျွန်ုပ်အတွက် အရေးအရာ မဟုတ်၊ ကျွန်ုပ် အနေနဲ့ အကျိုးကျေးဇူးကို မြင်နေတယ်၊ ဒါကြောင့် လုံ့လပြုတယ်၊ ကျွန်ုပ် ကူးခပ်တယ်"

ရဲရဲတောက် စကားကို ကြားရသောအခါ မဏိမေခလာ သည် များစွာ နှစ်သက်သွားလေသည်။ လူ့တာဝန်နှင့် ဝီရိယ အာနိသင်ကို ဆင်ခြင်၍ ကမ်းမမြင် သမုဒ္ဒရာ၌ ကူးနေခြင်းပါ တကား။

သို့သော် မဏိမေခလာ နတ်သမီးသည် မဟာဇနက၏ စကားကို ဆက်လက် နားကြားလိုသေးသဖြင့် ထပ်မေးပြန် သည်။

"လုလင်....ယောကျာ်းတို့ရဲ့လုံ့လ ဝီရိယနဲ့ အကျိုး အာနိသင်လို့ သင်ပြောခဲ့တယ်၊ ဒီစကားဟာ အခြား အရာများမှာ သင်ဆိုတိုင်း မှန်ပါလိမ့်မယ်၊ ဒါပေမယ့် အခုဟာက အစောက် အနက် အပြောကျယ်လှတဲ့ မဟာသမုဒ္ဒရာ ဖြစ်တယ်၊ ကမ်းမမြင် သမုဒ္ဒရာအလယ် မှာ ကူးနေတဲ့ သင့်အဖို့ ကမ်းကို ရောက်မှာမဟုတ်ဘဲ

သေခြင်းနဲ့သာ အကျိုးမဲ့ ပျက်စီးလိမ့်မယ် လုလင်၊ သင် ယခု ကြိုးစား အားထုတ်နေတဲ့ လုံ့လဟာလဲ အရာမဟုတ်တဲ့ အတွက် ပင်ပန်းရုံကလွဲလို့ အချည်းနှီး အလဟဿပဲ ဖြစ်တော့မယ်၊ သေခြင်းအကျိုးကို ဖြစ်စေတတ်တဲ့ အကြောင်းတရားဆိုတာ ကောင်းမြတ်တဲ့ သဘော ရှိပါ့မလား။"

ရည်ရွယ်ချက်အတိုင်း ဖြစ်နိုင်ဖို့ အကြောင်းမရှိဟု ဆုံးဖြတ်ကာ ကံကြမ္မာအတိုင်း ဖြစ်လိုရာ ဖြစ်စေဟု လည်စင်းခံခြင်းကား လူဖျင်းလူညံ့သာ ဖြစ်ချေသည်။ ထို့ကြောင့် လည်စင်းခံခြင်းသည် သေခြင်းအကျိုးကိုလည်း ရသလို လူပျင်းလူညံ့ ဖြင့်ရခြင်းအကျိုးကိုလည်း ရလေသည်။ မဟာဇနက၏ နှလုံးသားကား ယောကျ်ားကောင်းတို့ နှလုံးသား။ နတ်သမီး၏ အမေးစကားနှင့် တကွသော ဝေဖန် ပြစ်တင် ချက်ကို မဆိုင်းမတွ ပြန်ပြောလိုက်လေသည်။

"နတ်သမီး....အကြင်သူ တစ်ဦးဟာ ယောကျ်ားကောင်းတို့ရဲ့ လုံ့လကို မလျှော့ဘဲ ထက်သန်ကောင်းမြတ်စွာ ပြုတယ်ဆိုအံ့၊ ထိုသူဟာ အမိအဘ ဆွေမျိုး၊ အဆွေခင်ပွန်းတို့နဲ့တကွ နတ်ဗြဟ္မာတို့ အလယ်မှာ ကဲ့ရဲ့ပြစ်တင်ခြင်းကို မခံရဘူး၊ နောင်မှတစ်ဖန် ပြန်၍ တသယူရတဲ့ နောင်တလဲ ဖြစ်ပေါ်မှာ မဟုတ်ဘူး၊ ကျွန်ုပ်ဟာ အကယ်၍ ဒီသမုဒ္ဒရာထဲမှာ ကမ်းသို့ရောက်





နိုင်ဖွယ် မရှိပါဘူး ဆိုပြီး လုံ့လကို လျှော့လိုက်မယ် ဆိုရင် ယောကျ်ားကောင်း မမည် တော့ဘူး၊ ယောကျ်ားမြတ် ဖြစ်ရခြင်း အကျိုး မရှိတော့ဘူး"

လက်အစုံကို တက်ချည်သက်ချည် မြှောက်လျက် ကူးခတ်လျက်၊ ခြေအစုံကိုလည်း အင်အားရှိသမျှ ကူးယက်လျက်။ လှုပ်ရှားနေရင်း မဟာဇနကသည် နှုတ်မှလည်း ရဲရဲတောက် ပြောဆိုနေလေသည်၊

"နတ်သမီး၊ ဆိုကြပါစို့၊ သင်က အစပြုပြီး အဆင့်ဆင့် ကြားသမျှကို ပြန်ပြောနိုင်တဲ့ စကား တစ်ခွန်း၊ ဘာလဲဆိုတော့ မဟာဇနက မင်းသားဟာ ပင်ကိုယ်အားဖြင့် ယောကျ်ားကောင်းတို့ အားနဲ့ ပြည့်စုံပါလျက် သက်မဲ့ ကျွန်းတုံး၊ ထင်းတုံးလို လုံ့လ မပြု၊ မျှော်ချင်ရာမျှော်ပါ၊ ဖြစ်သမျှ စင်းစင်းခံခဲ့လို့ မဟာသမုဒ္ဒရာမှာ နစ်မွန်း ပျက်စီး သွားပါပကောလို့ အဆက်ဆက် အပြစ်တင်ကြတော့မှာပေါ့၊ ကဲ့ရဲ့စကား ဆိုကြတော့မှာပေါ့၊ နတ်သမီး....ကျွန်ုပ်ဟာ သေသော်မှပင် အပြစ်တင် ကဲ့ရဲ့ စကား လွတ်ရစ်အောင် လုံ့လ ကို ပြုနေတယ်"

မဏိမေခလာ နတ်သမီးသည် မဟာဇနက၏ အဖြေစကားတို့ကို နှစ်သက်ခြင်းမက နှစ်သက်နေပေပြီ။ သို့သော် တစ်ဆင့်တိုး၍ စကား ဆိုပြန်လေသည်၊

"မင်းသား၊ လုံ့လမပြုအပ်တဲ့ နေရာမှာ လုံ့လပြုမှားတယ်ဆိုရင် လိုအပ်သောကိစ္စ၊ တောင့်တအပ်သော အကျိုးဆိုတာ မပြီးမြောက်နိုင်ဘူး၊ ပရိသတ် အလယ်မှာ ရှက်ဖွယ်အဖြစ် ကြုံရတတ်တယ်၊ ကိုယ်စိတ်ပင်ပန်း အချည်းနှီး ဖြစ်ရတတ်တယ်၊ နောက်ဆုံးမှာ အသက်ကိုယ်လုံးပါ ပျက်စီးခြင်း ဆိုက်ရတတ်တယ်၊ အသင်ယခု ကမ်းမမြင် သမုဒ္ဒရာမှာ ကူးနေတာဟာ နေရာမကျပေဘူး"

အကြောင်း ဟူသည်မှာ မိမိ၏ ဆန္ဒ နယ်နိမိတ်အတွင်း၌ ရှိချေသည်။ အကျိုးဟူသည်ကား မိမိဆန္ဒ နယ်နိမိတ်အတွင်း၌ ရှိသလို ဆန္ဒနယ်နိမိတ် အလွန်၌လည်း ရှိလေသည်။ မိမိ၏ ဆန္ဒနယ်နိမိတ်အလွန်၌ ရှိသော အကျိုးကို မမျှော်ကိုး မတွယ်တာဘဲ မိမိ၏ ဆန္ဒနယ်နိမိတ် အတွင်းက ရှိသော အကြောင်းနှင့် အကျိုးကိုသာ လေးစားစွာ ပြုအပ်ကြောင်း၊ လေးစားစွာ ပြုအပ်သော အကြောင်းတရားသည် မိမိ၏ ကိုယ်တွင်း၌ အကျိုးတရားကို သယ်ဆောင်ပြီးသား ဖြစ်ကြောင်း နှလုံးပိုက်ထားပြီးဖြစ်သော မဟာဇနကသည် သမုဒ္ဒရာရေတို့ အရှိန်အစိုစိုရှိသော မျက်နှာကို ဖော်လျက် ပြန်ပြောလိုက်လေသည်။

"နတ်သမီး၊ ကျွန်ုပ် ယခု မဟာသမုဒ္ဒရာကို ကူးနေသလို အကြောင်သူတစ်ယောက်ဟာ ဆောင်ရွက် မပြီးနိုင်တဲ့ အမှုကြီးတစ်ခုကို ရင်ဆိုင်နေရတယ် ဆိုကြပါစို့။ ထိုသူက ဒီအမှုမှာတော့ ငါ လုံ့လပြုလို့ အောင်မြင်





ဖွယ် မရှိရာဘူး၊ ကံကြမ္မာအတိုင်း ဖြစ်စေတော့လို့ လုံ့လကို လျှော့လိုက်ပြီ ဆိုကြစို့....၊ ထိုသူဟာ လောကမှာ လူပျင်း လူတန် အဖြစ် ခပ်သိမ်းတို့ရဲ့ အပြစ်တင်စရာ ကမ္ဘည်းတွင်မည့်သူ ဖြစ်သွားလိမ့်မယ်၊ ကိုယ့်အတွက် ကြုံဆုံရောက်ရှိ ရင်ဆိုင်လာရတဲ့ အမှုကိစ္စ မှန်လျှင် တန်သည် မတန်သည်၊ ရသည် မရသည် မဟုတ်၊ အောင်သည် ဖြစ်စေ မအောင်သည် ဖြစ်စေ လုံ့လကို မလျှော့ရဘူး၊ ဒါဟာ အစစ်အမှန်တရားဖြစ်တယ်၊ ဒီ တာဝန်မှ သွေဖီတဲ့ လူအချင်းချင်းတို့ရဲ့ စကား အယူကို သင် နတ်သမီး အစွဲပြုပြီး မပြောသင့်ဘူး"

"ဆက်ပြောပါဦး မင်းသား"

"လောကမှာ ရှေးကုသိုလ်ကံ မဖွံ့ဖြိုးတဲ့ သူတွေအဖို့ မိမိတို့နဲ့ ထိုက်တန်ရာ ကုန်သွယ် လယ်လုပ် စတဲ့ အမှုတွေကို ဆန္ဒရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ကိုယ့်အလိုအတိုင်း ပြည့်စုံမယ်ဆိုရင် ပုဏ်းရိ မနေသာ၊ လုံ့လ ကောင်းစွာပြုပြီး ကိုယ်, နှုတ်, စိတ် သုံးပါးအားထုတ် လုံ့လပြုအပ်တယ်"

"ဆိုပါဦး မင်းသား"

"နတ်သမီး၊ လုံ့လရှိသူတို့ရဲ့ လုံ့လ အကျိုးဆက်ခံစားရပုံကို ကျွန်ုပ် အထွေအထူး ပြောစရာတောင်

မလိုတော့ဘူး၊ ဟောဒီ သမုဒ္ဒရာမှာ ကျွန်ုပ်နှင့်အတူ သင်္ဘောသား ကုန်သည် ခုနစ်ရာတို့လည်း အတူနစ်မွန်း ဒုက္ခရောက်ခဲ့ကြတယ်၊ အဲဒီ လူတွေဟာ ယောကျ်ား တို့ရဲ့ လုံ့လချို့တဲ့ခြင်းကြောင့် အခုအခါမှာ သမုဒ္ဒရာ ရေအောက်ကြမ်းပြင်သို့ ရောက်သူက ရောက်၊ ငါး လိပ်မကာရ်တို့ရဲ့ အစာဖြစ်သူက ဖြစ်နဲ့ သေကျေ ပျက်စီးသွားကြပြီ၊ ယောကျ်ားတို့ လုံ့လကို မလျှော့တဲ့ ကျွန်ုပ်ကတော့ အသားစား ရေသတ္တဝါကြီးတွေရဲ့ ဘေးရန်ကလည်း လွတ်ခဲ့ပြီ၊ ယခုအခါမှာ သာမန် လူတို့ မြင်ရကြုံရခဲတဲ့ နတ်ဝတ်တန်ဆာ အစုံအလင်နဲ့ သင် နတ်သမီးကိုလဲ ကျွန်ုပ် နီးနီးကပ်ကပ် တပ်အပ် မြင်တွေ့ရပြီမဟုတ်လား၊ ခုအခါမှာ သင်နတ်သမီးက ကျွန်ုပ်ကို ဆောင်ယူ ကယ်မရင်လဲ လိုအင် အပြီး ရောက်လိမ့်မယ်၊ သင် မဆယ်တင် မဆောင်ယူဘူး ဆိုရင်လဲ ဒီသမုဒ္ဒရာမှာပဲ အသက်ဆုံးရ ဆုံးရ ကျွန်ုပ်ရဲ့ လုံ့လ ဝီရိယကိုတော့ လျှော့လိမ့်မယ်မဟုတ်၊ လုံ့လ ပြုကျိုး ရရှိနေပြီ နတ်သမီး”

မဟာဇနကဿည် နတ်သမီးကို မကြည့်တော့ဘဲ ရှေ့တူရူ သို့သာ အစွမ်းရှိတိုင်း၊ အားရှိတိုင်း မဆုတ်မဆိုင်း ဆက်လက် ကူးခပ်နေလေသည်။

မဏိမေခလာ နတ်သမီးကား အတိုင်းထက် အလွန် နှစ် သက်မြတ်နိုးသွားပေပြီ၊ စတုလောကပါလ နတ်မင်းကြီးတို့





အမိန့်အာဏာထား အပ်နှင်းထားသည့် “ဤသမုဒ္ဒရာ၌ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ အချည်းနှီး မပျက်စီး စေနဲ့” ဟူသော တာဝန်ကို ပိုင်ပိုင်ကြီး ဆောင်ရွက်ခွင့်ရ လေပြီ။

“မင်းသား....ကမ်းမမြင် လမ်းမမြင် အနက်အရှိုင်း ပမာဏခန့်မှန်းနိုင်တဲ့ ဟောဒီ သမုဒ္ဒရာပြင်ကြီးအလယ် မှာ အနစ်မွန်း မခံ၊ အားမာန်နဲ့ ကူးခပ်နေတဲ့ အသင် ဟာ တစ်ပါးသူတို့ ပြုနိုင်ခဲသော အမှုကို ပြုသူ ဖြစ် ပါပေတယ်၊ မြဲမြဲထက်သန်တဲ့ စိတ်နဲ့ မိမိလိုရာရောက် ကြောင်း ကောင်းမြတ်ဖြောင့်စင်းသော လုံ့လနဲ့ ပြည့် စုံသူ ဖြစ်ပါပေတယ်၊ သင် ယခု ဘေးကင်းလုံခြုံရာ မွေ့လျော်ရာ အရပ်ကို ရောက်ရပါစေမယ်၊ သင့်ကို ကျွန်ုပ် ဆယ်တင်ကယ်ယူပြီး ပို့ဆောင်ပေးပါမယ်၊ ဘယ်အရပ်ကို ပို့ဆောင် ပေးရပါမလဲ မင်းသား”

“နတ်သမီး ကျွန်ုပ်ကို မိထိလာပြည်သို့ ပို့ဆောင် ပေးပါ”

မဏိမေခလာ၏ ပတ္တမြားခါးရန်းကြိုးသည် လက်ခနဲ တောက်ပသွားသည်။ အထက်ကောင်းကင်တွင် တည့်ရပ် နေရာမှ နတ်သမီးသည် သမုဒ္ဒရာ ရေပြင်ဆီသို့ ဖြည်းညင်းစွာ နိမ့်ဆင်းကျရောက်လာသည်။

ပန်းစည်းကို အသာအယာ ဖွဖွ ငြင်သာပိုက်ချီသကဲ့သို့ မဟာဇနကအား နတ်သမီးသည် လက်နှစ်ဖက်ဖြင့် ပွေ့ယူ

လိုက်သည်။ ထို့နောက် ချစ်လှစွာသော သားငယ်အား ရင်ခွင်တွင် ထွေးပိုက်သော မိခင်ကဲ့သို့ နူးညံ့သိမ်မွေ့စွာ ပိုက်၍လျက် ကောင်းကင်ခရီးအတိုင်း ပျံသန်းသွားသည်။

ထိုအခါမှပင် ခုနစ်ရက်ပတ်လုံး မဟာသမုဒ္ဒရာ၌ ဆားငန်ရေတို့ဖြင့် အလိမ်းလိမ်းရှိခဲ့ကာ ဥပုသ်သီလကိုလည်း မပေါက်မကျိုး စောင့်ထိန်းခဲ့ပြီး ပင်ပန်းကြီးစွာ ကူးခပ်ခဲ့သည့် မဟာဇနကသည် ပင်ပန်းနွမ်းနယ်မှု ဒဏ်ကြောင့် လည်းကောင်း၊ မဏိမေခလာ၏ နတ်တို့ အတွေ့ သိမ်မွေ့နူးညံ့ ရင်ငွေ့နံ့ သက်ခိုလှုံစက်ရခြင်းကြောင့် လည်းကောင်း နှစ်ခြိုက်စွာ အိပ်မော ကျသွားလေသည်။

မဟာသမုဒ္ဒရာကြီးကား မိမိ၏ အမြင်ကျယ် ထက်ဝယ် ခုနစ်ရက်တိုင်တိုင် အားအင်လုံ့လဝီရိယကို မလျှော့စတမ်းခဲလျက် မိမိ၏ လှိုင်းတံပိုးတို့ကို ထိမထင် ရင်ဆိုင်ဖြတ်သန်းကူးခပ်သွားခဲ့သော မဟာဇနကအား ကောင်းချီးသြဘာပေးရင်း နှုတ်ဆက်ကျန်ရစ်ခဲ့သယောင်။

မိထိလာနန်းတော်တွင်းရှိ ဘုရင်မင်းမြတ်၏ စက်ရာဆောင်သည် ခါတိုင်းလို ဆီမီးရောင်များဖြင့် လင်းလင်းချင်းချင်းရှိမနေဘဲ မှိန်ဖျော့ချည့်နဲ့နေ၏၊ နံရံတွင် လိုက်ခေါင်းငယ်လေး[illegible]ယ် ထွင်းထားသော အပေါက်များ၌ ထွန်းညှိထားသည့် ဆီမီးများမှ မီးတောက်များသည်လည်း ငြိမ်းသေ





လုဆဲဆဲ ရှိနေကြ၏။ ငွေခွက်များတွင် ဆီများကုန်ခါနီး ဖြစ်နေသော်လည်း ဆီထပ်ဖြည့်ရန် မည်သူမျှ သတိမရကြ။ အမိန့်ပေးမည့်သူလည်း မရှိ။

စက်ရာဆောင်အလယ် ခုတင်ညောင်စောင်း အနီးတွင်သာ ဝိုင်းအုံနေကြလေသည်။ ခုတင်ညောင်စောင်းထက်တွင်ကား ဗျာမိတရား၏ နှိပ်စက်မှုဖြင့် မလှုပ်မရှားနိုင် လဲလျောင်းနေသော သူတစ်ဦးရှိ၏၊ ထိုသူကား မိထိလာပြည်ရှင် ပေါလဇနကမင်းကြီးပင် ဖြစ်လေသည်။

လွန်ခဲ့သော တစ်ဆယ့်ခြောက်နှစ် အထက်ကာလက မိထိလာထီးနန်းကို စစ်အင်္ဂါလေးပါးဖြင့် ချီတက်လုပ်ကြံကာ နောင်တော်အရိဋ္ဌဇနက မင်းအား ရာဇပလ္လင်ပေါ်မှ ဖယ်ရှားနိုင်ခဲ့သော ပေါလဇနက မင်းသည် ယခုအခါ သူကိုယ်တိုင်ပင် ရာဇပလ္လင်ပေါ်မှ ဖယ်ရှားပစ်မည့်သူမှာ အခြားသော ထီးဆောင်းမင်းတစ်ပါး မဟုတ်ချေ။ စစ်သည်ဗိုလ်ပါ ဆင်မြင်းဖြင့် ချီတက် လုပ်ကြံသည်လည်း မဟုတ်ချေ။ အကယ်၍ မိထိလာထီးနန်းကို မိမိသိမ်းယူခဲ့စဉ်ကလို မိမိ၏ ရာဇပလ္လင်ကို အခြားသော မင်းတစ်ပါးပါးက စစ်အင်္ဂါကျင်း၍ လာရောက်တိုက်ခိုက်မည် ဆိုပါလျှင် ပေါလဇနကမင်းသည် စစ်အင်္ဂါဖြင့်ပင် ပြန်လည်တွန်းလှန်နိုင်ပေလိမ့်မည်။

ယခု မိမိအား ရာဇပလ္လင်ပေါ်မှ ဖယ်ရှားရန် ခြိမ်းခြောက်နေသူမှာ ဗိုလ်ပါဆင်မြင်းမပါသော ရန်သူဖြစ်၏။ မမြင်ရ

သော အမှောင်တိုက်ထဲမှ ရန်သူလည်းဖြစ်၏၊ ထိုရန်သူသည် မည်းနက်သော ဝတ်ရုံကြီးကို ခြုံထားသည်ဟု ပေါလဇနကမင်းကြီး ထင်မိ၏၊ ဤရန်သူကြီးကို မိမိဘယ်လိုမှ ခုခံတွန်းလှန်ခြင်း မပြုနိုင်တော့ကြောင်း၊ မုချဧကန် အရှုံးပေးရတော့မည် ဖြစ်ကြောင်း၊ သူ့အလိုကျ လည်စင်းခံရုံသာ ရှိတော့ကြောင်းကိုလည်း ပေါလဇနကမင်းကြီး နားလည်ထားသည်။

ထိုရန်သူက မိမိအား ရာဇပလ္လင်ပေါ်မှ၊ နန်းတော်စက်ရာဆောင်ထဲမှ၊ မိထိလာနန်းထဲမှ၊ လူ့လောကဘဝ ရှင်သန်ခြင်းထဲမှ ဖယ်ရှားပစ်မည့် မရဏမင်းပင် ဖြစ်လေသည်။

ဘုရင့်သမားတော်သည် မင်းကြီးအား ဆေးတစ်ခွက်တိုက်ရန် ညောင်စောင်းအနီးသို့ ချဉ်းကပ်သွား၏။ မင်းကြီးက မျက်ခွံများအား ခက်ခဲပင်ပန်းစွာ ဖွင့်လျက် ကြည့်လိုက်၏။ ဤဆေးကို တိုက်ကျွေးသည့်အတွက် ကျေးဇူးတင်ကြောင်းကို ထိုရီဝေမှုန်မှိုင်းသော မျက်လုံးများက ဖော်ပြနေကြလေသည်၊ ဘုရင့်သမားတော်သည် ထိုအကြည့်၏ အဓိပ္ပာယ်ကို သဘောပေါက်လိုက်၏။ မင်းကြီးသည် နောက်ဆုံးဆေးတစ်ခွက်ကို သောက်တော့မည်။ ဤဆေးသည် မင်းကြီး၏ဝေဒနာကို ပျောက်ကင်းသက်သာစေမည့် ဆေးမဟုတ်၊ တမလွန်သို့ ခရီးထွက်ခွာခါနီး နောက်ဆုံးအချိန်တွင် သတိ မဖောက်ပြန်အောင် ထိန်းကူပေးမည့်ဆေး ဖြစ်လေသည်၊





ပေါလဇနကမင်းသည် ဆေးကို ခဲယဉ်းစွာ သောက်ပြီးနောက် ညောင်စောင်းအိပ်ရာ၌ ထပ်မံ လဲလျောင်းပြန်သည်။ နန်းရင်းဝန်နှင့် ပုရောဟိတ်များ၊ နန်းတွင်း မှူးမတ်များက ဘုရင့်သမားတော်ကြီးကိုသာ လှမ်းကြည့်နေကြ၏။ ဘုရင့်သမ ·တော်က နန်းရင်းဝန်ကို မျက်ရိပ်မျက်ခြည် ပြကာ ညေ ·င်စောင်းနှင့် မလှမ်းမကမ်းသို့ ခေါ်သွားသည်၊

'ဒီဆေးဟာ ဇီဝိန်ချုပ်ခါနီးမှာ နောက်ဆုံးတိုက်ကျွေးတဲ့ ဆေးပဲ။ မင်းကြီးဟာ ခဏလောက် မိန်းမောနေလိမ့်မယ်၊ ခဏအကြာမှာ နိုးလာမယ်၊ သတိဖောက်ပြန်ခြင်း မရှိ၊ ဝေဒနာခံစားရခြင်းမရှိဘဲ ကြည်လင်စွာ နိုးထလာမှာပဲ၊ ဒါပေမယ့် အဲဒီ ကြည်လင်ခြင်းရဲ့ အဆုံးမှာ မင်းကြီး ကံတော် ကုန်တော့မယ်၊ ကျွန်ုပ် ခုနင်က တိုက်ကျွေးလိုက်တဲ့ ဆေးဟာ နောက်ဆုံး ထွက်သက် မတိုင်မီမှာ ညင်သာ ကြည်လင်စွာ ရှူသွားနိုင်မယ့် ဩသဓရည်ပဲ ဖြစ်ပါတယ်"

ဘုရင့်သမားတော်က ရှင်းပြလိုက်သောအခါ နန်းရင်းဝန်ကြီးသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလျက်....

"ကျွန်ုပ်တို့ ရင်တမမနဲ့ စောင့်နေရတဲ့ အချိန်ရောက်လာတော့မှာပေါ့လေ၊ ဘုရင်မင်းမြတ်ရဲ့နောက်ဆုံးအချိန်တွေမှာ ဝေဒနာ မဖိစီးရအောင် စွမ်းဆောင်

ပေးတဲ့အတွက် သမားတော်ကြီးကို ကျေးဇူးတင်ရပါတယ်”

“ရှိပါစေ နန်းရင်းဝန်ကြီး၊ အရေးကြီးတာက မင်းကြီးပြန်လည် နိုးထကြည်လင်လာချိန်ဟာ သိပ်ပြီး ကြာရှည်မှာ မဟုတ်ဘူး၊ ဒီအချိန်ကလေးမှာ အရေးအကြီးဆုံး စကားတွေကိုသာ မင်းကြီး သိပါစေ၊ မင်းကြီးအနေနဲ့လဲ အရေးအကြီးဆုံး စကားတွေကိုသာ ပြောပါစေ...”

“အင်း....အရေးအကြီးဆုံး စကားတွေ....”

နန်းရင်းဝန်ကြီးသည် မိမိကိုယ်မိမိ တည်ငြိမ်အောင် ဆောက်တည်လိုက်၏။

“ဖြစ်နိုင်ရင်တော့ ဘုရင်မင်းမြတ်အနေနဲ့ တတ်နိုင်သမျှ စကားမပြောစေဘဲ နေနိုင်ရင် အကောင်းဆုံးပါပဲ၊ နောက်ဆုံးတဒင်္ဂတွေမှာ လူမမာဟာ စကားတစ်လုံး ပြောနိုင်ဖို့အတွက် အင်မတန်ကို အားယူရပါတယ်”

“ကျွန်ုပ် စီစဉ်ပြီးပါပြီ သမားတော်ကြီး....”

“ဒါဖြင့်ရင် ညောင်စောင်းနားကို ပြန်သွားကြစို့၊ နန်းရင်းဝန်ကြီး မကြာခင်မှာ မင်းကြီး နိုးလာတော့မယ်”





ပေါလဇနက မင်းကြီး၏ မျက်လုံးများ ပြန်ပွင့်လာ၏။ သမားတော်ကြီးပြောသည့်အတိုင်း အလွန် အစွမ်းထက်သော ဆေးပင် ဖြစ်တော့သည်။ မင်းကြီး၏ မျက်လုံးများမှာ ကြည်လင်နေပြီး အားအန် ပြည့်ဖြိုးလာသည်ဟု ထင်ရလေသည်။

မင်းကြီးသည် နန်းရင်းဝန်ကြီးအား အပါးသို့ တိုးခဲ့ရန် လက်ကို အသာအယာ မြှောက်ပြလိုက်၏။

သမားတော်ကြီးက နန်းရင်းဝန်ကြီးကို မျက်နှာရိပ်ပြလျက် သတိပေးသည်။ နန်းရင်းဝန်ကြီးက မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

“ကျွန်ုပ်ရဲ့ အမှာစကားတွေတို့ သင် ရေးမှတ်ထားရဲ့ မဟုတ်လား”

ဘုရင်မင်းမြတ်၏ လေသံမှာ တိုးလျသော်လည်း ကြည်လင်နေ၏။

“ရေးမှတ်ထားပါတယ် အရှင်မင်းကြီး”

“အဲဒါကို ယူပြီး အခုပြန်ဖတ်ပါ”

နန်းရင်းဝန်ကြီးက အသင့် ဆောင်ထားသော ပုရပိုက်တစ်ခုကို ထုတ်ယူလိုက်၏။ ပေါလဇနကမင်းကြီး ရောဂါဝေဒနာ စတင်ဖိစီးခါစ ကတည်းက အမိန့်တော်ချမှတ်ခဲ့သော အမှာစကားများကို ရေးမှတ်ထားသည့် ပုရပိုက်ဖြစ်လေသည်။

နန်းရင်းဝန်ကြီး၏ အသံသည် မတိုးမကျယ် ထွက်ပေါ်လာ၏၊

“ထီးမွေနန်းလျာ ဆက်ခံရေးအတွက် မိထိလာပြည့်ရှင် ကျွန်ုပ် ပေါလဇနကမင်း မိန့်ထားရစ်သည်။ ထီးညွန့်နန်းမွေဆက်ခံမည့် သားတော်မရှိဘဲ သမီးတော် သီဝလီဒေဝီတစ်ပါးတည်းသာ ကျန်ရစ်ခဲ့မည့် ကျွန်ုပ် ဤသို့စီရင်ခဲ့၏၊

သမီးတော် သီဝလီဒေဝီအား မည်သူနှင့် စုံဖက်ရမည်။ ထိုသူအား ထီးဖြူအပ်ရမည်ဟူ၍ ပုဂ္ဂိုလ်ဖြင့် ကျွန်ုပ် မညွှန်း၊ အမျိုးစည်းစိမ် မြင့်မြတ်သည်၊ ယုတ်ညံ့သည် ဟူ၍လဲ မရွေးချယ်ကြနှင့်”

ပုရပိုက်ကိုလည်း ဖတ်ရာမှ ခေတ္တရပ်နားလိုက်ကာ နန်းရင်းဝန်ကြီးသည် မင်းကြီးကို လှမ်းကြည့်လိုက်၏၊ မင်းကြီးက ခေါင်းညိတ်လျက် ဆက်ဖတ်ပါဟူသော အဓိပ္ပာယ်ဖြင့် လက်ကို လှုပ်ပြလိုက်သည်။

“သမီးတော်နှင့် စုံဖက်ကာ ထီးဖြူဆောင်းရမည့်သူမှာ ...

ပထမအားဖြင့် သမီးတော် နှစ်သက်သူလဲ ဖြစ်စေရမည်၊ ဒုတိယအားဖြင့် ကာယဗလ၊ ဉာဏဗလ နှစ်ပါး ပြည့်စုံသူလဲ ဖြစ်စေရမည်၊ ဤနှစ်ပါးနှင့် ပြည့်





လျှင် မည်သူမဆို သမီးတော်နှင့် စည်းစိမ်ဆက်ပြုရစ်ကြ”

ဘုရင့်သမားတော်ကြီးက ညောင်စောင်းအနီးကပ်သွားပြီး ဘုရင်မင်းမြတ်၏ လက်ကောက်ဝတ်နှင့် လက်ဖဝါးများကို စမ်းသပ်ကိုင်တွယ်လိုက်၏။ ထို့နောက် နန်းရင်းဝန်ကြီးအား မျက်နှာရိပ်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ လျှောက်ထားပြောကြားစရာရှိလျှင် ပြောနိုင်သည်။ ဘုရင်မင်းမြတ် အနေနှင့်လည်း စကားအနည်းငယ် ပြောနိုင်သည်ဟူသော အဓိပ္ပာယ်ဖြစ်ကြောင်း နန်းရင်းဝန်ကြီး နားလည်သွားလေသည်။

“သံတော်ဦး တင်ပါရစေ အရှင်”

မင်းကြီးက မျက်တောင်တစ်ချက် ခတ်ပြလိုက်၏။

“ပထမအချက်အားဖြင့် သမီးတော်နှစ်သက်သူလဲ ဖြစ်စေ ဆိုတာကို အထူးရှင်းဖွယ်မရှိပါ၊ ဒုတိယအချက် ကာယ၊ ဉာဏ နှစ်တန်သောဗလနဲ့ ပြည့်စုံသူဆိုရာမှာ ယောကျ်ားကောင်းတို့ဟာ အသီးသီးသော ကာယ၊ ဉာဏစွမ်းအားနဲ့ ပြည့်စုံကြတာမို့ ဗလ နှစ်ပါးရဲ့ ပဏာမသတ်မှတ်ချက်ကို အတိအကျ အမိန့်ရှိပါမှ ကျွန်တော်မျိုးတို့ ရွေးချယ်နိုင်ကြမှာ ဖြစ်ပါတယ် အရှင်”

မင်းကြီးက သမားတော်ကြီးကို လှမ်းခေါ်လိုက်သည်။ သမားတော်ကြီးက မင်းကြီး အလိုက်သင့် သက်သောင့်သက်သာ ရှိနေအောင် ပြုပြင်ပေးလိုက်၏။

"အမိန့်တော်မှတ်ရစ်ကြ၊ ကာယဗလ ဆိုရာမှာ ဗိုလ်ခြေတစ်ထောင်လေးတော်ကို တစ်ယောက်တည်းနဲ့ တင်နိုင် ချနိုင်တဲ့ ပမာဏနဲ့ သတ်မှတ်"

ရင်အုံတစ်ခုလုံး နိမ့်မြင့် ဖြစ်လာသည်အထိ အသက်ရှူ ရှိုက်ပြီးမှ မင်းကြီး ဆက်ပြောနိုင်သည်။

"ဉာဏဗလမှာ ငါစံပယ်ရာ ပလ္လင်တော်ရဲ့ ခေါင်းရင်းကို သိနိုင်စွမ်းရမယ်၊ နောက် ရွှေအိုးကြီးများ ရှိတဲ့ တစ်ဆယ့်ခြောက်ဌာနကို ဖော်ထုတ်နိုင်ရမယ်"

"အမိန့်တော်အတိုင်း တည်ရပါစေမယ် အရှင်၊ ရွှေအိုးကြီးများ တည်ရာဌာနတွေကို အမြွက်အညွှန်း မျှ မိန့်တော်မူပါ"

"အင်း....မှက်ရစ်ကြ၊ နေထွက်ရာအရပ်၊ နေဝင်ရာအရပ်၊ အတွင်းမှာ၊ အပြင်မှာ၊ အတွင်း အပြင် မဟုတ်သော နေရာမှာ...."

ပေါလဇနကမင်းကြီး၏ အသံမှာ တိုးတိမ် သွားသဖြင့် နန်းရင်းဝန်ကြီးသည် အနီးသို့ကပ်၍ နားစိုက်ထောင်လိုက်ရ၏။





"တက်ရာမှာ၊ သက်ရာမှာ၊ အင်ကြင်း လေးပင်မှာ၊ ပြီးတော့ ရှစ်ရပ်ဝန်းကျင် တစ်ယူဇနာထက်မှာ၊ အစွယ်ဖျားမှာ၊ အမြီးဖျားမှာ၊ ရေထဲမှာ၊ သစ်ပင်ဖျားမှာ ရွှေအိုးတွေရှိတယ်"

ရှည်ရှည်လျားလျား စကားပြောလိုက်ရသဖြင့် မင်းကြီးသည် မိန်းမောသွားလေသည်။ နန်းရင်းဝန်ကြီးသည် ပုရပိုက်ကို ပြန်လည်သိမ်းဆည်း၍ နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။ သမားတော်ကြီးက မင်းကြီး၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။ ယခုတစ်ခါ နစ်မျောသွားခြင်းသည် နောင် ဘယ်တော့မှ ပြန်၍ သတိလည်လာတော့မည်မဟုတ်ကြောင်း သိနေသည်။

နံရံရှိ ဆီမီးများမှ မီးတောက်အလင်းသည် အစူးရှဆုံး တစ်ချက် တောက်ပသွားပြီးနောက် ချုပ်ငြိမ်းသွား၏။ အမိန့်တော်များကို ရေးမှတ်ထားသည့် ပုရပိုက်အား နန်းရင်းဝန်ကြီးက ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ချိန်တွင် ဘုရင့်သမားတော်ကြီးသည် ဦးခေါင်းကို လေးပင်စွာ ယမ်းပြလိုက်လေသည်။

■ ■ ■

"မိထိလာ ဘုရင့်တပ်တော်၏ သေနာပတိချုပ်ထံသို့ ဤသဝဏ်ဖြင့် အမှာရောက်လိုက်သည်မှာ....

ဘုန်းတော်ကြီးသော အရှင်မြတ် နတ်ရွာစံတော် မူခဲ့ပြီးနောက် သမီးတော် သီဝလိဒေဝီနှင့် စုံဖက်၍ ရွှေနန်းထက် တက်ရန် အလို့ငှာ မင်းကြီးအမှာတော် ရှိရစ်သည့် အားလျော်စွာ ထီးနန်းအလျာကို ရွေးချယ်ရာ၌ အသင့်အား စူးစမ်းစိစစ်နိုင်ရန် သမီးတော်ရှိရာ နန်းတော်သို့ ကြွရောက်လာမည့် အကြောင်း နန်းရင်းဝန်ကြီးနှင့် မှူးမတ်သဘာတို့က ထီးဘုရားအာဏာတော် သက်ရောက်ကိုယ်စားပြုလျက် ဤသဝဏ်ကို စေအပ်ကြောင်း...."

သေနာပတိသည် နန်းတော်မှ ရောက်လာသော သဝဏ်လွှာကို နောက်တစ်ကြိမ် ထပ်မံဖတ်၍ အားပါးတရ ပြုံးလိုက်၏။

ပေါလဇနကမင်းကြီး နတ်ရွာစံခဲ့သည်မှာ ခုနစ်ရက်အတွင်း ချင်းနင်းခဲ့လေပြီ၊ သားတော်တစ်ပါးမှ မထွန်းကားခဲ့ဘဲ သမီးတော် သီဝလိဒေဝီ တစ်ပါးတည်းသာ ကျန်ရှိခဲ့သည်ဖြစ်၍ မိထိလာ ထီးနန်း အရိုက်အရာကို ခံယူရန် မင်းလောင်းအလျာသည် အရေးတကြီး လိုအပ်နေပြီဖြစ်၏။ လစ်လပ်နေသော ရာဇပလ္လင်သည် ဘုရင်သစ်အား ကြိုဆိုနေလေပြီ၊ သမီးတော် သီဝလိဒေဝီနှင့် စုံဖက်၍ အဘိသိက်ခံယူရမည့် ထိုဘုရင်သစ်ကား....





မိထိလာ၌ မိမိမှတစ်ပါး အခြားမရှိနိုင်တော့ဟု သေနာပတိသည် အားရရွှင်လန်းလျက် ရှိ၏။ ဘုရင်မင်းမြတ် ရှိစဉ်ကပင် မိမိအား ပြည်တိုင်းအရေးကို မျက်နှာအလွှဲခံ တာဝန်ယူ စီရင်ခဲ့သူလည်း ဖြစ်၏။

သီဝလိဒေဝီ မင်းသမီးနှင့်လည်း အကျွမ်းဝင်ခဲ့သည် ဖြစ်၏။

တစ်ချိန်ကမူ မင်းသမီးသည် မိမိအတွက် အရှင့်သမီးတော် ပင်တိုင်စီထိပ်ထွားပင် ဖြစ်သည်၊ ယခုကား ကြင်ရာတော် ဖြစ်ရပေတော့မည်။ သီဝလိဒေဝီကို ရွှေလက်ဆွဲကာ နန်းသိမ်းပွဲ ခံရတော့မည်။ နန်းရင်းဝန်ကြီးနှင့် မှူးမတ်တို့သည် မိမိထံသို့ အနီးဆုံး သဝဏ်စေလိုက်ကြခြင်းကပင်လျှင် မိမိသည် အသင့်တော်ဆုံး အထိုက်တန်ဆုံး ဖြစ်ကြောင်း ထင်ရှားနေပြီဟု သေနာပတိက တွက်ဆထားသည်။

"သမီးတော် နှစ်သက်သူ ဖြစ်စေရမည်" ဟု နတ်ရွာစံမင်းကြီး အမှာထားရစ်ခဲ့ကြောင်း သေနာပတိချုပ်လည်း သိထားသည်။ ဘုရင်သစ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော အခြားအရည်အချင်းများ မည်သို့ ရှိမည်ကိုတော့ တိတိကျကျ မသိ သို့သော် သီဝလိဒေဝီမင်းသမီး၏ နှစ်သက်မှုကို ရရှိပါက ကြွင်းသော အရာများမှာ အလိုလို ပြီးပြေသွားပေမည်။

မင်းသမီး၏ နှစ်သက်မှုကို ခံယူရေးသည်သာ ပဓာန။

“မိထိလာမှာ ငါကလွဲပြီး ဘယ်သူ ရှိဦးမှာလဲ.... သီဝလိဒေဝီရဲ့ မေတ္တာကို ခံယူနိုင်ဖို့သာ အခိကပဲ”

သေနာပတိချုပ်သည် မိမိကိုယ်မိမိ အားပေး ကြုံးဝါး လိုက်သည်။

“မိထိလာတစ်ခွင်မှာ ငါဟာ ကာယအား၊ ဉာဏအား၊ ဘောဂအား၊ ဗလသုံးတန်နဲ့ အပြည့်စုံဆုံး ယောကျ်ားကောင်းပဲ၊ ငါ့ကို သီဝလိဒေဝီ ငြင်းဆန်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့်.... မင်းသမီးဟာ ခမည်းတော်အတွက် ပူဆွေးသောက ရောက်နေရချိန် ဆိုတော့ သူ့နှလုံးစိတ်ဝမ်း ညွတ်နူးသာယာအောင် သူ့အလိုကို လိုက်ရမယ်၊ ယောကျ်ားကောင်း ဆိုတာ မိန်းမသားကို ညှာတာထောက်ထားရမယ် မဟုတ်လား”

သေနာပတိချုပ်သည် ညချမ်းအချိန်နှင့် လိုက်ဖက်သော အကောင်းဆုံး အဆင်တန်ဆာများကို အကျအန ဝတ်ဆင်ပြီး နန်းတော်သို့ ထွက်ခဲ့လေသည်။

■ ■ ■





နန်းတော်ဆောင် လျှောင်းတော်ဦး ခန်းမတွင် သီဝလိဒေဝီသည် အခြွေအရံများဖြင့် စံပယ်နေသည်။ မင်းသမီးသည် ခမည်းတော်မင်းကြီး ကျန်းခန့် မမာစဉ်ကတည်းက တောက်ပသော အဝတ်တန်ဆာ ဘရက်ဒွါဒရာတို့ကို စွန့်ပယ်ပြီး မှုန်မှိုင်း၍ ရင့်ကျက်သော အရောင်အသွေးများကိုသာ ဝတ်ဆင်ခဲ့လေရာ ယခုလည်း အဖြူရောင်ဝတ်စုံတွင် မီးခိုးရင့်ရောင် ခြုံလွှာပဝါကိုသာ ဆင်မြန်းထားလေသည်။

အခြယ်အသကင်းသော မျက်နှာပြင်သည် ပကတိအားဖြင့် ပင် ကျက်သရေရှိနေပြီး တင်းတင်း ဖြီးသင် စည်းနှောင်ထားသော နဖူးဆံပင်မှာ ပညာဉာဏ် ပြည့်ဝခြင်း၊ တည်ငြိမ်လေးနက်ခြင်းတို့ကို ဖော်ပြနေသည်။

ကြီးရင့်သော ဂူမြေအောက်တွင်မူ သီဝလိဒေဝီ၏ အလှသည် နနယ်တောက်ပစွာပေါ်ထွက်နေ၏။ အပြစ်မထင်သော အလှနှင့် ရင့်ကျက်သော ဂူမြေတို့ ပေါင်းဆုံနေခြင်းသည်ပင်လျှင် သီဝလိဒေဝီ၏ အရောင်အဝါ ဖြစ်၏။

မိထိလာ၏ သေနာပတိချုပ် လာရောက်မည် ဖြစ်ကြောင်းကို နန်းရင်းဝန်ကြီးက မိမိအား သံတော်ဦး တင်ထားပြီးလေပြီ၊ လျှောင်းတော်ဦး ခန်းမဆောင်၏ တစ်ဘက်တစ်ချက်နံရံတွင် စီခင်းထားသော ခုံများတွင်လည်း နန်းရင်းဝန်ကြီးနှင့် မျူးမတ်အဖွဲ့တို့ နေရာယူထားကြသည်။

သီဝလိဒေဝီသည် သလွန်ထက်တွင် တည်ငြိမ်စွာထိုင်ရင်း မိမိ အကြိမ်များစွာ သုံးသပ်ဆင်ခြင်ခဲ့သော အရာတစ်ခုကိုပင် ပြန်လည်၍ တွေးတောနေ၏။

ထီးနန်း ဆက်ခံမယ့်သူဆိုတာ အလွန် ခက်ခဲလှတဲ့ အရာ ဖြစ်တယ်၊ အမူ အလိုက်ထိုက်ကို မသိ၊ အသမာဓိ မတည်၊ အရည်အသွေး ယောကျ်ားမြတ် လက္ခဏာ မညီသူ ဖြစ်ခဲ့ရင် ငါလည်း မနှစ်မြို့၊ လူတို့လည်း မကြည်ဖြူ၊ ပြည်ထဲရေးလည်း မချမ်းသာ၊ ယခုနဲ့ နောင် သံသရာ ကောင်းကျိုး မထင်၊ ဝန်လေးရုံသာ ရှိတော့မယ်၊ အခြား အရည်အသွေး တွေကို ရှိစေဦး၊ ထီးဖြူနဲ့ ကျက်သရေနဲ့ ထိုက်တန်သူ ဖြစ်ဖို့ဆိုတာ တစ်ခုနဲ့ပဲ ခက်ခဲလှပေတယ်။

"အခု ရောက်ရှိလာမယ့် သေနာပတိချုပ် ဟာ ခမည်းတော် ရှိစဉ်ကတည်းက ရင်းနှီး ကျွမ်းဝင်ခဲ့သူ နန်းတော် တိုင်းပြည်အရေးမှာ ထိတွေ့ ပါဝင်ခဲ့သူ ဖြစ်ပေတယ် ဒါပေမယ့် သူမှာ ယောကျ်ားကောင်း တို့ရဲ့ သမာဓိနဲ့ ညီ မညီဆိုတာကို ငါ ဦးဆုံး စူးစမ်း ရပေမယ်"

ထိုအခိုက်မှာပင် နန်းတော်ဆောင် တံခါးဝမှ သံတော်ဆင့် ၏ အသံဝါကြီး ထွက်ပေါ်လာ၏၊

"သေနာပတိချုပ် စစ်မှူးမင်း ရောက်ရှိ လာ ကြောင်းပါ...ထိပ်ထားဘုရား"

ဟန်သစ်စာပေ



"ယခုပဲ ဝင်ပါစေ"ဟု သီဝလိဒေဝီက အမိန့်ပေးလိုက်၏။

တံခါးဝတွင် တောက်ပ ပြိုးပြက်သော ဝတ်စား တန်ဆာ များဖြင့် သေနာပတိချုပ် ပေါ်လာ၏။ ခရမ်းရောင်ဝတ်ရုံကို ဟန်ပါပါ စွေ့ရင်း နန်းဆောင် လျှောင်းတော်ဦး သလွန်ဆီသို့ ခင်းထားသော ကော်ဇောထိပ်၌ စစ်မှူးမင်းသည် ခြေလှမ်း တုံ့ ရပ်လိုက်သည်။ ပြီးမှ ကော်ဇောကို နှောင်ကွင်းလျက် ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာသည်။

ထိုခြေလှမ်းမှာ မပြေးလာရုံ တစ်မည်သာ ရှိနေကြောင်း သီဝလိဒေဝီ သတိထားလိုက်မိလေသည်။

မိမိရှေ့မှောက်၌ ရင်အုပ်ကိုဖွင့်လျက် မတ်မတ်ခန့်ခန့် ပြုလျက် ခြေကိုခွဲကားလျက် တောင့်တောင့်ကြီး ရပ်နေသော စစ်မှူးမင်း သေနာပတိ၏ အသွင်ကို မြင်ရကတည်းက ဤ ယောကျ်ား၌ အားခွန်ဗလ ရှိကောင်းရှိမည် ဖြစ်သော်လည်း ကိုယ်တွင်း၌ ဉာဏ်ပညာ၏ ခေါင်းပါးခြင်းအဖြစ်ကို သီဝလိ ဒေဝီ ကောင်းစွာ မြင်လိုက်၏။

"စစ်မှူးမင်း၊ ယောကျ်ားကောင်း တစ်ဦး၏ ဖြစ် ကြောင်းကို မြင်ရုံနဲ့ သိရပါပြီ၊ ဒါပေမယ့် အရည် အသွေးကို ကြည့်ပါရစေ၊ ယောကျ်ားတို့ရဲ့ အားခွန် ဗလကို ပြစေချင်ပါတယ်"

ဟန်သစ်စာပေ

သေနာပတိသည် ကျယ်ပြန့်စွာ ပြုံးလိုက်ပြီး....

"အိုး....ကြည့်ချင်တော်မူသပဆိုရင် ပြရမှာပေါ့ ထိပ်ထား၊ ဘယ်လိုပြရမလဲ ဆိုတာသာ မိန့်တော်မူစမ်းပါ"

"ဟောဒီ ကျောင်းတော်ဦး စကြံ့အပြင်မှာ လူးလားခေါက်တုံ့ ပြေးပြနိုင်မယ်ဆိုရင်တော့...."

"အို....ရှုစားတော်မူရစေ့မယ် ထိပ်ထား"

မိမိ၏အချစ်ကို အသိအမှတ်ပြုပြီး အချစ်ကဲစမ်းသည်ဟု နားလည်လိုက်သော သေနာပတိသည် များစွာ နှလုံးခွေ့သွားသည်။ ယောကျ်ားကောင်းဆိုတာ ချစ်သူမိန်းမ အလိုကို လိုက်ရတယ်ဟုလည်း ခံယူရင်း ရှိထားပြီးဖြစ်သည့် အလျောက် သေနာပတိသည် ကျောင်းတော်ဦး စကြံ့အပြင်တွင် လူးလာခေါက်တုံ့ ပြေးလေတော့သည်။ ဟိုဘက်ထိပ် ရောက်သောအခါ သည်ဘက်ထိပ်သို့ ပြန်လှည့်သည်၊ သည်ဘက်ထိပ်မှသည် ဟိုဘက်ထိပ်သို့ ပြေးပြန်သည်။ ပြေးနေရင်းလည်း သီဝလိဒေဝီ၏ မျက်နှာကို စောင်းငဲ့ကြည့်သည်။

"စစ်မှူးမင်း.... ကျွန်ုပ်ဆီကို ပြေးလာခဲ့စမ်းပါ"

"ဖြစ်သပေါ့....ထိပ်ထား"





လူးလာခေါက်တုံ့ ပြေးနေရာမှ မင်းသမီးရှေ့သို့ အပြေးချဉ်းကပ်သွားသည်၊ ထူထဲလေးလံသော ဝတ်စုံသစ်ကို ဝတ်ဆင်ထားသည့်အတွက် သေနာပတိမှာ ချွေးသံတရွှဲရွှဲဖြစ်နေလေသည်။ သို့သော် မျက်နှာကား အပြုံးကြီးပြုံးလျက် ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ရှိနေလေသည်။

သီဝလိဒေဝီကား ကျောင်းတော်ဦးထဲသို့ စတင်ဝင်လာကတည်းက သေနာပတိ၏ အကဲမရသော အမူအသွင်ကို မနှစ်မြို့ရှိခဲ့ရာ ယခုလို ဖိုးရိုးဖားရားအ ဖြစ်ကို မြင်ရသောအခါ အလွန်မှပင် စိတ်ပျက်သွားလေပြီ။

ရွှေတောင်မှာနားလို့ ရွှေကျီးဖြစ်နေတာပဲ။ ငါ့ဖခမည်းတော်က သူကောင်းပြုခဲ့လို့ သင်း စစ်မှူးမင်းသေနာပတိဖြစ်ခဲ့တာ၊ ထီးဖြူနန်းရိပ်ရဲ့ ကျက်သရေကိုဆောင်ဖို့ ဆိုတာတော့ ဝေးလာဝေး။ သမာဓိ ကုန္ဒြေ လုံးဝ ကင်းမဲ့တဲ့ ညံ့ဖျင်းသော ယောကျ်ားပဲ။ သီလဝိဒေဝီသည် စိတ်ထဲမှ ရေရွတ်၍ နောက်တစ်ခု ခိုင်းစေပြန်၏။

"ယောကျ်ားတို့ရဲ့ လျင်မြန်ဖျတ်လတ်ခြင်း အရည်အသွေးကိုတော့ သိရပါပြီ၊ စစ်မှူးမင်း မောလှရော့မယ်၊ မပြေးပါနဲ့တော့၊ ဟောဒီနားမှာ လာထိုင်ပြီး ကျွန်ုပ်ရဲ့ခြေကို ဆုပ်ပေးပါလား"

သေနာပတိ၏ မျက်လုံးများသည် အရောင် တောက်သွား၏။ မင်းသမီးသည် မိမိအား တစ်ခါတည်းနှင့်ပင် နီးစပ်မှုကို

ဖန်တီးပေးပြီဟု နားလည်လိုက်ကာ ခြေရင်းတွင် ဝင်ထိုင်သည်။ ထို့နောက် သီဝလိဒေဝီ၏ ခြေဖမိုးဘက်သို့ ဆုပ်နယ်ပေးလေသည်။ ခြေဘောက်ကို ဆုပ်နယ်ရင်းဖြင့်လည်း သီဝလိဒေဝီ၏ မျက်နှာကို တပ်မက်သောအကြည့်များဖြင့် ကြည့်နေသည်။

သီဝလိဒေဝီကား.... သေနာပတိအပေါ်၌ လုံးဝ စက်ဆုပ်သွားပေပြီ။

"သူယုတ်မာပဲ၊ ကျောင်းတော်ဦးမှာ ဟိုမှ သည်မှ ပြေးခိုင်းတယ်၊ ငါ့ဆီကို ပြေးလာခဲ့စမ်းပါလို့ ခိုင်းတယ်၊ ငါခိုင်းသမျှ သူလုပ်တယ်၊ အခုလဲ ခြေကို ဆုပ်ပေးစမ်းလို့ ခိုင်းတာကို မရှက်မကြောက် ယောက်ျားသိက္ခာမဲ့စွာ အာသာငန်းငန်း လုပ်နေပြန်တယ်၊ အလိုစမ်းလို့ စမ်းမှန်းမသိ၊ ချစ်ကြိုက်နိုးနှား အထင်မှားနေပြန်ပြီ၊ သည်ယောက်ျားယုတ်ကို ဘယ်လိုနည်းနဲ့ နှင်ထုတ်ရမလဲ"

ဖြည်းညင်းသက်သာစွာ ပြောဆို၍ ရမည်မဟုတ်ကြောင်း သီဝလိဒေဝီ နားလည်သည်။ အဆောင်တွင်း၌ မောင်းမရံ ရွေ မိန်းမသူငယ်များသာ ရှိနေသည်။ အသာအယာနှင်၍ လက်ခံမည်မဟုတ်။ သူ့အကြိုက်သို့ လိုက်ပါနေပြီဟု သေနာပတိသည် လွဲမှားစွာယူဆနေပြီဖြစ်၏။ အချိန်ကလည်း ညဉ့်ဦးယံ





သို့ ချဉ်းနင်းလာပြီ ဖြစ်၏။ ဝေါက်ငမ်းပြောဆို၍ နှင်ချပြန်လျှင်လည်း ဘယ်လောက်ပင် ပြောပြော စစ်သူကြီးသည် နားလိမ့်မည်မဟုတ်၊ ချစ်ကြိုက်တပ်မက်ခြင်း ရမ္မက်တို့ဖြင့် ဖုံးလွှမ်းနေသော သူ၏နားဝ၌ ဝေါက်ငမ်းစကားတို့သည် ခါးစပ်ထိမှန်မည်မဟုတ်။

အခြွေအရံ မောင်းမများကလည်း မိမိတို့ သခင်မ ဘာလုပ်မည်နည်းဟု အကဲခတ်နေကြသည်။ တစ်ခါမျှ မကြုံဖူးသော အခြင်းအရာဖြစ်သည့်အတွက် မောင်းမတို့သည်သခင်မ၏ စိတ်အမှန်ကို သိကြမည်မဟုတ်။ စစ်သူကြီးအပေါ် မိမိတိမ်းညွှတ်နေပြီဟု သူတို့ သဘောပေါက် လွဲသွားနိုင်သည်။ ထို့ကြောင့် အခြွေအရံ မောင်းမများလည်း ထင်ရှားစွာ သိစေရန် သီဝလိဒေဝီသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

သီဝလိဒေဝီ၏ ခြေဘောက်သည် ဆတ်ခနဲ လှုပ်ရှားသွား၏။

ခြေဖျားတို့ထိခတ်ရာ နေရာကား သေနာပတိ၏ ရင်ဘတ်ပင် ဖြစ်လေသည်။ အမှတ်တမဲ့ ဖြစ်သောကြောင့် သတိလက်လွှတ်ဖြင့် ငေးမောနစ်မျောနေသော သေနာပတိသည် ခြေရင်းမှာပင် ပက်လက်လန်၍ လဲကျသွားတော့သည်။ အံ့သြတုန်လှုပ်စွာဖြင့် သေနာပတိသည် ပက်လက်လဲနေရာမှ သီဝလိဒေဝီကို ငေးကြောင်ကြောင်ကြည့်နေစဉ်မှာပင် မင်းသမီးသည် စူးရှစွာ ပြောလိုက်၏။

"ဒီယောကျ်ားရှူးကို နာနာလေးရိုက်၊ လည်ကို ကိုင်ငင်ပြီး နန်းတော်ကနေ ချလိုက်ကြစမ်း"

ဤမျှသာ အမိန့်ပေးပြီး သီဝလီဒေဝီသည် မည်သူ့ကိုမျှ လှည့်မကြည့်တော့ဘဲ ကျက်သရေတိုက်ထဲသို့ ဝင်သွားလေသည်။ သခင်မ၏ အမိန့်တော်ကို နာခံရင်းမှတစ်ပါး အခြားဘာကိုမျှ ဂရုမထားတတ်သော မောင်းမများကလည်း ဖရိုဖရဲ ဖြစ်နေသော သေနာပတိကို မောင်းနှင်ချလိုက်လေသည်။

"ဘယ့်နှဲ့လဲ....စစ်မှူးမင်းကြီး"

နန်းတော်အပြင်မှ စောင့်နေကြသည့် မှူးမတ် စစ်သည်များကား သေနာပတိကို ဆီးကြိုမေးကြသည်။ သေနာပတိသည် မျက်နှာ မသာမယာဖြင့် တိုးတိမ်အက်ကွဲစွာ တစ်ခွန်းတည်း ဖြေလျက် စံအိမ်ဆီသို့ ပြန်သွားလေသည်။

"သင်တို့ မင်းသမီးကို လူမိန်းမမှတ်လို့ သွားမိပါတယ်၊ လူမှမဟုတ်ဘဲ....ဘီလူးမနဲ့ တွေ့ခဲ့ရတယ်၊ ဒါပဲ ပြောပါရစေတော့"

■ ■ ■





"သေနာပတိဟာ၊ စစ်ရေးဗျူဟာ စစ်ပရိယာယ်မှာပဲ ကျွမ်းကျင်ရှာတာကလား၊ မင်းတရား ရှိစဉ်ကတည်းက ခမျာမှာ စစ်သည်ရဲမက်တွေ အကြားမှာ တပ်တော်ထဲမှာသာ တစ်ချိန်လုံး ကျင်လည် လှုပ်ရှားခဲ့ရတယ်၊ မိန်းမသားတို့ ကိစ္စနဲ့ ချစ်ရေးကြိုက်ရေးမှာ ဘယ် နှံ့စပ်ကျွမ်းကျင်မတုံး"

အမြင်မှန်ကို မသိကြသော မှူးမတ်များက မှတ်ချက်ချကြသည်။

"ဟုတ်တာပ....ဒါမျိုးဆိုတာက လူမှု လောကီရေးရာ၊ အင်း–ပေါင်းသင်း ဆက်ဆံရေးမှာ ကျွမ်းဝင်လိမ္မာပြီးသား ပုဂ္ဂိုလ်မျိုးမှ ဖြစ်မှာ"

"ဒါနဲ့ မပြီးသေးဘူးလေ၊ သီဝလီဒေဝီ ထိပ်ထားနဲ့လဲ နီးစပ်မှု ရှိထားဦးမှ၊ ရွှေနန်းတော်ထဲကပဲ ရှာကြရမှာပေါ့"

"ဒါဆို ဘယ်သူ ရှိနိုင်မလဲ၊ လူစွမ်းလူစလဲရှိရမယ်၊ ထိပ်ထားနဲ့လဲ နီးစပ်မှု ရှိရမယ်၊ လူမှုဆက်ဆံရေးမှာလဲ လိမ္မာရမယ်၊ အရေးက ငယ်တာ မဟုတ်ဘူးနော်၊ ထိပ်ထားဒေဝီနဲ့ လက်ထပ်ပြီး မိထိလာ ထီးနန်းကို သိမ်းပိုက်မယ့် မင်းလျာကို ရွေးချယ်ရမယ့်အရေး"

မှူးမတ်များသည် အကြိတ်အနယ် ဆွေးနွေး တိုင်ပင်လျက် တစ်ယောက်သူကို ရွေးချယ်လိုက်ကြ၏။

"ကျုပ်ရဲ့ စိတ်ကူးဆန္ဒတွေဟာ အမြဲတမ်း မှန်ခဲ့တယ်၊ ဒီတစ်ခါ ကျုပ်ဘဝမှာ ပထမဆုံး မှားယွင်းလွဲချော်ခြင်းပဲ"

မှူးမတ်များလည်း တစ်ယောက် မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်ရင်း ညည်းတွားလိုက်ကြ၏၊

"ဥစ္စာစီးပွား တိုးတက်ရာ တိုးတက်ကြောင်းကိုသာ လုပ်တတ်တဲ့သူပဲ၊ ကိုယ့်ကိုယ်ကို ကြီးပွားအောင်တော့ လုပ်ဘတ်ဟန် မတူပါဘူး"

ဤသို့ဖြင့်ပင် တစ်ယောက်ပြီးတစ်ယောက် ရွေးချယ် စေလွှတ်ခဲ့ကြပြန်သည်။ မင်းကြီးရှိစဉ်က ထီးတော်မိုးအမတ်ဖြစ်ခဲ့သူ၊ ခေါ်း သန်လျက်စွဲအမတ်ဖြစ်ခဲ့သူများကို စေလွှတ်ကြသည်။ သို့သော် ထီးတော်မိုးက "ကျုပ်အရှက်ကို ခင်ဗျားတို့ တမင်ခွဲတာပဲ" ဟူ၍ လည်းကောင်း၊ ခေါ်း သန်လျက်စွဲအမတ်ကလည်း "ခေါ်း သန်လျက်ထက်ပိုပြီး ထက်ရှတဲ့ မိန်းမပါပဲ" ဟူ၍ လည်းကောင်း ပြောသွားကြလေသည်။

နန်းရင်းဝန်ကြီးနှင့် မှူးမတ်တို့လည်း စည်းဝေးတိုင်ပင်ကြရပြန်၏။

"သေနာပတိ၊ ရွှေတိုက်ဝန်၊ သူဌေးကြီး၊ ထီးတော်မိုးအမတ်၊ ခေါ်းသန်လျက်စွဲအမတ် ငါးယောက်ရှိပြီ၊ အားလုံး ရှုံးနိမ့်ဆုတ်ပြန်ခဲ့ကြတယ်၊ သူတို့တစ်





တွေ့ထက်ပိုပြီး ရွှေနန်းတော်နဲ့ ရင်းနှီးကျွမ်းဝင်သူဆိုလို့လဲ မရှိတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"နတ်ရွာစံ မင်းတရားကြီး အမှာတော်ထားသွားတာက အင်္ဂါလေးရပ်၊ ပလ္လင်ရဲ့ ခေါင်းရင်းကို သိသူတဲ့၊ ဗိုလ်တစ်ထောင်တင် လေးကို တစ်ဦးတည်းနဲ့စွမ်းနိုင်သူတဲ့၊ ရွှေအိုးကြီးများနေရာကို ဖော်ထုတ်နိုင်သူတဲ့၊ သမီးတော် နှစ်သက်လက်ခံသူတဲ့၊ ကိုင်း....ဟို အင်္ဂါသုံးရပ်ကို အသာထားဦး၊ သမီးတော် နှစ်သက်လက်ခံနိုင်သူဆိုတဲ့ အချက်မှာတင်ပဲ ကျုပ်တို့လူတွေ တစ်ယောက်ပြီး တစ်ယောက် ဆုတ်ပြန် လန်ကျခဲ့ကြတယ်"

"အုပ်ချုပ်စိုးစံတဲ့ဘုရင် မရှိဘဲနဲ့တော့ ထီးနန်းဟာ အန္တရာယ်ကြီးလှတယ်၊ မှူးမတ်တွေနဲ့ချည်းစောင့်ရှောက်ထိန်းသိမ်းဖို့ဆိုတာ ခဲယဉ်းလှတယ်၊ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ကိုင်း....ဘယ်လိုလုပ်ကြမလဲ"

"နောက်ထပ် ဘုန်းကံရှင်ရွေးပြီး ထိပ်ထားဆီလွှတ်ကြဦးစို့လေ"

"မဖြစ်နိုင်တာကို မပြောနဲ့တော့၊ သမီးတော် သီဝလိဒေဝီကို ဘယ်ယောကျ်ားသား မိထိလာသားပဲဖြစ်ဖြစ် နဂိုကတည်းက လေးစားခန့်ညားပြီးသား ဖြစ်

နေတယ်။ ဒီအထဲမှာ အင်း-ထိပ်ထားရဲ့ အလှကျက်သရေကို နှစ်မျှောသွားကြဦးမှာ ဆိုတော့....ဘယ်သကောင့်သားမှ တောင့်ခံနိုင်မှာမဟုတ်ဘူး"

"ဒါဖြင့် မင်းတရားအမှာတော်အမိန့်ကို ကျုပ်တို့အားလုံးက ကျောခိုင်း မျက်ကွယ် လုပ်လိုက်ရတော့မှာလား"

"ဒီလိုလုပ်လို့လဲ မရဘူးပေါ့၊ ပြည့်ရှင်မင်းမရှိလို့ မဖြစ်ဘူးလေ"

"အင်း....ကျုပ်တို့ ရွေးချယ်လို့တော့ မဖြစ်နိုင်တော့ဘူး"

"ကျုပ်တို့ မရွေးချယ်ရင် ဘယ်သူက ရွေးချယ်ရမှာလဲ"

"ထိုက်ရာကံအကြောင်းနဲ့ပဲ ရွေးချယ်ရတော့မှာပ"

ဤစကားပြောလိုက်သူမှာ ပုရောဟိတ်ကြီး ဖြစ်လေသည်။

"ထိုက်ရာကံနဲ့ ဟုတ်လား"

ပုရောဟိတ်ကြီးကို မှူးမတ်များအားလုံးက ဝိုင်းကြည့်လိုက်ကြသည်၊

"ဟုတ်တယ်လေ .... ဖုဿရထားကို လွှတ်ရတော့မယ်၊ ဖုဿရထားနဲ့ ရအပ်တဲ့ဘုန်းကံရှင်ဟာ မိထိလာ





မဆိုထားနဲ့၊ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကိုတောင် အစိုးရ,တော်မူနိုင်မယ်၊ အားလုံး နှစ်ခြိုက် အကြိုက်ညီကြတယ် ဆိုရင် ဖုဿရထားကို စီမံကြရုံပဲ"

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် နန်းရင်းဝန်ကြီးက စတင်၍ ပြောလိုက်၏။

"အကောင်းဆုံး နည်းလမ်းပါပဲ၊ ဖုဿရထားကို စီမံကြပါစို့"

■ ■ ■

မြင်းလေးစီးကို ကကြိုး တန်ဆာအပြည့် ဆင်ယင်ထားသည်။ ရထား၏အတွင်း မင်းနေရာအခင်းထက်၌ သားမြီးယပ်၊ မကိုဋ်သင်းကျစ်၊ သန်လျက်၊ ခြေနင်း၊ ထီးဟူသော မင်းမြောက်တန်ဆာ ငါးပါးကို အသင့်တင်ထားသည်။

ရထား၏ ဝဲ,ယာ၌ ဆင်၊ မြင်း၊ ရထား၊ ခြေလျင်၊ စစ်အင်္ဂါလေးပါးတို့ကို ဝန်းရံစေသည်။ မုရိုးစည်၊ မြောက်စည်၊ နှဲ၊ ခရာ စသော တူရိယာတို့ကိုကား တီးမှုတ်မည့် သူများက အသင့် ကိုင်စွဲထားကြရသည်။ ထိုက်တန်၍ ဘုန်းကံရှင်တွေ့မှ တီးမှုတ်ရမည်ဖြစ်၍ တစ်ချက်တစ်လေမှ အသံ မထွက်ရအောင် ဂရုပြုကြရသည်။

ပုရောဟိတ်ကြီးက ရွှေကရားဖြင့် ရထား၏ ဘီးများ အစွန်းအမြိတ်များ၊ အဖွဲ့အစပ်များပါ မကြွင်းကျန်ရအောင် ရထားဦး၊ ရထားပဲ့၊ ရွှေနှင်တံမှအစ ရေစင် သွန်းဖျန်းလိုက်သည်။ ထို့နောက် ဖုဿရထားကို အဘိသေက သွန်းမြောက်၍ ပုရောဟိတ်ကြီးနှင့်တကွ မှူးမတ်များအားလုံး တညီတညာတည်း ရွတ်ဆိုဓိဋ္ဌာန်ကြသည်။

“ဤပြည် ဤနန်း ဤကြငှန်းစည်းစိမ်ကို ခံထိုက်သော ဘုန်းတန်းအရှင်သည် အကြင်အရပ်၌ ရှိအံ့၊ ထိုမင်းလောင်းရှိရာသို့ ဤမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အဘိသေကကို ခံယူအပ်ပြီးသော ဖုဿရထားသည် သွားရောက် ဆိုက်ရပ်ပါစေသတည်း”

ဖုဿရထား၌ က,ထားသော မြင်း လေးစီးတို့သည် ခွာ တချပ်ချပ် နှာတမှုတ်မှုတ် ဖြစ်လာကြသည်၊ လည်ကိုစွင့်၊ ဦးခေါင်းကို ဝင့်လျက် လည်ဆံများလည်း ထွေးထွေးအိအိ လှုပ်ရှားလာကြသည်။ ထို့နောက် ဇက်ကြိုး နှင်တံ ကြာပွတ်ကို ကိုင်ဆောင်၍ တက်ရောက်မောင်းနှင်သူ မရှိသော်ငြားလည်း မဟာဇနက၏ဘုရားအလောင်းတို့ တန်ခိုးအာနုဘော်အားဖြင့် လည်းကောင်း၊ ဖုဿရထား၏ ပကတိသော အာနိသင်ကြောင့် လည်းကောင်း မမြင်ရသော တန်ခိုးရှင် တစ်ပါးပါးက တက်ရောက် မောင်းနှင်လိုက်သည့် အလား မြင်း လေးစီးတို့သည် လေးဘက်ကျ အသားညီ ခြေချ ခုန်ပေါက်လျက် ရထားကို





ဆွဲသွားကြလေသည်၊ ဖုဿရထား၏ ဘီးနှစ်ဖက်တို့လည်း လေအဝှေ့တွင် လည်ပတ်သော စကြာပန်းနှယ် လှပစွာ စတင် ရွေ့လျားလာကြသည်။

“ဖုဿရထား ဟာ ဘုန်းရှင် ကံရှင်၊ မင်းကောင်း ရှိရာကို ရှေးရှုထွက်ခွာပြီ၊ ဆိုင်ရာ အမှုတော်ထမ်းတို့ ကိုယ့်အစုနဲ့ကိုယ် နောက်ကနေထက်ကြပ်မကွာလိုက်ခဲ့ ကြပေရော့”

ပုရောဟိတ်ကြီးသည် ထီးဖြူကိုင်အစု၊ မင်းမြောက်တန်ဆာ ကိုင်အစု၊ မှူးမတ်ဗိုလ်ပါအစုများကိုနှိုးဆော်ရင်း မိမိကိုယ်တိုင် ကလည်း ဖုဿရထား၏ အမြီးစွန်းနှင့် မလှမ်းမကမ်းမှ လိုက်ပါခဲ့လေသည်၊

ဦးစွာ ရထားသည် နန်းတော်ကို လက်ျာရစ် လှည့်၏။ ထို့နောက် မင်းလမ်းမသို့တက်၍ မြို့ကို လက်ျာရစ် လှည့်ပြန်သည်။ လက်ျာရစ်လှည့်ရာ မင်းလမ်းမတစ်လျှောက်တွင် အိမ်ကြီး အိမ်ကောင်းများ ရှိနေကြလေရာ ထိပ်ဘက် အကျဆုံးအိမ်မှာ သေနာပတိချုပ် စစ်သူကြီး၏ အိမ်ဖြစ်လေသည်။

စစ်သူကြီးသည် ဖုဿရထားကို မှူးမတ်တို့ စီရင်၍ လွှတ်လိုက်ပြီဖြစ်ကြောင်း သိထားနှင့်၏၊ စံအိမ် လေသာဆောင်မှ နေ၍ အဝေးသို့ လှမ်းကြည့်လိုက်သောအခါ မင်းလမ်းမ အတိုင်း တရွေ့ရွေ့လာနေသော ဖုဿရထားကို မြင်ရလေသည်။

စစ်သူကြီးသည် ဝရန်တာ လက်ရန်းကို တင်းတင်းကြီး ဆုပ်ကိုင်မိလိုက်၏။ ဖုဿရထား ရှေ့ရှုလာနေသည့်ကား မိမိ၏ စံအိမ်ဆီသို့ ပါတကား။ ဟင်း—သိဝလိဒေဝီက မကြည်ဖြူပေမယ့် ဖုဿရထားကတော့ ငါ့စံအိမ်ဆီကိုမှ တည့်တည့်ကြီး လာနေပြီကော။ သက်ရှိ လူမိန်းမက ငါ့ဘုန်းတန်ခိုးကို မသိသို့စေ်ကား မေ်ကား လုပ်လွှတ်လိုက်ပေမယ့် ဖုဿရထားကတော့ ငါ့ကို ရွေးခြယ်ဖို့ လာနေပြီ။ "ဟင်း–ဟင်း" စစ်သူကြီးသည် အိမ်ဦးလေသာမှနေ၍ တရွေ့ရွေ့ နီးကပ်လာနေသော ရထားကို မျှော်ကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေ၏။ သို့သော် ချက်ချင်းလိုပင် သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားပြန်သည်။ ဖုဿရထားသည် မင်းလမ်းမအတိုင်း ရွေ့လျား လာနေသည်ဖြစ်၍ လမ်းကြောင်းအရ မိမိ၏ စံအိမ်ဆီသို့ ဦးတည်နေဟန် ရှိသော်လည်း မြင်းလေးစီးတို့၏ လှုပ်ရှားမှုမှာ တစ်နေရာရာတွင် ရပ်တန့်တော့မည့် ခြေချပုံမျိုး မဟုတ်။ စစ်သူကြီး တစ်ယောက်အနေဖြင့် မြင်းတွေ၏ ခြေ အနုတ်အသိမ်းနှင့် အရှိန်အဟုန်ကိုတော့ သူကျွမ်းကျင်သည်။ မြင်းတို့၏ ခွာအကျ ခြေအချမှာ ဝေးလံလှစွာသော တစ်နေရာရာသို့ ဦးတည် ပြေးလွှားနေပုံမျိုး။ မိမိစံအိမ်ရှေ့ ရပ်မည်





ဆိုလျှင် ဤသို့မဟုတ်။ အရှိန်လျှော့ရမည်၊ လေးဘက်အသားကျ အနုတ်အသိမ်း လေးသွားရမည်။

ဖုဿရထား နီးလာသည်နှင့်အမျှ စစ်သူကြီး၏ မျှော်လင့်ချက်မှာ လျော့ပါး ဆုတ်ယုတ်လာ၏။

"ငါ့ အိမ်ရှေ့မှာ ရထားရပ်ပါစေ၊ ရထား ရပ်ပါစေ၊ ငါဟာ ဘုန်းရှိတဲ့ ယောကျ်ားပဲ မဟုတ်လား၊ ဖုဿရထား ရပ်မှာပါ၊ အင်း–ရပ်ပါစေ"

ဖုဿရထားသည် စစ်သူကြီးအိမ်ကို လွန်သွားလေသည်၊ စစ်သူကြီးသည် မိမိလေသာဆောင်၌ ထွက်ရပ်၍ စောင့်နေသည်ကို ရထားနောက်မှ ပါလာသော အမှုတော်ထမ်း အစုများ တွေ့သွားမည်စိုးသဖြင့် နောက်သို့ ယို့၍ ဆုတ်လိုက်၏။ မည်သူ တစ်ဦးတစ်ယောက်မျှ သူ၏ လေသာဆောင်သို့ မော့်၍ ကြည့်ကြသည်လည်း မဟုတ်။

"သေချာသွားပါပြီ၊ ဟူး–မင်းသမီးကလဲ မနှစ်မြို့၊ ရထားကလဲ မရပ်၊ စိတ်ဒိုးဒိုးချလိုက်တာပဲ အေးပါတယ်လေ"

■ ■ ■

ရထားကား အစဉ်အတိုင်းပင် တရိပ်ရိပ် တရွေ့ရွေ့။

မင်းလမ်းမအတိုင်း လက်ျာရစ်လှည့်ရာ လမ်းတစ်လျှောက်တွင် အခြားသော အိမ်ကြီး အိမ်ကောင်းများလည်း ရှိနေကြသည်။

ရွှေတိုက်ဝန်၊ သေဌေးကြီး၊ ထီးတော်မိုး၊ ရွှေစားမှူးတို့၏ စံအိမ်များကိုလည်း ဖုသာရထားသည် ဖြတ်သန်းလွန်မြောက်ခဲ့၏။ သူတို့တစ်တွေလည်း စစ်သူကြီးကဲ့သို့ပင် မိမိတို့ စံအိမ်ရှေ့တွင် ဖုသာရထား ရပ်လေမည်လားဟု မဝံ့မရဲ မျှော်လင့် ဆုတောင်းကြသေးသည်ပင်။

သို့သော် စံအိမ်များ အားလုံးနှင့် ဈေးရုံတော်တို့ကို လွန်လျက် ဖုသာရထားသည် မြို့အရှေ့တံခါးမှ ထွက်သွားလေသည်။ အစဉ်တစိုက် လိုက်ပါကြရသော အမှုတော်ထမ်း အစုတို့လည်း မြို့တံခါးကို ဖြတ်အပြီးတွင် ပို၍ အရှိန်မြန်လာသော ရထားနောက် ထက်ကြပ်လိုက်ကြရသည်၊

ပုရောဟိတ်ကြီးကမူ စိတ်ထဲမှ ရေရွတ်လိုက်၏။

"ဘုန်းရှင် ကံရှင် မင်းလောင်းက မြို့ပြင်မှာ ရှိနေပြီ၊ ဖုသာရထားက တကယ်ပဲ ထိုက်တန်ရာ ယောကျ်ားကောင်း တစ်ယောက်ဆီကို ဦးတည်သွားနေပေါ့"

မှူးမတ်အချို့ကား ဖုသာရထား၏ အာနိသင် နှင့် မင်းလောင်း၏ ဘုန်းတန်ခိုးတို့ ဆက်သွယ်နေမှုကို မသိကြသဖြင့် ငြီးလှ ကျဲကျဲ လိုက်ပါကြရင်း မေဟိုက်သဖြင့် ပြောကြလေသည်။





"ဆရာ ပုရောဟိတ်၊ ဖုသာရထားဟာ မြို့ပြင်ကို ထွက်နေပြီကော၊ အသွားလဲ ပိုမြန်လာတယ်၊ ရထားကို နန်းမြို့တွင်း ပြန်လှည့်ဖို့ စေရရင် မကောင်းဘူးလား"

ပုရောဟိတ်ကြီးကမူ လှည့်၍ပင် မကြည့်၊ ဖုသာရထား၏ အမြီးစွန်းကိုသာ မျက်ခြည်မပြတ်အောင် လှမ်းကြည့်ရင်းပြောလိုက်၏။

"ဘာကြောင့် ပြန် လှည့် စေ ရ မှာလဲ၊ ယူဇနာ တစ်ရာပဲ သွားသွား သွားပစေ၊ ဖုသာရထားဟာ သွားသင့်တဲ့ နေရာဆီကို သွားနေတာ၊ ရပ်သင့်တဲ့ နေရာမှာ ရပ်ဖို့ သွားနေတာ၊ ရထား အရှိန်မြန်လာရင် သင်တို့လဲ အပြေးလိုက်ကြ"

ဖုသာရထားသည် မြို့ပြင်သို့ ထွက်ခဲ့ပြီးနောက် ဥယျာဉ်ထဲသို့ ဝင်သွားပြန်သည်။ မြင်းလေးစီးမှာ အစာရေစာ ပေါများလှသော စားကျက်ကွင်းကြီး တစ်ခုကို အနံ့ရသကဲ့သို့ ပို၍ လန်းဆန်း တက်ကြွလာကြသည်၊ တစ်စုံတစ်ရာသော ပျော်မွေ့ဖွယ်ကို တွေ့ခဲတော့မည့်အလား မြူးထူးစွာ ဟီကြသည်။ ရထားသည်လည်း ဥယျာဉ်အတွင်း ရေကန် ပတ်လမ်းများ အတိုင်း တရိပ်ရိပ် တရွေ့ရွေ့။

နောက်ဆုံး ၌ ဖုသာရထား သည် ဥယျာဉ်၏ အတွင်း တစ်နေရာ လှပသော ပန်းရုံတို့၏ ဘေး၊ စိမ်းမြသော ရေကန်

ကြီး၏ အနီး၊ အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီး တစ်ပင်အောက် အရောက်တွင် တစ်ယောက်ယောက်က ဇက် တုံ့လိုက်သည့်နှယ် ရပ်သွားလေသည်။

"ဟော - ရထား ရပ်ပြီ၊ ဟောဟို သစ်ပင်ကြီး အောက်မှာ အမြန်လိုက်ကြ"

"အဲဒီနေရာမှာ ကျောက်ဖျာကြီးတစ်ချပ်ရှိတယ်"

"ရထားဟာ ကျောက်ဖျာဘေးမှာ ရပ်သွားပြီ"

"ဒါဖြင့် ကျောက်ဖျာအနီးတစ်ဝိုက်ကို သေသေ ချာချာ ကြည့်ကြစမ်း"

"တိတ်တိတ်နေကြပါ၊ စကားမပြောပါနဲ့"

အားလုံး တိတ်ဆိတ်စွာဖြင့် ကျောက်ဖျာကြီးဆီသို့ ချဉ်း ကပ်လာကြသည်၊ ပုရောဟိတ်ကြီး၏မျက်နှာမှာ အထူးသဖြင့် အားရနှစ်သက်သော အသွင်ကိုဆောင်နေ၏။

မင်္ဂလာကျောက်ဖျာ အပြင်ပေါ်တွင်ကား လက်ျာနံ ကောင်းဖြင့် ဆက်နေသော သဏ္ဌာန်တစ်ခု၊ မည်သူ မည်ဝါ မှန်း မျှးမတ်ဗိုလ်ပါ မသိနိုင်ကြ၊ ဦးခေါင်းခြုံထားသောသူ လဲလျောင်းအိပ်စက်နေဟန် သဏ္ဌာန်ကား လုံးဝ လှုပ်ရှားမှု မရှိချေ၊

ပုရောဟိတ်ကြီးသည် အနီးရှိလူများ ကြားနိုင်ရုံမျှသော အသံဖြင့် ပြောလိုက်လေသည်၊





"ကျောက်ဖျာထက်မှာ တစ်ယောက်သူဟာ အိပ် ပျော်နေတယ်၊ ဖုဿရထားဟာ ဒီနေရာမှာ အဒေသ အချာ ဆိုက်ရပ်တာကတော့ ထင်ရှားနေတယ်၊ ကျောက်ဖျာပေါ်မှာ ပုဂ္ဂိုလ်ဟာ ထီးဖြူနန်းကနက် ကျက်သရေကိုဆောင်နိုင်သူ ဟုတ် မဟုတ်၊ဘုန်းသမ္ဘာ ရှင် ဟုတ် မဟုတ်ကို ကျွန်ုပ်သိအောင်လုပ်ရမယ်"

ပုရောဟိတ်ကြီးသည် လက်ကို ဝှေ့ယမ်းလျက် တူရိယာ အမှုတော်ထမ်းအစုကို နေရာယူရန် အချက်ပြလိုက်၏၊

"ထက်စည်၊ မြှောက်စည်၊ မုရိုးစည် စတဲ့ တူရိ ယာ အတီးအမှုတ် အမျိုးမျိုးတို့ကို တစ်ပြိုင်တည်း တီးမှုတ်ကြ၊ ကျောက်ဖျာထက်မှာ အိပ်စက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘုန်းရှိသူမှန်ရင် မလှုပ်မချောက် ပကတိ ရှိနေပြီး ဦးခေါင်းခြုံကို ဖွင့်လို့တောင်ကြည့်မှာမဟုတ် ဘူး၊ ဘုန်းမဲ့သူဆိုရင်တော့ ဒီတီးမှုတ်သံတွေနဲ့ အလန့် တကြား ထကြည့်မှာပဲ၊ ကဲ...."

လက်ဝါးဖြင့်၊ လက်သီးဆုပ်ဖြင့်၊ ပစ္စည်းကိရိယာဖြင့် ပုတ် ခတ်ရိုက်တီးရသော စည်မျိုးစုံတို့၏ အသံများသည် တစ်ခဲ နက် ပေါ်လာလေသည်။ မဟာသမုဒ္ဒရာမှ ဇလမုံခဝဲကြီးလျှံ ကျဘိသကဲ့သို့ ဥယျာဉ်အလုံး သိမ့်သိမ့်ညံ့ ဖိန့်ဖိန့်တုန် ထိန့် ထိန့်၍ ဆူပွက်သွားသော အသံများ။

၉

ဦးခေါင်းခြုံနေရာမှ အနည်းငယ် လူးလွန့်လာသည်ကိုတွေ့လိုက်ကြရ၏။

ထို့နောက် ခြုံထားသော ပုဆိုးပဝါသည် မျက်နှာနေရာတွင် အနည်းငယ်လှပ်သွားပြီး စဉ်းငယ်မျှ ဖွင့်ကြည့်လိုက်သည်ကိုလည်း တွေ့ကြရသည်။ ဖွင့်လှပ်လိုက်သော နေရာတွင် ကျက်သရေရှိသော ယောကျ်ားကောင်းတို့၏ အရည်အရောင်များဖြင့် ပြည့်လျှမ်းနေသော မျက်နှာတစ်ခု ပေါ်လာလေသည်။

မဟာဇနကသည် ဦးခေါင်းခြုံကိုလှပ်၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ဝိုင်းအုံနေသော မှူးမတ်ဗိုလ်ပါအထုကို တွေ့လိုက်ရ၏။ ထက်စည်၊ မြောက်စည်၊ မုရိုးစည်တို့၏ တီးမှုတ်သံများကလည်း သိမ့်သိမ့်ညံနေသည်။

"ထီးဖြူအပ်နှင်းရန်အတွက် သူတို့ ငါ့ထံ လာရောက်ကြပြီ"

ဤအတွေးက မဟာဇနက၏ အသိထဲသို့ ချက်ချင်းရောက်၏။ ကျောက်ဖျာအစပ်တွင် ရှိနေသော ဖုသာရထားသည် မိမိ၏ အတွေးကို ပို၍ ထင်ရှား မှန်ကန်စေလေသည်။

ဤမျှသာ သိမှတ်လိုက်ပြီးနောက် မဟာဇနကသည် ဦးခေါင်းခြုံကို ပြန်၍ မြဲမြံစကာ လကျ်ာနံတောင်းမှသည် လက်ဝဲနံတောင်းသို့ ပြောင်းလဲ လျောင်းစက်လိုက်လေသည်။





ဤတွင် ပုရောဟိတ်ပုဏ္ဏားကြီး၏မျက်လုံးများမှာ အရောင်တောက်သွား၏။ ပုရောဟိတ်ကြီးသည် ရပ်ကြည့်ရာမှ ကျောက်ဖျာအနီး တိုးချဉ်းကာ မဟာဇနက လျောင်းစက်ရာခြေရင်းတွင် ထိုင်ချလိုက်လေသည်၊ ထို့နောက် ပုဆိုးကို အသာအယာ လှပ်ကာ ခြေဖဝါးပြင်ကို စူးစူးစိုက်စိုက် ကြည့်ရှုစစ်ဆေးတော့သည်။

"ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာကောင်းနဲ့ ပြည့်စုံနေတယ်၊ ဒီယောကျ်ားမြတ်ဟာ ဇမ္ဗူဒိပ်ကျွန်းကိုထားဘိဦး၊ ကျွန်းငယ် နှစ်ထောင်နှင့်တကွသော လေးကျွန်းလုံးကိုပင် သိမ်းယူပြီး မင်းပြုမယ်ဆိုက ပြုထိုက်ပြုနိုင်သူပေပဲ"

ပုရောဟိတ်ကြီးသည် စိတ်ထဲတွင်သာ ဝမ်းသာအားရကျူးရင့်လိုက်ပြီး မိမိ၏ ကျေနပ်အားရမှုကို မျက်နှာ၌မပေါ်လွင်အောင် ထိန်းသိမ်းလိုက်၏။

"စည်တွေကို တိုးပြီးရိုက်တီးကြစမ်း၊ သည့်ထက် ဆူညံ ကျယ်လောင် မြည်ဟည်းအောင် တီးမှုတ်ကြစမ်း"

သောင်းသောင်းညံ စည်သံများကြားတွင် မဟာဇနကသည် မျက်နှာကိုဖွင့်လျက် လက်ဝဲနံတောင်းမှ လကျ်ာနံတောင်းသို့ ပြန်လှည့်စောင်းလိုက်ပြန်၏။ ဤတွင် မှူးမတ်ဗိုလ်ပါအပေါင်းတို့နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားပြန်လေသည်။

ပုရောဟိတ်ကြီးသည် ခြေရင်းဘက်တွင်ရှိနေရာမှ ကျောက်ဖျာဘေးဘက်၊ မဟာဇနကနှင့် မျက်နှာမူရာ အလောတော်နေရာတွင် နေရာပြောင်းယူလျက် လက်အုပ်ချီလိုက်လေသည်။ ဤတွင် မှူးမတ်ဗိုလ်ပါ အပေါင်းတို့လည်း အညီအညွတ်ပင် လက်အုပ်ချီကြတော့သည်။ စည်တီးအမှုထမ်းတို့ ထံမှလည်း တစ်ခဲနက် စည်သံများ ကုန်ဆုံးသွားသည်။

ပုရောဟိတ်ကြီးသည် လက်အုပ်ချီလျက် မျက်နှာအောက်ချကာ....

"အရှင်မင်းမြတ် ထတော်မူပါ။ ဤပြည်စည်းစိမ်သည် အရှင်မင်းမြတ် ရွှေလက်တော်သို့ ရောက်ရှိပါပြီ" ဟု တစ်လုံးချင်းလျှောက်ထားလိုက်၏။

မှူးမတ်ဗိုလ်ပါတို့လည်း ပုရောဟိတ်ကြီး စကားအတိုင်းလိုက်ပါ ရွတ်ဆိုကြလေရာ တစ်ပြိုင်တည်းပင် ညီညွတ်စွာ ထွက်ပေါ်လာလေသည်။

"ဤပြည်စည်းစိမ်သည် အရှင့် ရွှေလက်တော်သို့ ရောက်ပါပြီ"

မဟာဇနကသည် လျောင်းစက်ရာမှ လူးလွန့်မထသေးဘဲ ဦးဆံ၊ ပုဆိုးများကို တည်ငြိမ်စွာ သိမ်းယူသန့်ရှင်း သပ်ရပ်စေလိုက်၏။ ပုရောဟိတ်ကြီးကား မဟာဇနက၏ တည်ငြိမ်တိကျ၍ ကျက်သရေရှိသော လှုပ်ရှားမှုများကို အကဲခတ်ရင်း တိုး၍သာ နှစ်သက်ကျေနပ်နေတော့၏။





"သင်တို့ ပြည့်ရှင်မင်းက ဘယ်မှာလဲ အချင်းတို့"

မဟာဇနကသည် မှူးမတ်တို့ကို လွှမ်းခြုံကြည့်ရင်း မေးလိုက်လေသည်။

ဤ အမေး စကားကိုပင် ပထမဆုံး ကြားပါရစေဟု မျှော်လင့်နေသော ပုရောဟိတ်ကြီး၏ ဆန္ဒ တစ်ခု ပြည့်ဝသွားပြန်သည်။

"အကျွန်ုပ်တို့ ပြည့်ရှင်မင်းကြီး နတ်ရွာ စံတော်မူခဲ့သည်မှာ ယခု ခုနစ်ရက်ကျော် ရှိခဲ့ပါပြီ အရှင်မင်းမြတ်"

ပုရောဟိတ်ကြီးကို စေ့စေ့ကြည့်လျက် မဟာဇနက မေးလေသည်။

"နတ်ရွာစံ မင်းကြီးမှာ ထီးနန်း ဆက်ခံမယ့် သားတော်၊ ညီတော် တစ်စုံတစ်ယောက်မှ မရှိဘူးလား"

ပုရောဟိတ်ကြီး မျက်လွှာချလျက် ပြန်ဖြေသည်။

"သားတော်၊ ညီတော် တစ်စုံ တစ်ယောက်မှ ထီးမွေဆက်ခံမည့်သူမရှိပါ၊ သမီးတော် တစ်ပါးသာ ကျန်ရစ်ခဲ့ပါ၏ အရှင်"

ထိုအခါမှာပင် မဟာဇနကသည် လျောင်းစက်ရာမှ ထလိုက်၏။ မတ်မတ်စွင့်သော ကိုယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေထိုင်ကာ တည်ငြိမ်သော မျက်နှာဖြင့် ပီသစွာ ဆိုလိုက်၏။

"အချင်းတို့ သို့ဆိုလျှင် သင်တို့ ပန့်ကြားလျှောက်ထားချက်ကို ကျွန်ုပ် လက်ခံပြီ"

ပုရောဟိတ်ကြီးနှင့် မှူးမတ်တို့လည်း ဝမ်းသာအားရဖြင့် လျှင်မြန်စွာ လှုပ်ရှား ဆောင်ရွက်လိုက်ကြသည်။ ဤသို့ဖြင့် မင်္ဂလာကျောက်ဖျာ အပြင်ထက်၌ပင် မင်းမြောက် တန်ဆာငါးပါးနှင့်တကွ မင်း၏ အဖြစ်ကို အဘိသိက် သွန်းကြလေသည်။

ပုရောဟိတ်ကြီး၏အဘိသေကသဘင် ဆင်ယင်သွန်းမြောက်ကျူးရင့် စကားသည် ခရုသင်းသံ၊ စည်သံများ နှင့် အတူ ဥယျာဉ်တော်အတွင်း ရောပြွမ်း ရိုက်ခတ်သွားလေသည်။

"ဝိဒေဟရာဇ်တိုင်း၊မိထိလာပြည်ကြီးရှင် ဖြစ်တော်မူသော ဘုန်းတော်ကြီးသော မဟာဇနက မင်းကြီးသည် ယနေ့ ယခု အချိန်ကာလမှစ၍ ထီးဖြူ နန်းရပ် ပလ္လင်မြတ်တို့၏...."

ပုရောဟိတ်ကြီးနှင့်တကွ မှူးမတ် ဗိုလ်ပါ အားလုံးတို့၏ အစီအမံဖြင့် ဖုဿရထားကို စေလွှတ်ခဲ့ရာ ဖုဿရထားသည် နန်းမြို့အပြင် ဥယျာဉ်ထဲမှ မင်္ဂလာကျောက်ဖျာပေါ်တွင် အိပ်စက်နေသော ပုဂ္ဂိုလ် တစ်ဦးထံ ဆိုက်ရောက်ခဲ့ကြောင်း၊ ထိုပုဂ္ဂိုလ်၏ သွင်ပြင်ခြင်းရာ လက္ခဏာတို့ကို စူးစမ်း စစ်ဆေးပြီးနောက် ယောကျ်ားကောင်း၊ ယောကျ်ားမြတ် ဖြစ်သည့်အားလျော်စွာ ကျောက်ဖျာ ထက်မှာပင် အဘိသိက် သွန်း





လောင်းကာ မင်းမြောက် တန်ဆာ ငါးပါးဖြင့် မင်းမြောက်ခဲ့ကြောင်း "မဟာဇနက" မည်သော ထိုဘုရင် မင်းမြတ်သည် မြင်းရထားဖြင့် မြို့သို့ဝင်တော်မူခဲ့ရာ နန်းတော် အရှေ့စမုခ်ဝမှ တက်ခဲ့ကြောင်း၊ လျောင်းတော်ဦးတွင် စစ်သူကြီးအပါအဝင် မှူးမတ်ဗိုလ်ပါတို့အား ယခင် ခစားမြဲ ရာထူးဌာနန္တရတို့ဖြင့် စီမံ ခန့်ထားပြီးကြောင်း စသည်များကို သီဝလိဒေဝီ မင်းသမီး ကြားသိရလေသည်။

"ဖုဿရထားဆိုက်ရခဲ့ပုံ၊ ကျောက်ဖျာထက်ကနေ လက်ျာ လက်ဝဲ နံတောင်းငဲ့စောင်းပြီး လူခြေကြီးရင့်စွာ ရှိခဲ့ ပုံတွေ ကတော့ ကြားသိရတဲ့ အတိုင်းသာ ဆိုရင် ယောကျ်ားမြတ် တစ်ဦးပေပဲ၊ ဒါပေမယ့် သူ့ကို ငါ စူးစမ်း လေ့လာရပေဦးမယ်"

သီဝလိဒေဝီ သည် မင်းချင်း တစ်ယောက်ကို ဆင့်ခေါ်လိုက်၏။

"မောင်မင်း၊ ယခုအခါ မိထိလာ ထီးနန်းမှာ အရှင်သခင်အသစ် ရောက်ရှိနေပြီ၊ ဘုရင်မင်းမြတ်ဟာ ယခုအခါ နန်းတော် လျောင်းတော်ဦး ညီလာခံသဘင်ခန်းမမှာ ရှိနေတယ်၊ အခုချက်ချင်း အခစားဝင်ပါ၊ ရှေ့တော်မှောက် အရောက်သွားပြီး ဤပြည်ကြီးရှင် သမီးတော် သီဝလိဒေဝီမင်းသမီးက အရှင်

မင်းကြီးကို အခေါ်တော် ရှိပါကြောင်း၊ အဆောတလျင် ယခုပင် မင်းသမီးထံ ကြွရောက် ပါရန် အကြောင်းကို လျှောက်ထားချေ"

မင်းချင်းသည် သဘင်ခန်းမထဲသို့ ဝင်လာခဲ့လေသည်။ ဝန်ကြီး မှူးကြီးများနှင့်အတူ ပြည့်ရှင်မင်းတို့ အသရေဖြင့် တင့်တယ်စွာ စံစားနေသော မဟာဇနကကို တွေ့ရသည်နှင့် ပင် မင်းချင်းသည် ရှေ့မှောက်သို့ ဝင်ရန် သီဝလိဒေဝီ၏ အမှာစကားကို လျှောက်ထားရန် မဝံ့မရဲဖြစ်သွား၏။ သို့သော် ဆိုင်ရာ သံတော်ဆင့်များ၊ နားခံတော်များကို အကြောင်း ကြားလျက် သင့်မြတ်ရာ တစ်နေရာသို့ ဝင်ရောက် ခစားလိုက်သည်။

ထို့နောက် နားခံတော် စာရေးမင်း၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ အခွင့်သာလျှင် သာချင်း လျှောက်ထားလိုက်၏။

"အရှင်မင်းကြီး၊ ပြည်ကြီးရှင် သမီးတော် သီဝလိ ဒေဝီ မင်းသမီးထံမှ အမှာစကား ပါရှိကြောင်းပါ၊ အမှာစကားအရ ယခုပင် အဆောတလျင် ဒေဝီသခင်မ ထံသို့ အရှင်မင်းကြီး ကြွရောက် တော်မူစေလိုပါ ကြောင်း လျှောက်တင် သံတော်ဦးတင်ရကြောင်းပါ"

မင်းချင်း ဝင်လာကတည်းကပင် မဟာဇနကမင်းသည် သတိပြုမိ၏။ ထို့နောက် ဆိုင်ရာဆိုင်ရာ ခစားနေကြသူများ အကြားမှ တိုးဖြတ်လျက် ဝန်ကြီး မှူးကြီးများ ခစားရာ





နေရာအထိ ဝင်လာသည်ကိုလည်း သတိပြုမိ၏။ ဆိုင်ရာ သံတော်ဆင့်များ၊ နားခံတော်များကလည်း ထိုမင်းချင်းအား နေရာ ဖယ်ပေးကာ ခစားရန် တစ်နေရာ ချထား ပေးခဲ့ကြပေသည်။ ယခု ထိုမင်းချင်း လျှောက်ထားလာသော စကားမှာလည်း သီဝလိဒေဝီ၏ အမှာစကား....

ယခုပင် အဆောတလျင် မင်းသမီးထံ ကြွရောက်စေလိုသည်တဲ့။ မဟာဇနကမင်း၏ အတွေးထဲ၌ မဆိုစလောက် ရိုက်ခတ်သွား၏။

"ပြည့်ရှင်မင်း သမီးတော် သီဝလိဒေဝီတဲ့၊ သူ့ထံ လာဖို့ ငါ့ကို မင်းချင်းနဲ့အခေါ်လွှတ်တယ်၊ မင်းသမီး ဟာ မလိမ္မာသူကို အလိုမရှိသလို ငါသို့သောသူကို အလိုရှိမှာပဲ၊ ပြည့်ရှင်မင်းတစ်ပါးက သမီးတော် ထံ အခေါ်လွှတ်စကားနဲ့ သွားရောက်ဖို့ဆိုတာ မဖွယ် ရာတဲ့ ကိစ္စပေပဲ၊ ကောင်းပြီလေ"

မဟာဇနကမင်း တုံ့ပြန်လိုက်ပုံကား ပိရိသေသပ်လှပေသည်။

မင်းချင်း၏စကားကို ကြားလျက် မကြားယောင်ပြုလိုက်၏။ ထို့နောက် ရှေ့အနီးမှ ဝန်ကြီး မှူးကြီးများကိုသာ ငဲ့စောင်းငိုက်ကြည့်လိုက်၏။

"အမတ်တို့ မိထိလာနန်းတော်ကို ဆောက်လုပ် စီရင်ထားပုံဟာ အံ့မခန်းပေပဲ၊ စီရင်သူ ဗိသုကာများ၊

ပညာရှင်များနဲ့ ကြည့်ကြပ်ခံသူများဟာ အလွန်မှပဲ စေ့စပ်သေချာလှပေတယ်၊ ကျွန်ုပ် ယခု ကြည့်မြင်ရသလောက်မှာ နန်းပြာသာဒ်တစ်ခုမှ အပြစ်ဆိုစရာမရှိပေဘူး၊ အင်မတန်ပြေပြစ်တင့်တယ်ပေတယ်”

မင်းချင်းကမူ မိမိလျှောက်ထားချက်ကို မင်းကြီးမကြားဟုယူဆကာ ထပ်မံလျှောက်ထားပြန်၏။ သို့သော် မိမိ၏စကားသံမှာ မင်းကြီး၏ နန်းတော်ပြာသာဒ်အကြောင်း ချီးမွမ်းနေသော စကားများအောက်တွင် ပျောက်ပျက်သွားသည်။ မိမိအသံကိုပင် မိမိ ဗလုံးဗထွေးနိုင်သည်ဟု မင်းချင်း ထင်လာသည်။

“ရော…ခက်ပါပြီကော၊ ဘုရင်မင်းမြတ် ကြားအောင် အသံကိုမြှင့်ပြီး ပြောရအောင်ကလဲ ဘုရင့်စကားကို ကျော်လွန်ပြီး လျှောက်ထားရင် ရိုင်းပျစော်ကားမှု ဖြစ်တော့မယ်၊ ငါ ထပ်ခါထပ်ခါ လျှောက်ထားနေတာကိုလဲ ဘုရင်က မကြား၊ သူ့စကားနဲ့သူ ရှိနေတော့တယ်၊ ငါ့ကိုလဲ ငဲ့စောင်းလို့ပင် မကြည့်”

မင်းချင်းမှာ အခက်ကြုံကာ မဝံ့မရဲဖြစ်လာ၏။ စင်စစ်မူ ကြားပါလျက် မကြားတော်ပြုကာ မင်းချင်း၏ လျှောက်ထားချက်ကို ပျက်ပြယ်သွားအောင် မဟာဇနကမင်းကြီး ပြုမူနေသည်ကို မင်းချင်းမသိချေ၊





“လက်လျှော့ရတော့မှာပဲ၊ နားတော်လမ်း မသင့်ဘူး၊ ဒီနန်းပြာသာဒ်အကြောင်း ချီးမွမ်းစကားပြောနေလို့ကလဲ အဆောင်ဆောင် အခန်းခန်း ပြောစရာက ကုန်မှာ မဟုတ်တော့ဘူး၊ ငါ့သခင်မဆီပြန်ပြီး အကျိုးအကြောင်း ပြန်ကြားမှဖြစ်တော့မယ်”

မင်းချင်းသည် အခစားဝင်လာစဉ်ကလို မဟုတ်တော့ဘဲ မထင့်မရှား ပျပ်ဝပ်ရို့ကျိုးသော အမူအရာဖြင့် သဘင်ခန်းမထဲမှ ထွက်သွား၏။ မဟာဇနကမင်းသည်လည်း မင်းချင်းထွက်ခွာသွားသည်နှင့် နန်းပြာသာဒ်အကြောင်း ချီးမွမ်းစကားကို ဆက်လက်မပြောကြားတော့ပေ၊

# ပီကာ

■ ■ ■ စာ၁၀

“ကျွန်တော်မျိုး သုံးကြိမ်မက အထပ်ထပ်လျှောက်ထားပါတယ် သခင်မဖုရား၊ ဒါပေမယ့် နန်းပြာသာဒ်ကိုသာ ချီးမွမ်းရင်း မှူးမတ်များနဲ့ စကားလက်ဆုံဆိုတော်မူနေတဲ့ မင်းကြီးနားဝမှာ ကျွန်တော်မျိုးရဲ့

လျှောက်ထားချက်က လေမျှပင်ဟပ်မည် မထင်ပါဘူး၊ သည်ကစကားကိုမြက်ပင်လောက်မျှပင် အရေးမထားပါဘူး”

မင်းချင်းက စိတ်ပျက်လက်ပျက် ပြောနေသော်လည်း သီဝလိဒေဝီမှာမူ ခေါင်းတဆတ်ဆတ် ညိတ်လျက် တွေးနေမိသည်။

“ယောကျ်ားမြတ်တို့ရဲ့ ဣန္ဒြေသိက္ခာကို မျက်နှာမူတည့်ရပ်နေတာပဲ၊ အင်း… နှလုံးသွင်း မွန်မြတ်မှန်ကန်တာကတော့ သေချာနေပြီ၊ ဒါပေမယ့် တစ်ကြိမ်ကြိမ်တည်းနဲ့ စမ်းသပ်လို့မဖြစ်သေးဘူး”

သီဝလိဒေဝီသည် မင်းချင်းကို ထပ်မံစေလွှတ်ပြန်၏။

“မောင်မင်း … လူရေးညံ့တာပဲ၊ ဘုရင်သစ်မို့ ကြောက်အားပို မဝံ့မရဲ ဖြစ်နေပြီလား၊ထပ်သွားချေဦး၊ ထပ်လျှောက်ချေဦး”

သုံးကြိမ်တိုင်တိုင် စေလွှတ်ခဲ့၏။ တတိယအကြိမ် ပြန်လာသောအခါတွင်ကား မင်းချင်းမှာ ကတုန်ကယင်ပင် ဖြစ်နေဖြစ်လေပြီ။

“သခင်မဖုရား — မဟာဇနကမင်းကြီးကို အပင့်အခေါ်လွှတ်ဖို့ ခိုင်းစေမယ့်အစား ကျွန်တော်မျိုးကြီးကို စစ်မြေပြင်ရှိရာသို့သာ ပို့ပါတော့ သခင်မ”





“မောင်မင်း….သက်သာစွာနေပါတော့လေ”

ဒယီးဒယိုင်ဖြင့် မင်းချင်းထွက်သွားသောအခါ သီဝလိဒေဝီ၏ တည်ငြိမ်သော မျက်နှာ၌ နက်ရှိုင်းသောအပြုံးရိပ်တစ်ခု ဖွဲ့တည်လာလေသည်။

“ဘုန်းတန်ခိုးရှိတဲ့ မင်းယောကျ်ား၊ အင်း….ငါ ငင်လို့ သူမယိမ်း၊သူသိမ်းမှ ငါပါရချေမှာပါတကား”

■ ■ ■

“မဟာဇနကမင်းကြီး ကြွချီတော်မူလာပြီ”

သီဝလိဒေဝီ၏ နန်းမဆောင်တံခါးဝတွင် ရွှေဂူမှထွက်လာသော ခြင်္သေ့မင်းနှယ် မဟာဇနကမင်းသည် တင့်တယ်စွာ ရောက်ရှိလာပေပြီ၊ နန်းမဆောင်တံခါးဝတွင် တိမ်ညိုကင်းသော ညဥ့်ကောင်းကင်မှ ပြည့်ရှန်းသော လ,စက်ဝန်းကြီးရပ်တည်လာသည့်နှယ်လည်း ဖြစ်၏။

ငါငင်လို့ သူမယိမ်း၊ သူသိမ်းမှ ငါပါရချေမည်ဟု အောင့်မေ့ဆင်ခြင်လျက် ရှိနေခဲ့သော သီဝလိဒေဝီ မင်းသမီးမှာ

လည်း မဟာဇနကမင်း ကြွရောက်တော်မူလာမည့်ကို အမျှော်ကြီး မျှော်လင့်လျက် စောင့်စားနေခိုက်အချိန်ဖြစ်သည်။

တံခါးဝ၌ ခြေချရပ်တော်မူသော မဟာဇနကမင်း၏ ကိုယ်ဟန် အနားရေးကြောင်းများမှာ ဘုန်းအလျှံရောင်များ တောက်ပလင်းဖြာနေသည်ဟုပင် ထင်မှတ်ရသည်။ ထို့နောက် တင့်တယ်သိုက်မြိုက်သော ခြေလှမ်းများဖြင့် တစ်လှမ်းချင်းလှမ်းရင်း ခန်းဆောင်အတွင်းသို့ မဟာဇနကမင်း လျှောက်လာပုံမှာလည်း ထူးဆန်းသော အာနိသင်များကို ခြေလှမ်းတိုင်းမှာပင် တဖွားဖွား ထုတ်လွှတ်လျက်နေသည်ဟု ထင်ရတော့သည်။

သီဝလိဒေဝီသည် စင်စစ်မူ ဣန္ဒြေကြီးလှသော မိန်းမမြတ်တစ်ဦးပင် ဖြစ်၏။ သို့သော် မဟာဇနကမင်း၏ စူးရှသောမျက်လုံးများ၊ တင့်တယ်သော ကိုယ်ဟန်လှုပ်ရှား ခြေလှမ်းများကို တွေ့ရသောအခါ ထိုင်မြဲ ရှိရင်းစွဲနေရာ၌ ဆည်တန့်ရပ်တည် မနေအားတော့ဘဲ နေရာမှ ထ ရပ်မိလျက်သားဖြစ်သွားလေသည်။

သီဝလိဒေဝီသည် နန်းတော်တံခါးသို့ လျှောက်သွား၍ ပျောင်းနွဲ့သော အမူအရာဖြင့် မိမိ၏လက်ကို မဟာဇနကမင်းဆီသို့ ကမ်းလင့် ညွတ်ထိမ်းလိုက်သည်။ မဟာဇနကမင်းသည်လည်း အသင့် ကမ်းသင့်သောလက်ကို ဖွဖွဆွဲကိုင်လိုက်သည်။ နန်းမဆောင်အတွင်းတွင် လပြည့်ဝန်းနှစ်စင်း တူယှဉ် ထွက်ပေါ်လာသကဲ့သို့ပင်။





စကားတို့ ပြောဆိုကြခြင်း မရှိသေး။ တင့်တယ်သောဣန္ဒြေတွင် ရွှန်းမြသောသန္တာန်များ လိမ်းကျံလျက် မင်းနှစ်ပါးတို့သည် တူမျှသော ခြေလှမ်းများဖြင့် ကြင့်ဝန်း ထီးဖြူစိုက်ထူ ဖြန့်မိုးအပ်သော ရာဇပလ္လင်ဆီသို့ လှမ်းလျှောက်လာကြလေသည်။

ထို့နောက် ရာဇပလ္လင်ထက်တွင် အတူတကွ ယှဉ်ပြိုင်ထိုင်လျက် စံပယ်ကြလေသည်။

မဟာဇနကမင်းနှင့် သီဝလိဒေဝီ မင်းသမီး၊

ရာဇပလ္လင်၏ ရှေ့မှောက် ဝဲ,ယာ အောက်ဝန်းကျင်တွင် အောက်သို့ ငုံ့ငိုက်သော မျက်နှာများ၊ ကိုင်းညွတ်ပျပ်ဝပ်သော ပခုံးများ၊ တုပ်ကွ ရိုကျိုးသော ကိုယ်များနှင့်အတူ အရှင်နှစ်ပါးတို့အား ပူဇော်ဦးခိုက်ကြသော လက်အုပ်ကြာပဒုံ အစုံအစုံ ဖူးငုံလာကြလေသည်။

■ ■ ■

"အမတ်တို့၊ နတ်ရွာစံမင်းကြီး မှာကြားခဲ့တဲ့ စကား တစ်စုံတစ်ခုမှ မရှိလေဘူးလား၊ ဘယ်လို အမှာစကားမျိုး ထားရစ်ခဲ့သလဲ"

သီဝလိဒေဝီကို စကားတစ်ခွန်းမှ မဆိုသေးဘဲ မှူးမတ်များကိုသာ မေးလိုက်၏။ နန်းရင်းဝန်ကြီးသည် အနီးရှိ မှူးကြီး မတ်ကြီးများ၏ မျက်ရိပ် မျက်ခြည်ကို မသိမသာ ခေါင်းညိတ်ပြလျက်—

"ဘုန်းတော်ကြီးဘုရား၊ ကျွန်ုပ်တို့ရဲ့ နတ်ရွာစံ အရှင်မင်းကြီး မှာကြားထားခဲ့တဲ့ စကားများ ရှိပါတယ်၊ အမှာစကားက သမီးတော်ရဲ့ဂုဏ်ကျက်သရေကို သူ မှာတော်မူသည်နှင့်အညီ ဥပေါသထဆင်မည်သည် စကြာရတနာကို ရမည့်သူမှန်မှသာ ညွတ်လတ္တံ့ဟူသလို သမီးတော် နှစ်သက်သူမှန်လျှင် မည်သူမဆို ထီးနန်း နှင်းပါချေ ဟူ၍သာ သာမညအားဖြင့် မှာထားခဲ့ပါတယ်၊ ယခုအခါ ထိုအမှာတော်စကား အခြားအသွေ မရှိ၊ ပြည့်စုံပြီး ဖြစ်ပါတော့တယ်"

နန်းရင်းဝန်ကြီး၏ လျှောက်ထားချက်မှာ မင်းရေးမင်းခွင် ပါးနပ် ကျွမ်းကျင်လှသူ၏ စကားပင်ဖြစ်သည်။ စစ်သူကြီး၊ ရွှေတိုက်ဝန်၊ ထီးတော်မိုး၊ သေဌေးကြီးနှင့် ရွှေစားမှူးတို့အပေါ် သီဝလိဒေဝီ တို့ပြန်ခဲ့သော အခြင်းအရာများကို





အသေးစိတ် သိနေကြသူ မှူးမတ်များက ဤအချက်ကို ပို၍ သဘောပေါက်နေကြသည်။ သီဝလိဒေဝီမင်းသမီး နှစ်သက်သသူဆိုသည့်အချက်ကား ထင်ရှားပြီး ဖြစ်ချေသည်။

မဟာဇနကမင်းကလည်း ဤသဘောကို နားလည်လျက် ဆက်လက် မေးမြန်းလေသည်။

"ဤအမှု ပြီးမြောက်စေတော့၊ အခြားတစ်ပါး မှာထားခဲ့တဲ့ အရာများ ရှိသေးသလား"

နန်းရင်းဝန်ကြီးက လိမ္မာပါးနပ်စွာ ဖြေပြန်သည်။

"သမီးတော် နှစ်သက်သူမှန်လျှင် မစွမ်းဆောင်နိုင်သော အရာဟူ၍ မရှိရာဟု နှလုံးပိုက်ပြီး ယခု ကိုယ်တော် အရှင် ထိုင်ရာ ရာဇပလ္လင်ရဲ့ ဦးထားရာကို သိသူလဲဖြစ်စေဆိုတဲ့ အမှာစကားပါ အရှင်မင်းမြတ်"

ရာဇပလ္လင်ရဲ့ ဦးဘက်။ မဟာဇနကမင်းသည် ခေတ္တမျှ စဉ်းစားဟန်ရှိ၏။ ရာဇပလ္လင်ဟူသည် အဦးဘက်၊ အခြေဘက် ခွဲခြား၍ သိရန်ခက်ခဲသော အရာဖြစ်သည်။ မြင်ရုံ ကြည့်ရုံဖြင့် သိနိုင်သည်မဟုတ်။

သဥ္စာလီကဲ့သို့၊ လျှောင်းတော်မူ ညောင်စောင်း ခုတင်ကဲ့သို့ ခေါင်းရင်း ခြေရင်းကို ထင်ရှားစွာ ခွဲခြားထားသည် မဟုတ်။ ရာဇပလ္လင်၌ ထွင်းထု မွမ်းမံထားသည်များမှာ ရွှေ၊ ငွေ၊ စိန်ကျောက် ရတနာတို့ဖြင့် အတိပြီးသည့်အပြင် သတ်မှတ်

ခွဲခြားရန်ခက်သော အပြောက်အမွမ်းများသာ ရှိသည်၊ ဤအရာကား ပရိယာယ်ဖြင့်သာ အဖြေမှန်ကို ထုတ်ဖော်သိအပ်သည့်အရာဟူ၍ မဟာဇနကမင်း ဆုံးဖြတ်သည်၊

နန်းရင်းဝန်ကြီးနှင့်တကွ မှူးမတ်တို့ကား မျက်နှာငို လျက် ခစားနေကြသည့်တိုင် မိမိ၏ အဖြေကို နားဖြင့် စောင့်စားနေကြပေပြီ။

မဟာဇနကမင်းသည် ရွှေဥသျှောင်ကျင်ကို ခေါင်းထက်မှ ချွတ်လိုက်၏။ ထို့နောက် လက်ဝဲဘက်ရှိ သီဝလိဒေဝီကို တစ်ဘက်စကား ဆိုဟန်ပြုလျက် "ထားလိုက်ပါ"ဟု လှည့်ပြောကာ ရွှေဥသျှောင်ကျင်ကို မင်းသမီးလက်ထဲ ထည့်လိုက်လေသည်။

သီဝလိဒေဝီကား မိမိလက်ထဲ ရောက်လာသော ရွှေဥသျှောင်ကို ဆက်လက် ကိုင်မ ထားရန်လည်း မသင့်၊ ရင်ခွင်တွင် ပွေ့ပိုက်ထားရန်လည်း မလျော်၊ နိမ့်ရာ လွတ်ရာ ချထားရမည်လည်း မဖြစ်သဖြင့် ပလ္လင်ခေါင်းရင်း၌သာ ထားလိုက်ရလေသည်၊

အမှတ်တမဲ့ ဖြစ်ပေါ်သွားသော ဤ အခြင်းအရာကို မှူးမတ် ဝန်ကြီးတို့ပင် ထားဘိဦး၊ သီဝလီဒေဝီ သည်ပင် မဟာဇနကမင်း ပရိယာယ်သုံးလိုက်သည်ကို သတိမထားမိ။ ခေတ္တကြာမှ မဟာဇနကမင်းကြီးက ထပ်မံ၍ မေးပြန်သည်၊





"အမှာစကား ဘယ်သို့ရှိသလဲ နန်းရင်းဝန်ကြီး ထပ်တင်ပါဦး"

"ရာဇပလ္လင်ရဲ့ ဦးဘက်ကို သိနိုင်ခြင်းပါ အရှင်" မဟာဇနကသည် လေးနက်သော အမူအရာဖြင့်—

"သိနိုင်ခဲ့သော အရာပေပဲ၊ သို့သော် ထီးနန်းကို ဆက်ခံထိုက်သူ မှန်လျှင်တော့ သိရပေမယ်၊ ကျွန်ုပ် အဖို့ရာမှာတော့ နန်းရင်းဝန်ကြီး လျှောက်တင်တဲ့ စကားကို ကြားပြီးချိန်မှာပဲ အသင့်ကြံစည်ဆင်ခြင်လို့ အမှန်နေရာကို သိလိုက်ပြီး ဖြစ်ပေတယ်၊ ဟောဒါဟာ ရာဇပလ္လင်ရဲ့ ဦးခေါင်းရင်းဖြစ်တယ်"

သီဝလိဒေဝီ ရွှေဥသျှောင်ကျင်ကို ထားရာသို့ ညွှန်ပြလျက် အဖြေပေးလိုက်လေသည်။

မှူးမတ်ဗိုလ်ပါ ညီလာခံသဘင်မှာ ခပ်အုပ်အုပ် အသံများဖြင့် တဝေါဝေါ ဖြစ်သွား၏။ သီဝလိဒေဝီကား မဟာဇနက၏ ပရိယာယ်ဖြင့် ဖော်ထုတ်လိုက်ပုံကို ယခုမှ သူသွားကာ နှစ်ခြိုက်စွာ ပြုံးနေလေသည်။

ရွှေဥသျှောင်ကျင်ကို အသုံးချလျက် ပလ္လင်၏ ဦးခေါင်းရင်းအရပ်ကို ဖော်ထုတ်ပြီး နောက်တွင် မဟာဇနကမင်းသည် မှူးမတ်များကို မေးလိုက်၏။

"မှူးမတ်တို့၊ နတ်ရွာစံဘုရင်ကြီးရဲ့ နောက်ထပ် အမှာစကားများ ရှိသေးသလား"

နန်းရင်းဝန်ကြီးက အားတက်သရော ပြန်ဖြေသည်။ ဝန်ကြီး၏ အမူအရာမှာ မဟာဇနကမင်းသည် ပလ္လင်၏ ဦးခေါင်းရင်းကို လိမ္မာလှပစွာ ဖော်ထုတ်နိုင်ခဲ့ပြီး၊ ဖြစ်၍ ကြွင်းသော ပဟေဠိပုစ္ဆာများကိုလည်း အခက်အခဲမရှိ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားပြီး ဖြစ်ဟန်တူသည်။

"ရှိပါသေးတယ် အရှင်မင်းမြတ်၊ နောက်တစ်ခုကတော့ ဗိုလ်ခြေတစ်ထောင် အားညီမှ တင်နိုင်ချနိုင်သော လေးကြီးကို တစ်ယောက်အားနဲ့ စွမ်းနိုင်ရမယ်ဆိုတဲ့ အမှာစာ ဖြစ်ပါတယ်"

"ကောင်းပြီ ယခုပဲ ကျွန်ုပ်စွမ်းဆောင်မယ်"

ဗိုလ်ခြေတစ်ထောင်အားညီမှ တင်နိုင် ချနိုင်သော လေးတော်ကြီးသည် မဟာဇနကမင်း၏ ရှေ့မှောက် လေးတင်ခုံပေါ်တွင် ပြသမျှနိုရပါတော့မည်ဟု ဆိုနေသကဲ့သို့ ဝပ်ဝပ်စင်းစင်း တည်နေ၏။

မဟာဇနကသည် ရာဇပလ္လင်ပေါ်တွင် နေမြဲတိုင်းသော ပြကတေ ကိုယ်တော် အမူအရာကိုမျှပင် မယွင်းမပျက်စေဘဲ လေးတော်၏ ရွှေလက်ကိုင်ပေါ်သို့ လက်ချောင်းများကို တင်ဆုပ်လိုက်၏။

သီဝလိဒေဝီ ဣန္ဒြေမယွင်းစေဘဲ လှမ်းကြည့်နေစဉ်ဝယ် နန်းတွင်းခန်းမ ဗရိသတ်အများစုကား လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ မဟာဇနကသည် မိဖုရားနှင့် တကွသော မှူးမတ်ဗိုလ်





ပါ ပရိသတ်အားလုံးကို မသိကျိုးကျွန်ပြုလျက် မိမိ၏ ဘုန်းလက်ရုံးနှင့် သမာဓိကိုသာ တည်ငြိမ်ရှင်းသန့်စွာ ဆောက်တည်၍ လေးတော်လက်ကိုင်ပေါ်၌ ဆုပ်ကိုင်ထားသောလက်ချောင်းများဆီသို့ မမှိတ်မသုန်ကြည့်လိုက်၏။

ထို့နောက် အလွန်အမင်း အားထုတ်ခြင်းလည်း မဟုတ်၊ လျော့ရဲခြင်းလည်း မဟုတ်သော ခွန်အား၊ ဘုန်းစွမ်းတို့ဖြင့် လေးတော်ကို ခုံပေါ်မှ မ ယူလိုက်လေသည်၊ တစ်ဆက်တည်းမှာပင် ဓွေ့ ခနဲ မြောက်ပါလာသော လေးကိုင်းမှ ညို့ကို ဆွဲငင်ရစ်ပတ်လိုက်သည်။ နံမဟာဇနကမင်း၏ လက်ထဲမှ လေးမှာ ကျွမ်းကျင်သော မိန်းမတစ်ယောက်၏ လက်ထဲမှ ဝါဖတ်သော ဝါပစ်လေးကဲ့သို့ အသာအယာ လှုပ်ရှားတုန်ခါသွား၏။

ရစ်ပတ်ပြီးသော ညို့ကို ခတ်လိုက်သည့်အသံသည် နန်းတော်ခန်းမ အတွင်း၌ ပျားပိတုန်းတစ်ကောင်၏ အတောင်ပံခတ်သံနှယ် ထွက်ပေါ်လာ၏။ ညို့ကြိုး၏ အဆက်မပြတ်လှုပ်ယမ်းနေခြင်းသည် လိပ်ပြာတစ်ကောင်၏ အတောင်ပံများနှယ် တရိပ်ရိပ်၊

အံ့သြခြင်း၊ အားရကျေနပ်ခြင်း၊ နှစ်သက်မြတ်နိုးခြင်း အာမေဍိတ်သံများ ကခန်းမအတွင်း တဝေါဝေါ ဆူညံသွားလေသည်။

မဟာဇနကသည် လေးတော်အမှုကို ပြီးစီးအောင်မြင်စွာ ဆောင်ရွက်ပြီးနောက် ခုံပေါ်သို့ပြန်တင်လိုက်ပြီး နန်းရင်းဝန်ကြီးကို မေးသည်။

"အခြားတစ်ပါး ပြုဖွယ်အမှုများ ရှိသေးသလော နန်းရင်းဝန်ကြီး"

"ရှိပါသေးတယ် အရှင်မင်းမြတ်၊ တစ်ဆယ့်ခြောက်လုံးသော ရွှေအိုးကြီးတို့ရဲ့ တည်နေရာအရပ်ကို ဖော်ထုတ်ရမှာ ဖြစ်ပါတယ်"

"ရွှေအိုးတွေရဲ့ တည်နေရာအရပ်ကို အမြွက်မျှ မိန့်မှာထားတဲ့စကား ရှိသလား"

"ရှိပါတယ် အရှင်မင်းမြတ်"

ဤတစ်ကြိမ်မှာတော့ နန်းရင်းဝန်ကြီးသည် နားခံတော်မှူးက လက်ဝှေ့ယမ်းပြလိုက်၏။ နားခံတော်မှူးချုပ်က ရွှေပုရပိုက်တစ်ခုကို ထုတ်ယူ၍ ဖတ်ကြားသည်။

"နတ်ရွာစံ ပေါလဇနကမင်းကြီး အမှာထားတော်မူခဲ့သည့် ရွှေအိုးကြီးတို့၏ တည်နေရာ အရပ် အမြွက်စကားမှာ နေထွက်ရာ၌၊ နေဝင်ရာ၌၊ အပြင်၌၊ အတွင်းအပြင် မဟုတ်သည်၌၊ တက်ရာ၌၊ သက်ရာ၌၊ အင်ကြင်းပင်ကြီး လေးပင်တို့၌၊ ရှစ်ရပ်ဝန်းကျင် တစ်





ယူဇနာ၌၊ အစွယ်အဖျား၌၊ ရေထဲ၌၊ သင်ပင်ဖျား၌ တည်း ဟူသော တစ်ဆယ့်ခြောက်ရပ်သော ဌာနတို့ ဖြစ်ပါကြောင်း...."

ရွှေပုရပိုက်ကို နားခံတော်မှူးက ပြန်သိမ်းလိုက်သည်။ ဤတစ်ခဏမှာပင် မဟာဇနကမင်းသည် ရွှေအိုးကြီးတို့၏ တည်ရာဌာနတို့အား အညစ်အကြေး တိမ်သလ္လာကင်းသော အဇ္ဈတ္တကောင်းကင်ပြင်မှ လစက်ဝန်းအား ထင်ရှားစွာ တွေ့မြင်လိုက်ရသလို ပုစ္ဆာအဖြေအနက်များကို ထင်ရှားစွာသိလိုက်ပေပြီ။ မဟာဇနကသည် စိုးစဉ်းမျှ ဆုတ်ဆိုင်းတွေဝေခြင်း မရှိဘဲ....

"မှူးမတ်တို့ ယနေ့အဖို့ရာ အခါမသင့်တော့တဲ့အတွက် ရွှေအိုးကြီးများကို ထုတ်ဖော်ဖို့ မမီနိုင်တော့ဘူး၊ နက်ဖြန်နံနက်မှ ရွှေအိုးကြီး တစ်ဆယ့်ခြောက်လုံးကို ထုတ်ဖော်ကြမယ်"

ညီလာခံခန်းမအတွင်း ညနေဆည်းဆာ၏ အမှောင်ရိပ်က ကျရောက်လာပြီဖြစ်သည်၊ မှူးမတ်ပိုလ်ဝင်တို့ အသီးသီး နေရာမှ ထကြသည်။ အိပ်ဖန်စောင့် အမှုတော်ထမ်းများက နန်းတော်နံရံရှိ မီးတိုင်များတွင် ထွန်းညှိရန် ပျားဖယောင်းတိုင်များကို စတင်သယ်ဆောင်လာကြသည်။

သီဝလိဒေဝီသည် မျက်လွှာချလျက် မဟာဇနကမင်းအား ကြုံ့ရုံ့ ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

■ ■ ■

နောက်တစ်နေ့ နံနက်မိုးယောက်လူချိန်တွင် နန်းရင်းဝန်ကြီးများနှင့် မှူးမတ်တို့ အခစားဝင်လာကြသည်။ နန်းတော်အပြင် ခန်းမကြီး တွင်လည်း ရွှေအိုးကြီးများကို တူးဖော်ကြမည့် အမှုတော်ထမ်းများက ဆိုင်ရာလက်နက် ကိရိယာများကို ကိုင်စွဲလျက် အသင့်စောင့်နေကြသည်။

မဟာဇနကမင်းသည် နန်းတော်ဦး သဉ္ဇာလီတွင် သက်သောင့်သက်သာ စံနေလျက် အမတ်များကို စတင်မေးလိုက်၏။

"မှူးမတ်တို့ သင်တို့ရဲ့ မင်းကြီးဟာ အရှင် ပစ္စေကဗုဒ္ဓါတို့ကို နေ့စဉ်မပြတ် နန်းတော်မှာ ဆွမ်းလုပ်ကျွေးခဲ့တယ် မဟုတ်လား"

"နေ့စဉ်မပြတ် လုပ်ကျွေးခဲ့ပါတယ် အရှင်မင်းမြတ်"

မဟာဇနကမင်းသည် တစ်ဒင်္ဂမျှ ကြံစည်ဆင်ခြင်ဟန်ဖြင့် တိတ်ဆိတ်သွားသည်။ ရွှေအိုးကြီးများတည်ရှိရာ ပုစ္ဆာတို့၏ ပထမပုစ္ဆာ၏ အဖြေသည် ထင်ရှားစွာ ပေါ်လာသည်။ နေထွက်ရာ၊ နေဝင်ရာအရပ်။ နေဟူသည်ကား ဘုရားပစ္စေကဗုဒ္ဓါကို ရည်ညွှန်းသောစကား။

"မှူးမတ်ကို အရှင်ပစ္စေကဗုဒ္ဓါတို့ နန်းတော်သို့ ကြွလာတဲ့အခါ သင်တို့မင်းကြီးဟာ ဘယ်နေရာအထိ





သွားပြီး ခရီးဦးကြိုဆိုပင့်ဆောင်သလဲ အဲဒီနေရာကို ပြကြစမ်း"

မှူးမတ်များလည်း နတ်ရွာစံ မင်းကြီးက ပစ္စေကဗုဒ္ဓါတို့အား ခရီးဦးကြို ပင့်ဆောင်သောနေရာကို ပြကြလေသည်။

"မှူးမတ်တို့....နေထွက်ရာအရပ်ဆိုတာ ဒီနေရာပဲဖြစ်တယ်၊ ဒီနေရာမှာ ရွှေအိုးကြီးတစ်လုံးရှိတယ်၊ တူးဖော်လိုက်ကြ"

ပထမရွှေအိုးကြီးသည် ဘွားဘွားကြီးပေါ်လာခဲ့၏။

"မှူးမတ်တို့....အရှင်ပစ္စေကဗုဒ္ဓါတို့ ဆွမ်းစားပြီး နန်းတော်မှပြန်ကြွတဲ့အခါ သင်တို့ မင်းကြီးက ဘယ်အရပ်ထိ လိုက်ပို့သလဲ"

မင်းကြီးလိုက်ပို့သော နေရာကို မှူးမတ်တို့ ပြကြသည်။

"နေဝင်ရာ အရပ်ဆိုတာ ဒီနေရာပဲ၊ ရွှေအိုးကြီးကို တူးလိုက်ပါ"

ဒုတိယရွှေအိုးကြီးလည်း ထင်ရှား ပေါ်လာ၏။

နန်းရင်းဝန်ကြီးသည် မှူးမတ်များအား ဝမ်းသာအားရ ပြောလိုက်လေသည်။

"အမတ်တို့၊ နေထွက်ရာ နေဝင်ရာဆိုတော့ ကျုပ်တို့မှာက တကယ့်နေထွက်နေဝင်လို့ စွဲမှတ်ပြီး နေတက် နေထွက်တဲ့ ဥဒည်တောင်၊ နေဝင်တဲ့ အတ္တင်္ဂမတောင်တွေမှာ တူးရတော့မယ်လို့ပဲ အောက်မေ့နေ

တာ၊ ဒီလိုတွေးပြီး ဘယ့်နဲ့ နေထွက်တောင်၊ နေဝင်တောင်တွေမှာ ဘယ်လိုလုပ်တူးရ ရှာရပါ့မလဲ တွေးပြီး စိတ်ရှုပ်နေတော့တာကလား”

မှူးမတ်များကလည်း ရှက်ရွံ့သော မျက်နှာများဖြင့် ပြုံးရယ်ပြောဆိုကြသည်။

“ဟုတ်ပါရဲ့၊ ကျုပ်တို့လဲ ဒီလိုပဲ အနက်ငုပ်နေတာကိုမတွေးဘဲ အစင်းအဖြောင့်ကြီး တွေးမိကြတာပေါ့၊ကျုပ်တို့လိုများသာဆိုရင်တော့ အရှေ့ဘက်ကတောင်၊ အနောက်ဘက်ကတောင်တွေရဲ့ ခြေရင်းမှာ ဟိုတူးသည်ဆွ လုပ်တာနဲ့ပဲ မြေပြင်ဟာ မွှမွကြဲပြီး အကောင်းပကတိ ရှိနိုင်တော့မှာ မဟုတ်ဘူးပ”

“ဟုတ်လိုက်လေကွယ်ရို့၊ တုန်းပညာကြီးမားသူများမတော့ လျှို့ဝှက်စကားရဲ့ အရိပ်အမြွက်ကို ကြားရုံမျှနဲ့ အလွယ်တကူပဲ မပင်ပန်း မခက်ခဲ ခဏချင်း ထုတ်ဖော်ယူနိုင်ပေတယ်၊ အံ့သြစရာ ကြည်ညိုလေးမြတ်စရာပါလား”

■ ■ ■





မဟာဇနကမင်းသည် ဆက်လက်၍ နောက်ထပ် ရွှေအိုးများ၏ တည်နေရာကို ထုတ်ဖော်ပေးတော်မူလိုက်၏။

“အတွင်း၌တစ်လုံး၊ အပြင်၌တစ်လုံး၊ အတွင်းအပြင်မဟုတ်သည်၌ တစ်လုံးဆိုတာက နန်းတော်အရှေ့တံခါးမ တံခါးခုံအတွင်း၊ တံခါးခုံအပြင်၊ တံခါးခုံအောက် နေရာတွေမှာ ရွှေအိုးကြီးတွေ တွေ့လိမ့်မယ်”

နောက်ထပ် ရွှေအိုးကြီး သုံးလုံး ထွက်ပေါ်လာပြန်သည်။

“မှူးမတ်တို့၊ နတ်ရွာစံမင်းကြီး မင်္ဂလာဆင်တော်ကို စီးတဲ့အခါ ဆင်ပေါ်တက်တဲ့ လှေကား ဘယ်နေရာမှာ ထားသလဲ။ တက်ရာ၌ တစ်လုံးဆိုတာ အဲဒီနေရာ ဖြစ်တယ်၊ ဆင်ပေါ်က ဆင်းတဲ့အခါ ထားတဲ့ အဆင်းလှေကားရှိတဲ့ နေရာကတော့ တက်ရာ၌ တစ်လုံးရဲ့ အနက်ပဲ၊ အဲဒီနေရာတွေမှာ ရွှေအိုးနှစ်လုံး ရှိလိမ့်မယ် တူးကြ”

အင်ကြင်းပင်ကြီးလေးပင်ဟူသော စကားကိုမူ နန်းတော်ရှေ့ အမတ်တို့ စည်းဝေးရာ မြေပြင်၌ မင်းကြီးလျောင်းစက်စံပယ်ရန်အတွက် စီရင်ထားသော ညောင်စောင်း၏ အခြေလေးချောင်းဟူ၍ အနက်ဖော်ကာ ထိုနေရာများမှ ရွှေအိုးကြီးလေးလုံးကို တူးဖော်စေလိုက်သည်။

ရှစ်ရပ်ဝန်းကျင် တစ်ယူဇနာထက်၌ ဟူသော စကားကိုမူ....

“ဒီနေရာမှာ လေးဂါဝုတ်နဲ့ နှိုင်း ယှဉ် အပ် တဲ့ တစ်ယူဇနာခရီးတာကို ဆိုလိုရင်း မဟုတ်ဘူး၊ မြင်းလေးစီးနဲ့ ကအပ်သော ရထားထမ်းပိုးနဲ့ ယှဉ်အပ်သော တစ်ယူဇနာခရီးတာလို့ အနက်ရတယ်၊ ဒါကြောင့် မင်းကြီး စက်တော်မူရာ ကျက်သရေတိုက်မှ ပတ်ဝန်းကျင် ရထားထမ်းပိုး တစ်ပြန်ခြားရာ ရှစ်မျက်နှာ အရပ်တွေမှာ ရွှေအိုးတစ်လုံးစီ ရှိရမယ်၊ ရွှေအိုးရှစ်လုံးဆိုသော်လဲ တစ်ဌာနတည်း ဖြစ်ပေတယ်”
ဟု ဖြေရှင်းပေးတော်မူလိုက်၏။

“အစွယ်ဖျား၌တစ်လုံး ဆိုတာက မင်္ဂလာ ဆင်တော်ထားရာ တင်းကုပ်မှာ ဆင့်မျက်နှာ မူမြဲအရပ်၊ ဆင်စွယ်နှစ်ချောင်းတို့ရဲ့ အောက်မှာ ရွှေအိုးတစ်လုံးစီ ရှိခြင်းကို ပြတယ်”

“အမြီးဖျား၌ တစ်လုံးဆိုတာက ဆင်တင်းကုပ် ဆင်တော်အမြီး နေရာအောက်မှာ....”

“ရေထဲ၌ တစ်လုံးဆိုတာက အခြားရေထဲကို ဆိုလိုတာမဟုတ်ဘူး၊ မင်္ဂလာရေကန်တော် အလယ်ကို ဆိုလိုခြင်းဖြစ်တယ်၊ ကန်တော်ထဲကရေကို ပြွန်ဝနဲ့ ထုတ်ဖောက်လိုက်ရင် ကန်အလယ်က ရွှေအိုးကို တွေ့ရလိမ့်မယ်”





“သစ်ပင်ဖျား၌ တစ်လုံး၊ ဒါကတော့ ဥယျာဉ်တော်အတွင်း မင်္ဂလာပြုရာ အင်ကြင်းပင်ကြီးမှာ ဝါ ဆိုနွယ် တာလရာသီ၊ နေမွန်းတည့်ချိန်၊ ပင်စည်ဝန်းကျင် ပတ်နေတဲ့ အရိပ်ဟာ သစ်ပင် ဖျားလို့ ယူဆရမယ်၊ အင်ကြင်းပင်ကြီးဝန်းကျင် အရပ်ရှစ်မျက်နှာ အရိပ်ဖျားကျရာမှာ ရွှေအိုးကြီး ရှစ်လုံး ရနေလိမ့်မယ်”

ပုစ္ဆာအဖြေ့က်အရ တစ်ဆယ့်ခြောက်ဌာနဟု ဆိုသော်လည်း အင်ကြင်းသား ညောင်စောင်း ခြေလေးခုအောက်၌ တစ်လုံးစီ၊ ကျက်သရေတိုက် ရှစ်ရပ်ဝန်းကျင်တို့၌ ရှစ်လုံး၊ ဆင်တင်းကုပ်၌ ရှစ်လုံး၊ ဥယျာဉ်တွင်း အင်ကြင်းပင် ရှစ်ရပ်ဝန်းကျင် မွန်းတည့်အရိပ်ဖျားတို့၌ ရှစ်လုံး တူးဖော်စေရာ ဌာနအားဖြင့်ဆိုလျှင် တစ်ဆယ့်ခြောက်လုံးတို့ကို ရရှိလေသည်။

မဟာဇနကမင်း၏ ဘုန်းစက် အာဏာ လက်ရုံးတေဇာ၊ ဉာဏ်ပညာတော်အစွမ်းသည် မိထိလာ တစ်ပြည်လုံးသို့ ဖြန့်ကြက်ထွန်းတောက်သွား၏။ မိတီလာပြည် နန်းတွင်း၊ နန်းပြင် နေရာအသီးသီးတို့၌ အတန်းအလွှာ အသီးသီးသော ပြည်သားလူထုတို့သည် မိမိတို့ ဘုရင်မင်းမြတ်အား ပူဇော်သောပွဲသဘင် အခမ်းအနားများကို ခြိမ့်သဲ့ချီး ကျင်းပကြလေတော့သည်။

ပုရောဟိတ် ပုဏ္ဏားများက မင်္ဂလာပန်း၊ ရေစင်ရေချမ်း၊ အမွှေးနံ့ သာတို့ဖြင့် စီမံသော ခရုသင်းများကို ကိုင်စွဲလျက်

ကောင်းချီးဘိသိက် သွန်းကြသည်။ သေဌေးသူကြွယ်တို့က ဥစ္စာဘဏ္ဍာ ရတနာများဖြင့် ပူဇော်ကြသည်။ ကုန်သည်လယ်လုပ် ဓားမခုတ် တောင်သူများကလည်း မိမိတို့ နိုင်နင်းရာကန်တော့ပွဲ လက်ဆောင်ပဏ္ဏာများဖြင့် ပူဇော်ချီးမြှောက်ကြသည်။ ဆင်မြင်း ရထားခြေလျင် စစ်သူရဲတို့ကလည်း ကိုယ်စီလက်နက် အဆောင်အယောင်၊ တံခွန်အလံ စစ်မောင်း၊ စစ်စည်များဖြင့် ဗိုလ်ရှုသဘင် သွင်းဆက်ကာ သစ္စာတော်ခံကြသည်။ က,ခြင်း၊ သီခြင်း။ တီးမှုတ်ခြင်းတို့၌ ကျွမ်းကျင်သည့် သဘင်ပန်တျာ အမှုထမ်းများကလည်း ဘုန်းတော်ဘွဲ့များဖြင့် ဆက်သွင်းကော်ရော်ကြသည်။

သီဝလိဒေဝီကား အရာအထောင်အသောင်းသော နန်းတွင်းသူ အပျိုတော်ပေါင်း ခြံရံလျက် အတင့်တယ်ဆုံးသော အဆောင်ဆောင်တို့ဖြင့် မဟာဇနကမင်းထံ ဦးညွှတ် အခစားဝင်လာသည်။

မိထိလာ နန်းမြို့အလုံးအား ထိုသို့ ပူဇော် ချီးမြှောက်ကြသောအသံများဖြင့် တစ်ခဲနက် အုန်းအုန်းသဲသဲ ပဲ့တင်ထပ်နေလေရာ ယုဂန္ဓိုရ်တောင်ခြေက လေအဟုန်ဟပ်သော သမုဒ္ဒရာအဝှမ်းကဲ့သို့ပင်။

ထီးဖြူဖြန့်မိုးအပ်သော ဥကင်ရာဇပလ္လင်ပေါ်၌ ရာဇာဓိရာဇာတို့၏ ဂုဏ်ခြေဘုန်းတော် အသရေတော်တို့ဖြင့် စံမြန်းကာ အထူးထူးသော ပူဇော်မှုတို့ကို ခံယူလျက်၊ မဟာဇနက





မင်းသည် မိထိလာပြည်နှင့် ထီးနန်းကို သိမ်းပိုက်တော်မူလေသည်။

ဝိဒေဟရာဇ် တိုင်းအတွင်း ခရိုင်၊ မြို့ငယ်၊ နိဂုံး၊ ရွာနေတိုင်းသားပြည်သူအပေါင်းတို့၏ ကောင်းချီးပေး ကြွေးကြော်သံတို့ကား မိုးကောင်းကင်ယံသို့ တက်ရောက် ရိုက်ခတ်နေတော့၏။

"နေမင်းဝင်ကွယ်တဲ့အခါ လစက်ဝန်း ထွက်ပေါ်သလို ငါတို့ အရှင်မင်းကြီး နတ်ရွာစံ ပြီးတဲ့နောက် အရိုက်အရာကိုဆက်ခံတဲ့ ဘုန်းတန်ခိုးရှင် မင်းတရား ကြွရောက်တော်မူခဲ့ပြီ"

"မဟာဇနက မင်းတရားဟာ အခြားတစ်ပါးသူ မဟုတ်၊ ယခင့်ယခင် ဝိဒေဟရာဇ် တိုင်းကြီးသခင် အရိဋ္ဌဇနကမင်းကြီးရဲ့ သားတော်ရင်း နန်းညွန့်ရတနာပဲ ဖြစ်ပေတယ်"

"ပထမအရွယ် နုနယ်ပျိုမျစ် ဘုန်းသစ်သော ဒီအချိန်မှာပဲ ငါတို့ရဲ့ မင်းတရားဟာ အံ့ချီးမကုန်နိုင်တဲ့ ပညာ၊ ဗလ၊ ရာဇပရိယာယ် သတ္တိအသွယ်သွယ်၊ အတုမဲ့ ဘုန်းသမ္ဘာတို့နဲ့ ပြည့်စုံလှတဲ့အတွက် ဝိဒေဟရာဇ်တိုင်း အလုံး၊ မိထိလာနိုင်ငံအနှံ့ ပြည့်၍ မဆုံးနိုင်သော ကျက်သရေအလင်းတို့ တောက်ပခဲ့ပြီ"

မဟာဇနကမင်းသည် သီဝလိဒေဝီအား နန်းမတောင်ညာအဖြစ်ထား၍ ကာလစမ္ပာနဂိုရ်ပြည်ရောက် မယ်တော်ကြီးနှင့်တကွ ဒိသာပါမောက္ခ ဆရာကြီးနှင့် ပုဏ္ဏေးမ ဆရာကတော်တို့ကို မိထိလာသို့ ပင့်ဆောင်ခေါ်ယူခဲ့၏။ မယ်တော်ကြီးအား အတုမဲ့သော စည်းစိမ်အခြံအရံဖြင့် ပူဇော်ထားရှိကာ ပါမောက္ခ ဆရာကြီးအားလည်း ဦးရီးတော် အရာဖြင့် ချီးမြှောက်ခဲ့လေသည်၊

မိထိလာနန်းတော်၏ နန်းတော်ဦး လေသာစကြံ တွင်ရပ်လျက် မဟာဇနကမင်းသည် အဆုံးမဲ့ ကောင်းကင်ဆီသို့ မျှော်ငေးကြည့်လိုက်၏။ ဝိဒေဟရာဇ်တိုင်းကြီးသခင် ပြည့်ရှင်မင်းအဖြစ်ကို လိုလားခဲ့သည့်အတိုင်း ရရှိပိုင်ဆိုင်ခဲ့ပြီဖြစ်၏၊ ခမည်းတော် အရိဋ္ဌဇနကမင်းကြီး လက်လွှတ်ဆုံးရှုံးခဲ့ရသော ထီးနန်းသည် မိမိလက်ဝယ် ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်၍ ရည်ရွယ်ချက်ဆန္ဒတို့ အထမြောက်ခဲ့ပြီ ဖြစ်၏။

သို့သော် မင်းကြီးအနေဖြင့် မိမိ၏ ခရီးမဆုံးသေးကြောင်းကို အချိန်နှင့်အမျှ ဆင်ခြင်နှလုံးသွင်းမိလေသည်။ မဟာသမုဒ္ဒရာ အပြင်ကို ကူးခပ်ခဲ့သော မိမိ အတွက် နောက်ထပ် မဟာသမုဒ္ဒရာများ ရှိနေသည်ကို မုချဆတ်ဆတ် သိမြင်ခဲ့သည်။ ကျန်ရှိနေသေးသော ထိုမဟာသမုဒ္ဒရာတို့သည် ကုန်သဘောပျက်၍ မိမိကူးခပ်ခဲ့ရသော သမုဒ္ဒရာထက် ပို၍ ကြီးမားကျယ်ပြန့်ကြလေသည်။





ပြာလဲ့ကြည်စင်သော မိထိလာ ကောင်းကင်ထက်တွင် တိမ်တိုက်တို့သည် တရွေ့ရွေ့ နှင့်ရင်း အမျိုးမျိုးသော ပုံသဏ္ဌာန်များအဖြစ်သို့ ပြောင်းလဲနေကြသည်။ တိမ်စတိမ်မျှင်တို့သည် စုဝေးဖွဲ့စည်းသွားလိုက်၊ ပြန့်ကြဲ ကွဲဝင်သွားလိုက်ဖြင့် ဆောက်တည်ရာမဲ့သော ဩကာသလောကကြီး၏ သရုပ်ကိုဆောင်နေကြသည်။

မဟာဇနကမင်းကြီး၏ အတွေးစိတ်ကူးများကား ထိုသို့မဟုတ်ချေ။ ယောကျာ်းမြတ်တို့၏ စူးနစ်နက်ရှိုင်းသော ဆင်ခြင်နှလုံးသွင်းမှုဖြင့် ငြိမ်သက်နေလေသည်။

"ဝိဒေဟရာဇ် တိုင်းကြီးသခင် မိထိလာ ပြည့်ရှင်မင်းတွေ ဖြစ်ခဲ့ကြတဲ့ ငါ့ရဲ့ဘိုးတော် မဟာဇနကမင်း၊ ခမည်းတော် အရိဋ္ဌဇနကမင်း၊ ဘထွေးတော် ပေါလဇနကမင်းတို့ဟာ လူ့ပြည်မှာ မရှိကြတော့ဘူး၊ နန်းစည်းစိမ်အရပ်ရပ် ဥစ္စာကို ယူဆောင် မသွားနိုင်ဘဲ သူတို့ဟာ ခရီးရှည်ကြီးကို ထွက်ခွာသွားကြရပြီ"

မြင့်စွာသော အထက်အဇဋ္ဌာဆီမှ တိမ်မျှင်စ တစ်ခုသည် ကြည့်နေရင်းမှာပင် ကွဲပြိုပျောက်ကွယ်သွား၏။

"သူတို့ဟာ မိမိတို့သွားရာ ထက်ကြပ်ပါ အောင် ဥစ္စာကို ယူဆောင်မသွားနိုင်ဘဲ ငါ့ထံကို လွှဲအပ်စွန့်ထားပစ်ပေတယ်၊ အင်း....သူတို့ ယူမသွားနိုင်ပေမယ့် ငါ့ကိုတော့ ဆောင်ယူစိမ့်ဆိုဘိသည့်အလား ပေးအပ်သွားကြသလိုပါပဲလား"

ပြာလဲ့ကောင်းကင်ပြင်ဝယ် တိမ်အထုကြီးတစ်ခု ဖွဲ့စည်းဖြစ်ပေါ်လာပြန်သည်။

"ဘိုးတော်၊ ခမည်းတော်တို့ထားခဲ့တဲ့ နန်းစည်းစိမ် အရပ်ရပ်၊ ဘထွေးတော် ထားခဲ့တဲ့ တစ်ဆယ့်ခြောက်ဌာနက ရွှေအိုးကြီးတွေ၊ ဒါ့အပြင် များပြားလှတဲ့ ရတနာရွှေငွေ ဘဏ္ဍာပစ္စည်းတွေ ငါ့လက်ထက်မှာ ထပ်မံပြီး ပူဇော်ကန်တော့ကြပြန်တဲ့ ဥစ္စာပစ္စည်းတွေ၊ သုံးလို့မကုန်နိုင်အောင် များပြားလှတယ်"

လေစီးကြောင်းအတိုင်း တစ်ဟုန်ထိုး လွင့်မျောသွားသော တိမ်ဖြူလွှတစ်အုပ်ကို ကြည့်ရင်း မင်းကြီး တွေးမိပြန်သည်။

"ဒီဥစ္စာပစ္စည်းတွေကို ငါနဲ့အတူ ထက်ကြပ်ပါအောင် ဆောင်ယူဖို့ဆိုတာ...."

ရက်များမကြာမီပင် မြို့တံခါးလေးမျက်နှာ၊ မြို့လယ် တစ်မျက်နှာ ဤငါးဌာနတို့၌ ကြီးစွာသော အလှူဇရပ် မဏ္ဍပ်ကြီးငါးဆောင်ပေါ်ပေါက်လာ၏။

မဟာဇနကမင်းကြီးနှင့် သီဝလိဒေဝီ မိဖုရားကြီးတို့ ဦးစီးဦးရွက်ပြုသော ကြီးစွာသော အလှူပွဲကြီးများဖြင့် မိထိလာသည် နေ့တိုင်းမပြတ် အုတ်အုတ်သဲသဲ စည်းကားသာယာခဲ့လေသည်။

■ ■ ■





ထီးဖြူဖြန့်မိုးအပ်သော ဥကင်ရာဇပလ္လင်။

လက်ဝဲဘက် သလွန်တော်၌ ကျက်သရေ အပေါင်းနှင့် ပြည့်စုံစွာသော သီဝလိဒေဝီ မိဖုရား၊ ရွှေပိန်းချ ပန်းကနုတ်ရစ်တိုင်လုံးကြီးများ အစီအရီ ရှိလေသော ညီလာခံခန်းမ၊ ထိုခန်းမထဲတွင် အသီးသီး နေရာယူ ခစားနေကြသည့် အမှူးအမတ် စည်သည်ဗိုလ်ပါ ရံရွေ့များ။

တငြိမ့်ငြိမ့်လှုပ်ယမ်းနေသည့် စာမရီသားမြီးယပ်၏ နံ့သာလက်ကိုင်ရိုးဆီမှ သင်းပျံ့သော အမွှေးရနံ့သည် ရာဇပလ္လင် တစ်ဝိုက်တွင် ယဉ်ကျေးစွာ သိုတ်ဖြူးလျက်။

နန်းတော်ခန်းမ၏ ဗိတာန် မျက်နှာကြက်ဆီမှ အဆိုင်းဆိုင်း တွဲရရွဲကျနေသော ပုလဲကြိုးများ၊ စွေးစွေးနီ ဟင်္သာပြဒါးပန်းကနုတ်များအကြားမှ ဝင်းပတောက်လက်နေသော ရွှေပိန်းချန်ရုံကြီးများ....၊

သက်ရှိသက်မဲ့ အားလုံးတို့သည် မိမိ၏ခြေရင်း၌ ဝပ်စင်းကော်ရော်နေကြသည်။ ရွှေရောင် ငွေရောင် ပတ္တမြားရောင်၊ စိန်ရောင် မြရောင် ဖိတ်ဖိတ်လက်နေသော နန်းတွင်း ပရိသတ်တို့၏ အဆင်တန်ဆာများကြားထဲမှ ဖူးငုံသော လက်အုပ်တို့သည် မိမိထံသို့ တစ်စုတစ်ရုံးတည်း တူရူဝပ်တွား ဦးခိုက်နေကြသည်။

ပုရောဟိတ်များ၏ လက်ထဲမှ ရွှေလင်ပန်း၊ ငွေလင်ပန်းတို့တွင် အဖြူအနီအဝါရောင်စုံ မီးခိုးများကို တလူလူလွှင့်ထုတ်

နေကြသည်။ ခန်းမန်ရှိ၏ တစ်ဘက်တစ်ချက်စီ၌ လည်းကောင်း၊ ခန်းမတံခါးမုခ်၏ ဝဲယာတို့၌လည်းကောင်း စစ်သည်ရဲမက်များသည် စွင့်စွင့်ရင့်ရင့် သူတို့၏ ထွက်သက် ဝင်သက်များကို ဘုရင်မင်းမြတ်အတွက် ပေးဆက်နေကြသည်။

စာမရှိသားမြီးယပ်မှ မွှေးရနံ့သည် သိမ်မွေ့စွာ သင်းပျံ့ကြိုင်လှောက်လျက်။

ကြည့်လေမြင်လေရာတိုင်း တင့်တယ်မှု အသရေတို့သာ ဖုံးလွှမ်းနေ၏။ ပြိုးပြက်ဖိတ်လက်သော အရောင်များဖြင့် နန်းတော်ညီလာခံ ခန်းမတစ်ခုလုံး ပွင့်ထွန်းတောက်ပနေ၏။

ထီးဖြူအောက် ဥကင်ရာဇပလ္လင်တော်ထက်မှ မဟာဇနက မင်းကြီးကား ထိုရှုမငြီးစည်းစိမ်တော်ကို သုံးသပ်ရင်းမဝေးလှသော အတိတ်ပုံလွှာတစ်ခုကိုသာ မြင်ယောင်နေမိလေသည်။ ထိုအရာကား....

မည်းနက်ညစ်ပုတ်သော ကောင်းကင်ပြင်၊ တောင်ကုန်းငယ် ပမာဏရှိ လှိုင်းတံပိုးလုံးများ အဆက်မပြတ် ဆွဲကိုင်မွှေ့ယမ်းခြင်း ခံလိုက်ရသော ကော်ဇော တစ်ချပ်နှယ် ဖြုန်းဖြုန်းဖြင်းဖြင်း ကသောင်းကနင်း ဖြစ်သွားသည့် သမုဒ္ဒရာ ရေပြင်၊ ဖျစ်ဖျစ်မြည်သံတို့အဆုံး ဝုန်းခနဲ ပေါက်ကွဲသွားသည့် သင်္ဘော ဝမ်းပြင်စပ်၊ အဆီးအတားမဲ့ တရဟော တိုးဝင်လာ





သော ရေလုံးကြီးများ၊ ဖြောင်းခနဲ မြည်ဟည်း သံကြီးနှင့်အတူ အရှိန်ပြင်းစွာ လဲကျလာသည့် ရွက်တိုင်များ.... ထို့နောက်မှ....

မြုပ်နစ်သွားသည့် သင်္ဘောနှင့် အတူ ဖြစ်ပေါ်လာတဲ့ ဝဲကတော့ကြီးတွေ၊ ခံတွင်းကို ဖြဲဟ၍ အစွယ်ဖွေးဖွေးပြကာ အသင့်စောင့်လင့်သော သမုဒ္ဒရာငါးကြီးများ၊ မကန်းကြီးတွေ၊ ထို့နောက် ကယ်ပါယူပါ တစာစာ သွေးပျက် ထိတ်လန့်အော်ဟစ်သံတွေ....ထို့နောက် သွေးတို့ဖြင့် ခြင်းခြင်းနီ သွားသော သမုဒ္ဒရာ ရေအပြင်....။

မဟာဇနကမင်းကြီးသည် ပကတိ မျက်စိအားဖြင့် နန်းရင်ပြင်ကို ကြည့်နေရသော်လည်း စိတ်မျက်စိကမူ သမုဒ္ဒရာ သင်္ဘောပျက်ခဲ့စဉ်က အဖြစ်ကို ထင်ထင်လင်းလင်း မြင်နေရ၏။

"မဟာသမုဒ္ဒရာမှာ ငါ နစ်မွန်းခဲ့စဉ်က ငါဟာ အခြားသော သင်္ဘောသား ခုနစ်ရာတို့လိုသာ လုံ့လ မပြုဘဲ နေခဲ့မယ်ဆိုရင်....ငါဟာ မိခင်နဲ့လဲ ပြန်တွေ့ရမှာမဟုတ်၊ အခုလို နန်းစည်းစိမ်ကိုလဲ ခံစားရမှာ မဟုတ်၊ သမုဒ္ဒရာအလယ်မှာပဲ ငါး၊ လိပ်၊ မကန်းတို့ရဲ့ အစာဖြစ်မှာမလဲ...."

"လုံ့လ အာနုဘော်ရဲ့ အကျိုးကြောင့် ငါ တောင့်တတိုင်း ထီးနန်း စည်းစိမ်ကို ရခဲ့ပေတယ်၊ မိခင် မယ်တော်ကြီးကိုလဲ ပြန်လည်ဖူးတွေ့ ပူဇော်

နိုင်ခဲ့တယ်၊ အင်း....လို့လ ဟူသည်မှာ လွန်စွာ ပြုအပ်
လှတဲ့ အရာပါတကား၊ ကြီးမားသော အကျိုးကျေးဇူး
ကို ပေးစွမ်းနိုင်တဲ့ အင်အားကြီးပါတကား...”

ဥက္ကင်ရာဇပလ္လင်ပေါ်၌ စံနေတော်မူသော မဟာဇနကမင်းကြီး၌ လို့လကို အာရုံရှိသော မဟာကုသိုလ်စိတ် ဝမ်းမြောက်ခြင်း နှင့် တကွ ဖြစ်သော ကောင်းမြတ် ကြည်လင်သော သောမနဿသဟဂုတ်ဇော၊ စိတ္တုပ္ပါဒ် တို့သည် ဘဝင်ကိုဖြတ်၍ အထပ်ထပ် အလီလီ ရပ်မို့တည်တံ့ မဆံ့နိုင်အောင် ပွားများကာ နှစ်သက်ခြင်း ခဏိကာပီတိ၊ ခုဒ္ဒကာပီတိ တို့ ဖြစ်ပေါ်လာကြ၏။

ညှို့အိသော ဝါဂွမ်း၌ ဆီသွန်ဘိသကဲ့သို့ မွမ်းမွမ်းစိမ့်စိမ့် နှစ်သက်ကြည်နူးမှု စိတ်အဟုန်က ကိုယ်တော်၏ ဟဒယအိမ်ကို တဖွားဖွား ရိုက်ခတ် ပျံ့နှံ့လာ၏။

ထိုပီတိအဟုန်တို့ဖြင့် နှလုံးတော် မဆံ့နိုင်အောင် ခံစားလာရသောအခါ မင်းကြီးသည် ချိုပြုံ့နှစ်သက် မိန့်မြွက်တော်မူလိုက်လေသည်။

“ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးတရား
မြင်တတ်လေသော ထိုယောကျ်ား
မြတ်သော တောင့်တခြင်းအမှု
ပြုသင့် ပြုအပ်စွ၊





မပျင်းရိသူ ငါတစ်မူလျှင်
ထီးနန်းအရှင် ဘုရင်အဖြစ်ပြီ
လိုအင်သနစ် ကြံတိုင်းဖြစ်ခဲ့”

“ဉာဏ်ပညာနှင့်ပြည့်စုံ
ကုံလုံသော ယောကျ်ား၊
ရေသားသမုဒ္ဒရာမှာ ကူးမြောက်
ကုန်းပြင်အထက် ရောက်ခဲ့ပြီ”

“လူသားယောကျ်ား
စွမ်းအားမြဲမြံ လို့လသန်
ကိုယ့်သန္တာန် ကိုယ်ရှု
ပြုသမျှလိုအင် လျှင်စွာပြည့်ဝပြီ”

“ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးတရား
မြင်တတ်လေသော ထိုယောကျ်ား
မြတ်သော တောင့်တခြင်းအမှု
ပြုသင့် ပြုအပ်စွ
ရေမှ ကုန်းထက်
ရန်းတက် ကူးမြောက်
ထင်တိုင်းပေါက်ခဲ့
အိုဘယ့်ယောကျ်ား ငါယောကျ်ားဟု
စေ့စေ့ငှငှ ရှုခဲ့ပြီ”

"ပညာရှိသူ ထိုသသူမှာ
ကြုံလာဆင်းရဲ-ညှဉ်းဆဲဒုက္ခ
ရောက်တုံလတ်လည်း
မပြတ်ရှေးရှု
ချမ်းသာမှုထံ
ရည်သန်စွဲမြဲ-အားခဲသင့်လှသည်
ကိုယ်မှုဆင်းရဲ စိတ်ဆင်းရဲ
မလဲမပြို မယိုယွင်းစေနှင့်
ဆင်းရဲပျောက်လျှင် ချမ်းသာရောက်အံ့
ကြံ့ကြံ့မနှေး ဆောင်ရွက်ပေး။
တောင့်တတိုင်း မပြီး
လုံ့လကြီးစွာ အားထုတ်ကြိုးပမ်းကြ။
ထိုထိုယောကျ်ား လူအများလည်း
ငါ့အားပုံနှိုင်း
တောင့်တတိုင်းပင်
လျှင်စွာအကျိုး ရရှိရိုးပင်ဖြစ်တော့သည်"

လေးနက်အောင်မြင်သော အသံဖြင့် ဤသို့ ဥဒါန်း ကျူးလျက် မင်းကြီးသည် ညီလာခံ ပရိသတ်တို့အား ဩဝါဒစကား မိန့်ဆိုလေသည်။

"အမတ်တို့....ပညာနည်းတဲ့ လူပျင်းဟာ တစ်စုံတစ်ခု ကိုယ်စိတ်ဆင်းရဲနဲ့ ကြုံတဲ့အခါမှာ ဒီလို ဆင်းရဲ





ခြင်းကို ခံရတဲ့ ငါ့အဖို့ ဘယ်မှာ ချမ်းသာသုခ ရပါတော့မလဲလို့ စိတ်ပျက် အားငယ် တတ်ကြတယ်။ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် လောကဓမ္မတာကို မယူစား မဆင်ခြင်ဘဲ ပျင်းရိခြင်းကို အစွဲပြုပြီး လုံ့လကို လျှော့လိုက်ကြတယ်။

"အမတ်တို့ ပျင်းရိခြင်းကို အစွဲပြုလို့ လုံ့လအမှုကို လျှော့လိုက်ကြတဲ့အတွက် ကျွန်ုပ်နဲ့အတူ လိုက်ပါလာခဲ့ကြတဲ့ သင်္ဘောသား ခုနစ်ရာတို့ဟာ မဟာသမုဒ္ဒရာမှာ ငါး, လိပ်တို့ရဲ့ အစာဖြစ်ခဲ့ပြီ"

နန်းရင်ပြင် ညီလာခံသည် တိတ်ဆိတ်နေ၏။ မဟာဇနကမင်းကြီး၏ ရဲရဲတောက်စကားများ၌ နစ်မြုပ်ပျော်ဝင်နေ၏။

"အမတ်တို့....ကျွန်ုပ်ဟာ အခုလို ဖုသာရထားဆိုက်လာပြီ၊ ပြည်စည်းစိမ် ထီးနန်းကို အလွယ်တကူ သိမ်းမြန်းစိုးစံရလိမ့်မယ်လို့ တစိုးတစိမျှ အကြံမရှိပေဘူး၊ စင်စစ် ကျွန်ုပ်ရဲ့ အကြံအစည်က သုဝဏ္ဏဘူမိဒေသကို သွားပြီး ကုန်စည်ကူးသန်းမှုပြုမယ်၊ ဥစ္စာပစ္စည်းရလာတဲ့အခါ ဒီဥစ္စာပစ္စည်းတွေကို အခြေပြုပြီး စစ်သည်လက်နက်အင်အား စုဆောင်းမယ်၊ ပြီးတော့ အလုံးအရင်းကြီးစွာနဲ့ တစ်ပြည်တစ်နိုင်ငံကို လက်နက်ပြုပြီးတော့မှ ခမည်းတော်ရဲ့ဥစ္စာ၊ ဟောဒီမိထိလာကို တိုက်ခိုက်သိမ်းယူမယ်၊ အဲဒီလိုသာ ကျွန်ုပ် ကြံရွယ်ရင်းရှိခဲ့ပေတယ်၊ ဒါပေမယ့်...."

F-15

မင်းကြီး၏ အသံမှာ ပို၍လေးနက်သွားသည်၊

"အဲဒီအကြံ ပျက်ခဲ့ပြီး မကြံရွယ်သော အဖြစ်သနစ်တွေ ပေါ်လာတယ်၊ မဟာသမုဒ္ဒရာမှာ နစ်မြုပ် ချောက်ချားခဲ့ရတယ်၊ မဏိမေခလာနတ်သမီးနဲ့ တွေ့ကြုံပြီး နတ်သမီးရဲ့ ပို့ဆောင်မှုနဲ့ သင်တို့ မိထိလာ ဥယျာဉ်ကျောက်ဖျာထက် ရောက်ခဲ့ရတယ်၊ ဒီအခါမှာ ဖုဿရထား ဆိုက်လာပြီး ထီးနန်းပလ္လင်ကို သိမ်းယူစံမြန်းနိုင်ခဲ့တယ်"

ညီလာခံ ပရိသတ်သည် တုပ်တုပ်မျှ မလှုပ်ဘဲ ငြိမ်ဝပ်စွာ နာခံလျက်ရှိ၏။

"အမတ်တို့....ကျွန်ုပ်သာ မဟုတ်ဘူး၊ ယောကျ်ားမိန်းမ လူတိုင်းပဲ၊ မင်း၊ မိဖုရား၊ သေဌေးသူကြွယ် အဖြစ်များကို အသီးသီး ကြံစည်တောင့်တကြပေတယ်၊ ကြံကြပေမယ့် ကြံတိုင်း မမြောက်ကြသည်က များတယ်၊ ဒါကြောင့် လုံ့လဆိုတာဟာ မဆုတ်မနစ် မလစ်မလျော့၊ မပေါ့မဆ ကောင်းစွာအားထုတ်အပ်တဲ့အရာ ဖြစ်ပေတယ်"

ရွှေရောင်၊ ငွေရောင်၊ စိန်ရောင်၊ ပတ္တမြားရောင်တို့ဖြင့် တောက်ပနေသော ရွှေနန်းတော်ခန်းမကြီးသည် မဟာဇနကမင်းကြီး၏ ဥဒါန်းကျူးစကား၊ အနုသာသန ဩဝါဒစကားတို့ကြောင့် အစွမ်းကုန် ဝင်းပ ထွန်းလင်းသွားလေသည်။





ချီ့တဲ့ချွတ်ယွင်းခြင်းမှ အလုံးစုံကင်းပလျက် ကောင်းမြတ်သော ဂုဏ်ခြေတို့ဖြင့် ပြည့်စုံခြင်းတည်း ဟူသော ဥပဓိသမ္ပတ္တိ၊ ပျင်းရိမှုလျော့ခြင်း အလျဉ်းမရှိမူ၍ ကောင်းစွာမဆုတ်မနစ် အားထုတ်ခြင်းတည်း ဟူသော ပယောဂသမ္ပတ္တိ၊ ဖုဿရထား ဆိုက်ရောက်ကပ်ရာ မင်္ဂလာဥယျာဉ် ကျောက်ဖျာ အပြင်၌ ရှိနေခြင်း၊ ထိုက်ရာအရပ်နှင့် ပြည့်စုံခြင်းတည်းဟူသော ဒေသသမ္ပတ္တိ မိထိလာပြည်၌ မင်းမရှိ၍ မင်းကို တောင့်တသော အခါနှင့် ကြုံကြိုက်ခြင်းတည်းဟူသော ကာလသမ္ပတ္တိ၊ ဤသမ္ပတ္တိတရား လေးပါးနှင့် ပြည့်စုံတော်မူသောကြောင့် မိထိလာနန်းပလ္လင်၌ စိုးစံခဲ့ရပေပြီ။

မဟာဇနကမင်းသည် ဤတို့အားဖြင့် မင်းအဖြစ်သို့ရောက်တော်မူပြီးသည်မှစ၍ လူ၊ ကျင့်၊ စွန့်ကြဲ၊ မညွှင်းဆဲနှင့် ဖြောင့်စွဲ၊ နူးညံ့၊ မဆန်းကင်းပ၊ မြေမျှသည်းခံ ခြိုးခြံအသင့်တည်း ဟူသော ရာဇဓမ္မ ဆယ်ပါးတို့ကိုလည်းကောင်း။

"အခွန်ဆယ်ဖို၊ တစ်ဖိုခွဲယူ၊ မှုထမ်းသူကို၊ ကြည်ဖြူပေးကမ်း၊ ငြိမ်းချမ်းသာယာ၊ ပြောခါစကား တိုးပွားကင်းပ၊ ချေးငှားက လေးဝချီးမြှောက်နည်း"

တည်း ဟူသော သင်္ဂဟတရား လေးပါးတို့ကို လည်းကောင်း။

"ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ကြည့်ရှု"

တည်း ဟူသော နာယကဂုဏ်ခြောက်ပါးတို့ကို လည်း

ကောင်းစွာ အစေလးမူလျက် မင်းကောင်းမင်းမြတ်တို့နှင့် လျော်
ညီစွာ အုပ်ချုပ်စိုးစံတော်မူခဲ့လေသည်။

နန်းတော်၌ မပြတ် ဆွမ်းအလှူပွဲလုပ်ကျွေးသလို အလှူ
ဇရပ်ငါးဆောင်တို့၌လည်း ဥစ္စာနှစ်တို့ကို ထုတ်၍ အလှူပေး
တော်မူ၏။ ဘုရင်မင်းမြတ်ကိုယ်တိုင် ပစ္စေကဗုဒ္ဓါတို့၏ အလုပ်
အကျွေး ဒါယကာအဖြစ် ခံယူသဖြင့် မိထိလာပြည် အလုံးမှာ
လည်း တရားဓမ္မများဖြင့် ဖုံးလွှမ်းသာယာခဲ့လေသည်။

ဝိဒေဟရာဇ်တိုင်း တစ်ခုလုံးသည်လည်း ကပ်သုံးပါးဘေး
နှင့် အလျဉ်းပင် မတွေ့ကြုံရဘဲ တိုင်းသားပြည်သူတို့သည် မင်း
ကောင်း မင်းမြတ်တို့၏ အုပ်ချုပ်မှုအောက်၌ ကိုယ်စိတ်နှလုံး
ချမ်းသာစွာဖြင့် နေထိုင်ခွင့်ရခဲ့ကြလေသည်။

ဤသို့ဖြင့် ရက်၊ လ၊ နှစ်များ ဖြတ်သန်းကုန်ဆုံးသွားခဲ့၏။
သီဝလိဒေဝီ မိဖုရားကြီးသည်လည်း ဘုန်းပညာ လက္ခ
ဏာနှင့် ပြည့်စုံသော သားတော်တစ်ပါးကို ဖွားမြင်ခဲ့ရာ
အသက်ရှည်ရာ ရှည်ကြောင်းကို အစွဲပြုလျက် "ဒီဃာဝု" ဟူ
သော အမည်ဖြင့် သားတော်ကို ခေါ်ဝေါ်မှည့်ခေါ်လိုက်
လေသည်။

သားတော် ဒီဃာဝုမင်းသား အသက် တစ်ဆယ့်ခြောက်
နှစ်အရွယ် ရောက်ရှိ၍ တတ်အပ်သောပညာတို့ဖြင့် ပြည့်စုံ
ကုံလုံသောအခါ မဟာဇနက မင်းကြီးသည် သားတော်အား
အိမ်ရှေ့ဥပရာဇာအဖြစ် အပ်နှင်းလေသည်။





ဆက်လက်၍ အချိန်ကာလတို့သည် တရိပ်ရိပ် ကုန်ဆုံး
ရှည်ကြာ လာခဲ့ပြန်၏။ တရွေ့ရွေ့လျှင် အစဉ်မပြတ်ပြောင်း
လဲဖြစ်တည်ခဲ့သော အခါသမယတို့သည် တစ်ခုသော နေ့တစ်
နေ့ဆီသို့ ဦးတည်ရွေ့လျားလာခဲ့၏။

ထိုနေ့ကား…

■ ■ ■

မဟာဇနကမင်းကြီးသည် ရှေ့တော်မှောက်သို့ အခစား
ဝင်လာသည့် ဥယျာဉ်မှူးဆီသို့ ငဲ့စောင်းကြည့်တော်မူ၏။

ဥယျာဉ်မှူးကား အသားမည်းမည်းနှင့် ခပ်ဖိုင့်ဖိုင့် ကိုယ်
လုံးရှိပြီး အထူးခြားဆုံးမှာ သူ၏ ကြီးမား ကျယ်ပြန့်သော
လက်ဖဝါးကြီးများပင်ဖြစ်သည်။ သို့သော် သူဝတ်ဆင်ထားပုံ
မှာ ပန်းနုရောင် ခေါင်းပေါင်း၊ ဖက်ဖူးရောင် ကိုယ်ကျပ်ခါး
တို၊ အစိမ်းရင့်ပုဆိုးတို့ ဖြစ်လေရာ ဝဖိုင့်မည်းနက်သော ခန္ဓာ
ကိုယ်နှင့် ဆင်ယင်မှုတို့မှာ တခြားစီဖြစ်နေပြီး ဥယျာဉ်မှူးနှင့်
မတူဘဲ နယ်လှည့်ဇာတ်အဖွဲ့မှ လူရွှင်တော်တစ်ဦးနှင့် တူနေ
လေသည်။

သို့သော် ဥယျာဉ်မှူး၏ အဆင်မပြေသော အသွင်ကို ဖုံးလွှမ်းပစ်လိုက်သော တစ်စုံတစ်ခုရှိနေ၏။ ထိုအရာကား သူ မဲမဲသဲသဲ မျက်နှာပေါ်မှ အပြုံးပင် ဖြစ်သည်။ ညို့မည်းသော အသားနှင့် ဆန့်ကျင်စွာပင် ဥယျာဉ်မှူး၏ သွားများမှာ ဖြူဖွေးတောက်ပလျက်ရှိ၏။ သွားများပေါ်အောင် ပြုံးတတ်သော ဥယျာဉ်မှူး၏ မျက်နှာမှာ နှစ်လိုခင်မင်ဖွယ်ရာလည်း ကောင်းလေသည်။

"မောင်မင်းကိုယ်တိုင် အခစားဝင်လာသလား"

အယုတ် အလတ် အမြတ် မရွေး နူးညံ့ပြေပြစ်စွာ မိန့်ဆိုတတ်သော မဟာဇနကမင်းကြီးက နှုတ်ဆက်လိုက်၏။

"ကျွန်တော်မျိုး ကိုယ်တိုင်ကိုယ်ကျ အခစား မဝင်လို့ မဖြစ်လောက်အောင် အရှင်မင်းမြတ်ရဲ့ ဘုန်းကျက်သရေက ဆွဲဆောင်နေပါတယ် အရှင်"

ဥယျာဉ်မှူး၏ အပြုံးမှာ ပို၍ကျယ်ပြန့်လာ၏။

"မောင်မင်း စကားက ထူးခြားမှုတစ်ခုခုကို ညွှန်းနေတယ်"

"မှန်ပါတယ် အရှင်၊ ရာဇာမင်းမြတ်တို့ရဲ့ ဘုန်းကျက်သရေများ ထွန်းတောက်လွှမ်းခြုံပြီဆိုမှဖြင့် သက်ရှိသတ္တဝါ တိုင်းသားပြည်သူတို့မှာ နှလုံးဝမ်း ချမ်းမြေ့ကြရပါတယ်၊ ဒါတွင်မက သမာဒေဝနတ်ကောင်း





နတ်မြတ်များရဲ့ ကျေးဇူးပူဇော်မှုကြောင့် မြေဆီမြေကောင်းတို့ ထွန်းကားလာပြီး မိုးလေဥတုများကလဲ အချိန်မှန် ဝေဖြိုးလာကြပါတယ်"

"မောင်မင်းဟာ ဥယျာဉ်မှူးတစ်ယောက်အနေနဲ့ သစ်ပင် ပန်းမန်တွေနဲ့ချည်း အချိန်ကုန်နေရတာမို့ စကားပြောတတ်လိမ့်မယ် မဟုတ်ဘူးထင်နေတာ၊ အခုတော့ တယ်စကားကြွယ်ပါလားကွယ့်"

ဤစကားကို ဝင်ပြောလိုက်သူမှာ သီဝလိဒေဝီ မိဖုရားကြီး ဖြစ်၏။ ဥယျာဉ်မှူးသည် မိဖုရားကြီးဘက်လှည့်ကာ ဦးညွှတ် ခါးကိုင်းလျက်....

"မှန်ပါတယ် သခင်မဖုရား၊ သစ်ပင်ပန်းမန်တွေကလဲ ထူးခြားတဲ့ဘာသာစကားနဲ့ စကားပြောတတ်ကြပါတယ်၊ အထူးသဖြင့် လှပမွှေးကြိုင်တဲ့ ပန်းပွင့်လေးတွေဆိုရင် မကြားရတဲ့အသံနဲ့ စကားလုံးဝေါဟာရ ကြွယ်ဝလှစွာ ကျွန်တော်မျိုးကို စကားဆိုတတ်ကြပါတယ်၊ အကယ်၍ ဥယျာဉ်မှူး စိတ္တတစ်ယောက် စကားလုံးကြွယ်တယ်ဆိုရင် အဲဒါဟာ ပန်းပွင့်လေးတွေဆီကရတဲ့ ပညာဖြစ်ပါလိမ့်မယ်"

သီဝလိဒေဝီ မိဖုရားကြီး ပြုံးတော်မူ၏။

"မောင်မင်း....စကားဆက်ပါဦးကွယ့်"

မဟာဇနကမင်းကြီးက မိန့်လိုက်သည်။

"ဒီလိုပါ အရှင်မင်းမြတ်၊ မြေဆီမြေကောင်းနဲ့ ရေမိုးရာသီမှန်လာတော့ သစ်ပင်ပန်းမန်များကလဲ ဘယ်တုန်းကနဲ့မှ မတူအောင် ထူးခြားစွာ သီးပွင့်ဝေဆာလာကြပါတယ်"

"အင်း.... ဆက်ပါဦး"

"ကျွန်တော်မျိုးဟာ ဘိုးဘွားမိဘ လက်ထက်ကတည်းက ဥယျာဉ်မှူးပညာနဲ့ အသက်မွေးခဲ့သူဖြစ်ပါတယ်၊ မြေလက်တစ်ဆုပ်စာရရင်ပဲ သင့်တော်တဲ့ အပင်တစ်ပင်ကို ဖွံ့ဖြိုးလှပလာအောင် စိုက်ပျိုးနိုင်သူဖြစ်တယ်လို့ ကိုယ့်ကိုယ်ကို ကြွေးကြော်ထားသူဖြစ်ပါတယ်၊ ကျွန်တော်မျိုးရဲ့ ဟောဒီလက်ဖဝါးတွေ၊လက်ချောင်းတွေကို ရှုစားတော်မူပါအရှင်"

ကြီးမားကျယ်ပြန့်သော လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပြ၏။ လက်ဖဝါးပြင်မှာ လက္ခဏာ အရေးအကြောင်းများ မရှိတော့ဟု ထင်ရလောက်အောင် ထူပိန်းပြန့်ပြောနေပြီး အချို့နေရာများတွင် အသားမာ တက်နေလေရာ မြင်ရုံဖြင့်ပင် ကြမ်းတမ်းမာကျောသော လက်ဖဝါးများ ဖြစ်ကြောင်း သိသာလှပေသည်။

"နှစ်ပေါင်းများစွာ မြေကြီး၊ သစ်ဈေ၊ သစ်ဥ၊ သစ်ဖု၊ သစ်ပင်၊ ပန်းမန်တွေ၊ ခက်ရင်း၊ ပေါက်တူး၊





ပေါက်ပြားတွေကို နေ့နေ့ ညည၊ ရာသီကာလမရွေး ကိုင်စွဲလာခဲ့တဲ့ ကျွန်တော်မျိုးရဲ့ လက်တွေဟာ အခု ရှုစားတွေ့မြင်တော်မူရတဲ့အတိုင်း သာမန်လူများထက် ပိုပြီး ကြမ်းခက်မာကျောပြီး အမြင်ရ ဆိုးလှပါတယ် အရှင်"

"အင်း.. ဥယျာဉ်မှူး တစ်ယောက်မှာ ဒီလောက် ကြမ်းရှတဲ့ လက်ဖဝါးမျိုး ရှိနေမယ်လို့ ကျွန်ုပ်မတွေးမိဘူး၊ ဆက်စမ်းပါဦး...."

"အဲဒီ ကြမ်းရှတဲ့ လက်ဖဝါးပြင်အောက်မှာ ပန်းပွင့်တွေကိုချစ်တဲ့ အဇ္ဈာသယ အသားတွေ ရှိနေပါတယ် အရှင်၊ ပြီးတော့ ပန်းမန်သစ်သီးတွေရဲ့တန်ဖိုးကို ဆုံးဖြတ်နိုင်တဲ့ အာနိသင်တစ်ခုလဲ ကိန်းဝပ်နေပါတယ်"

"အင်း...ဒီစကားကို ကျွန်ုပ်နားလည်နိုင်ပါတယ်"

"ဥယျာဉ်မှူးတစ်ယောက်ရဲ့ ပညာ၊သစ္စာ၊ မေတ္တာတရား၊ ကျွမ်းကျင်မှုအတတ်များနဲ့ ကျွန်တော်မျိုးဟာ ဟောဒီဝိဒေဟရာဇ် တစ်တိုင်းလုံး ဟောဒီ ဇမ္ဗူဒိတ်ကျွန်းအလုံးမှာ အလှဆုံး၊ အမွှေးပျံ့ဆုံး ပန်းမန်တွေ၊ အချိုမြဆုံး၊ အနံ့အရသာဩဇာအပြည့်ဆုံး သစ်သီးဝလံတွေကို စိုက်ပျိုးခဲ့ပါတယ်၊ မိထိလာဘုရင့်ဥယျာဉ်တော်ကို တုဖက်ကင်းတဲ့ ဥယျာဉ်တော်အဖြစ် ဖန်တီးခဲ့ပါတယ်၊ တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်ထဲ

က မျိုးစေ့တစ်ခုကိုသာ အရယူပေးပါ၊ နတ်ပန်းပဥ္စမ္ဘူ ကိုတောင် ကျွန်တော်မျိုး ဖန်တီးပြလိုက်ချင်ပါတယ်''

''မောင်မင်းဟာ ဥယျာဉ်မှူး မလုပ်ဘဲ သံတမန် လုပ်ဖို့ ကောင်းနေပြီ''

စိတ်လက်ပေါ့ပါး ကြည်သာစွာ မင်းကြီး မိန့်တော်မူလေသည်။

''ရှိပါစေတော့ အရှင်၊ ကျွန်တော်မျိုးက ပန်းပွင့်ကလေးတွေရဲ့ စကားကိုပဲ နားလည်တတ်သူပါ၊ အဲဒီလို ဂုဏ်မြောက်တဲ့ သစ်သီးဝလံ ပန်းမန်များကို ဟောဒီလို လက်ဖဝါးကြမ်းကြီးတွေနဲ့ ဖန်တီးနိုင်ခဲ့တဲ့ ကျွန်တော်မျိုးကြီး ဝေစိတ္တဟာ အခုတော့ ဘုရင့်ဥယျာဉ်တော်ထဲက သီးပွင့်လာတဲ့ သစ်သီးဝလံ ပန်းမန်များကို ကိုယ်တိုင်လဲ မယုံကြည်လောက်အောင် အံ့သြရှုမော ဖြစ်ခဲ့ရပါပြီ၊ ဒါကြောင့် ရှေ့တော်မှောက်ကို ကျွန်တော်မျိုးကြီး မဝင်စဖူး အသင်ထူးလို့ ခစားရောက်ရှိခဲ့ရခြင်း ဖြစ်ပါတယ်''

ထိုအခါမှပင် ဥယျာဉ်မှူးသည် ဥယျာဉ်တော်ထွက် သစ်သီးများ၊ ပန်းမန်များကို ကိုယ်တိုင် ဆက်သွင်းရန် ရောက်လာခဲ့ခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ပေါက်သွား၏။

''မောင်မင်း....ဘာတွေများ ဆက်သွင်းဖို့ရှိသလဲ''





''ဘုန်းတော်ကြောင့် ခွင့်ပြုတော်မူပါ အရှင်မင်းမြတ်''

ဥယျာဉ်မှူးက တံခါးစောင့်ဆီသို့ လှမ်းကြည့်ကာ မျက်ရိပ်ပြလိုက်၏။ တံခါးမှူးက ထပ်မံ အမိန့်ပေးလိုက်ရာ အမှုထမ်းနှစ်ဦးတို့က ကျောက်သရေတိုက်ခန်း၊ တံခါးမ,ရှိ ကတ္တီပါ ခန်းဆီးစကြီးကို တစ်ဖက်တစ်ချက်ဆီမှ ဆွဲဖယ်ဖွင့်ဟပေးလိုက်ကြ၏။

ဥယျာဉ်မှူးနှင့် စံအိမ်တော်အမှုထမ်းတို့ မည်သည့်အချိန်ကတည်းက ညှိနှိုင်းတိုင်ပင်ထားကြသည် မသိ။ ပွင့်နေသော ခန်းဆီးစကို ဖြတ်သန်းလျက် အစီအရီ ဝင်လာကြသည်ကား....

ဦးစွာ ငွေလင်ပန်းများကို ကိုင်ဆောင်လာကြသည့် ရံရွေများ။

သူတို့ ကိုင်ဆောင်ထားသည့် ငွေလင်ပန်းများထဲတွင် အရောင်အသွေး အမျိုးစုံလင်လှသော ပန်းများ ပါရှိလာ၏။ ထို့နောက် အစဉ်တစိုက် ဝင်လာကြသူများ၏ လက်ထဲမှ ကလပ်များ အုပ်များတွင် သစ်သီး ကြီးငယ်များ။

ဘုရင့် ကျောက်သရေတိုက်ခန်းအတွင်း၌ ရုတ်ခြည်းပင် မွှေးရနံ့များ ဖုံးလွှမ်းသွားသည်။ မျက်နှာကြက်နံရံ၊ တိုင်လုံးများထက်ရှိ ရွှေရောင်၊ စိန်ရောင်၊ မြရောင်များသည်လည်း ပန်းမျိုးစုံတို့၏ လှပလွန်းသော သဘာဝ အရောင်အသွေးများအောက်တွင် ခြောက်သွေ့သွားကြသည်ဟု ထင်ရ၍....

ပန်းမန်နှင့် သစ်သီးငွေလင်ပန်းများ ဘုရင်နှင့် မိဖုရား ရှေ့မှောက်တွင် အစီအရီ ဖြန့်ခင်းထားပြီးသား ဖြစ်သွားသည်။

"အဆင်း၊ အနံ့၊ အရောင်အသွေးတို့ကို ရှုစားသုံးသပ်တော်မူပါ အရှင်နဲ့ အရှင်မတို့ဘုရား၊ ကျွန်တော်မျိုးကိုယ်တိုင် မိမိစိုက်ပျိုးခဲ့တာများမှ ဟုတ်ပါလေစလို့ ထင်ရလောက်အောင် မကြုံစဖူး ထူးခြားလှစွာ သီးပွင့်လာကြတာတွေ ဖြစ်ပါတယ်၊ အရှင်မြတ်နှစ်ပါးတို့ ဘုန်းကျက်သရေတော်တို့ကြောင့် ထူးခြားဆန်းကြယ်လှစွာ ပေါ်ပေါက်လာကြတဲ့ အသီးအပွင့်တွေပါ"

ဥယျာဉ်မှူး၏ စကားကြွယ်ဝမှုသည် အလွန်မှတ်ဖွယ်ကောင်းဟု ဆိုရတော့မည် ဖြစ်လေသည်။

သစ်ခွပန်းများသည် ခရမ်းနုထဲ၌ အစိမ်းရင့်များ ဖောက်လျက် နှင်းဆီပွင့်ဖတ်များသည် ကတ္တီပါအညိုရောင် တောက်ပလျက် သဇင်ခက်တို့သည် ရှည်လျားသန်မာစွာ တိုးထွက်လျက်၊ ဂမုန်းပွင့်များက ပွင့်ချပ်တစ်ခုတည်းမှာပင် အဝါရောင်၊ အဖြူရောင်၊ အနီရောင် ပေါင်းစုံယှက်သမ်းလျက်၊ ထို့နောက် မည်သည့်ပန်းချီဆေးမှ လိုက်လံတုပ ရေးခြယ်ခြင်းငှာ မစွမ်းနိုင်သည့် ဖြူ နီ ဝါ ပြာ စိမ်းညို ရွှေရောင်၊ ခရမ်း





ရောင်၊ လိမ္မော်ရောင် ကောင်းကင်ကြည်ပြာရောင်၊ ပင်လယ်အစိမ်းရင့်ရောင် အထူးထူး အပြားပြားသော အရောင်အသွေးများ။

ဥယျာဉ်မှူးက သဇင်ပန်းခက်တစ်ခုကိုယူ၍ သီဝလိဒေဝီမိဖုရားကြီးအား ဆက်သလိုက်၏။

"ကျွန်တော်မျိုးရဲ့ ငဥယျာဉ်မှူး အမှုတော်ထမ်းသက် နှစ်ပေါင်းများစွာနဲ့ အခြား အခြားသော ဥယျာဉ်မှူးများရဲ့ ပညာစွမ်းများနဲ့ ချိန်စက်ကြည့်ရာမှာ ဘယ်တုန်းကမှ မတွေ့ဖူး မမြင်ဖူးတဲ့ ထူးကဲလှတဲ့ တော်ဝင်သဇင်ခက်တွေပါ သခင်မ ဘုရား"

ဋ္ဌခြေနက်ရှိုင်းတည်ငြိမ်လွန်းလှသော သီဝလိဒေဝီ မိဖုရားကြီး၏ မျက်လုံးအိမ်များ၌ပင် အရောင်တစ်ချက် တောက်သွား၏။

"ကမ္ဘာလောကမှာ အလှဆုံး၊ အမွှေးဆုံး၊ အထူးခြားဆုံးပန်းတွေ ပွင့်နေပါတယ်အရှင်၊ အဲဒီနေရာဟာ အရှင့်ရဲ့ ဘုရင့်ဥယျာဉ်တော်ဖြစ်ပါတယ်"

ပန်းတို့၏ အရောင်အသွေးစုံနှင့် ထူးကဲသော အမွှေးနံ့တို့၏ ဖမ်းစားညှို့ယူမှုကား အားကြီးလှချေသည်။ ကျက်သရေတိုက်ခန်းအတွင်းရှိ အမှုတော်ထမ်းများ အားလုံး ငေးငိုင်ယစ်မူးသွားကြ၏။

ဥယျာဉ်မှူးက ခုံမြင့်ပေါ်တွင်တင်ထားသော ငွေလင်ပန်းများဆီသို့ တရွေ့ရွေ့ လျှောက်သွားပြန်သည်။

"ထူးကဲတဲ့ အဆင်း အနံ့ အရသာတို့နဲ့ ပြည့်လျှမ်းနေသော သစ်သီးဝလံများပါ အရှင်မင်းမြတ်။ ဘုန်းတော်ကြောင့် တန်ခိုးရှင် နတ်ဒေဝါများ ကိုယ်တိုင် အမြိုက်သုဒ္ဓါ နတ်သြဇာကို ထည့်သွင်းပေးထားကြပြီ ထင်လောက်ပါတယ်၊ ဖွံ့ထွားမှည့်ဝင်းနေသည့် သရက်သီးများ၊ ပိန္နဲသီးများ၊ ဒူးရင်းသီးများနှင့် ရာသီအလိုက် မဟုတ်ပါဘဲလျက် သီးနေကြသော အခြားသစ်သီးများ....

ဆယ့်နှစ်ရာသီပတ်လုံး ကျွန်တော်မျိုးကြီးဟာ သစ်သီးဝလံများကို စိုက်ပျိုးနိုင်ပါတယ်၊ ရာသီအလိုက်သာပေါ်တဲ့ သစ်သီးဆိုတာမျိုး ဘုရင့်ဥယျာဉ်တော်ထဲမှာ မရှိစေရဘဲ အချိန်အခါမရွေး အလိုတော်ရှိသမျှ စားတော်ဆက်နိုင်အောင် စိုက်ပျိုးနိုင်ပါတယ်၊ သို့ပေမယ့် အခုလို အဆင်းရော၊ အနံ့ အရသာပါ ထူးကဲလှတာမျိုး ကျွန်တော်မျိုးကြီး မကြုံဖူးသေးပါ အရှင်မင်းမြတ်"

မဟာဇနကမင်းကြီးသည် ပန်းမန် သစ်သီးဝလံများထဲမှ ...းခြားသောအနံ့ကို အသာအယာ ရှူရှိုက်လျက်....





"မောင်မင်း....သံတော်ဦးတင်မယ်ဆိုလဲ တင်ထိုက်စရာပေပဲ၊ မောင်မင်းစကား အကြွားပိုတယ်၊မဆိုသာပေဘူး၊ ကောင်းပြီ....သင်ကိုယ်တိုင် တအံ့တသြ ဖြစ်ရတဲ့ သစ်သီးဝလံ ပန်းမန်များ သီးပွင့်ကြရာ ဥယျာဉ်တော်သို့ ကိုယ်တော်တိုင် ရှုစားတော်မူမယ်၊ မိဖုရားကြီးလဲ ဥယျာဉ်တော်ထဲ မထွက်ရတာ အတော်ကြာခဲ့ပြီ၊ ဥယျာဉ်မှူး မောင်မင်းရဲ့ ဥယျာဉ်ကို စီမံပြင်ဆင်ထား၊ ကိုယ်တော် နက်ဖြန်ပဲ ထွက်ကြွရှုစားတော်မူမယ်"

ဥယျာဉ်မှူး၏ မည်းနက်သော မျက်နှာပြင်ပေါ်၌ ဖြူဖွေးသော သွားများမှ ငွေရောင် ထပ်မံတောက်ပသွားပြန်လေသည်။ သီဝလိဒေဝီ မိဖုရားကြီးကား သဇင်ခက်ကို ဖွဖွကိုင်လျက် ပြုံးနေလေသည်။

ဥယျာဉ်တော်အမှုထမ်းများအားလုံး နံနက် အရုဏ်ပျိုးစကတည်းက လှုပ်လှုပ်ရှရှဖြစ်နေကြ၏။ ဥယျာဉ်မှူး စိတ္တကားရက်ကန်းစင်ထက်မှ လဝန်းကလေးတစ်ခုနှယ် မနားမနေလှုပ်ရှားနေတော့သည်။

"အရှင်နှစ်ပါး ဥယျာဉ်တော်ကို ထွက်ကြွရှုစားတော်မူမှာနော်၊ ကြွလာရင်လဲ ထွက်တော်မူကြီးနဲ့ ကြွလာမှာ၊ နန်းတော်ထဲက မှူးမတ်ဗိုလ်ပါတွေ အားလုံးပါလာမှာ၊ မင်းတို့ကိုယ် မင်းတို့ နတ်သားတွေလို

သတောထားပြီး ဥယျာဉ်ကြီးကို တာဝတိံသာက နန္ဒဝန်ဥယျာဉ်လို သဘောထား၊ အကောင်းဆုံးလုပ်ကြစမ်း ငေ့ါလူများ”

စိတ္တမှာ နှုတ်မှလည်း မနားမနေ တတွတ်တွတ် အမိန့်ပေးနေ၏။

“ဘုရင်မင်းမြတ် ရှေ့တော်မှောက်မှာ ငါက ငါ့ဥယျာဉ်အကြောင်းကို အစွမ်းကုန် ချီးမွမ်းခန်း ဖွင့်ပြီးပြီ၊ အပြောနဲ့ အပြည့်ညီအောင် လုပ်ကြနော်”

ဥယျာဉ်တော် အမှုထမ်းများအားလုံးသည် တက်ကြွနေကြ၏။

“မြက်တစ်ပင်ကအစ နေသားတကျ ရှိပါစေဟဲ့၊ ဖူးငုံစ ပန်းကလေးတွေကိုလဲ အရှင်နှစ်ပါး ရောက်လာချိန်မှာ ပွင့်အာနေတာနဲ့ အံကိုက်အောင် နှင်းရည်များ တောက်ပေးထားကြ၊ ဩော်....အရေးကြီးဆုံးက ဟိုအပင်ကြီး နှစ်ပင်”

စိတ္တသည် နှင်းဆီရုံဘေးမှခွာကာ ဥယျာဉ်တော်မုခ်ဝဆီသို့ ပြေးလာခဲ့ပြန်သည်၊ ဥယျာဉ်တော်သို့ အဝင်မုခ်ဝတွင် တံခါးတစ်ခုရှိ၏၊ ထိုတံခါးမှာ နန်းတော်အဆောင်များတွင် သုံးလေ့ရှိသော ရွှေပိန်းချ ဟင်္သာပြဒါးသုတ် သစ်သားတံခါး၊ ကြေးမဏီတံခါးမျိုး မဟုတ်ဘဲ ဝါးပိုးဝါးကိုင်ဖြင့် ဖျောက်ထားထားသော ပုဏ္ဏရိက်ပင် တံခါးကြီးဖြစ်လေသည်၊





ထိုပုဏ္ဏရိက်ပင် တံခါးကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင်ကား ဥယျာဉ်မှူးစိတ္တ ပြောသော အပင်ကြီးနှစ်ပင်ရှိနေ၏။ ထိုအပင်ကြီး နှစ်ပင်ကား သရက်ပင်များဖြစ်လေသည်။

မြရည်လိမ်းသော စိမ်းစိမ်းလက်လက် အဆင်း၊ ညိုဖတ်ရွှန်းစိုသော အရွက်ဖားဖားကြီးများဖြင့် ညို့နေသည့် သရက်ပင်ကြီး နှစ်ပင်သည် ဥယျာဉ်မုခ်ဝ၏ တုရိုဏ်တိုင်ကြီးများ သဖွယ် မိုးမိုးမားမား ရှိနေကြ၏။

ဤသရက်ပင်ကြီး နှစ်ပင်မှာ အဝေးမှ လှမ်းမြင်လိုက်ရလျှင်ပင် ဥယျာဉ်ဆီသို့ မသွားဘဲမနေနိုင်လောက်အောင် ညို့ယူဖမ်းစားနိုင်သည့် အပင်ကြီးနှစ်ပင်ဖြစ်၏။ ပို၍ထူးခြားနေသည်ကား....

သရက်နှစ်ပင်အနက် တစ်ပင်သည် မှည့်ဝင်းစိမ်းဝါသော အသီးများဖြင့် အတိပြီးနေကာ အခြားတစ်ပင်မှာ လုံးဝအသီးမသီးခြင်းပင်ဖြစ်လေသည်။

“အားလုံး ကိုယ့်နေရာကိုယ် ရှိကြဟေ့၊ ထွက်တော်မူကြီးနဲ့ အရှင်နှစ်ပါး ကြွလာပြီ၊ ခရုသင်းသံကြားတယ်”

ဥယျာဉ်မှူး စိတ္တ၏ အသံဝါကြီးက ဥယျာဉ်တစ်ခုလုံးသို့ ပျံ့ရိုက်သွား၏။

■ ■ ■

ထီးဖြူစိုက်မိုးသော ရတနာဆင်တော်ထက်တွင် မဟာဇနကမင်းကြီး လိုက်ပါလာသည်။ သားတော် ဥပရာဇာ ဒီဃာဝုမင်းသားသည် မင်္ဂလာဆင်တော်နောက်မှ အခြားဆင်တစ်စီးဖြင့် လိုက်ပါလာသည်။

ဥယျာဉ်တော် တံခါးမှခ် ပုဏ္ဏရိက်ပင် တံခါးကြီးရှေ့သို့ မင်းကြီး၏ဆင်တော် ရောက်လာ၏။ ဥယျာဉ်မှူး စိတ္တသည် ဆင်တော်၏ ရှေ့ခြေအနီးတွင် ဒူးတုပ်ခစား၍ ကြိုဆိုနေသည်။ မဟာဇနကမင်းကြီးသည် စိတ္တ၏ ခရီးဦးကြို ခစားမှုကို ခေါင်းတစ်ချက်ညိတ်ကာ အသိအမှတ်ပြုဟန်ပြ၍ ဆင်တော်ကိုဆက်လှမ်းစေရန် အမိန့်ပေးလိုက်သည်။

တံခါးမှခ် တစ်ဖက်တစ်ချက်ဆီမှ သရက်ပင်ကြီး နှစ်ပင်သည် ဖားလျားခက်ဝေသော အရွက်အလက်များကို တရှဲရှဲ အသံပြုကာ မင်းကြီးအား ကြိုဆိုနေကြသယောင်ရှိ၏။

မင်္ဂလာဆင်တော်သည် သရက်နှစ်ပင်အောက်မှ ဖြတ်ခဲ့လေသည်။ မင်းကြီး လိုက်ပါလာသော ဆင်ကျောကုန်းထက် ပုခက်ဆီသို့ သရက်ရွက်စိမ်းစိမ်းများက ပွေ့ဖက်ကြိုဆိုကြ၏။ မင်းကြီးသည် ထူးခြားသော သရက်နံ့နှင့် တရှဲရှဲမြည်သော အသံများကြောင့် အပေါ်သို့ မော့်ကြည့်လိုက်လေသည်။

ဝင်းဝါဖွံ့ထွားသော သရက်သီးများ၊ အခိုင်လိုက် အခိုင်လိုက် သီးနေကြသည်ကို မင်းကြီးမြင်တော်မူသည်။ ဥယျာဉ်





တွေ့သို့ စိတ်လက်ရွှင်ပျစွာ ထွက်လာသောကြောင့် မဟာဇနက မင်းကြီးမှာ ရာဇပလ္လင်ထက်မှ ရာဇဂ္ဂုဏ်ခြေများကို မေ့လျော့ထားဟန်ရှိ၏။

"ဆင်တော်ကို ဟိုဘက်သရက်ပင် ပင်စည်ရှိရာ ကပ်လိုက်စမ်းပါကွယ့်"

ဆင်ဦးစီးက ခြေဖြင့် အသာအယာတို့ပေးရာ မင်္ဂလာဆင်တော်ကြီးသည် ဥယျာဉ်တွင်းသို့ ဆက်မဝင်သေးဘဲ သရက်ပင်ဆီသို့ ချဉ်းကပ်သွား၏။ သရက်ပင်နှင့် ဆင်တော်တို့ ယှဉ်မိသောအခါ တွဲရရွဲကျနေသော သရက်သီးတစ်ခိုင်သည် မင်းကြီး၏ ဆောင်ပုခက်နှင့် အလောတော် အလိုက်သင့် အကွာအဝေးသို့ ရောက်သွားလေသည်။

မင်းကြီးသည် သက်သောင့်သက်သာပင် လက်ကို လှမ်းလင့်မြှောက်ချီကာ ဝင်းဝါနေသော 'သရက်သီးတစ်လုံးကို ခူးဆွတ်ယူလိုက်၏။ သရက်သီးသည် အလိုက်သင့်ပါလာ၏၊ မှည့်ဝင်းရွှန်းစိုကာ စားရန်အသင့်ဖြစ်နေသည့် သရက်သီးပင်ဖြစ်၏၊

ပုခက်နောက်တွင် လိုက်ပါလာသော ဆင်လယ်စီး အမှုထမ်းသည့် မင်းကြီးအား နှင်းရည်ဆွတ်သော ကတ္တီပါစ တစ်ပိုင်း ဆက်သလိုက်၏။ ခူးဆွတ်ထားသော သရက်သီး၏ အစေးများကို သုတ်သင်သန့်ရှင်းရန် ဖြစ်သည်။ သို့သော် အမျိုးကောင်းလှသော သရက်သီးဖြစ်၍ အစေးများ ဆိမ်းကျနေ

ခြင်း မရှိဘဲ နှင်းရည်ဆွတ်အဝတ်နှင့် တစ်ချက်မျှ သုတ်သင်လိုက်ရုံမျှဖြင့် သန့်ရှင်းသွား၏။

အဆင်းအားဖြင့်လည်း ရွှေရောင်ဝင်းလျက် အနံ့အားဖြင့်လည်း မွှေးကြိုင်လှပေသော သရက်သီးသည် မင်းကြီးအား စားပါလှည့်၊ သုံးဆောင်ပါလေဟု ဖိတ်ခေါ်နေလေသည်။ မင်းကြီးသည် သရက်သီးကို အသာအယာကိုက်၍ စားတော်ခေါ်၏။နတ်သုဒ္ဓါတစ်မျှသော ချိုအေးသည့်အရသာက လျှာမှ တစ်ဆင့် စိမ့်ပျံ့သွားလေသည်။

ရသတဏှာ၏ တပ်ငြိခြင်းဖြင့် မင်းကြီးသည် စိတ်ကူးလိုက်၏။

"ထူးကဲလှတဲ့ အနံ့အရသာပေပဲ၊ ဒီလို သရက်သီးကို တမြုံ့မြုံ့စားမှ ထူးကဲတဲ့အရသာကို ပိုရရှိပေမယ်၊ အခုနေအခါမှာ ငါ့ဥယျာဉ်တော် စံပယ်ဦးမှာမို့ ဥယျာဉ်ကပြန်ထွက်မှပဲ အလိုရှိတိုင်း ဝလင်အောင် သုံးဆောင်တော့မယ်"

မင်းကြီး၏ အရိပ်အခြည်ကို စောင့်ကြည့်နေသောဆင်ဦးစီးသည် ဆင်တော်ကို ဥယျာဉ်တွင်းသို့ ဆက်လှမ်းစေလိုက်၏။

■ ■ ■





သားတော် ဥပရာဇာ ဒီဃာဝုမင်းသားသည် ခမည်းတော်မင်းကြီးနောက်မှ အခြားဆင်တစ်စီးဖြင့် လိုက်ပါရင်းဥယျာဉ်မုခ် သရက်နှစ်ပင်အောက်သို့ ရောက်ခဲ့ပြန်၏။ သရက်ပင်သို့ ဆင်ကိုကပ်စေ၍ သရက်သီးတစ်လုံးကို ခမည်းတော် ဆွတ်ခူး သုံးဆောင်သွားပြီဖြစ်ကြောင်း ဒီဃာဝုမင်းသား သိခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ခမည်းတော် အဦးအဖျား ယူသွားပြီးဖြစ်သောကြောင့် မိမိသုံးဆောင်ခွင့်ရပြီဟု ယူဆကာ ဆင်ကိုကပ်စေ၍ သရက်သီးတစ်လုံးကို ဆွတ်ခူးစားလိုက်၏။ ပြီးမှ ခမည်းတော်နောက်သို့ အစဉ်အတိုင်း လိုက်သွားလေသည်။

မဟာဇနကမင်းကြီးနှင့် သားတော် ဥပရာဇာတို့ကား ဥယျာဉ်တော်အတွင်းသို့ ဝင်ရောက်သွားခဲ့ကြလေပြီ၊

နောက်မှလိုက်ပါလာသော မှူးမတ်ပိုလ်ဗိုလ် ပရိသတ်၏ အဖြစ်ကို မင်းကြီးနှင့် သားတော်တို့ မသိနိုင်ကြတော့ပေ။ ဥယျာဉ်တော်မုခ် သရက်နှစ်ပင် တစ်ဝိုက်၌ကား အုတ်အုတ်ကျက်ကျက်ဖြစ်၍ ကျန်ရစ်ခဲ့၏။

"ဘုရင်မင်းမြတ်နဲ့ ဥပရာဇာတို့ သရက်သီး တစ်လုံးစီ ပွဲတော်စာယူသွားပြီ၊ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် မင်းကြီးရဲ၊ အရှင်နှစ်ပါး အဦးအဖျား ပြီးပြီဆိုတော့ စားကောင်းသောက်ဖွယ်ကို အဦးဆက်ပြီးပြီဆိုတဲ့ သဘောပေါ့"

"ဟုတ်တာပဲ၊ ကျန်တဲ့သရက်သီးတွေကို ကျုပ်တို့ စားခွင့်ရကြပြီပဲ"

"မင်းကြီးက ပြောနေ၊ ဟိုမှာ အပင်ပေါ် ရောက်တဲ့သူက ရောက်နေပြီ၊ ဟော–ဟော အပြွတ်လိုက်သီးနေတဲ့ကိုင်းဆီ ခုန်ကူးတဲ့သူက ကူး...."

"အလိုလေး တို့ချည်းလားမှတ်တယ်၊ တို့လိုလူစားအများကြီးပါလားရို့၊ ဟာ–ဟာ အခိုင်လိုက်ကြီးပါသွားပြီကော"

"ဟော–မတက်နိုင်တဲ့ လူတွေက အောက်ကနေ တံချူနဲ့ခူးလို့"

"ဟော–ဟော. ဘယ်နှယ့်တုံး၊ ဒီမှာ လူတွေထိကုန်တော့မယ်၊ ဘယ့်နဲ့ အောက်ကနေ ပစ်ခတ်ခူးနေရတာတုံးဟ"

"အရှင်နှစ်ပါးကို အဦးဆက်ပြီးပြီပဲ၊ ဒီလောက်ကောင်းတဲ့ သရက်သီးကို ငါတို့ ဘယ်မှာ လက်လွှတ်ခံမလဲ လာဟော့"

အပြွတ်လိုက် အခိုင်လိုက် သီးနေသော သရက်သီးများမှာ ခဏချင်းမှာပင် ပြုတ်ပြုတ်ပြုန်းသွားကြလေသည်။ ဥယျာဉ်မှူး စိတ္တမှာ မင်းကြီး၏ ဆင်တော်နောက်မှ လိုက်ပါသွား





သဖြင့် သူ အလွန်တရာ ဂုဏ်ယူဝံ့ကြွားရသော မုခ်ဝသရက်ပင်ကြီး၏ အဖြစ်သနစ်ကို သိမသွားရရှာချေ။

သရက်ပင်ကြီး၏ အဖြစ်သနစ်မှာ ဤမျှဖြင့် မပြီးတတ်သေး။

အရှင်နှစ်ပါးတို့ အဦးအဖျား [illegible]ငြိမ်းကြပြီ ဖြစ်၍ နောက်ပါ မှူးမတ် ဗိုလ်ပါများနှင့် နန်းတွင်း ရံရွေ ပရိသတ်တို့ အလုအယက် သူ့[illegible]က်ငါ သရက်သီးများကို ခူးဆွတ်ခြွေချပစ်ခတ်စားကုန်ကြပြီ ဟူသော သတင်းက နောက်ထပ် ပရိသတ် တစ်အုပ်ဆီသို့ ရောက်သွား၏။

ထိုပရိသတ်ကား ဆင်တင်းကုပ်၊ မြင်းဇောင်း အမှုထမ်းကျွန်များ ဖြစ်လေသည်။ ကံကြွေးနောက်ပါကျွန်များ ဖြစ်သော ထိုလူအုပ်ကား အဆင်ခြင်ကင်းမဲ့သလောက် ဝေလေ့စရိုက် ရိုင်းပျကြမ်းတမ်းသူများပင်။

သူတို့ မုခ်ဝသို့ရောက်လာသော အချိန်တွင်ကား သရက်ပင်ကြီး၌ကား သရက်သီးများ တစ်လုံးတလေမျှ မရှိတော့ပေ။ အပြတ်ပြတ် အကြေကြေ ဖြစ်နေသော အကိုင်းအရွက်များ၊ အကြဲကြဲ အပြန့်ပြန့် ဖြစ်နေသော သရက်စေ့များကို ကြည့်၍ ဆင်ထိန်း၊ မြင်းထိန်း၊ ဆိတ်ထိန်း ကျွန်တို့သည် ဒေါသအမျက် ခြောင်းခြောင်းထွက်လာကြ၏။

"ကြည့်စမ်း .... ရှေ့ကလူတွေ စားသွားကြတာ သရက်သီးတွေကုန်ပြီ၊ ငါတို့ဖို့ မရှိတော့ဘူး၊ ဟင်း–

ဘယ်ရမလဲကွယ့်၊ သင်းတို့က နန်းတွင်းအမှုထမ်းတွေဆိုပြီး အခွင့်ထူးယူကြတာ၊ ဟော့ လူတို့.... သရက်သီးမစားရရင် ဘာလုပ်မလဲဟေ့"

"အသီးမစားရတော့မှ အပင်ကို လုပ်ကြတာပေါ့လဟ"

"အကိုင်းတွေချိုးပစ်ကွာ၊ အရွက်တွေခြွေပစ်ကွာ၊ အို—မီရာသာ ဆွဲဖျက်ပစ်ကြကွာ"

"ပြောနေကြာတယ်၊ လာလေကွာ"

လက်ထဲပါလာသမျှ ခဲ၊ တုတ်၊ သီတံများဖြင့် ဖြောင်းဖြောင်း ဖြင်းဖြင်း ရိုက်ချိုးပုတ်ခတ်ကြတော့၏။

"မှတ်လဟ.... သရက်သီး မစားရဦး၊ မှတ်လဟ"

စိတ်ရှိတိုင်း ,ဖျက်ဆီးပြီးမှ ကျွန်များ ထွက်သွားကြလေသည်။

သရက်ပင်ကြီးကား အကျိုးကျိုးအကြေကြေ အပိုင်းပိုင်းအပြတ်ပြတ်၊ မြေပြင်ပေါ်တွင်လည်း စားကြွင်းအစေ့များ၊ အခွံများ၊ ကိုင်းကျိုးများ၊ ရွက်ကြွေများဖြင့် မြင်မကောင်းရှုမကောင်း။

■ ■ ■





ဥယျာဉ်မှူး စိတ္တ၏ မည်းနက်သော မျက်နှာပြင်ပေါ်မှ အပြုံးသည် အတောသတ်သည် မရှိတော့။ ဖြူဖွေးသော သွားများကလည်း အပြုံးနှင့်အတူ အစွမ်းကုန်တောက်ပနေသည်ဟု ထင်ရ၏။

ဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုကာ ပျော်စံခဲ့သော မဟာဇနကမင်းကြီး၏ ချီးကျူးစကားများမှာ စိတ္တအတွက် အဖိုးတန်ဆုံး ဆုလာဘ်ပင်ဖြစ်တော့သည်။ အပြောနှင့်အလုပ် ညီအောင်ပြလိုက်ရပြီး ဥယျာဉ်တော်၏ သာယာလှပုံကို မင်းကြီးအား ရှုစားစေလိုက်ရသော မိမိကိုယ်မိမိ ဥယျာဉ်မှူး ဖြစ်ရကျိုးနပ်ပြီဟုလည်း ဂုဏ်ယူနေ၏။

နေညိုချိန် ရောက်လာခဲ့သည်။

နန်းမြို့သို့ ပြန်ဝင်ရန် အချိန်ကျရောက်လေပြီ။ မင်းကြီးဥယျာဉ်တော်မှ ပြန်လည် ထွက်ခွာတော့မည်။ စိတ္တသည် အတောမသတ်နိုင်သေးသော အပြုံးဖြင့် မင်းကြီးကို မုခ်ဝအထိ လိုက်ပို့ပြန်၏။

သရက်နှစ်ပင်မုခ်ဝသို့ ရောက်လာသည်။

စိတ္တ၏ မျက်နှာမှအပြုံးသည် ဆွဲခွာပစ်လိုက်သလို ရုတ်ခြည်းပျောက်ကွယ်သွား၏။ မျက်လုံးများ ပြူးကျယ်လာကာ မုခ်ဝတစ်ဖက်ရှိ ,သရက်ပင်ဆီသို့ ငေးငိုင်ကြည့်မိသည်။

ဝါဝင်းသော သရက်သီးများ မရှိတော့။ အပိုင်းပိုင်း အကြေအကြေ အကိုင်းအခက် အလက် အရွက်များဖြင့် ဖရိုဖရဲ ဖြစ်နေသည့် သရက်ပင်ကြီး၏ အနိဋ္ဌာရုံမြင်ကွင်း။

စိတ္တလောက် မတုန်လှုပ်သော်လည်း မဟာဇနကမင်းကြီး သည် ပျက်စီးယိုယွင်းနေသော သရက်ပင်ကြီးကို ကြည့်ကာ အံ့သြသွား၏။ မင်းကြီးသည် ဆင်ထက်မှပင် မေးလိုက်လေသည်၊

"အမတ်တို့...ကျွန်ုပ်တို့ဝင်စဉ်က ဒီသရက်ပင်ဟာ ဒီလိုမဟုတ်ဘူး၊ ဘာကြောင့် ခုလိုဖြစ်ရသလဲ"

သရက်စေ့များ ရွက်ကြွေများအကြား ဒူးတုပ်ဝပ်လျက် အမတ်များက သံတော်ဦးတင်ကြလေသည်။

"ဘုရင်မင်းမြတ် ဝင်တော်မူစဉ်အခါ ဆင်တော်ထက်ကပဲ သရက်သီးတစ်လုံး ခူးဆွတ်စားတော်ခေါ်ခဲ့ပါတယ်၊ ဥပရာဇာကလဲ အလားတူ တစ်လုံးစားတော်ခေါ်ခဲ့ပါတယ်၊ ကိုယ်တော်တို့ အဦးအဖျား ရယူပြီးပြီဆိုပြီး ရဲမက်တို့ သူထက်ငါ လုယက် ဆွတ်ချူကြတဲ့အတွက် အခုလို ဖြစ်ရပါတယ် အရှင်"

နောက်အမတ်တစ်ဦးကလည်း တင်ပြန်သည်၊

"လက်များခဲ့လို့ သရက်ရှားပြီး အပင်အခက်ပါ ပွန်းရိပျက်စီးရခြင်း ဖြစ်ပါတယ် အရှင်မင်းမြတ်"





မဟာဇနကမင်းကြီးသည် မုခ်ဝဟိုမှာဘက်ရှိ သရက်ပင်ကြီးဆီသို့ လှမ်းကြည့်တော်မူ၏။ ထိုအပင်ကြီးကား အသီးမသီးသော အပင်။ ထိုအပင်ကြီးမှာမူ ပကတိအတိုင်း ခက်လက်စိမ်းညို့ကာ မပျက်မစီး တည်မြဲတည်လျက်....။

"အမတ်တို့ ဒီဘက်က အပင်ကြီးမှာသာ ဖရိုဖရဲ ပျက်စီးရပြီး ဟိုဘက် အပင်ကြီးကတော့ ပကတိအတိုင်းပါကလား"

အမတ်က မဆိုင်းမတွပင် သံတော်ဦးတင်ပြန်၏။

"မှန်ပါ ဘုရင်မင်းမြတ်၊ ဟိုအပင်ကြီးကတော့ ဒီအပင်လို အသီးမသီးတဲ့အတွက် မပျက်မစီး ရှိနေရပါတယ်"

ကျိုးကြေ ပိုင်းပြတ် ရှပ်ပျက် ဆင်းပျက် ဖြစ်နေသော သရက်ပင်ကြီးကို မြင်ရစဉ်အခိုက်က တုန်လှုပ်ခြင်း မရှိခဲ့သောလည်း အမတ်၏ စကားကို ကြားရသော အခါတွင်ကား မင်းကြီး၏ ရင်ထဲ၌ လှိုင်းကြီးတစ်ခု ဝင်ရောက်သွားသလို ခံစားလိုက်ရ၏။

"လက်များခဲ့လို့ သရက်ပင်ကြီး အပင်အခက်ပါ ပွန်းရိပျက်စီး"

"ဟိုအပင်ကြီးကတော့ ဒီအပင်လို အသီးမသီးတဲ့ အတွက် မပျက်မစီးရ"

တရွေ့ရွေ့ ဆက်လှမ်းနေသော ဆင်တော်ကျောကုန်းထက် ပုခက်ထဲတွင် တငြိမ့်ငြိမ့် လိုက်ပါနေရသော်လည်း မင်းကြီး၏ အတွေးများမှာမူ ငြိမ့်ညောင်းစွာ စီးမျောနေသည် မဟုတ်တော့ပေ။

"အင်း....အသီးမသီးတဲ့ အပင်ကြီးဟာ နှစ်သက်ဖွယ် ပကတိအဆင်းနဲ့ မပျက်မစီး တည်ရစ်ခဲ့တယ်၊ အသီး သီးတဲ့ အပင်ကြီးကတော့ မြင်မကောင်းအောင် ပျက်စီးသွားပြီ၊ ဝင်းဝါ ရှန်းမှည့် အသီးတွေကပဲ သူ့အပင်ကို ဖျက်ဆီးမယ့်သူများကို လက်ယပ် ခေါ်လိုက်တာပါကလား၊ အသီး သီးခြင်းဟာ ဖျက်ဆီးတတ်သော အန္တရာယ်နဲ့ ဆက်ဆံရခြင်းပါကလား၊ အလို....ငါ့ရဲ့ မင်းစည်းစိမ်ကရော၊ ဒါဟာ ဝင်းဝါ ရှန်းမှည့်တဲ့ အသီးပဲ၊ ဒါဟာ အသီး သီးတဲ့ သရက်ပင်ပဲ၊ ဒါဟာ ရန်သူကို ဖိတ်ခေါ်နေခြင်း၊ ရန်သူနဲ့ ဆက်ဆံရခြင်းပဲ၊ မင်းစည်းစိမ် ပြည်စည်းစိမ်ဆိုတာ ရန်သူနဲ့ ဆက်ဆံရခြင်းကြောင့် အသီး သီးတဲ့ သရက်ပင်နဲ့ အလားတူပဲ၊ ဒါဆိုရင်...."

မင်းကြီး၏ ဆင်ခြင်မှုသည် ပို၍နက်နဲသော အတွင်းသားထဲသို့ တိုးဝင်လျက်ရှိသည်။





"စည်းစိမ်ဥစ္စာ၊ သား၊ မယား၊ ဆွေမျိုး အစရှိတာတွေကို အမှီပြုပြီး ကြောင့်ကြနေသူသာလျှင် ဘေးအန္တရာယ် များပြားလေတယ်၊ အင်း....ဘေးအန္တရာယ်ဆိုတာ ကြောင့်ကြရှိသူမှာ ဖြစ်ပေါ်တယ်၊ ကြောင့်ကြမှုဟာ ပိုင်ဆိုင်မှုကနေ ပေါ်ထွက်လာတယ်၊ ဒါကြောင့် ပိုင်ဆိုင်မှု မရှိရင် ကြောင့်ကြမှု မရှိတော့ဘူး၊ ကြောင့်ကြမှု မရှိရင် ဘေးအန္တရာယ် မရှိတော့ဘူး၊ ဒီတော့...."

အသီးမသီးသော သရက်ပင်ကြီးသည် မင်းကြီး၏ သန္တာန်တွင် ပေါ်လာ၏။ ခက်လက်ဝေဖြာ စိမ်းစိုစွာ ပြကတေ့သော အနေအထားဖြင့် သရက်ပင်ကြီး။

"အသီးမသီးတဲ့ သရက်ပင်ကို စံနမူနာထားပြီး အလုံးစုံသော ကြောင့်ကြမှုကို ငါ ဖြတ်နိုင်အောင်၊ ရန်သူနဲ့ မဆက်ဆံတဲ့ စည်းစိမ်စင်စစ် ဖြစ်တဲ့ ရသေ့ ရဟန်းဘဝ....ဟုတ်တယ်၊ ငါ ရဟန်းပြုမယ်"

ဆင်တော်သည် နန်းတော်မြို့ရိုး၏ အရှေ့မုခ် တံခါးဝတွင် ရောက်နေပေပြီ။ ဆင်ထက်မှ မင်းကြီး၏ အတွေးများလည်း အဆင်းခတ် အဖြေ ရလာဒ်တစ်ခု၌ ဆိုက်လေပြီ၊

ဇနကမင်းသည် ဆင်ထက်မှ ဆင်းပြီးနောက် နန်းတော်ထဲသို့ မဝင်သေးဘဲ စစ်သေနာပတိကို ဆင့်ခေါ်လိုက်၏။

စစ်သူကြီးလည်း အခစားဝင်ဒူးထောက်၍ မင်းကြီး၏စကားကို အသင့်စောင့်နေ၏။

"သေနာပတိ .... သင် အစွဲအမြဲ မှတ်လိုက်စမ်း၊ ဒါဟာ အမိန့်တော်ပဲ၊ ပြည်ထဲရေးရာ ကိစ္စရပ်တွေမှာ စီမံအုပ်ချုပ်ဖို့ ကျွန်ုပ်ရဲ့သားတော် အိမ်ရှေ့ဥပရာဇာ ရှိနေတယ်၊ သင်က ကျွန်ုပ်ရဲ့ အလိုဆန္ဒကို အလုံးစုံ ပြည့်ဝအောင် စောင့်ရှောက်စမ်း"

ဥယျာဉ်တော်မှ အပြန် နန်းတော်တွင်း မဝင်သေးဘဲ မိမိအား အရေးတကြီး ဆင့်ခေါ်၍ အမိန့် ပေးနေသော မင်းကြီးကို သေနာပတိသည် အံ့အားသင့်လျက် ရှိသည်။ မင်းကြီး၏ အလိုဆန္ဒဟူသည်မှာ အဘယ်နည်း။

"သေနာပတိ...ဒီနေ့ ဒီအချိန်ကစပြီး ကျွန်ုပ်ဟာ နန်းတော်ပြာသာဒ် အထက်ဘုံဆင့်မှာ ကျွန်ုပ် အလို ရှိသမျှ အချိန်အတိုင်းအတာ ကာလပတ်လုံး တစ်ကိုယ်တည်း စံနေတော့မယ်၊ တစ်ကိုယ်တည်း စံနေမယ် ဆိုတာက ရဟန်းတရားကို ပွားများစေပြီး ငြိမ်သက်စွာ နေမှာကို ဆိုလိုတယ်၊ ကျွန်ုပ် အလိုဆန္ဒ မပြည့်သမျှ ကာလပတ်လုံး ကျွန်ုပ်ရှိနေရာကို ဝင်ရမယ့်သူတွေဟာ စားတော်အုပ် ဆက်သွင်းသူ၊ ဒန်ပူ မျက်နှာသစ်ရေ





ဆက်ကပ်သူ၊ အလုပ်အကျွေး လက်ပါးစေ ယောကျ်ား များသာ ဖြစ်ရမယ်၊ သူတို့ကလွဲပြီး အခြား ဘယ်သူမှ အဝင်အထွက် မရှိစေရဘူး"

တစ်ခုခု မေးရန် အသင့်ပြင်လိုက်သည့် သေနာပတိ၏ အမူအရာကို မင်းကြီး ကြိုသိလျက် မေးခွင့် မပြုတော့ဘဲ ဆက်လက် အမိန့်ပေးလိုက်၏။

"သူတို့တစ်တွေကလွဲရင် မိဖုရားကြီးလဲ မဝင်ရဘူး၊ နန်းတွင်းသူ နန်းတွင်းသား မှူးမတ် ဗိုလ်ပါ ပရိသတ် လဲ တစ်ယောက်မှ မဝင်ရဘူး၊ ကြပ်တည်း ပိတ်ဆို့မှု အတွက် သင် နိုင်နင်းစွာ ဆီးတားရမယ်.... ကြားလား"

"ဦးထိပ်ရွက်ပါ အရှင်မင်းမြတ်"

"ကောင်းပြီ၊ သွားတော့"

■ ■ ■

တရားလွှတ်တော်ရုံး၏ အကြီးအကဲ အမတ်ကြီးကို မင်းကြီး သီးခြား ခေါ်ယူလိုက်ပြန်၏။

"အမတ်ကြီး…. နန်းတော်ပြာသာဒ်ထက်ဘုံဆင့်မှာ ကျွန်ုပ် နေသမျှ ကာလပတ်လုံး တရားစီရင်ဆုံးဖြတ်မှု အဝဝကို သင် အလုံးစုံ တာဝန်ယူရမယ်၊ ကျွန်ုပ် ကြောင့်ကြမဲ့ နေတယ်ဆိုပြီး တရား အဆုံးအဖြတ် မတိမ်းမယိမ်းစေနဲ့၊ သတိပညာ စွဲကပ်ပြီး ဖြောင့်မတ်စွာ စီရင်၊ မှူးမတ်ပြည်သူတို့ရဲ့ ပစ္စုပ္ပန် သံသရာအကျိုး နှစ်ပါး ပြည့်ဝစေကြောင်း ကောင်းမြတ်သော အဆုံး အမများနဲ့ ညီညွတ်ပါစေ"

ထိုအချိန်မှစ၍ မဟာဇနကမင်းကြီးလို အခါတိုင်း တွေ့မြင်ခစားနေကျဖြစ်သော နန်းတော်မင်းရင်ပြင်၊ လျောင်းတော်ဦး၊ ညီလာခံခန်းမ၊ ပလ္လင်တော် စသည်များ၌ မတွေ့ရတော့ချေ။

တစ်ရက်မှ နှစ်ရက်၊ သုံးရက် ရက်ကြာလာသောအခါ မိမိတို့ တွေ့မြင်နေကျ မြင်ကွင်းမှ မင်းကြီး ပျောက်ကွယ်နေသည်ကို နန်းတော် တစ်ခုလုံး သတိထားမိလာကြလေသည်။ တစ်စ တစ်စဖြင့် မင်းကြီး၏ တစ်ကိုယ်တည်း ဧကစာရီ ကျင့်နေသော သတင်းလည်း တစ်ယောက်စကား တစ်ယောက်နား ပျံ့နှံ့လာသည်။

နောက်ဆုံးတွင် မင်းကြီးသည် နန်းတော် ပြာသာဒ် အထက်ဘုံဆင့်၌ မည်သူနှင့်မျှ အတွေ့မခံဘဲ စံစားနေကြောင်း၊ စားတော်အုပ် ဆက်သူ၊ ဒန်ပူ မျက်နှာသစ်ရေ ဆက်သူတို့





သာ ဝင်ရောက်ခွင့် ရကြောင်း သိလာကြသည်။ နန်းတွင်း ပရိသတ်တို့သည် စားတော်အုပ် ဆက်သူနှင့် ရေတော်သွင်းသူ တို့ကို ခေါ်မေးကြလေသည်။

"သင်တို့ကတော့ မင်းကြီးဆီ နေ့တိုင်း ဝင် ထွက် ခွင့် ရကြသူတွေပဲ၊ ပြောပါဦး…. ပြာသာဒ် အထက် ဘုံဆင့်မှာ မင်းကြီး ဘယ်လိုများ စံနေသလဲ၊ သင်တို့ကို ဘာတွေ ပြောဟောသလဲ"

စားတော်အုပ် ဆက်သွင်းသူ အမှုထမ်းမှာ ပင်ကိုယ်ကပင် စကားနည်းသူ ဖြစ်၏။ သူက မျက်နှာသေကြီးနှင့် ဖြေသည်။

"ဟင့်အင်း…. ဘာမှ မပြောပါဘူး၊ ဒီလိုပါပဲ"

ရေတော် ဆက်သွင်းသူက ခြေဟန် လက်ဟန်ပါပါဖြင့် ဖြေသည်။

"မင်းကြီးလား၊ အချိန်ရောက်တာနဲ့ ကျုပ်တို့လဲ စားတော်အုပ်ဆက်၊ ဒန်ပူ မျက်နှာသစ်ရေ ဆက်ဝင် ကြတာပါပဲ၊ မင်းကြီးက ကျုပ်တို့ကို စကားပြော ဟောဖို့ ဝေလာဝေး၊ လှည့်တောင် ကြည့်တာ မဟုတ်ဘူး၊ ကျုပ်တို့လဲ ထားစရာရှိတာကို ထားရမယ့်နေရာ ထား၊ မင်းကြီး အသုံးပြုပြီးတာနဲ့ ပြန်သိမ်း၊ ဒါပါပဲဗျာ၊ ဘာတစ်ခွန်းမှ မပြောဘူး၊ တစ်ခါတစ်ရံ မင်းတို့ နေကောင်း ထိုင်သာ ရှိရဲ့လား၊ မိဖုရားကြီး ကော ဥတုသပ္ပါယ မျှရဲ့လား၊ ဘာညာနဲ့ မေးမယ်

ထင်ပြီး ကျုပ်က မယောင်မလယ်နဲ့ ဟိုဟာ သိမ်းသလိုလိုဒီဟာကိုင်သလိုလိုလုပ်ပြီးစောင့်နေသေးတယ်၊ ထစ်ခွန်းတလေမှ မဟာဘူးဗျာ၊ ကိုရင်တို့ မင်းကြီးတုံဏှိဘာဝေ နေပုံများတော့....''

'ဟုတ် လား ...စား တော် ကဲ ကြီး ရဲ့' မေး သော အခါ စားတော်ကဲက 'အင်း'ဟုသာ တစ်လုံးတည်း ပြောလေသည်။

ဤသို့ဖြင့် ရက်အနည်းငယ် ကြာလာသောအခါ နန်းတော်ထဲ၌ လှုပ်လှုပ်ရွရွ အသံများ ပေါ်လာ၏၊ အချို့က စိုးရိမ်မကင်း ဆိုကြသည်။ အချို့က ဝမ်းပန်းတနည်း ပြောကြသည်။ အချို့က တညည်းညည်းတညူညူ ပြုကြသည်။

"ငါတို့ရဲ့ အားကိုးရာ မဟာဇနကမင်းကြီးတော့ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီကော၊ အရင်က ဆိုရင် သူ့အချိန်သူ့အခါနဲ့၊ မိဖုရား မောင်းမ ကိုယ်လုပ်တော်တွေ ခြံရံပြီး နန်းတွင်းသဘင်ဆောင်မှာ ပွဲလမ်းသဘင် ရှုစားခဲ့တယ်၊ ဥယျာဉ်တော် ထွက်ခဲ့တယ်၊ ဆင်ကျုံး မြင်းဇောင်း တွေမှာ လှည့်လည် ခဲ့တယ်၊ ရေကန်တော်မှာ မြူးထူး စံပျော်ခဲ့တယ်၊ အခု အဲဒါတွေကို လုံးလုံးလျားလျား ပစ်ပယ်တော် မူလိုက်ပြီကော၊ တစ်ကိုယ်တည်း စံနေရုံမက ဘယ်သူနဲ့မှလဲ အတွေ့မခံ ဘယ်သူ့ကိုမှလဲ စကားမပြော၊ အဆွံ့အ အလိုနေပြီး တို့တစ်တွေကို မင်းကြီး မျက်နှာလွှဲခဲ့ပြီ၊





ပြည်သား ပြည်သူ မှူးမတ်တွေကိုလဲ အဆုံးအမသြဝါဒ မပေးတော့ဘူး၊ မင်းကြီးကို ငါတို့ဟာ သက်တော်ထင်ရှား ရှိလျက်နဲ့ ဆုံးရှုံးရပါပြီကော''

တမ်းတ ညည်းညူ သံ တို့ သည် နန်း တော် ပရဝုဏ်မှ ကျော်လွန်၍ မိထိလာ မြို့တော်အတွင်းသို့ ပျံ့နှံ့ ရိုက်ခတ်သွားလေသည်။

မိထိလာနှင့် နန်းတော် တစ်ဝန်း၌ ညည်းတွား ပူဆွေးသံများက လေပွေလှိုင်းများလို တဝေဝေ တက်နေချိန်၌ ပြာသာဒ်ဘုံအထက်ဆင့် အတွင်းရှိ မဟာဇနကမင်းကြီးသည်ကား ငြိမ်းအေးချမ်းမြေ့မှု အလျဉ်၌ ,တစ်စတစ်စ စီးဝင်နေခဲ့လေသည်၊

နှလုံးသားသည် ကာမဂုဏ် အညစ်အကြေး အဆွေးအကာတို့မှ တဖြည်းဖြည်း ကင်းကွာ သန့်စင်လာ၏။

အရှင်ပစ္စေကဗုဒ္ဓါ တို့၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ ပွားများ နှလုံးသွင်းလျက် မင်းကြီး သည် ဥဒါန်း မြွက်ဆိုကြည်ညိုခြင်းဖြင့် ပူဇော်နေခဲ့၏။

"ငါ့နန်းတော်ကို · နေ့စဉ် ဆွမ်းစားကြွတော်မူလာကြတဲ့ ငါ့ဆရာ အရှင်ပစ္စေကဗုဒ္ဓါ တို့ဟာ အရွယ်အားဖြင့် အကြီး,အလတ်,အငယ် နိမ့်,မြင့် ကွဲပြားကြသော်လည်း ကျေးဇူးတော် ဂုဏ်အားဖြင့် တူမျှကြပေ

တယ်၊ အရှင်မြတ်တို့ဟာ နိဗ္ဗာန်ချမ်းသာကို အလို ရှိတော်မူကြကုန်တဲ့အလျောက် ဆိတ်ငြိမ်ရာ အရပ်မှာ နေလေ့ရှိကြတယ်၊ မိမိမှာ ထင်ရှားရှိတဲ့ သီလ သမာဓိ ဂုဏ်တွေကို တစ်ပါးသူတွေကို မပြဘဲ လျှို့ဝှက် သိပ်သည်းစွာ နေတော်မူကြပေတယ်၊ အလုံးစုံသော အကုသိုလ် ဒုစရိုက်တို့မှ ကင်းကွာကုန်ကြတဲ့အတွက် ငြိမ်သက်တည်ကြည်သော နှလုံးရှိကြပေတယ်၊ အို… ငါ့ဆရာ အရှင်ပစ္စေကဗုဒ္ဓါတို့ဟာ အဘယ်အရပ်၊ အဘယ် ကျောင်း သင်္ခမ်းမှာများ စံနေတော်မူကြ ပါလိမ့်”

မင်းကြီးသည် ထက်ဝယ် ဖွဲ့ခွေ နေရာမှ တစ်ခါတစ်ရံ ပြာသာဒ်ဘုံဆင့်၏ မြောက်ဘက် လေသာပြတင်းကို ဖွင့်ကာ ပြတင်းဝ၌ ရပ်လျက် မြောက်ဘက် ဟိမဝန္တာဆီသို့ ရည်ရော် မျှော်ကြည့်ကာ အဝေးဆီသို့ မှန်းဆ၍ လက်အုပ်ချီတတ်သည်။

“အရပ် လေးမျက်နှာ၊ အရပ် ရှစ်မျက်နှာတို့က လေပြင်း တိုက်ခိုက်သော်လဲ မတုန်မလှုပ် မယိမ်းမယိုင် တစ်ခဲနက်သော ကျောက်တိုင်ကြီးလို မြဲမြဲ ခိုင်ခံ့တဲ့ ပညာနဲ့ ပြည့်စုံတော်မူကြပါပေတယ်၊ ရှုန်းရင်းဆန်ခတ် မွှေနှောက် ဖျက်ဆီးတတ်သော တဏှာအပေါင်းကလဲ ထွက် မြောက် လွတ် ကင်း တော် မူ ကြ ပါ ပေတယ်၊ ကြောင့်ကြ စိုးရိမ်ခြင်း အတိပြီးတဲ့ လူတို့ဘောင်မှာ





ကြောင့်ကြ စိုးရိမ်ခြင်း အလျဉ်းကင်းစွာလဲ နေတော် မူကြပါပေတယ်၊ အို…ငါ ကြည်ညို လိုက်ပါဘိ၊ အားကျ မြတ်နိုးလှုက်ပါဘိ”

ငြိမ်သက်ခြင်း၌ ခွန်အားတို့သည် စုစည်းဖြစ်တည်လာကြ သည်။ စူးစိုက်တည်ကြည်ခြင်း၌ သဒ္ဓါနှင့် သီလတို့သည် ပိုမို သိပ်သည်း လေးနက်လာကြ၏။

“မြတ်သော သီလအစုစု ဂုဏ်ကျေးဇူးတို့နဲ့ ရှာမှီး ပြည့်စုံတော်မူကြတဲ့ အရှင်မြတ်တို့ဘုရား….အသုဘကို သုဘထင်မှား လှည့်စားတတ်သော တဏှာကွန်ယက်ရဲ့ ဖမ်းယူရစ်ဖွဲ့ခြင်းကို အကြွင်းမဲ့ ပယ်ဖြတ်တော်မူကြတဲ့ အ ရှင် မြတ် တို့ ဘု ရား …. ကိ လေ သာ အာ လ ယ ငြိမ်းပြီးသော အရှင်မြတ်တို့ဘုရား….”

မြောက်ဘက် လေသာပြတင်းမှ ရမ်းရော် မျှော်ငေးနေရ သော်လည်း ဟိမဝန္တာကို မင်းကြီး မြင်ရသည်မဟုတ်၊ ဤ မြောက်အရပ်၏ အဝေးတစ်နေရာ၌ အရှင်ပစ္စေကဗုဒ္ဓါတို့ သီတင်းသုံးရာ ဟိမဝန္တာ ရှိလေသည် ဟူ၍သာ မင်းကြီး စိတ်ထဲ မှန်းဆရည်စူး ဖူးမြော်နေရခြင်းဖြစ်၏။

စိမ့်မြိုင်ဂနိုင် တောဘောင်အထပ်ထပ် ဆီးနှင်း ဖုံးလွှမ်း အပ်သော ဟိမဝန္တာကို မင်းကြီး စိတ်ကူးဖြင့် ရုပ်ပုံဖော်၍ မြင်ကြည့်နေရ၏။

"အို....ဆရာအရှင်ပစ္စေကဗုဒ္ဓါတို့ သီတင်းသုံးတော်မူကြတဲ့ နေရာဆီ ဘယ်သူများ ငါ့ကို ပို့ဆောင်ပေးနိုင်ပါမလဲ"

ချည်ရော်မျှော်မှန်းကာ လက်အုပ်ချီ ရှိခိုးလျက် နှုတ်မှ တသသ ရွတ်ဆို ပူဇော်ခြင်းဖြင့်သာ မင်းကြီး ကျေနပ်နေရလေသည်။

အဝေးဆီက ဟိမဝန္တာကို ပကတိမျက်စိဖြင့် မမြင်ရသော်လည်း ဓမ္မဓာတ်၊ နိဗ္ဗာန္ဓာတ်တို့၏ ရစ်ပတ်ဖုံးလွှမ်းခြင်းဖြင့် မင်းကြီး၏ နှလုံးသားကား ရဟန်းတရားတို့ဖြင့် ထုံမွှမ်းခဲ့ပေပြီ။ ဤသို့ဖြင့်....

လေးလတိုင်တိုင် ကြာမြင့်ခဲ့၏။

■ ■ ■





လေးလလွန်မြောက်သောအခါ မင်းကြီး၏ ရဟန်းအဖြစ်သို့ ညွတ်သောစိတ်သည် အင်အားထုထည် ကြီးမားခဲ့ပေပြီ။ ရွှေနန်းစည်းစိမ်ကိုလည်း လောကဓာတ်ကျယ်ဝန်း လေးကျွန်းမြင့်မိုရ်၊ ထို့ထိုမကြာ ဝနာ့တို့၏ အကြား၌ တည်ရှိသော လောကန္တရိက်ငရဲသို့နှယ် ထင်မြင်ခဲ့ပေပြီ။

မင်းကြီး၏ ရင်နှလုံးအိမ်၌ အခါမလပ် ပဲ့တင်ရိုက်နေသော အသံတစ်သံသာ ရှိတော့၏။

"မိထိလာကို စွန့်ပြီး ဘယ်သောအခါမှ ငါ
ဟိမဝန္တာကိုထွက် ရဟန်းပြုခွင့် ရပါ့မလဲ"

အားကြီးသောဆန္ဒက တစ်စတစ်စ ထုထည် ကျယ်ပြန့်လာသည်နှင့်အမျှ ဤမှာဘက်ရှိ ပိုင်ဆိုင်မှု လောကီစလေ့တို့၏ ဆွဲငင်မှုကလည်း အရှိန် အဟုန် ဖြင့် ထွက်ပြူ လာကြ၏။ သို့သော် မင်းကြီးသည် ဆွဲငင်ဖမ်းစားခြင်း အားလုံးကို စွေ့ငုဆင်ခြင်လျက် ရှန်းထွက်ရန်ကိုသာ စိတ်ညွတ်လေသည်။

ဦးစွာ မိထိလာပြည်ကြီး၏ မြင်ကွင်းများက ပေါ်လာ၏။ ညဉ့်နံနက် ချိန်ခါမရွေး လမ်းမ လမ်းငယ် အသွယ်သွယ်တို့၌ လှုပ်ရှား သွားလာနေကြသော ဝတ်ကောင်းစားလှဖြင့် ယောကျ်ား မိန်းမများ၊ ဆင်၊ မြင်း၊ ရထား များ၊ အဝတ်တန်ဆာ ကိရိယာတန်ဆာပလာမျိုးစုံ ရောင်းဝယ်ဖောက်ကားနေသော ဈေးဆိုင်တန်းများ၊ မင်းပွဲ စိုးပွဲတက်သည့် မှူးမတ်ဗိုလ်ပါ မင်းခစားတို့၏ အသွေး အရောင်စုံ အခမ်းအနားများ....။

ဤအရပ်၌ ရွှေနန်းပြာသာဒ်၊ ဤအရပ်၌ လွှတ်ရုံးတော်၊ ဤနေရာ၌ အတွင်းနန်းမြို့၊ ဤနေရာ၌ အပြင်နန်းမြို့ တံခါးမုခ်ဆိုင်၊ မင်းလမ်း၊ ခိုနန်းတန်ဆောင်းများက ဤနေရာ၊ အိမ်ရှေ့မင်း၏ စံတော်အိမ်က ဤမှာဘက်၊ စစ်သေနာပတိ၏ စံအိမ်တော်က ဟိုမှာဘက်၊ ဆွေတော် မျိုးတော် မှူးမတ်တို့ နေအိမ်များက ထိုထိုနေရာ….

မင်းကြီး၏ စိတ်အစဉ်၌ အစီအရီပေါ်လာကြ၏။

နန်းတော်ရုံမြို့ဝယ်၊ မြို့တံတိုင်း သုံးထပ်၊ ကျုံး သုံးထပ်၊ ပစ္စင်၊ ရင်တား၊ ပြအိုး၊ ပြာသာဒ်၊ မုခ် တန်ဆောင်း၊ အိမ်ကြီး အိမ်ကောင်းတို့၏ ချွန်မြလှပ အမိုးများ၊ နှလုံးမွေ့လျော် ပျော်ဖွယ်သော မင်းနေပြည်ကြီး….၊

အလုံးစုံသော အသေးစိတ်မြင်ကွင်းတို့ကို မြင်ယောင်လျက် မင်းကြီးသည် မြည်တမ်းလိုက်၏။

"ဒီနေရာကို စွန့်ခွာပြီး ဘယ်တောများမှ ငါ ရဟန်းပြုရပါမလဲ"

■ ■ ■





မိထိလာမြို့တော်ကြီးမှ တစ်ဆင့် ဝိဒေဟရာဇ်တိုင်းကြီးဆီသို့ မင်းကြီး တွေးမြင် ဆင်ခြင်မိပြန်သည်။

တည်ထားခဲ့သည့် ဥစ္စာစပါး၊ ပေါများ ကြွယ်ဝသော တိုင်းကြီး သူဌေးသူကြွယ်တို့ဖြင့် စည်ကားသော တိုင်းကြီး၊ ရွာငယ် အစွန်အမြိတ်ပင် ဖြစ်စေကာမူ ခိုးသူ၊ ဓားပြဘေး ကင်းဝေး ငြိမ်းချမ်းသော တိုင်းကြီး၊ တရားနှင့်အညီ နေထိုင်ကျင့်ကြံကြသော အမျိုး လေးပါးတို့ မှီတင်း နေထိုင်ရာ တိုင်းကြီး၊ နှလုံးမွေ့လျော် ပျော်ဖွယ်အတိ ဝိဒေဟရာဇ် တိုင်းကြီး….၊

မင်းကြီး ကျူးရင့်ပြန်၏။

"ဒီနေရာကို စွန့်ခွာပြီး ဘယ်တောများမှ ငါ ရဟန်းပြုရပါမလဲ"

■ ■ ■

နန်းတော် အရပ်မြင်ကွင်းများကား အာရုံတွင် အသေးစိတ် ပေါ်လာပြန်သည်။

ဟောဒီနေရာမှာဖြင့် နန်းတော် ပြာသာဒ်မ၊ ဒီနေရာက ဆောင်သီး ဆောင်သွယ်၊ ထားငယ်၊ လေသာစမုခ်၊ ဒီနေရာမှာ အတွင်းဆောင်၊ ဒီနေရာမှာ လွှတ်သဘင်၊ ဒီနေရာကတော့ ဆင်ကျုံး၊ မြင်းဇောင်း၊ ရထားစခန်း၊ ဒီနေရာက ပွဲကြည့်သဘင်ဆောင်တော်၊ နန်းတော်ပတ်လည်မှာလဲ အမြဲ ထာဝရ မွှေးကြိုင်သင်းပျံ့နေတဲ့ ရာသီအလိုက် ပန်းတော ဥယျာဉ်တွေဆီက လေပြည်လေညင်း၊ ပြီးတော့ တစ်နန်းတော်လုံး အသုံးပြုကြတဲ့ နံ့သာပန်းပေါင်း မွှေးယစ်ထုံမြ ရနံ့စုံ....

မြင်ကွင်းအားလုံး ဖျတ်ခနဲ ပျောက်ကွယ်သွားကာ တစ်ခုတည်းသော မေးခွန်းဖြင့်သာ ချုပ်သိမ်းပြန်၏။

"ဒီနေရာကို စွန့်ခွာပြီး ဘယ်တော့များမှ ငါ ရဟန်းပြုရပါ့မလဲ"

■ ■ ■





မင်းကြီး၏ စိတ်အာရုံသည် ပို၍ စုစုစည်းစည်း ဖြစ်လာကာ မိမိ ယခု စံမြန်းနေရသော နန်းတော် ပြာသာဒ်ဆောင်ကြီးကို မြင်ယောင်ပြန်လေသည်။

အင်း...ငါ့ရဲ့ နန်းတော် ပြာသာဒ်တော်၊ စိန်ဖူး စိန်ပွင့် စိန်ပျံ မှန်ကင်း၊ တုရင်၊ စုလစ်အမွှမ်း၊ ထုပိကာတွေနဲ့ တန်ဆာဆင်ထားလေရဲ့။ ရွှေတိုက် ငွေတိုက်၊ နှံရပတေ အင်္ဂပေါတွေနဲ့ အပြေအပြစ်ပြု၊ ရတနာတွေနဲ့ တန်ဆာဆင်၊ ဗိသုကာ ပညာကျော်တွေရဲ့ လက်စွမ်းပြ အတောင်ပေါင်း ခုနစ်ရာကျော် ရှိလေတဲ့ နန်းပြာသာဒ်ဆောင်။ နတ်ဗိမာန်ဘုံနန်း တစ်စုတစ်ဝေးတည်း ကျရောက်လာသလို တစ်ဆောင်က အရောင်တွေဟာ တစ်ဆောင်ဆီ ကူးခပ်လို့ တလျှပ်လျှပ် ရောင်နှယ် ယှက်သွယ်ယိုဖိတ် စိတ်နှလုံး မွေ့လျော်ဖွယ် ရနံ့ပေါင်းစုံတို့ ကြိုင်လှောက်ထုံပျံ့ရာ ပြာသာဒ်ဆောင်တွေ....။

"ဒီနေရာကို စွန့်ခွာပြီး ဘယ်တော့များမှ ငါ ရဟန်းပြုရပါ့မလဲ"

■ ■ ■

နန်းမဆောင်၌ ထီးဖြူဖြန့်မိုးလျက် ခင်းအပ်သော ရတနာပလ္လင်တော်၊ အရှေ့ လျောင်းတော်ဦး စမုခ်ဝ၊ ကန်တော့ပူဇော်ခံ ရွှေညောင်စောင်း၊ ရွှေသလွန်၊ ပြာသာဒ်ဆောင်အသီးသီး တိုင်း၌ ခင်းကျင်း ထားအပ်သော ပလ္လင်များ၊ အချို့ကား ရွှေ၊ အချို့ကား ကျောက်မျက်ကုံးပါး၊ အချို့ကား နုထွတ်ညွှံ့သက်သော သားမွေး၊ ငှက်မွေး၊ လက်လေးသစ်ကျော် အထူ၊ အလျား၊ အပြောက် အစင်း ခင်းအပ်သော ကော်ဇောကမ္ဗလာ....။

"ဒီနေရာကို စွန့်ခွာပြီး ဘယ်တော့များမှ ငါ ရဟန်းပြုရပါ့မလဲ"

■ ■ ■

မြစ်ကြီး ငါးသွယ်၊ မြစ်ငယ်ငါးရာ၊ သီတာခုနစ်တန် တို့သည် မဟာသမုဒ္ဒရာသို့သာ စီးဝင်ခြင်းဖြင့် မိမိတို့၏ ဇာတိမူလကို ပယ်ဖျောက်ခဲ့ကြရ၏။ အလုံးစုံသော မြင်ကွင်းရှုကွက်သုံးသပ်ချက်များသည် တစ်ခုတည်းသော အာသာဆန္ဒတောင့်တရည်မှန်းချက်၌သာ အဆုံးသတ်သွားကြလေသည်။





မင်းကြီးသည် မိမိကိုယ်ပေါ်မှ ဝတ်လဲတော် တန်ဆာတို့ကို ငုံ့ကြည့်မိပြန်၏။ အင်္ကျီ၊ စုလျား၊ ဝတ်လဲ ရတနာများကား သိမ်မွေ့ နူးညံ့စွာသော ဝါချည်၊ ပိုးချည်၊ ခေါမတိုင်းဖြစ် ကောဇွမ္ဗရာဇ် တိုင်းဖြစ် အဖိုးထိုက် အဖိုးတန် သာမန်လူတို့နှင့် မစပ်သော ဝတ်လဲပုဆိုး....။

"ဒါတွေကို စွန့်ပစ်ပြီး လျှော်တေသွက်န်း၊ သမန်းမြက်သင်္ကန်း၊ သစ်နက်ရေသင်္ကန်း ကြမ်းတမ်းသော အဝတ်တွေကို လွှက်လွှတ်ဝတ်ဆင်ပြီး ငါ ဘယ်တော့များမှ ရဟန်းပြုရပါ့မလဲ"

■ ■ ■

ဝတ်လဲတော် ပုဆိုး တန်ဆာများမှသည် အသုံးအဆောင်အခင်းအကျင်းများကို အာရုံပြုမိပြန်၏။ ကြာမျိုး ငါးပါးရေကန်တော်၊ ငှက်မျိုးစုံတို့ မြူးပျော် ကျက်စားရာ ရေကန်တော်၊ ထို့နောက် ဆင်တော်၊ မြင်းတော်၊ အမျိုးမျိုးသော ယာဉ်ရထားတော်များ၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ လေးသည်တော်များ၊ မင်းသားလုလင်၊ ပုဏ္ဏားလုလင် အမှုထမ်းများ၊

ထို့နောက် အထောင်အသောင်း ကိုယ်လုပ် မောင်းမမျှား၊ အဆောင်ရ မိဖုရားငယ်များ၊ ခုနစ်ရာကုန်သော မိဖုရားငယ်များ၏ ကောင်းခြင်း ငါးဖြာ ပြည့်စုံသော အလှအပများ၊ ရုပ်ဆင်းရူပါ လှပသလို မိမိ၏အလို စိတ်သဘောကို ကျိုးနွံလိုက်နာ၊ မိန်းမကောင်းအင်္ဂါတို့နှင့် ပြည့်ဝပုံများ၊ ထိုထိုသော ရံရွေ အရာအထောင်တို့ အလယ်မှ အဆင်းရော အချင်းပါ ပြည့်ဝစုံလင်သည့် မိဖုရားခေါင်ကြီး သီဝလိဒေဝီ။

ပိုင်ဆိုင်ထားမှုမှန်သမျှ သက်ရှိ သက်မဲ့ အရာအားလုံးကို မင်းကြီးသည် စေ့စေ့စပ်စပ်မြင်၏၊ ထိုအရာအားလုံးတို့သည်လည်း စင်စစ် စွန့်ပစ်ဖွယ်ရာမရှိ၊ နှစ်သက်ခုံမင်ဖွယ်အတိသာ ဖြစ်ကြ၏။ မင်းကြီးသည် သက်ရှိ သက်မဲ့ တစ်ခုခုကို တွေးမြင်ဆင်ခြင်မိလိုက်တိုင်း ယင်းတို့၏ ဂုဏ်ကျေးဇူး များကိုသာ တွေ့ရှိခဲ့လေသည်။

အပြစ်အနာအဆာ ချို့ယွင်းချက်ဟူ၍ မတွေ့ရ၊ အားလုံးပင် သူ့တန်ဖိုး သူဆောင်နေကြ၏။ စွဲငင်ဖမ်းစားမှု အားအန်အပြည့်ရှိကြ၏၊ သို့သော် ထို တပ်မက်မြတ်နိုးဖွယ် ဂုဏ်ကျက်သရေများကို တွေ့ရှိတိုင်းပင် မင်းကြီးသည် တစ်ခွန်းတည်းသော စကားကိုသာ အခါခါ ကျူးရင့်မိ၏။

ထိုစကားမှာ ထိုအရာတို့ကို စွန့်ပစ်၍ ရဟန်းပြုရန်....။

"ဦးပြည်းခေါင်းတုံးရိတ်၊ ဖန်ရည်စွန်းသော ဒုကုဋ်သင်္ကန်းကို ရုံ၊ သပိတ်ကို လက်မှာစွဲပြီး ဘယ်တော့များမှ ငါဆွမ်းခံ၊ဆွမ်းစား သွားရပါ့မလဲ၊ ခရီးလမ်းမှာ လူတွေ စွန့်ပစ်ထားတဲ့ အဝတ်တွေကို ပံ့သကူကောက်၊ သင်္ကန်း ချုပ် ဆိုးပြီး ဝတ်ဖို့ ကာလ ဘယ်တော့များမှ ရောက်ပါ့မလဲ၊ မိုးရွာ အစို၊ နေပူအခြောက် တစ်တောဝင် တစ်တောထွက် သစ်တစ်ပင်နား၊ ဝါးတစ်ရုံရိပ်မှာ စိတ်ကြောင့်ကြမဲ့ ငှဲကွက်လွတ်ရှင်း တစ်ကိုယ်ချင်းနဲ့ သီတင်းဖြူလွတဲ့ ဖြဟ္မစရိုက်ကို အလိုက်ဘယ်ခါမှ ဖြည့်နိုင်ပါ့မလဲ၊ ဟိမဝန္တာ.... ဟိမဝန္တာ....အို—ဟိမဝန္တာ"

ရဟန်းပြုရန် တောင့်တချက်သည် ပို၍သာ ရင့်မာလာ၏။

ကျွမ်းကျင်လိမ္မာသော စောင်းသမားသည် ခုနစ်ချောင်းသော စောင်းညို့ကို အညီအညွတ် ညှိသကဲ့သို့ ကြောင့်ကြဖွယ် အလီလီတို့ဖြင့် မအိမသာ ရှိလေသော နှလုံးသား စောင်းကြိုးများကို ဖြုန်းဖြုန်းဖြတ်လျက် ဖြောင့်မတ်စွာ ကျင့်နိုင်ဖို့အရေး မင်းကြီးသည် အလေးနက်ဆုံး တွေးဆင်ခြင်မိလေသည်။

"လွှာဖိနပ် ခြေနင်းလုပ်တဲ့ သားရေနယ်သမား တစ်ယောက်ဟာ ထက်မြလှတဲ့ ဇဆာက် ဝန်းနဲ့ သားရေနယ်ကို ညီညွတ်စွာ ပိုင်းပိုင်း ဖြတ်လှီးလိုက်သလို ရစ်မြေးနှောင်ဖွဲ့နေတဲ့ ကာမ သံယောဇဉ်တွေ လွင့်စဉ် ကင်းပျောက်အောင် ဉာဏ် ဆောက်ဝန်း အသွားနဲ့ အလွှား အလွှား ကွာကျအောင် ငါ ဖြတ်လှီး ပယ်ထုတ်ရမယ်၊ ဒီလို အနေအထားမျိုး ဘယ်တော့မှ ငါရောက်မပါ့မလဲ၊ အို—ဟိမဝန္တာ"

ပြာသာဒ်ဆောင်၏ မြောက်ဘက် လေသာပြတင်းဝ၌ မလှုပ်မရှားရပ်လျက် အဝေးဆီမှ မမြင်နိုင်စွမ်းသော ဟိမဝန္တာဆီသို့ ရော်ရမ်းလျက် မင်းကြီးသည် တစ်ကိုယ်တည်း ရေရွတ်နေလေသည်၊

■ ■ ■

လေးလဟူသော အချိန်ကာလ သမယသည် နန်းတော်ပြာသာဒ်တုံ အထက်ဆင့်၌ မင်းကြီးတစ်ကိုယ်တည်း စစ်ခင်းခဲ့ရသော ကာလဖြစ်သည်။

ဟိမဝန္တာတောအရပ်၏ ဖမ်းစား ညို့ယူမှုသည် မင်းသီးအတွက် နေကြမ္မဝိဘက်တည်း ဟူသော တောထွက်ရန် အကြံအစည်ကို တစ်စထက်တစ်စ ကြီးထွားစေ၏။ ငြိတွယ်စရာမှန်သမျှတို့၌ ကပ်ငြိ စည်းနှောင်တတ်သော တဏှာကြိုးကို ထပ်မံမရစ်ပတ်နိုင်အောင်သာမက ဖွဲ့နှောင်ပြီး သား ကြိုးစတို့ကို အထပ်ထပ် ဖြေခွာပစ်ရ၏။ ပြင်းစွာဖွဲ့လမ်းတတ်သော ဥပါဒါန်အထုံးအဖွဲ့များကို ဉာဏ်လက်နက်သွားဖြင့် တစ်ထုံးပြီး တစ်ထုံး ထောင်းထောင်းပြတ်ကြေအောင် ဖြတ်ခြေပစ်ရ၏။





နှလုံးသားတွင် စွဲမြဲ တွယ်ကပ်နေသော အစေးများ၊ နှောင်ကြိုးများကို ချုံဖျော်သော နွယ်ရှင်များ ရှင်းသကဲ့သို့ ခုတ်ထွင်ရှင်းလင်းပစ်ခဲ့ရ၏။ သို့ဖြင့် မဟာဇနကမင်းကြီး၏ နှလုံးသည် အနှောင်အဖွဲ့များမှ တစ်စတစ်စ လွတ်မြောက်လာခဲ့ပြီးသည်၏ အခြားမဲ့၌....

စားတော်အုပ် ဆက်သွင်းသော စားတော်ကဲကို တစ်နေ့သောအခါ မင်းကြီးသည် အနီးသို့ ခေါ်ယူလိုက်လေ၏။

ကာလကြာမြင့်စွာပင် စကားမပြော တုံကျဘာဝေ နေခဲ့သော မင်းကြီးက မိမိအား အနီးသို့ ခေါ်ယူလိုက်သဖြင့် စားတော်ကဲသည် အံ့သြဝမ်းသာ ဖြစ်သွား၏။

"မောင်မင်း.... အခု ဒီက ပြန်သွားရင် ရဟန်းအသုံး အဆောင်တွေ ရောင်းချတဲ့ သမဏပရိက္ခရာဆိုင်ကို သွားရမယ်၊ ပရိက္ခရာတန်းက သင်္ကန်း သုံးထည်နဲ့ မြေသပိတ် တစ်လုံးကို ဝယ်ပြီး အခုချက်ချင်း ပြန်လာခဲ့၊ ဒီအကြောင်းကို အိမ်ရှေ့မင်း၊ မယ်တော်က အစ ဘယ်သူမှ မသိစေနဲ့"

စားတော်ကဲသည် မှန်ပါ အရှင်မင်းမြတ်ဟူသော စကားမှအပ ဘာမျှ ပြောခွင့်မရတော့ပေ။ ဤသည်မှာ မင်းကြီး၏ အမိန့်ဖြစ်သည်။ ကျွန်ုပ်ရဲ့ မိဖုရားကြီး သီဝလိဒေဝီဟုမသုံးဘဲ အိမ်ရှေ့မင်းမယ်တော်ဟု သုံးနှုန်းသည်ကိုလည်း သတိထားမိ

၏။ မိဖုရားကြီးမှအစ ဘယ်သူမှ မသိစေနဲ့ဟူသော အမိန့်တော်တွင် ထိပ်တန်းလျှို့ဝှက်မှု ပါသွားပြီလည်း ဖြစ်သည်။ မိမိမှအပ မည်သူမျှ မသိစေရ၊

စားတော်ကဲသည် မင်းကြီး၏မျက်နှာကိုမော့ကြည့်လိုက်၏။

ရှင်းသန့်ကြည်လင်သော မျက်နှာတွင် မျက်လုံး အစုံမှာ အားကြီးသော ဆန္ဒတစ်စုံတစ်ရာ၏ အရောင်အဝါများဖြင့် ဖိတ်ဖိတ်တောက်နေလေသည်၊ အကယ်၍ ဘုရင့် အမိန့်တော် မဟုတ်စေဦး၊ ဤနှယ်သော အဆင်းသဏ္ဌာန်ဖြင့် မှာကြားသော စကားကို မိမိ အကြွင်းမဲ့ လိုက်နာမိမည်သာ ဖြစ်သည်ဟု စားတော်ကဲ တွေးလိုက်မိသည်။

သကြန်း သုံးထည်နှင့် မြေသပိတ်။

စားတော်ကဲ သည် ပြာသာဒ် ဘုံဆင့်မှ ဆင်းခဲ့ ကာ နန်းတော်မှထွက်၍ သမဏာပရိက္ခရာ ဈေးတန်းသို့ မဆိုင်းမတွ ထွက်ခဲ့လေသည်။ ထို့နောက် သင်္ကန်းနှင့်သပိတ်ကို ဝယ်ယူ၍ ဘယ်သူမှ မသိမမြင်စေရဘဲ ပြာသာဒ်ဆောင်သို့ ပြန်တက်ခဲ့သည်၊ မင်းကြီးထံ ဆက်သလိုက်သည်။

ထိုအချိန်တွင် မင်းကြီးဘေး၌ ဆတ္တာသည်လည်း ရောက်ရှိနေ၏။

ဆတ္တာသည်လည်း မင်းကြီး၏ အမိန့် တစ်ခုခုကို နာခံပြီးဟန်နှင့် အဆင်သင့် ဖြစ်နေလေသည်။





"မောင်မင်း လုပ်စရာရှိတာ လုပ်တော့"

ခဏအတွင်းမှာပင် မင်းကြီး၏ ဆံမုတ်ဆိတ်များ ပယ်ရိတ်ပြီး ဖြစ်သွား၏။

"ဒီအကြောင်းကို မောင်မင်းတို့ နှစ်ယောက်သာ သိ စေရမယ်၊ ဘယ်သူ့ကိုမှ မပေါက်ကြား စေနဲ့၊ မောင်မင်းတို့အတွက် ကျေးစား ရွာစား ဆုလာဘ် ခံစားစေရမယ်"

ကြိုတင် မျှော်လင့် သိရှိထားပြီးဖြစ်သည့်တိုင် စားတော်ကဲနှင့် ဆတ္တာသည်တို့မှာ မအံ့သြ မတုန်လှုပ်ဘဲ မနေနိုင်ကြ။ နှစ်ယောက်စလုံးမှာ စကားဖောင်ဖောင် ပြောတတ်ကြသူ၊ စကားကြွယ်သူများ ဖြစ်ကြလေရာ မင်းကြီး၏ လှုပ်ရှားမှုများကိုကြည့်လျက် အချင်းချင်း ပြောလိုက် ဆိုလိုက်ချင်သည့် ဆန္ဒကို မနည်းကြီး အောင့်အည်း ထားကြရလေသည်၊

မဟာဇနက မင်းကြီးကား အသွင် ပြောင်းလဲသွားလေသည်။

တစ်ထည်သော သင်္ကန်းကို သင်းပိုင်ဝတ်၊ တစ်ထည်ကို လက်ကန်တော့ စံပယ်ရုံတင်လျက်၊ ဒုကုဋ် သင်္ကန်းကြီးကို လက်ထဲ ပခုံးပေါ်၌ တင်လိုက်၏။ အိတ်ဖြင့် သွတ်သွင်းထားသော မြေသပိတ်ကို လက်ယာပခုံး၌ လွယ်ကာ ဝါးရင်းတောင်ဝှေးတို့ ကိုင်စွဲလိုက်၏။

စားတော်ကဲနှင့်ဆတ္တာသည်တို့ အလိုလိုပင် ဒူးတုပ်ပျပ်ဝပ်လျက်သား ဖြစ်သွားကြသည်။ အထက် ဘုံဆင့် ရင်ပြင်၌ နှစ်ခေါက် သုံးခေါက် စင်္ကြံကြွတော်မူနေသော မင်းကြီးကို ကြည့်ရင်း အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးဟု ထင်မြင်လာကြသည်။

မင်းမြောက်တန်ဆာတို့ဖြင့် တင့်တယ်လှပေသော မိမိတို့၏ ဘုရင်မင်းမြတ်အား ရွှေ, ငွေ, ရတနာ အရောင်တို့ဖြင့် အမြဲမြင်တွေ့နေရစဉ်ကထက် ပိုမိုခြားနား ထူးကဲနေသော အသရေ။

ညိုမောင်းသော သင်္ကန်းဖြင့် မင်းကြီး၏ အသားအရေမှာ ဝင်းဖန့် နုညက်နေ၏။ ဦးပြည်းစိမ်းသည် ယခင်က ပတ္တမြား ဦးသျှောင်ကို ဆင်မြန်းထားသည်ထက် ပို၍ တင့်တယ်နေ၏။ ဘုရင်မင်းမြတ်တို့၏ ဇာင့်တယ်ခန့်ညားသော အသွင် မဟုတ်တော့၊ ရှင်းလင်းသန့်ပြန့်ကာ အမျိုးအမည် မဖော်ပြနိုင်စွမ်းသော ကျက်သရေတို့ဖြင့် ကြည်ညိုဖွယ်ကောင်းသော ရဟန်းတစ်ပါးကို ဖူးမြင်ကြရလေသည်။

မင်းကြီးသည် စင်္ကြံကြွနေရာမှရပ်၍ မြောက်ဘက်လေသာပြတင်းမှ အဝေးသို့ ငေးမျှော်ရင်း မိန့်တော်မူ၏။

"သင်တို့ သွားနိုင်ပြီ"

စားတော်ကဲနှင့် ဆတ္တာသည်တို့ တစ်ယောက်ကို တစ်ယောက် တိုင်ပင်ကြည့် ကြည့်ကာ တိတ်ဆိတ်စွာ ထွက်သွားကြသည်။ပြာသာဒ်ဘုံဆင့် အောက်ထပ်အရောက်တွင်မူ စားတော်ကဲက ချုပ်တည်းမရနိုင်သော လေသံဖြင့် ပြောလေသည်။





"မင်းကြီးအမိန့်က ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောရဘူးတဲ့နော်၊ ဒါပေမယ့်.... ဆတ္တာသည်ကြီး.... သင်နဲ့ ကျုပ်ကတော့ သိပြီးသားလူတွေမို့ ကျုပ်တို့နှစ်ယောက်ချင်းတော့ ပြောခွင့်ရှိတာပေါ့နော်"

ဆတ္တာသည်ကလည်း ရေငုပ်ရာမှ ဘွားခနဲ ပေါ်လာကာ အသက် ရှူရှိုက်လိုက်သလို မအောင့်မအည်းနိုင်တော့ဘဲ–

"ဟုယ်သပ၊ ကျုပ်တို့ချင်း ပြောရတာပ၊ အဟီး– ကျုပ်ကလဲ သိပ်ကို ပြောချင်နေတာ၊ မနည်းကြီး ထိန်းထားရတာ"

ဟု ပြောလိုက်လေသည်။

■ ■ ■

မြောက်ဘက် လေသာပြတင်းတွင် ရပ်ကာ အဝေး ဟိမဝန္တာဆီသို့ မျှော်ငေးနေသော မင်းကြီးသည် ပြတင်းမှ ခွာခဲ့၏။ ဤနေ့အဖို့ကား နန်းတော်မှထွက်ရန် အခွင့်မသာ တော့။ တစ်ညတာတော့ ဤဘုံဆင့်၌ပင် ခေတ္တ တည်းခိုရပေ ဦးတော့မည်။ ခေတ္တ တည်းခို၊ မင်းကြီးသည် မိမိ၏ စိတ်ကူး ထဲမှ ထိုစကားလုံးကို သဘောကျသွားမိ၏။ ဟုတ်ပေသည်၊ နန်းတော်ပြာသာဒ်ဘုံဆင့်သည် မိမိနှင့် မဆိုင်တော့။ အခွင့် မသာသေးခင် ခေတ္တ စောင့်ဆိုင်း နားခိုရမည့် သူစိမ်းပြင်ပြင် နေရာ ဖြစ်သွားပြီ။ မိမိသည် ဤနေရာနှင့် ကင်းကွာသွားပြီ။ အခွင့်သာသည့် အချိန်တွင် ဤနေရာကို အမြန်ဆုံး စွန့်ခွာ တော့မည်။

■ ■ ■

နောက်တစ်နေ့ နံနက် မိုးသောက် အရုဏ်တက်ချိန်တွင် ပြာသာဒ်ဘုံဆင့်မှ ဆင်းလာခဲ့လေသည်။ နန်းတော်ပြာသာဒ် ဆောင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ လှေကားထစ်များအတိုင်း





ဆင်းလာသော မင်းကြီး၏ လွှာဖိနပ် ခြေနင်းမဲ့ ခြေအစုံမှာ လည်း ခြေသံမရှိ။

ထိုအချိန်မှာပင် ပြာသာဒ်အောက်အဆင့်ဆီမှ တက်လာ ကြသော ခြေအစုံတို့သည် လှေကားထစ်များပေါ်၌ အဆော တလျင် နင်းဖြတ်လာနေကြသည်။ ဆင်းလာသော မင်းကြီး မသိ။ ထိုခြေအစုံတို့ကား ဖြူဖွေး နူးညံ့လှပကြ၏။ ခြေချင်း၊ ခြေဝတ်ခြူသံများဖြင့် ညီးညီးညံနေကြ၏။ ထိုခြေအစုံတို့ ကား သီဝလိဒေဝီ မိဖုရားကြီး ဦးဆောင်သော မိဖုရားငယ် ခုနစ်ရာတို့၏ ခြေသောက်များပင်။

မိဖုရားကြီး သီဝလိဒေဝီသည် ညဉ့်ဦးကပင် မိဖုရားငယ် ခုနစ်ရာတို့ကို စုရုံးခဲ့ပြီး အမိန့်မှတ်ခဲ့လေသည်။

> “အမိငယ်တို့.... ငါတို့ အရှင်သခင်ကို မဖူးမမြင် ရတာ လေးလကျော်ခဲ့ပြီ၊ ရာဇပလ္လင် ဥကင်ထီးနန်း ကို သိမ်းယူစဉ်ကစပြီး ဘယ်တုန်းကမှ ငါနဲ့ မခွဲခဲ့ဖူးတဲ့ မင်းကြီးဟာ အခု လေးလကျော်အထိ ဘယ်သူနဲ့မှ အတွေ့မခံ၊ တစ်ပါးတည်း စံနေတာဟာ ထူးခြား လွန်းတယ်၊ ဖောက်လွှဲ ဖောက်ပြန် အကြံတစ်ခုခု ရှိနေပြီဆိုတာ သေချာတယ်၊ ဒါကြောင့်....”

အခွယ်၊ ရုပ်ရည် ဆွဲဆောင်မှုအကောင်းဆုံး မိဖုရားငယ် ခုနစ်ရာတို့ကို စုရုံးလျက် မိဖုရားကြီး ဦးဆောင် ခေါ်ယူလာ ခဲ့သည်။

"ငါးတစ်ကောင်ကို ကွန်အကြီးကြီး နဲ့ ရစ်ဖွဲ့ပိုက်ခြုံသလို မင်းကြီးကို အမိငယ်တို့ နှောင်ဖွဲ့ ရမယ်၊ ကြားလား၊ အကောင်းဆုံး အလှဆုံး ပြင်ဆင်ခဲ့ကြ နံ့သာပန်းမွှေး အမွှေးအကြိုင်တွေ ဆွတ်ဖျန်းခဲ့ကြ"

အထက်ဘုံဆင့်မှ ဆင်းလာသော မင်းကြီးနှင့် အောက်ဘုံဆင်မှ တက်လာသော မိဖုရားကြီး ဦးဆောင်သည့် မိဖုရားငယ် အုပ်စုတို့သည် ပြာသာဒ် အဆင့်တစ်ခု၏ လှေကား အကွေ့တစ်ကွေ့၌ ရင်ဆိုင်တွေ့ကြတော့၏။

မင်းကြီးကား စကျွဲကူခြေကိုဆောင်လျက် မရှုံ့မဆိုင်းသော ခြေလှမ်းများဖြင့် ဆက်ဆင်းလာ၏။ မိဖုရားကြီးနှင့် မိဖုရားငယ်ခုနစ်ရာတို့သည် မင်းကြီးကို မြင်လိုက်သောအခါ ရဟန်းအသွင်ရှိနေသဖြင့် တစ်ယောက်မျှ မမှတ်မိကြ။ မင်းကြီးဤသို့ အသွင်ပြောင်းလဲသွားမည်ဟုလည်း လုံးဝ မျှော်လင့်စဉ်းစားထားခြင်း မရှိကြ၊ အားလုံးကပင် အရှင်ပစ္စေကဗုဒ္ဓါတစ်ပါး ငါတို့ မင်းကြီးထံ တရားအဆုံးအမပေးကာ ပြန်ဆင်းတော်မူလာသည်ဟု မှတ်ယူကြကာ လမ်းလွှဲ၍ သင့်ရာမှ ဒူးတုပ် ရှိခိုးလိုက်ကြသည်။

မင်းကြီးသည် သီဝလီဒေဝီ မိဖုရားကြီးနှင့် မိဖုရားငယ်ခုနစ်ရာတို့၏ လက်အုပ်ဖူးငုံများရှေ့မှ ဖြတ်လျက် ပြာသာဒ်ဘုံဆင့် လှေကားထစ်များအတိုင်း ခြေလှမ်းမပျက် ဆင်းလာခဲ့လေသည်။





မင်းကြီး လွန်မြောက်သွားသောအခါမှ သီဝလီဒေဝီနှင့် မိဖုရားငယ်တို့လည်း ပြာသာဒ်ဘုံ အထက်ဆင့်သို့ တက်သွားကြသည်။ သူတို့ တစ်တော့ ပြာသာဒ်ဘုံ အထက်ဆင့် တံခါးဝ ရောက်ချိန်၌ မင်းကြီးသည် နန်းမြို့ တံခါးမှ အရှေ့စမုခ်ဝဆီသို့ ဦးတည်နေပေပြီ………။

■ ■ ■

တံခါးဝ၌ ခြေချ ရပ်လိုက်မိကတည်းက သီလလီဒေဝီ မိဖုရားကြီး၏ စိတ်ထဲ၌ တစ်စုံတစ်ခုတော့ အကြီးအကျယ် မှားယွင်းလွဲချော်နေခဲ့ပြီဟူသော အသိကို အလိုလို ခံစားလိုက်ရ၏။ ပြသာဒ်ဆောင်အတွင်းဘက်သို့ မိဖုရားကြီး တစ်ချက် ဝေ့ဝိုက်ကြည့်သည်။

ချက်ချင်းပင် တွေ့၏။ မင်းကြီးစက်တော်မူရာ ရွှေသလွန်ထက်တွင် စုပုံထားသော ဝတ်လဲတော်တန်ဆာများ၊ ပုဆိုးစုလျားများ၊ ထိုအဝတ်ပုံပေါ်၌ အခွေလိုက်ရှိနေသည့် ဆံပင်များ….။

သီဝလိဒေဝီမိဖုရားကြီး၏ ရင်ထဲ၌ ကွက်လပ် လေဟာနယ်ကြီးတစ်ခု ဖြစ်ပေါ်သွား၏။ သို့သော် သတိကောင်းသော မိဖုရားကြီး၏ခေါင်းထဲ၌ ချက်ချင်း စီရရီ ပေါ်လာသည်။

"အမိငယ်တို့....ငါတို့ တက်လာတုန်းက ခုလတ်လှေကားထစ်မှာ ဖူးခဲ့ရတဲ့ အရှင်ပစ္စေကဗုဒ္ဓါ"

မိဖုရားငယ်တို့မှာ ယခုမှ သဘောပေါက်စ ပြုလာကြ၏။

"တခြားက အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးလို့ ငါတို့ထင်ခဲ့တာ မှားပြီ၊ အဲဒါဟာ ငါတို့ရဲ့ သခင်မင်းကြီးပဲ၊ အခုချက်ချင်း ပြန်ဆင်းကြမယ်၊ သူ....သူ အဝေးကြီးမရောက်ခင် လိုက်ကြ တောင်းပန်ကြ၊ တားဆီးကြ"

အရှေ့စမုခ်ဝသို့ ရောက်နေပြီဖြစ်သောမင်းကြီးကို မိဖုရားတို့ မီလာကြလေသည်။

အရှေ့စမုခ်ဝတံခါး၌ စီစီညံညံ ငိုသံများ ပေါ်လာ၏။ မိဖုရားငယ်တို့သည် ဆံပင်များကို ဖြန့်ကြကာ ရင်အုံကို လက်အစုံဖြင့် ထုရိုက်ကြ၏။ ငိုသံများနှင့်အတူ မြည်တမ်းသံများသည် ဗလုံးဗထွေး ပေါ်လာကြလေသည်။

"ကျွန်တော်မတို့ နှလုံးကြေကွဲအောင် လုပ်ရက်ပါပေ့ အရှင်"





"ဘာကြောင့်များ ခုလို စိမ်းစိမ်းကားကားကြီး ပြုရတာလဲ အရှင်ရဲ့၊ ကျွန်တော်မတို့မှာ ဘာအပြစ်များရှိလို့လဲ"

"အရှင် မရှိရင် ကျွန်တော်မတို့ ဘယ်သူ့ကို အားကိုးရပါ့မလဲ"

မင်းကြီးကား တစ်ချက်ကလေးမျှ စောင်းငဲ့၍လည်း မကြည့်၊ ခြေလှမ်းတို့လည်း စိုးစဉ်းမျှ တုံ့ဆိုင်းမသွားဘဲ ရှေ့သို့ လျှောက်မြဲသာ လျှောက်ခဲ့လေသည်၊ မိဖုရားငယ်တို့သည်လည်း ရင်ဘတ်စည်တီး ငိုယိုမြည်တမ်းလျက် နောက်မှ အစဉ်တစိုက် လိုက်ပါခဲ့ကြ၏။

အရှေ့စမုခ်ဝတံခါးနှင့် တည့်တည့်လမ်းမကြီးမှာ လူအများသွားလာ စည်ကားနေချိန်ဖြစ်သဖြင့် ချက်ချင်းပင် လူအုပ်ကြီး ဝိုင်းအုံလာ၏။

မှူးမတ်များ၊ ကုန်သည်များ၊ မင်းမှုထမ်းများ၊ သာမန်ပြည်သူပြည်သားများဖြင့် တစ်စတစ်စ များပြားလာကာ ငိုကြွေးမြည်တမ်းမှုသည် တစ်ယောက်မှတစ်ယောက် ကူးစက်သွားလေသည်။

"ငါတို့ဘုရင်မင်းမြတ် ရဟန်းပြုသွားပြီတဲ့"

"ငါတို့ အားကိုးရာမဲ့ပြီ"

လူအုပ်ကြီးသည် တဖြည်းဖြည်း များလာ၏၊ ကူးစက်လောင်ကျွမ်းတတ်သော တောမီးနှယ် ပရိဒေဝတို့သည် တစ်ဆင့်တစ်ဆင့် လောင်မြိုက်သွား၏။

နေကွမ္ဗဝိဘက်ဖြင့် အထွတ်တပ်၍ စိတ်ပိုင်းဖြတ်အပ်ပြီးသော မင်းကြီးကား ဝဲယာဝန်းကျင် နောက်ပါးမှ လူတွေ၊ အသံတွေကို မသိယောင်၊ မမြင်ယောင်၊ မကြားယောင်ဖြင့် မတွန့်မဆုတ် ခြေလှမ်းများကိုသာ ရှေ့သို့ ရှေးရှုရွေ့လျားနေဆဲ။

သီဝလိဒေဝီမိဖုရားကြီးကား သက်တော် ရွယ်တော်လည်း ကြီးရင့်ပြီဖြစ်၍ သတိဖြင့်ထိန်းချုပ်ကာ ဟန်မပျက်ပင် လိုက်ပါလာ၏။ မိဖုရားငယ်များအား မင်းကြီးကို ဖြားယောင်းဆွဲဆောင်ကြရန် အမိန့်ပေးထားသော်လည်း ကိုယ်တိုင်မူ ပရိဒေဝကို ဖုံးဖိလာခဲ့၏။

နန်းတော်သို့ ပြန်ပါရန်ကိုသာ အသာအယာ တောင်းပန်စကား ဆို၏။ မင်းကြီးကမူ စကားတုံ့ဆိုခြင်း လုံးဝမရှိ။ မိမိ အရှင်သခင်၏ တင်းမာပြတ်သားမှုကို ကောင်းစွာ သိလိုက်သော မိဖုရားကြီးလည်း နောက်ထပ် လိုက်ပါ တောင်းပန်ခြင်း မပြုတော့ဘဲ စစ်သေနာပတိကို ခေါ်ယူလိုက်လေသည်။





"စစ်မျှူးမင်း....ငါတို့သခင်ကို ဒီလိုနည်းနဲ့ တောင်းပန်တားဆီးလို့ကတော့ မရတော့ဘူး၊ ဒီတော့ ငါ မှာတဲ့အတိုင်း အတိအကျ လုပ်ရမယ် ကြားလား၊ သင် လုပ်ရမှာက...."

■ ■ ■

မင်းကြီး သွားနေသောလမ်းသည် အိမ်ဟောင်း၊ ဇရပ်ဟောင်းများ အနီးသို့ ရောက်လာ၏။ ထိုအိမ်ဟောင်း၊ ဇရပ်ဟောင်းများရှေ့မှ မင်းကြီးအဖြတ်တွင် မီးတောက်မီးလျှံကြီးများ ဝုန်းခနဲ ပေါ်လာကြ၏၊ မီးခိုးလုံးကြီးများလည်း တလိပ်လိပ် အူထွက်လာသည်။ မိဖုရားကြီးအမိန့်အတိုင်း စစ်သေနာပတိသည် ထိုနေရာသို့ ကြိုသွားနှင့်ကာ အိမ်ဟောင်း၊ ဇရပ်ဟောင်းများကို မီးတိုက်လိုက်ခြင်း ဖြစ်သည်၊ အခိုးအလျှံတွေ အလိပ်အလိပ်ထ,အောင်လည်း မြက်၊ကောက်ရိုး၊ သက်ငယ်များကို ရေဆွတ်၍ မီးပုံထဲပစ်ထည့်ခဲ့သည်။

မီးခိုးများအူတက်နေကာ မီးလျှံမီးတောက်ကြီးတွေ တဝုန်းဝုန်း တောက်လောင်နေသည့် လမ်းတစ်လျှောက်တွင် မိဖုရားကြီးသည် မင်းကြီးထံ အမီလိုက်လေသည်။ ရဟန်းအသွင်ယူထားသော မင်းကြီးနှင့် နောက်မှ လိုက်ပါလာနေသော မိဖုရားကြီးတို့၏ အသွင်သည် မီးခိုးလုံးကြီးများကြားတွင် တရိပ်ရိပ်၊

မင်းကြီးကို မီလာသောအခါ မိဖုရားကြီးသည် ဘေးအကာမှပန်းတက်ကာ ရှေ့တူရူ ခြေရင်း၌ ဆံပင်တွေကြဲဖြန့်ပြီး လက်အုပ်ချီ တုပ်ဝပ်လိုက်၏။

"ကြည့်တော်မူပါဦး ကိုယ်တော် .... ကိုယ်တော် အခု မြို့ပြင်မရောက်ခင်မှာပဲ ကြောက်စရာအဖြစ်တွေ ပေါ်ပေါက်လာပါပြီ၊ လူတွေဟာ မင်းရေး မင်းဝတ်ကို မခန့်မညား မလေးမစား လုပ်ကုန်ကြပြီကော၊ မြောက်တံခါးမှာ မီးဆွဲခဲ့ပြီ၊ ရှုတော်မူပါဦး ကိုယ်တော်၊ ဒီမီးကို ကိုယ်တော့်အမိန့်နဲ့ ငြိမ်းသတ်ပါမှ တော်ရုံကျပါမယ်၊ ဒါမှမဟုတ်ရင် ရွှေတိုက်၊ ငွေတိုက်၊ ရတနာတိုက်၊ တန်ဆာတိုက်၊ ကြေးတိုက်တွေဆီ အားလုံး မီးကူးစက်လောင်ကျွမ်းပါတော့မယ်"





တိုးဝင်လာသော မီးခိုးလုံးကြီးတစ်ခုက မင်းကြီးနှင့် မိဖုရားကြီးတို့ကို တွန်းတိုက်ဖြတ်ကျော်သွား၏၊ မိဖုရားကြီးက တတွတ်တွတ် ပြောလျက်ပင်။

"ကိုယ်တော့်ရှေ့မှောက်မှာ ဒီမီးကြောင့် အပျက်အစီး ခံတော့မှာလား ဟင်၊ အမိန့်တော်နဲ့ မီးကို သတ်ပြီးမှ ရဟန်းပြုချင်ပြုပါ၊ အခုနေမှာ လျစ်လျူရှုပြီး ထွက်သွားရင် မဟာဇနကမင်းကြီးဟာ ကိုယ့်ရှေ့မှာ လောင်နေတဲ့ မီးကိုတောင် သတ်မသွားဘူး၊ ရဟန်းပြုမယ့်လူဟာ မီး မ သတ် ကောင်း ဘူး လို့ များ ယူဆသလား မသိဘူးလို့ ကြားရသူတိုင်းက အပြစ်တင်ကြတော့မယ်၊ အရှင်မင်းကြီး....မီးကိုငြိမ်းစေပြီးမှ ရဟန်းပြုလိုက ပြုပါ၊ အခု နန်းတော်ကို ပြန်ဝင်ကြွတော်မူပါဦး"

သီဝလိဒေဝီသည် ရှေ့မှ ပိတ်ဆီး၍ ဆံပင်ကိုဖြန့်ကြဲကာ ဒူးတုပ် လက်အုပ်ချီလျက် သွားလမ်းကို တားမြစ်နေချေပြီ၊ စကားတုံ့မဆို၍ မဖြစ်တော့။

မင်းကြီးသည် မိဖုရားကြီးကိုမကြည့်ဘဲ မီးခိုးများကို ထွင်းဖောက်ကာ တူရူသို့ကြည့်လျက် မိန့်တော်မူလိုက်၏။

"သီဝလိဒေဝီ....ဝတ္ထုကာမ၊ ကိလေသာကာမကို မှီပြီး တပ်မက်ခြင်းစတဲ့ ကိလေသာ ကြောင့်ကြခြင်း ငါ့မှာ မရှိ၊ ကိလေသာငြိမ်းစင်တဲ့ ငါ့စိတ်ဟာ အလွန် ချမ်းသာစွာ ရှိတယ်၊ ဒါကြောင့် အခု လောင်နေတဲ့ မီးဟာ မြောက်တံခါးတစ်ဝိုက်သာ မကဘူး၊ ငါ့ ထီးနန်းစည်းစိမ်နဲ့တကွ တစ်ပြည်လုံးကိုပဲ လောင်စေဦး တော့ ငါ့စည်းစိမ်ကို လောင်တယ်လို့ စိုးစဉ်းမျှ ငါ မမြင်ဘူး"

မင်းကြီးသည် ပြတ်သားစွာဆိုလျက် မြောက်တံခါးဖြင့် ထွက်လေသည်။

မြို့ပြင်ရောက်သွားလေပြီ။ နောက်မှ တကောက်ကောက် လိုက်ပါငိုကြွေးသူများ၊ မြည်တမ်းသူများမှာလည်း အစဉ် အတန်းမပျက်သွားကြ၏။ သီဝလိဒေဝီသည် မီးတောက်များ ကို ငေးကြည့်ရင်း မီးခိုးနံ့များ ပြည့်ကျပ်နေသော လေကို အမှတ်တမဲ့ တစ်ချက်ရှူလိုက်မိ၏။

■ ■ ■





ထို့နောက် မိဖုရားကြီး၏ မျက်နှာသွင်မှာ ပိုမိုတည်ကြည် သွားပြီး စစ်သူကြီးနှင့် အမတ်ကြီးကို ချက်ချင်းရောက်လာကြ ရန် ဆင့်ခေါ်လိုက်လေသည်။

■ ■ ■

အုန်းအုန်းကျွက်ကျွက် အသံများပေါ်လာ၏။

"ဖမ်းကြ သတ်ကြဟ၊ လက်ဦးသူ အနိုင်ယူစတမ်း ဟေ့"

"အကုန် ဖျက်ဆီးပစ်၊ လုလို့ ယက်လို့ ကျန်တဲ့ဟာ တွေကိုလဲ ချမ်းသာမပေးနဲ့ ဖျက်ပစ်"

"မဟာဇနကမင်းကြီး မရှိတော့ဘူး၊ ငါ့လူတို့.... ငါတို့ ထင်တိုင်းကြဲလို့ရပြီဟေ့၊ သတ်လဟ၊ ထိုးလဟ"

မြို့ မြောက် အရပ်ဝန်းကျင်၌ တစ်ခဲနက် ပေါ်လာသော အသံများ။

မရှေးမနှောင်းမှာပင် မင်းကြီး လျှောက်လာခဲ့ရာ လမ်းတစ်ဖက်တစ်ချက်၌ သွေးသံရဲရဲနှင့် လူများက ကစဉ့်ကလျားပြေးလာကြသည်။ အချို့က သွေးစက်လက်ဖြင့်၊ မင်းကြီးရှေ့မှ ဖြတ်ပြေးရင်း မလှမ်းမကမ်းတွင် ဘုံးခနဲ ပစ်လဲသွားကြ၏။ မြင်ကွင်းကား အနိဋ္ဌာရုံအတိ။ သတ္တန္တရ ကပ်ဘေးတစ်ခု၏ ပြယုဂ်။

ဓားတန်းလန်း၊ လှံတန်းလန်း စူးဝင်နေသော လူအချို့မှာ လမ်းဘေး ဝဲ,ယာတွင်သာမက သစ်ပင် ခွကြားများ၌လည်း တိုးလိုးတန်းလန်းဖြင့် မြင်မကောင်း။

မိဖုရားကြီးသည် မင်းကြီး၏ အနီး ခြေရင်း၌ တုပ်ဝပ်ပြန်လေသည်။

ထို့နောက် သွေးသံရဲရဲရှိနေကြသူများ ရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ စစ်သူကြီးနှင့် အမတ်ကြီးတို့သည် မိမိအမိန့်အတိုင်း တစ်သဝေ မတိမ်း ပြုလုပ် ထားကြလေသည်။ ချိပ်ရည်တို့ သွန်းလောင်းထားသည်မှာလည်း တကယ့် သွေးများအတိုင်း ရဲရဲနီနေကြသည်။ ဓားစိုက်ဝင်နေဟန်၊ လှံ,မြား စူးဟန် သရုပ်ဆောင်သူများ၊ လူသေကောင်နှယ် မလှုပ်မယှက် မရှိဖရဲ လဲကျနေသူများလည်း တကယ့် လူသတ်ကွင်း၊ စစ်တလင်းပမာ။

"အရှင် ကြည့်တော်မူပါဦး၊ တောအုပ်ထဲက တောပုန်းတွေ၊ ခိုးသားဓားပြတွေ ထကြွကုန်ကြပြီ၊ ကိုယ်တော် ထင်ရှား ရှိနေလျက်ပါနဲ့ မိထိလာကို ဖျက်ဆီးနေကြပြီ၊ သူပုန် ရန်မီးကို ကိုယ်တော်တိုင် မျက်ဝါး ထင်ထင် မြင်နေပါလျက်နဲ့ မနှိမ်နင်းဘဲ ထွက်သွားတော်မမူပါနဲ့ မောင်တော်အရှင်၊ သတ္တန္တရ ကပ်ဘေးဆိုးကြီး မကျရောက်ခင်မှာ ဒီ ရန်မီးတွေကို ကိုယ်တော် နှိမ်နင်းပေးပါ၊ ပြီးမှ ရဟန်းပြုတော်မူပါ၊ အခု နန်းတော်ကို ပြန်ကြွခဲ့ပါဦး ကိုယ်တော်... ကိုယ်တော် သခင်ကြီးရဲ့"

မိမိ ထင်ရှား ရှိနေပါလျက် ဤသို့ အနိဋ္ဌာရုံ မြင်ကွင်း ဖြစ်ပေါ်လာရခြင်းမှာ မိဖုရားကြီး၏ ဥပါယ်တံမျဉ်သာ ဖြစ်မည်ဟု မင်းကြီး တပ်အပ်သိလိုက်၏။ သီဝလီဒေဝီနှင့်တကွ မိဖုရားငယ်များ၊ ပရိသတ်များ နောက်ထပ် ဆိုစရာ စကား မရှိအောင် ပြတ်သားရတော့မည်ဟု မင်းကြီး ဆုံးဖြတ်လိုက်လေသည်။

"သီဝလီဒေဝီ...ကိုလေသာဆိုတဲ့ ကြောင့်ကြခြင်း ရှိသူမှာသာ လုယက်ဖျက်ဆီးခြင်း ရန်မီးဟာ ဖြစ်ပေါ်တယ်၊ ကြောင့်ကြခြင်းကင်းတဲ့ ငါ့မှာ ရန်မီး မရှိဘူး၊ မိထိလာပြည်အလုံး ရန်သူဖျက်လို့ ဆုံးသည် ဆိုစေ၊ မက်မောခြင်းကင်းပြီး ချမ်းသာစွာ အသက်မွေးခြင်း ရှိတဲ့ ငါက ဘာလုပ်စရာလိုသလဲ၊ အလုံးစုံသော ပြည့်စည်းစိမ်ကို ထွေးစွန့်ပြီး တံတွေးလိုဖဲ ငါ တွယ်ငြိ

ခြင်း အလျဉ်းကင်းတယ်၊ အာဘဿရဘုံက ဗြဟ္မာတွေလို ပီတိသာ အစာပြု၊ ဈာန်ရဲ့ မွေ့လျော်ခြင်းနဲ့ မွေ့လျော်ပြီး အချိန် ကာလတွေကို ဧကုန်လွန်ဖြတ်သန်းတော့မယ်''

စကားဆုံးသည်နှင့် မင်းကြီး၏ ခြေလှမ်းများ ဆက်လက်ရွေ့လျားသွားကြ၏။ မိဖုရားကြီး ခေါင်းငိုက်စိုက် ကျသွားလေသည်။

■ ■ ■

မိထိလာ နေပြည်တော်မှသည် ဥသဘ လေးဆယ်(ကိုက် ၃၀၀၀ နီးပါး) ဝေးကွာခဲ့လေပြီ။ မတွန့် မဆုတ်သော ခြေလှမ်းများဖြင့် မြောက်အရပ်ဆီသို့သာ တူရူပြုလျက် သွားနေသော မင်းကြီးနှင့် နောက်ပါး မလှမ်းမကမ်းမှ တစိုက်စိုက် လိုက်ပါနေကြသော သီဝလိဒေဝီ အမှူးပြုသည့် ဗိုလ်ခြေပရိသတ်တို့သည် ရှေ့စဉ် နောက်ဆက် လှုပ်ရှားနေကြ၏။





မည်သည့် အကွာအဝေးအထိ၊ မည်သည့် အချိန်ကာလအထိ ဤသို့ ရှေ့မှသွားသူကသွား၊ နောက်မှ လိုက်သူတွေကလိုက် ဖြစ်နေကြမည်နည်း။

ခင်တန်းတောစပ်များ တစ်ဖတ်တစ်ချက်ရှိနေသော မြေဖုန်ဖုန်လမ်းဆုံတစ်နေရာ အရောက်တွင် မင်းကြီးသည် ခြေလှမ်းများကို တုန့်ရပ်လိုက်၏။ ထိုအခါ သီဝလိဒေဝီနှင့် ပရိသတ်ထုကြီးလည်း ရောက်သည့်နေရာ၌ အလိုလိုပင် ရပ်သွားကြလေသည်။

မင်းကြီးသည် တည့်ရပ်ထားသော ခြေအစုံဖြင့် တကွတစ်ကိုယ်လုံးကို လှည့်၍ နောက်သို့ လှည့်ကြည့်လိုက်၏။ သီဝလိဒေဝီမိဖုရားကြီးနှင့် မိထိလာ ပြည်သားများကို တစ်ချက်ဝေ့ကြည့်လိုက်သော မင်းကြီး၏ မျက်လုံးများသည် မြဲမြံသော ဆုံးဖြတ်ချက် အရောင်အဝါများဖြင့် စူးရှနေလေသည်။

အကယ်လည်း မင်းကြီး ဆုံးဖြတ်ထားပေပြီ။

''နောက်က လိုက်နေ့သူတွေကို မတားမမြစ်ဘဲ သည်အတိုင်းသာ ရှေ့မှ လျှောက်နေပါက သူတို့သည် ဟိမဝန္တာအထိ လိုက်ကြမည့်သူများဖြစ်သည်၊ ရဟန်းပြုခြင်း၏ အန္တရာယ်ကို သူတို့ ပြုကြတော့မည်။ ထို့ကြောင့်....''

မင်းကြီးသည် ပြတ်သားစွာ မေးလိုက်၏။

''အမတ်တို့ မိထိလာပြည်ဟာ ဘယ်သူ့ပြည်လဲ''

မျှးမတ် ဗိုလ်ခြေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ထို့နောက် တညီတည်းပင် ပြေမိလျက်သား ဖြစ်သွားကြသည်။

"မိထိလာပြည်ဟာ အရှင်မင်းကြီး၏ပြည်ပါဘုရား"

ဖြေသံများသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြ၏။ မင်းကြီး၏အမေးစကားမှာ စိတ်ပြန်လည်လာခြင်း၏အဓိပ္ပာယ် ဟု တွေးမိသောကြောင့်ပင်။

မင်းကြီးက ထပ်မေးပြန်သည်။

"ကျွန်ုပ်ဟာ မိထိလာကို အစိုးရမြဲပဲလား"

"ဟုတ်ပါတယ် အရှင်မင်းကြီး၊ မိထိလာကို အစိုး ရမြဲ၊ အုပ်ချုပ်ဆဲပါ၊ အရှင့်အာဏာတော်တည်ဆဲပါ"

"ကောင်းပြီ၊ သင်တို့လျှောက်တဲ့စကားအတိုင်း —"

မင်းကြီး၏ လေသံသည် ပို၍ ပြတ်သား စူးရဲသွား၏။

"ကျွန်ုပ် အစိုးရတဲ့ပြည် မှန်ရင် ကျွန်ုပ်ရဲ့ ရာဇ အာဏာ တည်ဆဲဆိုရင် ဒီနေရာက စပြီး ဘယ်သူမှ ရှေ့ဆက်မလိုက်ရဘူး၊ ဒါဟာ ကျွန်ုပ်ရဲ့ အမိန့်တော်ပဲ"

ပြောပြော ဆိုဆို ပင် မင်းကြီးသည် စွဲကိုင်ထားသော တောင်ဝှေးကို ထောက်မှီထားရာမှ လှံတံကိုင်သလို ကိုင်လိုက် ကာ မြေပေါ်၌ ကန့်လန့်ဖြတ်မျဉ်းကြောင်း ဆွဲခြစ်လိုက်လေ သည်။ မြေအဖုန်ဖုန်လမ်းတွင်ကန့်လန့်ဖီလာအရေးအကြောင်း သည် ထင်ရှားစွာ ပေါ်လာ၏။





"ကျွန်ုပ် သားထားတဲ့ ဟောဒီ ဖီလာမျဉ်းရေးကို ကျော်နင်း ဖြတ်သန်း ဖျက်ဆီးသူမှန်သမျှ ရာဇဒဏ် သင့်စေ"

တောင်ဝှေးကို ပြန်သိမ်းကာ မင်းကြီးသည် ပရိသတ်ကို ကျောခိုင်းလိုက်၏။ ထို့နောက် မြောက်စူးစူးသို့ ဆက်လက် ကြွချီသွားလေသည်။

■ ■ ■

မြေဖုန်ဖုန် လမ်းမငယ်လေးပေါ်မှာ တောင်ဝှေးဖြင့် ဆွဲ ခြစ်သွားသော မျဉ်း အရေး အကြောင်း တစ်ခုမျှသာ ဖြစ်၏။ သို့သော် ထိုမျဉ်း အရေးအကြောင်း၌ ရာဇအာဏာ တည်နေ သည်။ တစ်ချက်လွှတ် အမိန့်တော်ကို ကိုယ်စားပြုနေသည်။

ဤ အရေး အကြောင်းကို ကျော်ဖြတ်သည့် တစ်ခဏချင်း မှာပင် မီးဟုန်းဟုန်း တောက်တော့မည့်အလား မျှးမတ် ဗိုလ်ပါ ပရိသတ်တို့သည် နောက်သို့ ရှဲခနဲ ဆုတ်သွားကြ၏။ အံ့သြတုန်လှုပ်သော မျက်လုံးများဖြင့် မျဉ်းအရေးအကြောင်း

ကို ကြည့်နေမိကြ၏။ ထိုမှသည် မြောက်ဘက်ဆီတွင် တဖြည်းဖြည်း ဝေးကွာသွားသော မင်းကြီးကို လှမ်းမျှော်ငေးကြည့်မိကြပြန်၏။

ညည်းညူ ရေရွတ် မြည်တမ်းသံများ၊ ငိုရှိုက်သံများ ဗလုံးဗထွေး ပေါ်လာကြပြန်သည်။ မည်သူတစ်ဦးတစ်ယောက်မျှတော့ မျဉ်းကြောင်းအနီးသို့ မသီဝံ့ကြ။ သို့သော်....။

ထိုအခိုက်အတန့်မှာပင် မမျှော်လင့်သော ခြင်းရာတစ်ရပ် ပေါ်ပေါက်လာလေသည်။ မျဉ်းကြောင်းကို ဦးခိုက်လျက် ငိုကြွေး မြည်တမ်းသူများ ရှေ့သို့ တစ်ယောက်သောသူသည် ထိုးထွက်လာ၏။ ထိုသူကား သီဝလိဒေဝီ မိဖုရားကြီးပင် ဖြစ်သည်။ မိဖုရားကြီးသည် ဆို့ဆို့နင့်နင့် ငိုကြွေးရင်းဖြင့် မျဉ်းကြောင်းအနီးသို့ ရောက်ရှိလာခြင်းဖြစ်၏။

သံကျုံး ရင်တား၊ သံတံတားနှင့် သံမြို့ကြီးခြားလိုက်သည့်နှယ် ဖီလာကန့်လန့်ပေါ်နေသော မြေပေါ်မှ မျဉ်းကြောင်းကို ကြည့်ရင်း မိဖုရားကြီးသည် ဆောက်တည်ရာ မရနိုင်တော့ဘဲ လူးလှိမ့် ငိုကြွေးမိတော့၏။ မျဉ်းသားကြောင်းကို ဦးခိုက်လျက် မြေ၌ လူးလဲ ငိုကြွေးရင်းဖြင့်ပင် မိဖုရားကြီးသည် မိမိကိုယ်မိမိ သတိမထားနိုင်ဘဲ မျဉ်းသားကြောင်း ပေါ်သို့ ရောက်ရှိသွား၏။

ရာဇဒဏ်ထားခဲ့သော အတားအဆီးမှာ မထင်မှတ်ဘဲ ပျက်ပြယ်သွားလေပြီ၊ မျဉ်းသားကြောင်း ပျက်ပြယ်ခြင်းနှင့်





အတူ မင်းကြီး၏ အမိန့်တော်လည်း မိဖုရားကြီး တမင်ကျူးကျော်သည် မဟုတ်ပါဘဲ ပျက်ပြယ်သွားခဲ့လေပြီ။

ရင်ဘတ်စည်တီး လူးလဲ ငိုကြွေးရာမှ မိဖုရားကြီးသည် မိမိ အားမထုတ်ပါဘဲလျက် မျဉ်းသားကြောင်း ပေါက်ပျက်သွားပြီကို သိလိုက်၏။ မိမိကိုယ်တိုင်ပင် မျဉ်းသားကြောင်းကို ကျော်လွန် ရောက်ရှိသွားခဲ့ပြီ။ မိဖုရားကြီးသည် အငိုရပ်ပြီးလျှင် မင်းကြီး ထွက်ခွာသွားရာ မြောက်အရပ်သို့ မဆုတ်မဆိုင်း လိုက်သွားလေသည်။

မှူးမတ်ဗိုလ်ပါပရိသတ်တို့လည်း အုန်းအုန်း ထသွား၏။

"ရာဇဒဏ်ထားခဲ့တဲ့ မျဉ်းသားကြောင်း ပျက်သွားပြီ၊ ဘယ်သူမှ ဖျက်တာမဟုတ်၊ ကာယကံရှင်ကိုယ်တိုင် ဖျက်လို့ ပျက်သွားတာ"

"မျဉ်းသားကြောင်း ပျက်ပြယ်သွားပြီတဲ့ဟေ့"

"ရာဇဒဏ် မရှိတော့ဘူး၊ အမိန့်တော် ပြယ်သွားပြီ"

ငိုကြွေးထားကြသဖြင့် နီရဲနေသော မျက်လုံး အစုံများမှာ မျှော်လင့်ခြင်းများဖြင့် မျက်ရည်စများ ခြောက်သွေ့သွားကြပြန်သည်။

"သခင်မကြီး ဆက်လိုက် သွားပြီ၊ တို့များလဲ လိုက်ကြစို့"

မြေဖုန်ဖုန် လမ်းမငယ်ပေါ်ရှိ ပျက်ပြယ်သွားပြီ ဖြစ်သော မျဉ်းအရေးအကြောင်း နေရာတွင် ခြေအစုံတို့ နင်းဖြတ်သွားကြလေသည်။

■ ■ ■

ဟိမဝန္တာ သဘာဝ တောတောင်တို့၏ ငြိမ်းချမ်းခြင်းသည် သူတော်စင်တို့၏ အငြိမ်းဓာတ်တို့ကြောင့် ပို၍ သိပ်သည်း နက်ရှိုင်းနေ၏။

နတ်မျက်စိကဲ့သို့ မြင်နိုင်စွမ်းတည်းဟူသော ဒိဗ္ဗစက္ခု၊ နတ်နားကဲ့သို့ ကြားနိုင်ခြင်းတည်း ဟူသော ဒိဗ္ဗသောတ၊ တစ်ပါးသူ၏ စိတ်အကြံကိုသိနိုင်ခြင်းတည်းဟူသော ပရစိတ္တဝိဇာနန၊ အထူးထူးအပြားပြားသော သဏ္ဌာန်တို့ကို ဖန်ဆင်းနိုင်ခြင်းတည်းဟူသော ဣဒ္ဓိဝိဓ၊ ရှေး၌ မိမိ မြင်ခဲ့ဖူးသည်ကို သိမြင်နိုင်ခြင်းတည်း ဟူသော ပုဗ္ဗေနိဝါသာနုဿတိ — ပဉ္စမ ဈာန်နှင့်တကွဖြစ်သော ဤ ပညာ အသိဉာဏ်ငါးပါးတို့နှင့်





တကွ ဈာန်သမာပတ်ချမ်းသာတို့ကို ခံစားကာ စူးနစ်သော အကျင့်၌ စွဲမြဲကျင့်ကြံ အားထုတ်ကြကုန်သော ရသေ့ ရဟန်း သူတော်စင်များ မွေ့လျော် ခိုမှီးရာ ဟိမဝန္တာ။

ဟိမဝန္တာ၌ သီတင်းသုံးကြသော ရသေ့များအနက်မှ တစ်ပါးဖြစ်သော နာရဒရှင်ရသေ့သည် ခုနစ်ရက်မျှ ဈာန်သမာပတ်၌ ဝင်စားခဲ့ရာမှ ဈာန်သမာပတ်မှထခဲ့၏။

ထို့နောက် မိမိ၏ ဈာန်ချမ်းသာကို နှစ်သက်ဝမ်းမြောက်စွာ ဥဒါန်းကျူးလျက် ဤဇမ္ဗူဒိပ်၌ မိမိကဲ့သို့ အလားတူ ဈာန်သမာပတ်ချမ်းသာကို ရရှိခံစားရန် ရှာဖွေသောသူ ရှိလိမ့်အံ့လောဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုဆင်ခြင်လိုက်လေသည်။

နာရဒရှင်ရသေ့၏ ဒိဗ္ဗစက္ခုဉာဏ်အဝန်းထဲတွင် ထင်ရှားပေါ်လာသည်ကား ဟိမဝန္တာသို့ အစဉ်တစိုက် ဝင်လာနေသော မဟာဇနကမင်းကြီးနှင့် မလှမ်းမကမ်းမှနေ၍ အစဉ်အတိုင်း တကောက်ကောက် လိုက်ပါနေကြသော သီဝလိဒေဝီ မိဖုရားကြီးနှင့် မိထိလာ မှူးမတ်ဗိုလ်ပါ ပရိသတ် တို့ပင် ဖြစ်လေသည်။

နာရဒရှင်ရသေ့ ဆင်ခြင်လိုက်၏။

“မဟာဇနကဟာ သူ့မိဖုရားနှင့် တကွသော ပရိသတ်ကို နောက်ကြောင်း ပြန်လှည့်သွားစေဖို့ မတတ်နိုင်ပါဘကား၊ ဒီအတိုင်းသာဆိုရင် သူ့ရဲ့

ရဟန်းပြုခြင်းဟာ အန္တရာယ်ရှိနေပြီ၊ သူဟာ မဟာဂုတ် ဈာန်တရားနဲ့ နီဝရဏတရားတွေကို ခါထွက် ပယ်ရှားနိုင်သေးသူ မဟုတ်ဘူး၊ ဝိက္ခမ္ဘနပဈာန်ကို မရသေးသူ ဖြစ်ပေတယ်၊ ပရိသတ်ရဲ့ ဖြားယောင်းခြင်းညွှတ်ကွင်းကနေ တစ်ဒင်္ဂပဈာန် တည်း သော ငယ်နုလှတဲ့ အတောင်အားဖြင့် လွတ်မြောက်အောင် ရုန်းပျံ မထွက်နိုင်သေးဘူး၊ မဟာဇနကကို တစ်ပါးသူ မဖြိုဖျက်နိုင်အောင်၊ မြဲမြံခိုင်ခန့်အောင် ငါ အဆုံးအမ ပေးလေမှ တော်မယ်”

ဣဒ္ဓိဝိဓအဘိညာဏ် တန်ခိုးဖြင့် ကောင်းကင်ခရီးမှ လာခဲ့သော နာရဒ ရှင်ရသေ့သည် မင်းကြီး လာရာ လမ်းရှေ့ ထက် ကောင်းကင်အမြင့်ဆီမှာပင် ရပ်တည်လိုက်လေသည်။

ထို့နောက် နာရဒရသေ့သည် စတင် မေးမြန်းလိုက်၏။

“ရှင်ရဟန်း ဘယ်လိုလဲ၊ တစ်ပါးသော ရဟန်းတွေလို မဟုတ်ပါလား၊ သင့်မှာ အသံတွေများလှပါကလား၊ ဝတ်ကောင်းတန်ဆာတွေ ဆင်မြန်းထားတဲ့ လုလင်ပျို လုံမပျိုတွေ၊ မျိုးထူးကြတဲ့ ရွာကြီး မြို့ကြီးတွေလို အုန်းအုန်းကျွက်ကျွက် အသံတွေနဲ့ မြေပြင် ထိန့်ထိန့် သိမ့်သိမ့် ဖြစ်နေပါကလား၊ ဘာကြောင့် ဒီလို ဖြစ်ရတာလဲ ရဟန်း”

မဟာဇနက မင်းကြီးသည် ရွံ့စနိုးဖြင့် လှုပ်ရှားသွား၏။ သို့သော် မဆုတ်မဆိုင်းပင် ဖြေလိုက်လေသည်။





“ရှင်ရသေ့၊ လူ့ဘောင် လောကရဲ့ ကိလေသာ အဆီးအတားကို ဖျက်ဆီး ကျော်လွှား ဖြတ်သန်းပြီး ရဟန်းဘောင်သို့ ကျွန်ုပ် ထွက်လာခဲ့ပါတယ်၊ ပရိသတ် သူ့အလိုနဲ့သူ တကောက်ကောက် လိုက်ပါနေကြခြင်း ဖြစ်ပါတယ်၊ ပြည့်စည်းစိမ်မှာ ငြိတွယ် ငဲ့ကွက်ခြင်း ကျွန်ုပ်မှာ အလျဉ်းမရှိဘူး၊ ရှင်ရသေ့လို ဈာန် သမာပတ်မှာ မွေ့လျော်ဖို့သာ ကျွန်ုပ်ရည်ရွယ်ခဲ့တယ်၊ ကျွန်ုပ်ဟာ ကိလေသာ ကွန်ယက်ကနေ လွတ်မြောက်အောင် ရုန်းထွက်ခဲ့ပြီး ရဟန်းဘောင်သို့ ရောက်ရှိလာသူ ဖြစ်ပါတယ်၊ ဒါကြောင့်လဲ ဟိမဝန္တာကို ထွက်လာခဲ့ခြင်း ဖြစ်တယ်၊ ရှင်ရသေ့....ဒါကို သိလျက် မေးတော်မူသလား၊ မသိရိုးအမှန်ပဲလား၊ မဟာဇနကမင်းတစ်ယောက်ဖြင့် ဝိဒေဟရာဇ်တိုင်းနဲ့ မိထိလာပြည်ကိုစွန့်ပြီး တောထွက်ပြီဆိုတာကို အရှင်တို့ ကြားတော်မူကောင်းပါတယ် ရှင်ရသေ့”

ကောင်းကင်အမြင့်၌ တည့်ရပ်လျက်ပင် နာရဒရှင်ရသေ့ မိန့်ကြားလေသည်။

“ရှင်ရဟန်းတို့....ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဝတ်လိုက်ရုံမျှနဲ့ ကိလေသာအနှောင်အဖွဲ့ကို ဖျက်ဆီးနိုင်ပြီလို့ သင်ထင်သလား....မရသေးဘူး ရှင်ရဟန်း၊ ရဟန်းပြုရုံမျှနဲ့ ကိလေသာကနေ မလွတ်မြောက်သေးဘူး။ ကိလေသာ အမှေးအရစ်တွေဟာ နောက်ကနေ

ထက်ကြပ် ဝန်းရံလိုက်ပါလာတတ်စမြဲပဲ၊ ရန်သူတို့ ဆွဲငင်ရာနောက် ပါမသွားရအောင် တိုင်မှာ ကြိုးနဲ့ ဖွဲ့ချည်ရတယ်၊ တိုင်ဆိုတာက မိမိညွတ်ပြီးတဲ့ ရဟန်း အဖြစ်ကို ဆိုလိုတယ်၊ ကြိုးဆိုတာက အဖန်တလဲလဲ သက်ဝင်ခြင်း၊ နှစ်သက်ခြင်းဆိုတဲ့ စိတ်ကို ဆိုလိုတယ်”

နာရဒရှင်ရသေ့၏ သတိပေးဆုံးမစကားကို မင်းကြီး နှစ်သက်သွား၏။ သို့သော် မိမိ၏ စင်ကြယ်ခြင်း အထုအထည် ကိုလည်း ရှင်ရသေ့ သိစေလိုသဖြင့်....

“ရှင်ရသေ့....ယခုအခါ ကျွန်ုပ်ဟာ လူ့ပြည် ကာမဂုဏ်ကိုလဲ တောင့်တခြင်း မရှိ၊ နတ်ပြည် ကာမ ဂုဏ်ကိုလဲ တောင့်တခြင်း မရှိ၊ တောင့်တခြင်းကင်းတဲ့ ကျွန်ုပ်ကို ဘယ်လို ဘေးအန္တရာယ်က နှိပ်စက်နိုင်မှာ လဲ၊ ကျွန်ုပ်မှာ ဘေးအန္တရာယ် ကျရောက်နေတယ်လို့ ရှင်ရသေ့ မြင်ခဲ့ပါရင် မိန့်တော်မူပါ”

“ရဟန်း....ကာမဂုဏ် အနှောင်အဖွဲ့ကနေ လွတ် မြောက်ပြီး ရဟန်းအဖြစ် ရောက်ပြီဆိုပေမယ့် အဲဒီ ပုဂ္ဂိုလ်ရဲ့ အနီးဝန်းကျင်မှာ ဘေးရန်တွေ မပြတ်ဖြစ် ပေါ်ခြံရံနေတယ်၊ အအိပ်ကြူးခြင်း ပျင်းရိခြင်း၊ ကိုယ်လက်တဆန့်ကျင်ကျင်ရှိခြင်း၊ ရဟန်းတရား၌သာ မွေ့လျော်ခြင်း၊ အစာမှာ အတိုင်းအရှည် မသိဘဲ အစာ၌ ယစ်ခြင်း စတဲ့ ဘေးရန်တွေအပြင် အခြား အခြား ဘေးရန်တွေ များစွာ ရှိသေးတယ်”





မင်းကြီးသည် အနည်းငယ်မျှ တွေဝိုင်သွား၏။ နာရဒ ရှင်ရသေ့က ဆက်လက်မိန့်ကြားသည်၊

“ရဟန်း....သင်ဟာ ကြည်ညိုဖွယ်အဆင်းရှိသူ မှန် ပေတယ်၊ ပြည့်စည်းစိမ်ကိုစွန့်ပြီး ရဟန်းပြုနိုင်သူဆိုပြီး အများသူငါ ကြည်ညိုဖွယ်လဲ ဖြစ်ပေတယ်၊ ဒါတွေကို အကြောင်းပြုပြီးသူ ခပ်သိမ်းသူတို့ဟာ သင့်ကို အလွန် အလွန် ကြည်ညိုကြပြီး မွန်မြတ်သော ခဲဖွယ်ဘောဇဉ် တွေကို လှူကြမယ်၊ ဒါတွေကို သင်က သပိတ်အပြည့် ခံယူပြီး ဝလင်စွာစားပြီး ကျောင်းသခ်မ်းဝင်၊ အင်ပျဉ် အခင်းမှာ ခြေပစ်လက်ပစ်နဲ့ ကြောင့်ကြမဲ့ ဟောက် လိုက်၊ ယောင်လိုက်၊ ဘယ်ပြောင်းညာပြန် အိပ်မယ်၊ နိုးလာတဲ့အခါလဲ မထသေးဘဲ လူးလဲပြီး ခြေပစ် လက်ဆန့်နေပြီးမှ ထ မယ်၊ ဒါပေမယ့် အရသာယစ် ပြီး ပျင်းရိနေတဲ့အတွက် ကျောင်းသခ်မ်း သန့်ရှင်းဖို့၊ ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ မစဉ်းစားမလုပ်ကိုင်ဘဲ အိပ်ရာမှာပဲ တစ်အိပ်တည်း အိပ်မယ်၊ ရဟန်း.... ဒါ ဟာ အသေးငယ်ဆုံးလို့ ဆိုကောင်းဆိုနိုင်တဲ့ ကိုယ့်မှာ ရှိနေတဲ့ ဘေးရန်မျှသာ ရှိသေးတယ်၊ ကိုယ်၌ပင် ဖြစ်ပေါ်မယ့် အခြားဘေးရန်တွေ များစွာ ရှိသေး တယ်၊ ကာမဂုဏ်ကို စွန့်ပစ်ရုံမျှနဲ့ ရဟန်းတို့မှာ ဘေး ရန် ကုန်တာ မဟုတ်ဘူး၊ ငါဖြင့် ကာမဂုဏ်ကိုစွန့်ပြီး ရဟန်းပြုခဲ့ပြီဆိုပြီး လုံ့လကို လျော့ချလိုက်မယ် ဆို

ရင်ပဲ ဆိုခဲ့ပြီးတဲ့ ဘေးရန်တွေက သင့်ကို နှိပ်စက်ကြလိမ့်မယ်၊ ကာမဝိဘက်တွေသာ များလာပြီး နောက်ဆုံး ရဟန်းတရား၌ မမွေ့လျော်ခြင်းဆိုတဲ့အဖြစ် ပြန်ဆိုက်လိမ့်မယ်”

မိမိ တစ်ကိုယ်တည်းရှိစဉ်မှာပင် ဖြစ်ပေါ်လာနိုင်သော ဘေးရန်၊ အနီးကပ်ဘေးရန်၊ ကိလေသာ ကာမဝိဘက်။ မင်းကြီးသည် လွန်စွာ နှစ်သက်သွားလေသည်၊

“ရှင်ရသေ့….မြတ်သောတရားစကားနဲ့ ကျွန်ုပ်ကို ဆုံးမပေးတော်မူပါပေတယ်၊ ရှင်ရသေ့ဟာ ကျွန်ုပ်ရဲ့ ဆရာ ဖြစ်သွားပါပြီ၊ အဲဒီ ဆရာရဲ့အမည်ကို ကျွန်ုပ် မသိရတေးပါဘူး”

မိမိသည် အမျိုးအနွယ်အားဖြင့် ကဿပ အမည်နာမ ရှိကြောင်း၊ အမည်အားဖြင့် နာရဒဖြစ်ကြောင်း၊ ဟိမဝန္တာ၌ ချောန်ချမ်းသာဖြင့် နေထိုင်ကြောင်း ပြောကြားပြီးနောက် နာရဒရှင်ရသေ့သည်….

“သင်ဟာ မြတ်သောအကျင့်ကိုအလိုရှိသူ၊ ပညာရှိသူတို့ရဲ့စကားကို နာယူလွယ်သူ၊ နှလုံးသွင်းသူ၊ သူတော်ကောင်းစင်စစ် ဖြစ်တယ်၊ ယခု နှလုံးသွင်းတဲ့အတိုင်း အသက်ထက်ဆုံး ရဟန်းတရားမှာ တည်နိုင်ပါစေ၊ ဗြဟ္မဝိဟာရလေးပါးဖြင့် ချမ်းသာစွာ နေနိုင်ပါစေ၊ ယုတ်ညံ့ထက်မြက်တဲ့မာန်ကို နှိမ့်ချသည်းခံ





နိုင်ပါစေ၊ မာန်တွေကို နှိပ်ကွပ်ဆုံးမပြီး ကုသိုလ်ကမ္မပထဆည့်ယ်ပါ၊ အတိညာဉ် သမာပတ်အတတ်၊ ကသိုဏ်းပရိကံ ကောင်းမြတ်သော အကျင့်တွေနဲ့ မစောင်းမတိမ်း ဖြောင့်မတ်ပြည့်စုံစွာ ပြုကျင့်နိုင်ပါစေ၊ အသက်ထက်ဆုံး ရဟန်းတရား ပွားများအား ထုတ်ပေတော့ ရဟန်း”

ဟု အဆုံးအမနှင့်တကွ ဆုပေးစကားမြွက်ဆို၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားလေသည်။

မင်းကြီးလည်း မြောက်ဘက်သို့ ဆက်လက် ဦးတည်ခဲ့၏။

မင်းကြီးခြေလှမ်းများကား ပို၍ ခိုင်မာ မြဲမြံလာကြလေပြီ။

မိဖုရားကြီးနှင့် ပရိသတ်တို့လည်း နောက်ပါးမှ အားခဲလိုက်ကြဆဲ။

ဟိမဝန္တာကို ညို့ညို့မှိုင်းမှိုင်း မြင်နေရပြီ။

တောရိပ် တောင်ရိပ်တို့၏ ဖမ်းစားမှုက ပို၍ကြီးမားလာ၏။ နှင်းဆွတ်နှံ့သင်းသော လေပြည်က တောအုပ်ကိုဖြတ်သန်းလာကာ အေးမြသော နွေးထွေးမှုဖြင့် ကြိုဆိုနေကြသယောင်။

မင်းကြီး၏ ခြေလှမ်းများသည် ပို၍ သွက်လက် မြန်ဆန်လာ၏။ ကျောခိုင်းထားရာ နောက်ဘက်ဆီမှ အုတ်အုတ်သဲသဲ အသံများကို တစ်ချက်တစ်ချက် ကြားနေရသော်လည်း မင်းကြီးသည် စောင်းငဲ့ကြည့်ဖို့ဝေးစွ၊ တစ်ချက်ကလေးမျှပင် ခြေလှမ်းတုံ့ခြင်း မရှိ။

စိမ်းမြ ဝင်းဖန့် မြက်ခင်းပြင် ဆင်ခြေလျှော တစ်ခုကို ဖြတ်ခဲ့ပြီးနောက် ထင်းရှူးပင်ငယ်များ ပေါက်ရောက်နေသည့် တောင်ကုန်းငယ်လေးတစ်ခုကို ဖြတ်ကျော်ရန် ချိုးကွေ့ လိုက်သည်။

ထိုအချိန်မှာပင် ကောင်းကင်ထက်၌ တည့်ရပ်လာသော ရှင်ရသေ့တစ်ပါးကို ဘွားခနဲ မင်းကြီး တွေ့လိုက်ရပြန်သည်။

သစ်နက်ရေသင်္ကန်းကို ဝတ်ဆင်ထားသော ထို ရှင်ရသေ့ကား ပထမတွေ့ခဲ့ရသော နာရဒ ရှင်ရသေ့ထက် အသက် အနည်းငယ် ပိုကြီးဟန်ရှိ၏။ ကောင်းကင်ထက် တည့်ရပ်နေရာမှ မိမိကို မမှိတ်မသုန်ကြည့်နေသော မျက်လုံးများမှာလည်း စူးရှလှပေသည်။ ဖွေးဖွေးဖြူသော မုတ်ဆိတ်ပါးမြိုင်း ဆံကျစ်တို့ဖြင့် ထိုရသေ့ကြီးသည် မင်းကြီး မမေးရသေးဘဲ မိမိ၏ အမည်နာမကို ပြောပြသည်။

“ကျွန်ုပ် မိဂါဇိန် ရှင်ရသေ့ပဲ၊ ဟိမဝန္တာမှာ သီတင်းသုံးတယ်၊ သင်က ဘယ်သူလဲ”

“ကျွန်ုပ် မိထိလာဘုရင် မဟာဇနကပါ၊ တစ်ချိန်က ပြည့်ရှင်မင်းပါ၊ ယခုအခါ ပြည့်စည်းစိမ် ထီးနန်း အလုံးစုံကို စွန့်ပစ်ပြီး ရဟန်းပြု တောထွက်ခဲ့ပါတယ်”

စင်စစ်မူ **မိဂါဇိန်** ရှင်ရသေ့ကြီးသည် မင်းကြီး၏ အကျိုး အကြောင်းနှင့်တကွ အခြေအနေ အားလုံးကို ဒိဗ္ဗစက္ခု၊ ဒိဗ္ဗ သောတ တန်ခိုးဖြင့် သိပြီးပေပြီ။ နာရဒ ရသေ့ကဲ့သို့ပင်





ခုနစ်ရက်လွန်မြောက်၍ ဈာန်သမာပတ်မှအထတွင် မင်းကြီးကို မြင်သောကြောင့် ရဟန်း၏ အန္တရာယ် မဖြစ်စေခြင်းငှာ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

မိဂါဇိန် ရသေ့ကြီးက အသံဝါကြီးဖြင့်–

“မဟာဇနကမင်း”

ဟု အာလုတ်ပြုလိုက်၏။

မိမိအား ရဟန်းအသွင် မြင်နေရပါလျက် ရှင်ရဟန်း ဟု နာရဒ ရှင်ရသေ့ ခေါ်သလို မခေါ်ဘဲ မဟာဇနကမင်းဟု ခေါ်လိုက်သဖြင့် မင်းကြီး အံ့သြသွား၏။

“များပြားလှတဲ့ စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို သင်စွန့်ပစ်ခဲ့ပြီးမှ ခုလို အဖိုးမထိုက်တဲ့ သင်္ကန်းနဲ့သပိတ် ကိုဝတ်ဆင်ပိုက်လွယ်ပြီး ထွက်လာခဲ့ရတာ ဘာကြောင့် လဲ၊ ဆွေးတော်မျိုးတော်၊ တိုင်းသူပြည်သားများက သင့်ကို မနှစ်သက်ကြတော့လို့ တိုင်းပြည်က နေ နှင်ထုတ်လိုက်ကြလို့လား”

ဤ အမေးစကားအတွက် မင်းကြီးသည် ရသေ့ကြီး အပေါ်၌ စိုးစဉ်းမျှ စိတ်ကွက်ကြောင့်ကြခြင်း မရှိသော်လည်း မိမိ၏ အဖြစ်မှန်ကို ချက်ချင်းဖြေဆိုလိုက်လေသည်။

“ရှင်ရသေ့ကြီး....မိထိလာမှာ ကျွန်ုပ် မင်းပြုခဲ့တဲ့ ကာလနှစ်ရှည်ကြာ တစ်လျှောက်လုံး ကျွန်ုပ် တရားမဲ့ အုပ်စိုးမှု တစ်ခါမှ မရှိခဲ့၊ မဖြစ်ခဲ့ဖူးပါ၊ ဆွေမျိုး

မှူးမတ်ပြည်သူတို့ အားလုံးဟာ တရားသဖြင့် အုပ်ချုပ်တဲ့ ကျွန်ုပ်အပေါ် ဘယ်တုန်းကမှ ဘယ်သူကမျှ တစ်စိုးတစ်စေ့ ပြစ်မှားခြင်း မရှိခဲ့ပါဘူး”

“ဒါဖြင့်ရင် သင် ဘာကြောင့် ဟိမဝန္တာကို ထွက်လာခဲ့သလဲ”

“ရှင်ရသေ့ကြီး....ဝတ္ထု ကာမ ကိလေသာကာမတို့ဟာ ဒီလောက လူ အပေါင်းတို့ကို အမြဲ တစေ ပိုးကောင်လို ကိုက်ခဲ၊ ညွန်ပျောင်းလို ဆွဲနှစ် လိမ်းကျံ ကြီးနှောင်လို ရစ်ဖွဲ့ နေကြပါတယ်၊ မလိမ္မာသော ပုထုဇဉ်တို့သာ လျှင် ဒီ ပိုးကောင် ညွန်ပျောင်း၊ နှောင်ကြိုးတို့ရဲ့ ကိုက်ခဲ၊ ဆွဲနှစ်၊ ဖွဲ့ချည်မှုကို နှစ်သက်စွာ ခံစား မွေ့လျော်ကြတယ်၊ ဒီ ပုထုဇဉ်တွေကို သံသရာဝဋ်ဆင်းရဲ ဘေးရန်များက မပြတ် နှိပ်စက်ကြတယ်၊ ဒီအပြစ်တွေကို မြင်တဲ့အတွက် လွတ်မြောက်ရာ အရပ်ကို ကျွန်ုပ် ဒီအဝတ်တွေဝတ်၊ ဒီ ခွက်ငယ်စွဲလို့ တရားကျင့်ဖို့ ကျွန်ုပ် ရဟန်းပြုခဲ့ခြင်း ဖြစ်ပါတယ်၊ အပြစ်ဒဏ်သင့်ပြီး တိုင်းပြည်က နှင်ထုတ်ခံ ရဟန်းပြုတောထွက်ခြင်း မဟုတ်ပါဘူး”

သစ်နက်ရေဝတ်၊ မိဂါဇိန် ရသေ့ကြီး၏ စူး ရှ သော မျက်လုံး အိမ်များ၌ နှစ် သက် ခြင်း အရောင် အဝါများ တောက်ပသွား၍၊ ရသေ့ကြီးက ဆက်မေးသည်။





“မင်းမြတ်....သင့်စကား ခက်ခဲ နက်နဲလှတယ်၊ ဘယ်ဆရာ့ဆီကရတဲ့ စကားလဲ၊ သင့်ဆရာ ဘယ်သူလဲ၊ သင်ဆိုတဲ့ စကားဟာ သန့်စင်တဲ့ စကားပဲ၊ ဒီ စကားမျိုးကို ဈာန်အဘိညာဉ်နဲ့ ပြည့်စုံတဲ့ ကမ္မဝါဒီရသေ့များ၊ အာသဝက္ခယဝိဇ္ဇာဉာဏ်နဲ့ပြည့်စုံတဲ့ ပစ္စေကဗုဒ္ဓါများကလွဲပြီး မဟောပြနိုင်ဘူး၊ သူတို့ကို အမှီမရဘဲ သင် ပြောလိုက်တဲ့ ကျင့်ဝတ်တွေကို မကျင့်နိုင်ဘူး၊ သင်ပြောတဲ့အတိုင်း ဝဋ်တရားက လွတ်မြောက်နိုင်တယ်ဆိုရင် အကြင်ပုဂ္ဂိုလ်ဟာ သမဏပဲ၊ ဘုရားတို့ရဲ့ အရိုက်အရာဖြစ်တဲ့ စကားကို သင် ဆိုပုံထောက်တော့ သင့် ဆရာဟာ ဘုန်း ကြီး တဲ့ ဘု ရား ဖြစ် ရ မယ် ဟုတ်ရဲ့လား”

မိဂါဇိန်ရသေ့ကြီး၏ အမေးမှာ စင်စစ် အရိုးကို လှီးဖြတ်ခြင်းဖြင့် အနှံအသီးပါ ပါသော စကားမျိုး ဖြစ်လေသည်။ သင့်အလိုအလျောက် ကာမဂုဏ်ကိုရှုံ ရှာပြီး ရဟန်းပြုခဲ့သလားဟု အိုးတန်ဆန်ခပ် အမေးမျိုးကို တိုက်ရိုက်မမေးဘဲ အကျယ် အသေးစိတ်ကို မင်းကြီးနှုတ်မှ ထွက်ပေါ်လာအောင် ကောက်ပင်ရိတ်လှီး စကားမျိုးဖြင့် မေးလိုက်ခြင်းဖြစ်၏။ တစ်နည်းမူ မိမိအနေဖြင့် အဘိညာဉ်တန်ခိုးအရ မင်းကြီးအကြောင်းကို သိပြီး ဖြစ်၏။ အဖြေကိုသိလို၍ မေးခြင်းမဟုတ်၊ မင်းကြီးနှုတ်မှ ထွက်ဖြေခြင်းဖြင့် သဒ္ဓါကို ပို၍ ထင်ရှားစိမ့်သောငှာ မေးလိုက်ခြင်း ဖြစ်ပေလသည်။

မဟာဇနကမင်းကြီးသည် ရသေ့ကြီး၏ မေးခွန်းကို ဆင်ခြင်လိုက်၏။ ပြည့်ရှင်မင်းဘဝတွင် မိမိသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား မပြတ်ဆွမ်းလုပ်ကျွေးပူဇော်ခဲ့သည် မှန်၏။ သို့သော် ပစ္စေကဗုဒ္ဓါတို့ထံမှ အခြားတရားများကို နာယူခဲ့စေကာမူ ရဟန်းပြုခြင်း၏ ဂုဏ်ကျေးဇူးကိုကား ရည်မှတ်၍ မိမိ မလျှောက်ထားခဲ့ဖူး၊ ထို့အတူ ရဟန်းပြုခြင်းနှင့် ပတ်သက်၍ မိမိ၌ ပြင်ပ ဗဟိဒ္ဓပုဂ္ဂိုလ်တစ်ပါးပါး၏ မည်သည့် ဆုံးမတိုက်တွန်းမှုမျိုးမှ မရဖူးခဲ့။ ဤအချက်ကို ရည်စူး၍ မင်းကြီး လျှောက်ထားလိုက်လေသည်။

"ရှင်ရသေ့ကြီး....ရဟန်းပြုခြင်းရဲ့ ဂုဏ်ကျေးဇူး၊ ရဟန်းတို့ရဲ့ ကျင့်ဝတ်တရားများကို ကျွန်ုပ်ဟာ မည်သည့်ဆရာထံကိုမှ မမေးလျှောက်ခဲ့ဖူးပါ၊ ဒါကြောင့် မည်သည့်ဆရာမှလဲ ကျွန်ုပ်ကို ပြည့်နှင့်ဟောကြား နှိုးဆော်ခဲ့ဖူးခြင်း မရှိပါဘူး"

မိဂါဇိန်ရသေ့ကြီး နားစိုက်ထောင်နေ၏။

မင်းကြီးသည် အဖြေစကားကို ထိုသို့ ပဏ္ဏာမဖွင့်ပြီးနောက် ဥယျာဉ်တော်မုခ်ဝမှ သရက်ပင်နှစ်ပင်ကို မြင်ယောင်သွား၏။

"ရှင်ရသေ့ကြီး...တကယ်တော့ ကျွန်ုပ်ရဲ့ ဆရာဟာ သရက်ပင်နှစ်ပင် ဖြစ်ပါတယ်"





ဥယျာဉ်တော်ထွက်ခဲ့ရာမှ သရက်နှစ်ပင်တို့၏ ခြင်းရာကို မြင်တွေ့ခဲ့ပုံကို အကြောင်းပြုလျက် မိမိ တရားသံဝေဂယူခဲ့ပုံ မင်းကြီး အသေးစိတ် လျှောက်ထားလိုက်၏။

"ရှင်ရသေ့ကြီး....သစ်ကျားဟာ သူ့အရေခွံ အတွက် အသတ်ခံရတယ်၊ ဆင်ဟာ သူ့အစွယ်အတွက် အသတ်ခံရတယ်၊ အစိုးရကုန်သောသူတို့ဟာ စည်းစိမ်အတွက် ရန်စူးရန်ငြောင့်တွေပေါ်လာပြီး အဖျက်အဆီး ခံရတယ်၊ အိမ်ရာ စည်းစိမ်မရှိ၊ အဖော်မရှိ၊ ကိလေသာ အနှောင်အဖွဲ့မရှိ၊ အထီးတည်းနေတဲ့သူ ကို ဘယ်ရန်သူ ညှဉ်းဆဲနိုင်ဦးမလဲလို့ ကြံဆ ဆင်ခြင်ပြီး ကျွန်ုပ် ရဟန်းပြု တောထွက်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီတရား ဒီသံဝေဂကို ရစေခဲ့တဲ့ သရက်နှစ်ပင်ဟာ ကျွန်ုပ်ရဲ့ဆရာပါပဲ"

မိဂါဇိန်ရသေ့ကြီး သာဓုခေါ်လေသည်။

"မင်းမြတ်....ယခု စွဲယူမိထားတဲ့စိတ်ကို ရန်သူ မဖျက်ဆီးနိုင်အောင် လုံ့လပြု၊ မမေ့မလျော့စေနဲ့"

ရှင်ရသေ့ကြီး ပြန်ကြွသွား၏။

မင်းကြီးလည်း သပိတ်ကိုစွဲ၍ တောင်ဝှေးကိုထောက်ကာ ရှေ့ခရီးသို့ဆက်ရန် ခြေလှမ်းပြင်လိုက်သည်၊

မလှမ်းမကမ်းသို့ ရောက်လာသော သိဝလိဒေဝီမိဖုရားကြီးသည် တစ်ခုခုကို ဆုံးဖြတ်လိုက်သော မျက်နှာမျိုးဖြင့် မင်းကြီး လှမ်းလျှောက်ရာနောက်သို့ ထက်ကြပ် လိုက်ပါလာခဲ့လေသည်။

■ ■ ■

နေမွန်းတိမ်းစ ပြုပေပြီ။

အဝေးဆီမှ ညိုညိုဆိုင်းဆိုင်း မြင်ခဲ့သော ဟိမဝန္တာတောင်မကြီးသည် တစ်စတစ်စ သစ်ပင်တောတောင်မြင်ကွင်းများ၏ သဲကွဲထင်ရှားခြင်းဖြင့် နီးကပ်လာခဲ့၏။

မင်းကြီးသည် ရှေ့မှ သုတ်သုတ်ခရီးနှင်ဆဲ။

မိဖုရားကြီးလည်း ပရိသတ်ကိုလွန်၍ ရှေ့ဆုံးမှ စိုက်စိုက်လိုက်ပါဆဲ။

လျှိုတစ်ခု၏အဆုံး ကျောက်တုံးများကိုတက်ရန် မင်းကြီးခြေလှမ်းပြင်လိုက်ချိန်၌ မိဖုရားကြီးသည် အခွင့်ကောင်းကို





အရအမိယူကာ မင်းကြီးခြေဖမိုးထက်၌ လက်စုံတင် ရှိခိုးလျက် သံတော်ဦးတင်လိုက်၏။

"အရှင်...ယခု ရဟန်းပြုလိုက်ရာမှာ သိသင့်သိထိုက်သူ တစ်စုံတစ်ယောက်ကိုမျှ မတိုင်ပင်ဘဲ ကိုယ်တော့်စိတ်နဲ့ကိုယ်တော် ပြုလိုက်တယ်ဆိုတာ သတိရတော်မူပါ"

ခြေလှမ်းကို ဆက်ကြွလှမ်းရန် အခွင့်မသာသော်လည်း မင်းကြီးသည် မျက်နှာကိုလွှဲလျက် ရပ်တည်နေလိုက်ရ၏။

"အရှင်....အခုလိုရဟန်းပြုလိုက်ခြင်းဟာ ပ ညောင်ပင်ကြီး ထီးဗိတန်အချက်ပါ ပါအောင် ဂဠုန်ငှက်ကြီးက သိမ်းခတ်နှုတ်ယူလိုက်သလို ဖြစ်နေပါတယ်၊ စဉ်းစားတော်မူပါဦး၊ မျိုးမတ်ဗိုလ်ပါ ပြည်သူများအားလုံး ခိုကိုးရာမဲ့ ဖြစ်သွားပါပြီ၊ ပူလောင်ခြင်း၊ ထိတ်လန့်ခြင်းများနဲ့ ရှုတ်ခြည်း ရင်ဆိုင်လိုက်ကြရပါပြီ၊ အမှန်တော့ ရဟန်း ပြုတော်မူလိုတယ်ဆိုရင် မဆွကတည်းက ကြိုတင်စီမံ အမှာ အကြား ဆုံးမစကားထားတော်မူသင့်ပါတယ်၊ နေရောင် ပျောက်သော်မှ လရောင်မရောက်ခဲ့ရင် ဘုန်းရောင်မပြတ် ငြိမ်ဝပ်ခြင်း ရှိမှာပါ၊ ခုတော့ လွန်ခဲ့ပါပြီကော အရှင်"

မိဖုရားကြီးသည် မင်းကြီး၏ ခြေဖမိုးအစုံတို့ကို ဖမျက်နေ ရာမှ တင်းစာင်း ဆုပ်ကိုင်လိုက်၏။

"နေပြည်တော်ကို ပြန်ကြွပါဦးအရှင်၊ သားတော် ဒီဃာဝုကို မင်းမြှောက် အပ်နှင်းပေးပါဦး အရှင်၊ ပြည်သူအပေါင်းတို့ ကိုးကွယ်ရာရပြီဆိုတော့မှ အရှင့် အနေနဲ့ နန်းတွင်းမှာနေလိုလဲ နေတော်မူပါ ပြည်ရေး လူရေးကိစ္စများနဲ့ မပတ်သက်လိုဘူးဆိုရင်လဲ ဥယျာဉ် တော်မှာ ရဟန်းပြုနေလိုကနေတော်မူပါ၊ ဒါမှမဟုတ်- အခု ကြွတော်မူနေတဲ့ ဟိမဝန္တာကိုပဲ ထွက်ခွာချင်သပ ဆိုရင်လဲ ထွက်ခွာတော်မူပါ၊ အဲဒီလို ထုံးဖွဲ့ စီမံတော် မူပြီးမှ သာ အလိုရှိတိုင်း ပြုတော်မူရပါတယ်၊ အခုတော့ အခွင့် မကျသေးတဲ့အတွက် ပြည်တော် ပြန်သင့်ပါတယ်အရှင်"

သီဝလိဒေဝီမိဖုရားကြီး၏စကားမှာ ကျိုးကြောင်းဆီလျော် လှသည့်အပြင် မငြင်းသာအောင် တုပ်နှောင် ချည်ဖွဲ့လိုက်သော စကားဖြစ်လေသည်။

မင်းကြီးသည် ခြေဖမိုးတို့ကို မိဖုရားကြီးလက်မှ နုတ်ယူ၍ လှုပ်ရှားလှမ်းကြွရင်း မိန့်လိုက်၏။

"အလုံးစုံကို ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်ပြီး ရဟန်း အဖြစ်မှာ ငါတည်ခဲ့ပြီ၊ ရဟန်းဖြစ်တဲ့ ငါ့မှာ သား သမီးဆိုတာလဲ မရှိဘူး၊ ဒီဃာဝုဥပရာဇာဟာ အရည် အသွေး ပြည့်ဝသူ ဖြစ်တဲ့အတွက် ငါက ထီးနန်းကို လွှဲအပ် ထုံးဖွဲ့ခဲ့ခြင်း မရှိသော်လဲ ကြောင့်ကြစရာ





မရှိဘူး၊ ဝိဒေဟရာဇ်တိုင်းကို သူ သိမ်းမြန်း အုပ်စိုး လိမ့်မယ်၊ ပြည်သူတို့ ကိုးကွယ်ရာမဲ့ မဖြစ်နိုင်ဘူး"

ဆွဲငင်မှု နှောင်ကြိုး၏ လှပခိုင်ခံ့ခြင်းကို မင်းကြီးသည် တစ်ချက်တည်းဖြင့် ထောင်းထောင်းပြတ် ကြေဖြတ် ခြွေလိုက် လေသည်။

တိုင်းသား ပြည်သူ၊ ထီးနန်း အရိုက်အရာ၊ သားတော် ဒီဃာဝုတို့ဖြင့် ဆွဲငင်၍မရတော့ကြောင်း သဘောပေါက်လိုက် သော မိဖုရားကြီးသည် နောက်မှ ထက်ကြပ် လိုက်ပါရင်း နောက်စကားတစ်မျိုးကို ပြောင်းလိုက်၏။

"အရှင် .... ကိုယ်တော်က ရဟန်းပြု သွားတော့ ဘုရား ကျွန်မတစ်ယောက်တည်း ဘယ်သို့နေရပါ့မလဲ၊ မကြံနိုင်အောင် ကိုယ်တော် ပြုရက်ခဲ့တယ်"

မင်းကြီး မဆိုင်းမတွ စကားပြန်လိုက်သည်။

"သင် မကြံနိုင်ရင် ငါ အကြံပေးမယ်၊ သင့်သား မင်းပြုခဲ့ရင် သင့်မှာ မင်းမိဖုရား မယ်တော်တစ်ပါး အနေနဲ့ တိုင်းရေးပြည်ရာမှာ ပါဝင် ပတ်သက်ရလိမ့် မယ်၊ ဒီအခါမှာ ကိုယ်,နှုတ်,နှလုံး, သုံးပါးသော ဒုစရိုက်တွေပဲ ပွားများရလိမ့်မယ်၊ ဒုစရိုက် ဆိုတာ သုဂတိကို ဘယ်တော့မှ မပို့ဆောင်ဘူး၊ အပါယ် လေးဘုံကိုပဲ ပို့ဆောင်တယ်၊ ဒါကြောင့် သားဘုရင်နဲ့

"အတူနေရင် မကောင်းမှုတွေသာများပြီး သင် အပါယ်လားတော့မယ်၊ သီဝလိဒေဝီ...ရတတ်သမျှ ဆွမ်း၊ သင်္ကန်း၊ သပိတ်စွဲပြီး ရဟန်းပြု၊ ကုသိုလ်ပွားရာ အရပ်မှာ တစ်ယောက်တည်းနေ၊ ကမ္မဋ္ဌာန်းအားထုတ်ပေတော့"

ဟိမဝန္တာ တောင်ကြောကြီး၏ တောဝန်းကျင်သည် စောစီးစွာပင် နေ့အလင်းရောင်တို့ ချုပ်ငြိမ်းသွားနေကြသည်။ နေဝင်ချိန်လည်း ရောက်ချေပြီ၊ အမှောင်ထုက ဖြန့်ကြက်စပြုလာသည်။ တောင်ခိုး မြူငွေ့တို့၏ အုံ့စွမ်းကြောင့် အေးစိမ့်မည်းမှောင်လာ၏။

ဤ တောအုပ်ကိုလွန်လျှင် ရှေ့ဆီ၌ တောင်ခြေ မြို့လေး တစ်မြို့ဖြစ်သော "ထူလာ" သို့ ရောက်တော့မည်။

ထူလာမြို့အဝင် တောစခန်းအရောက်မှာပင် နေရောင်လုံးလုံး ပျောက်ကွယ်လျက် အမှောင်ထု ကျရောက်လာ၏။ မင်းကြီးသည် သစ်ပင် တစ်ပင်ရင်းအောက်သို့ တစ်ညဉ့်တာ နေရန် ချဉ်းကပ်ခဲ့သည်။ မိဖုရားကြီးနှင့် ပရိသတ်တို့သည် မနီးမဝေး တောစပ်၌ သစ်တပ်တဲနန်းတစ်ခု အလျင်အမြန် ဆောက်ကြသည်။

သစ်ပင်ရင်း၌ ညဉ့်တာ တည်းနေသော မင်းကြီး ထံသို့ မည်သူမျှ မကပ်ရဲကြ။ သီဝလိဒေဝီ မိဖုရားကြီးသည်လည်း သစ်တဲနန်းအတွင်း၌သာလျှင် နားနေရင်း မိမိ၏လျှောက်တင်





စကားများ တစ်ခုပြီး တစ်ခု ပျက်စီးခဲ့ပုံကို တွေးနေမိ၏၊ မင်းကြီးကို ဆွဲငင်ရစ်ပတ်စရာ နောက်ထပ် နှောင်ကြိုး မရှိနိုင်တော့ပြီလားဟု တွေးရင်း ဆို့နင့်ပူပန်နေ၏။

ညဉ့်နက်ချိန်တွင် မိဖုရားကြီးသည် အမတ်တစ်ယောက်ကို အမိန့်ပေးလိုက်၏။

"နက်ဖြန် မိုးသောက်မှာ သည်လို အရှင် ဆက်ကြွသွားရာနောက် ကျွန်ုပ် တစ်ယောက်တည်း လိုက်မယ်၊ သင် တို့ အားလုံး နောက် မလှမ်း မကမ်း က သာ ဖြည်းဖြည်းသက်သာ လိုက်လာခဲ့ကြတော့"

ထူလာမြို့ကလေးသည် တောင်ခြေမြို့ ဖြစ်သည့်အလျောက် အေးချမ်းငြိမ်သက်လှ၏။ မြို့ဟုဆိုသော်လည်း စင်စစ် မြို့ငယ်လေးတစ်မြို့သာဖြစ်၍ လူနေအိမ်ခြေလည်း များများစားစား မရှိလှ။

မဟာဇနကမင်းကြီး မြို့ထဲရောက်လာချိန်ကား ဆွမ်းခံဝင်ချိန် ဖြစ်လေသည်၊ မလှမ်းမကမ်း နောက်နားဆီမှ သီဝလိဒေဝီ မိဖုရားကြီးလည်း အစဉ်အတိုင်း လိုက်ပါမြဲ လိုက်ပါလျက်၊ မိဖုရားကြီး၏ နောက်ဘက်ခပ်လှမ်းလှမ်း၌ မှူးမတ်ဗိုလ်ပါ ပရိသတ်များ။

တောင်ခြေမြို့ကလေး၏ နေ့နံနက် ဆွမ်းခံဝင်ချိန်ကား တစ်မူထူးခြားနေတော့၏။ သို့သော် ရိုးသားအေးချမ်းသော မြို့သူမြို့သားများကမူ ရှေ့ဆုံးမှ ရဟန်းအသွင်ပုဂ္ဂိုလ်တစ်ဦး၊

ထို့နောက် ပူပုံပန်းအမူအရာဖြင့် မိန်းမကြီးတစ်ဦးနှင့် ခပ်လှမ်းလှမ်းမှ ပရိသတ်အစုတို့ အစဉ်အတိုင်း မြို့ထဲဝင်လာကြသည်ကို မသိလိုက်မသိဘာသာပင် ရှိနေကြ၏။

မင်းကြီးသည် မြို့ကလေး၏ တောင်တံခါးဝဆီသို့ ရောက်လာ၏။

ထိုအခိုက်မှာပင် မမျှော်လင့်သောခြင်းရာများ ပေါ်ပေါက်လာလေသည်။ ကောင်တံခါးဆီသို့ ပြေးလာသော ခွေးတစ်ကောင်သည် မင်းကြီးကိုမြင်သောအခါ အပြေးရပ်သွား၏။ ထိုခွေး၏နှုတ်သီးတွင် တစ်စုံတစ်ခု ကိုက်ချီလာရာ ထိုအရာသည် ခွေး၏နှုတ်သီးမှ ထွက်ကျသွား၏။

ခွေးသည် နဂိုကပင် ကြောက်အားလန့်အား ပြေးလာခဲ့ရာမှ မင်းကြီးနှင့် ဘွားခနဲ ရင်ဆိုင်တွေ့လိုက်သောအခါ အကြောက်လွန်လျက် ကိုက်ချီလာသောအရာကို ပစ်ချပြီး လွတ်ရာသို့ ဆက်ပြေးသွားတော့သည်။

ထိုအရာကား အမဲကင်တစ်ခု ဖြစ်၏။

ထူလာမြို့သားတစ်ယောက်အိမ် ဈေးမှ အမဲသားဝယ်လာကာ တံစို့ထိုးကင်ပြီးနောက် အအေးခံရန် စင်ပေါ်တင်ထားရာမှ ခွေးက ကိုက်ချီလာခဲ့ခြင်း ဖြစ်သည်။ ယောက်ျားသည် သူ့အမဲကင် ခွေးချီမှန်းသိသဖြင့် လိုက်ခဲ့သော်လည်း မမီလိုက်သဖြင့် တောင်တံခါးဝအရောက်တွင် လှည့်ပြန်သွားခဲ့ခြင်း ဖြစ်လေသည်။





ယခုတစ်ဖန် ခွေးကလည်း အမဲကင်ကို လွှတ်ချ၍ ထွက်ပြေးသွားခဲ့၏။ မြေပေါ်တွင် ဖုန်သဲအလူးလူး ပေနေသော အမဲကင်ကိုကြည့်၍ မင်းကြီး စဉ်းစား၏။

"ခွေးဟာ အမဲကင်ကို ပစ်ချစွန့်ခွာသွားခဲ့ပြီ၊ တစ်ပါးသောပိုင်ရှင်လဲ မရှိဖြစ်ပြီ၊ ဒီအမဲဟာ ပံ့သကူ ဆွမ်းစင်စစ်ပဲ"

မင်းကြီးသည် မြေသပိတ်ကို အိတ်မှဖွင့်ထုတ်ကာ မြေကြီးပေါ်မှ အမဲကင်ကို ကောက်ထည့်လိုက်၏၊ ထို့နောက် ရှေ့နားတွင်ရှိသော စမ်းချောင်းမှ စီးဖွဲ့ဖြစ်တည်နေသည့် ရေကန်ငယ်လေးတစ်ခုဆီသို့ လျှောက်လာခဲ့လေသည်။

ဤ အဖြစ်အပျက်အားလုံးကို သိဝလီဒေဝီ မိဖုရားကြီး အစအဆုံး မြင်နေ၏။ မိဖုရားကြီးသည် မင်းကြီးနောက် ရေကန်ငယ်လေးဆီသို့လိုက်ပါရင်း တွေးလိုက်မိသည်။

"ငါ့အရှင်ဟာ ပြည့်စည်းစိမ်ကို ငဲ့ကွက်သေးတယ် ဆိုရင်၊ ရဟန်းအဖြစ်မှာ မခိုင်မာသေးဘူးဆိုရင် ဒီလောက် မြေအလူးလူး ဖုန်အပေပေ ခွေးပါးစပ်ထဲက ထွက်ကျတဲ့ ရွံစရာအမဲကင်ကို စားမှာ မဟုတ်ဘူး၊ တကယ်လို့ သူ့အမဲကင်ကို စားပြီဆိုရင်တော့ သူ့နှလုံးမှာ ငါတို့ကို ခင်တွယ်စိတ် တစ်ဆံချည်မျှင်မျှ

ငြိတွယ်ခြင်း မရှိတော့တာ သေချာတယ်၊ အို.... ဒီလောကနိမ့်ကျယုတ်ညံ့တဲ့ အမဲကင်ကို သူစားမှာ မဟုတ်ပါဘူးလေ"

ရေကန်ငယ်လေးဘေးတွင် မင်းကြီး နေရာယူလိုက်၏။ မင်းကြီး၏ လှုပ်ရှားမှုများ မိဖုရားကြီး တွေးထင်သလို မဟုတ်။ အမဲကင်ကို ဘုဉ်းပေးတော့မည့်အသွင်။

မိဖုရားကြီးသည် ရေကန်ငယ်နားသို့ ဆင်း၍....

"အရှင်....မြေမှုန့် ဖုန်သဲ အလိမ်းလိမ်းပေကျံနေတဲ့ ခွေးတစ်ကောင်ရဲ့ စာကြွင်းစားကျန်လဲဖြစ်တဲ့ ဒီရွံ့စရာ အမဲကို ကိုယ်တော် သုံးဆောင်မလို့တဲ့လား၊ ရွှေနန်းရှင်တစ်ပါး စားတော်ထိုက်ဖို့မဆိုထားနဲ့ လူသာမန်တောင်မှ မစားသင့်တဲ့ စက်ဆုပ်ရော ဖြစ်ပါတယ်"

မင်းကြီးမှာ ရေကန်စပ်၌ထိုင်၍ သပိတ်ဖြင့် ရေခပ်ယူရင်း မိန့်လေသည်၊

"သီလဝိဒေဝီ....သင် မလိမ္မာတဲ့အတွက် ဒီအမဲကင်ရဲ့ ထူးကဲတဲ့သြဇာကို သင်မသိပေတာပဲ"

ဤမျှသာဆိုလျက် မင်းကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အာဟာရပစ္စည်း၏ တရားသဖြင့်ရအပ်သော စင်ကြယ်မှုအဖြစ်ကို နှလုံးသွင်း၍ အမဲကင်ကို နတ်သုဒ္ဓါကဲ့သို့ မြိန်ယှက်စွာ ဘုဉ်းပေးလိုက်လေသည်၊ ပြီးမှ ဓမ္မကရိုဏ်ဖြင့် ရေကိုစစ်ယူသောက်သုံးပြီး နှုတ်ခမ်း၊ ပါးစပ်၊ သပိတ်၊ လက်တို့ကို ဆေးကြောသန့်စင်လေသည်။





မိဖုရားကြီးကား အံ့သြခြင်းတို့ထက်မှု တုန်လှုပ်ခြင်းများဖြင့် ကြက်သေသေသွားကာ အတန်ကြာမျှ မသက်မသာဖြင့် ပြောလေသည်။

"မဟာဇနကမင်းကြီး .... အို - မင်းကြီး၊ အမျိုးကောင်းသားတို့မည်သည် သုံးလေးရက်ကြာ အစာမမှီဝဲရဘဲ ငတ်မွတ်နေရင်တောင်မှ ဒီအမဲသားကင်လို ရွံ့စရာ အစားအသောက်ကို စားလေ့မရှိပါဘူး၊ ဒါမျိုးစားမယ့်အစား အသက်ကိုပင် အသေခံတတ်ကြကြလေတယ်၊ အခုတော့ အရှင့်မှာ...." မ

ယူကြုံးမရဟန်ဖြင့် စကားရပ်သွားပြီးမှ–

"သူကောင်းမျိုးနွယ် မဟုတ်လေတဲ့အတိုင်း မြေမှုန့်လူးပေနေတဲ့ ခွေးစားကြွင်း၊ ရွံ့စရာ အမဲကင်ကို ကျွန်တော်မ ရှေ့ထားပြီး ကျွန်တော်မကိုမှ အားမနာမထောက်ထား မြိန်ရေ ရှက်ရေကြီး ကိုယ်တော် သုံးဆောင်နိုင်ပေတယ်၊ ကျွန်တော်မ ရင်ကိုခွဲလိုက်တာလား၊ အို....မဟာဇနကမင်းကြီးရယ်.... မဖွယ်ရာလိုက်လေခြင်းနော်"

ယူကြုံးမရ ကဲ့ရဲ့ပြစ်တင်လာသောစကားအဆုံးတွင် မင်းကြီးသည် မယွင်းမပျက်သော ဣန္ဒြေဖြင့် စကားတုံ့ပြန်၏။

"သီဝလီဒေဝီ....အမွှေး အကြိုင်၊ ဆီ ပြား တို့နဲ့ အကောင်းစား စီမံထားတဲ့ အစား အစာကိုသာ သူကောင်းတို့ရဲ့ အစာလို့ သင် မှတ်ထင်နေပေတယ်၊ ဒီအမဲကင်ဟာ သူကောင်း သူမြတ်တို့ရဲ့ အစာဖြစ်ကြောင်းကို သင် မသိဘူး"

မိဖုရားကြီးသည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် အံ့သြခြင်းကြီးစွာ ဖြစ်သွားလေသည်။

"သီဝလီဒေဝီ....ဒီ အမဲကင်ဟာ မူလ အရှင်ဖွေ ဖြစ်တဲ့လူကလဲ စွန့်ပစ်ထားပြီးသား၊ ခွေးကလဲ စွန့်ပစ်ထားပြီးသားဖြစ်တယ်၊ ဒါကြောင့် ဒီ အမဲကင်ဟာ ပံ့သကူ စင်စစ်ဖြစ်တယ်၊ ပံ့သကူအစာကိုရတဲ့ ငါဟာ တရားသဖြင့် ရခြင်းပဲ၊ တရားသဖြင့် ရသော အစားအစာသည်သာ သူကောင်းသူမြတ်တို့ရဲ့ အစားအစာမည်တယ်"

မိဖုရားကြီး ငိုင်ကျသွား၏။ မင်းကြီးအား မိမိ လက်တစ်ကမ်းအဆန့်တွင် တွေ့မြင်နေရပါလျက် မင်းကြီးနှင့် မိမိအကြား ခရီးသည် အဆမတန် ဝေးကွာသွားပြီဟု ခံစားလိုက်ရလေသည်။

"သီဝလီဒေဝီ...အစား အသောက် အရာမှာသာ မဟုတ်ဘူး၊ လောကမှာ အဝတ်တန်ဆာဖြစ်စေ၊ ရွှေ





ငွေ ဥစ္စာဖြစ်စေ လူတို့ အသုံး အဆောင် ဟူသမျှမှာ အဖိုးထိုက်တန်သည်၊မထိုက်တန်သည်၊ တင့်တယ်သည် မတင့်တယ်သည်ဆိုတာတွေနဲ့ အယူတ်အမြတ် မခွဲခြားရဘူး၊ ဒီပစ္စည်းကို တရားသဖြင့်ရသလား၊မတရားသဖြင့် ရသလား ဆိုတာတွေနဲ့ပဲ အယုတ်,အမြတ် ခွဲခြားရတယ်၊ တရားသဖြင့် ရတဲ့ ပစ္စည်းဆိုရင် ပဲဝက် မျှပဲ အဖိုးထိုက်တယ်ထား၊ ဒါဟာ သူကောင်းသူမြတ်တို့ သုံးဆောင်အပ် တဲ့ ပစ္စည်း၊ သုံးဆောင်တဲ့ ပစ္စည်း ဖြစ်တယ်"

တစ်ခါကမိမိ၏အရှင်သခင်လင်ယောကျ်ားဖြစ်ခဲ့လေသော မဟာဇနကမင်းကြီးသည် ကြည့်နေရင်းမှာပင် တဖြည်းဖြည်း မှုန်ဝါး ပျောက်ကွယ်သွားပြီဟု မိဖုရားကြီး ထင်မိလေသည်။

"သီဝလီဒေဝီ ... အသားတူစွာပဲ ပစ္စည်း ဥစ္စာ စည်းစိမ်တွေဟာ အဖိုး အသိန်း အသန်းပဲ ထိုက်သည်ထား၊ မတရားသဖြင့် ရယူထားတဲ့ ပစ္စည်း ဆိုရင် ဒါဟာ သူကောင်း သူမြတ်တို့ရဲ့ အ ရာ မ ဟုတ် ဘူး၊ သူယုတ်မာတို့သာ သုံးဆောင်ရာဖြစ်တယ်၊ ဒါဟာ ရှေးသူဟောင်း ပညာရှိတို့ရဲ့ စကားမိန့်မှာချက်၊ ဒါကို သင် မသိဘူးလား၊ တရားသဖြင့် ရတဲ့၊ အလွန်မြက်လှတဲ့ အမဲကင်ကို သင် အပြစ်တင်စကား ဘာကြောင့် ပြောရသလဲ၊ တွေးတော စဉ်းစား သဘောပေါက်လိုက် သီဝလီဒေဝီ"

သပိတ်ကိုသိမ်းလျက် စကားဆုံးသည်နှင့် မင်းကြီး ထသွား၏။ မိဖုရားကြီးသည် လက်နက် တစ်စုံတစ်ရာနှင့် ထိုးနှက်ရိုက်ပုတ် ခံလိုက်ရသည့်အလား ခွေလဲကျမတတ်ဖြစ်သွားပြီးမှ အားတင်းကာ မင်းကြီးနောက်သို့ စိုက်စိုက်ပါ လိုက်ခဲ့ပြန်လေလသည်။

■ ■ ■

တူလာမြို့လေး၏ နေ့လယ်ခင်းသည် နှစ်လိုဖွယ်ဖြစ်နေ၏။ အလင်းရောင်ရှိသော်လည်း နေသည် အပူခါတ်မရှိ။ ဟိမဝန္တာ တောင်ရိပ်၏ ဖြန့်ကြက်ပေးမှုဖြင့် နေသာရုံ အနွေးဓာတ်ကလွှမ်းခြုံနေ၏။

မင်းကြီးသည် တောင်တံခါးဝသို့ ရောက်လာလေသည်။

မြို့၏ တောင်တံခါးဝသည် ညီညာ ပြန့်ပြူးသော မြေကွက်လပ်များဖြင့် သာတောင့် သာယာရှိ၏။ ကွက် လပ်တလင်းပြင်အစွန်နှင့် လမ်း ဝဲ ယာ တို့တွင် အေးမြသောရာသီဥတုနှင့် နွေးထွေးသော နေခြည်တို့ကို သောက်သုံးထားသည့် ပန်းပေါင်းစုံတို့ လှပစွာ ဖူးပွင့်နေကြသည်။ တောပန်း





တောင်ပန်းတို့သည် ဆွတ်ချူ ခူးဖွဲ့မည့်သူ မရှိသောကြောင့် လွတ်လပ်စွာပင် အစွမ်းကုန် မွှေးကြိုင် လှပနေကြလေသည်။

တောင်တံခါးဝ တိုနေရာတွင် ပင်ရုံ ထက်မှ သဘာဝ တောပန်း တောင်ပန်းများထက် ပို၍လှပနုနယ်သော မြင်ကွင်းကို တွေ့ရ၏။ ထိုမြင်ကွင်းကား တူလာမြို့ဖွား ကလေးသူငယ်များပင် ဖြစ်လေသည်။

ကလေးသူငယ်တို့၏ နုနယ် ပျိုမြစ်ခြင်းနှင့် ကြောင့်ကြမဲ့ လွတ်လပ် ပျော်ရွှင်ခြင်းတို့သည် အလှဆုံး ပန်းပွင့်များထက် ပို၍ လှပနေကြ၏။ ကလေးတို့သည် စီစီစာစာ လွင်လွင်ညံသော အသံများဖြင့် ဟိုမှ သည်မှ ဆော့ကစား မြူးထူးနေကြလေသည်။

မိန်းကလေးများက အိုးပုတ်၊ ခွက်၊ ဆန်ကော စသော ကစားစရာ ပစ္စည်းသေးသေးလေးများဖြင့် သဲမြေမှုန့်ကို ဆန်စပါးအစွဲပြုကာ စိတ်ဝင်တစား ကစားနေကြ၏။

"ဆန်ပြာတော့လေ အမိငယ်ရဲ၊ ဒီမှာ ချင်တဲ့လူက ချင်ပေးနေပြီဟာကို"

"အေးပါ အမိငယ်ရဲ၊ ဆန်က စပါးလုံးနဲ့ သဲခဲတွေကို အသေအချာ စင်အောင်ရွေးရသေးတယ်ဟဲ့"

"လုပ်ကြဟေ့၊ ဒီမှာ မီးမွှေးပြီးပြီ၊ ထမင်းချက်နောက်ကျနေမယ်နော်"

"ဆန် နည်းများနေမလား မသိ၊နှစ်လမြူလောက် ထပ်ထည့်လိုက်ပါဦးဟယ်"

မိန်းကလေးငယ်များ ကစားနေရာအနီးသို့ မင်းကြီးရောက်လာ၏။

ထိုခဏမှာပင် သဲမြေမှုန့်တို့ကို ဆန်ပြာဟန်၊ ဆန်ချင်ဟန်၊ ထမင်းချက်ရန် ကစားနေကြသော မိန်းကလေးငယ်များထဲမှ တစ်ယောက်သော မိန်းကလေးငယ်၏ ထူးခြားမှုကို မင်းကြီး သတိထားလိုက်မိလေသည်။

ထိုမိန်းကလေးကား အခြားကစားဖော်များနှင့် စာလျှင် အရွယ်အနည်းငယ် ကြီးနေသည်ဟု ထင်ရ၏။ မိန်းမငယ်သည် အသက် ဆယ့်ငါးနှစ်အရွယ် ကုမ္မာရီအရွယ်ရှိ၏။ ကစားဝိုင်းတွင် သူသည် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ လက်က ဆန်ပြာနေသလို နှုတ်ကလည်း မနားတမ်း ကစားဖော်တို့အား အမိန့်ပေးခိုင်းစေလျက်ရှိ၏။

စင်စစ် တစ်ဆယ့်ငါးနှစ်ဝင်စ အရွယ်သည် အိုးပုတ်၊ ဇွန်းငယ်၊ ဆန်ကောငယ်များဖြင့် ဆော့ကစားနေရမည့် အရွယ်မဟုတ်တော့။ သို့သော် မိန်းကလေးငယ်ကား အလိုလိုက်ခံထားရသော သူကောင်းအမျိုးအနွယ်မှ ဖြစ်ဟန်တူသည်။ ငယ်စိတ်ငယ်ကိုယ် မကျန်သေးဘဲ မိမိ၏ ကုမာရီ ပထမအရွယ်ကို ဆော့ကစားခြင်းဖြင့်သာ ပျော်ရွှင်စွာ ကုန်လွန်စေဟန်တူလေသည်။





မိန်းကလေးငယ်၏ နောက်ထပ် ထူးခြားချက်တစ်ခုမှာ အခြားကလေးငယ်များကဲ့သို့ မဟုတ်ဘဲ သူမ ကစားနေသည့်နေရာမှာ သူမ၏ တတွတ်တွတ်ပြောဆိုသံများနှင့်အတူ တချွင်ချွင် အသံများ အဆက်မပြတ် ပေါ်ပေါက်နေခြင်းပင် ဖြစ်သည်။

ထိုအသံများ ဖြစ်ပေါ်လာသည့်နေရာမှာ မိန်းကလေး၏ လက်မှ ဖြစ်သည်။ မင်းကြီးသည် မိန်းကလေး၏ လက်ကို သတိထားလိုက်မိ။ မိန်းကလေးသည် လက်တစ်ဖက်၌ ရွှေလက်ကောက် နှစ်ဆင့်၊ အခြား လက်တစ်ဖက်၌ ရွှေလက်ကောက် တစ်ဆင့် (တစ်ကွင်း) ဝတ်ဆင်ထားချေသည်။

တချွင်ချွင်အသံကား ဆန်ပြာဟန်၊ ဆန်ကောဝိုင်းဟန် ကစားရင်း နှစ်ဆင့် နှစ်ကွင်း ဝတ်ထားသော လက်ဆီမှ ရွှေလက်ကောက်များအချင်းချင်း ထိခတ်သံပင်ဖြစ်လေသည်။ နှစ်ကွင်း ဝတ်ထားသောလက်မှ တချွင်ချွင် အသံ ထွက်နေချိန်ဝယ် တစ်ကွင်းတည်းသာ ဝတ်ထားသော ရွှေလက်ကောက်ဆီမှမူ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိချေ။

မင်းကြီးသည် လှမ်းနေသော ခြေထောက်များကို တုံ့ရပ်လိုက်၏။ မိန်းကလေး ထူးခြားသောအမူအရာ၊ သွက်လက်ထက်မြက်ဟန်ရှိသော အသွင်သဏ္ဌာန်နှင့် ထိုရွှေလက်ကောက်များကို သတိပြုရင်း မင်းကြီးသည် တစ်စုံတစ်ခုကို တွေးလိုက်မိချေပြီ။

"သီဝလိဒေဝီဟာ ငါ့နောက်ကို အစဉ်တစိုက် လိုက်ပါနေတယ်၊ ငါက ရဟန်း၊ မိန်းမတို့မည်သည် ရဟန်းတို့ရဲ့ အညစ်အကြေးပဲ၊ တစ်ပါးသူမြင်ရင် ဤသူဟာ ရဟန်းပြုဘာ့တောင်မှ မယားကို မစွန့်ပစ်ဘူး လို့ ကဲ့ရဲ့စရာ ဖြစ်နေပြီ၊ ရှေ့လက်ကောက်ရှင် မိန်းမဟာ ထက်မြက်ချက်ချာပုံရတယ်၊ ပညာရှိပုံ ရတယ်၊ ငါ့နောက်ကို သီဝလိဒေဝီ မလိုက်ဝံ့ မလိုက်ရဲအောင် သူ တစ်ခုခု ပြောနိုင်လိမ့်မယ်ထင်ရဲ့၊ မိန်းကလေးရဲ့ စကားနဲ့ သီဝလိဒေဝီလက်က ငါ လွတ်အောင်လုပ်ရ လိမ့်မည်"

မင်းကြီးသည် မိန်းကလေးရှေ့တွင် ရပ်လိုက်၏။

"မိန်းကလေး....အဖိုးထိုက်တဲ့ ဝတ်စားတန်ဆာ ဝတ်ဆင်ထားတဲ့ သင်ဟာ မိခင်ရင်အုပ်မကွာ ရှိနေ သေးတဲ့အရွယ်ပေဗဲ့"

မိန်းကလေးငယ်က ကစားနေရာမှ မင်းကြီးကို မော့ ကြည့်သည်။ အကင်းပါးသောမျက်လုံးများက မလှမ်းမကမ်းမှ သီဝလိဒေဝီ မိဖုရားကြီးကိုပါ တစ်ချက် ဝေ့ကြည့်လိုက်၏။

"မေးပါစေ မိန်းကလေးငယ်၊ သင်ကစားနေရာမှာ သင့်ရဲ့ လက်တစ်ဖက်ကတော့ ချွင်ချွင် ချွမ်ချွမ် အသံ





တွေ မြည်နေပြီး တစ်ဖက်ကတော့ ဘာသံမှမမြည်ပါ ကလား ဘာဖြစ်လို့လဲ မိန်းကလေးငယ်"

မိန်းကလေးက မိမိ၏ လက်အစုံကို မိမိငုံ့ကြည့်၏။ ထို့ နောက် မင်းကြီးကို ပြန်မော့ကြည့်ရင်း အနီးမှ သီဝလိဒေဝီ မိဖုရားကြီးကိုပါ ဝေ့ကြည့်လိုက်သည်။ ပါရမီရှိသော သတို့ သမီးငယ်သည် မင်းကြီး၏အမေးစကားကို အမေးနှင့်တန်ရုံမျှ မကတဲ့ လေးနက်သောအတွေးဖြင့် ယှဉ်ကာ တရားရေပိတ်မြေ ဆိုလေသည်။

"ရှင်ရဟန်း....ဟောဒီဘက်လက်မှာ လက်ကောက် နှစ်ဆင့် ဝတ်ထားလို့ အချင်းချင်း ခတ်မိကြပါတယ်၊ ဒါကြောင့် အသံမြည်တယ်လေ၊ ဒါဟာ....အဖော် အဖက်ရှိခြင်းရဲ့ ဓမ္မတာသဘောပေါ့"

လက်ကောက်တစ်ကွင်းတည်းသာ ဝတ်ထားသော လက်ကို ရှေ့သို့ထုတ်ပြလျက် မိန်းကလေးက ဆက်ပြော၏။

"ဟောဒီလက်မှာတော့ လက်ကောက် တစ်ကွင်း တည်းရယ်၊ ဒီတော့ အချင်းချင်း ထိခတ်စရာ မရှိ တော့ဘူးပေါ့၊ ဒီတော့ အသံမမြည်ဘူးပေါ့၊ ဒါဟာ လဲ ဓမ္မတာသဘောပါပဲ ရှင်ရဟန်း၊ ကိလေသာကို ပယ်ပြီးတဲ့ ရှင်ရဟန်းလို အဖော်မရှိခြင်းရဲ့ ဓလေ့ရယ် ပေါ့"

မိန်းကလေး၏ မျက်နှာသည် အရွယ်နှင့်မမျှ လေးနက်တည်ကြည်သွားပြီး-

"ရှင်ရဟန်းကြီး၊ လက်ကောက်မှာသာ မဟုတ်ပါဘူး၊ ဒီလောကကြီးမှာလေ ဘယ်အရာပဲ ဖြစ်ဖြစ် အဖော်အဖက် ရှိတယ်ဆိုရင် ငြင်းခုံခြင်း၊ ထိခတ်ခြင်းဆိုတာ ဖြစ်မှာပဲ၊ အဖော်မရှိ၊ တစ်ယောက်တည်းနေသူကို ဘယ်သူကလာပြီး ငြင်းခုံမှာလဲ၊ ထိခတ်ခြင်းဆိုတာလဲ ဘယ်မှာလာဖြစ်တော့မလဲ၊ မဟုတ်ဘူးလား ရှင်ရဟန်းကြီး"

အပြစ်ကင်းသော မျက်လုံးလေးများက ပို၍ တောက်ပလာကြကာ-

"နတ်ပြည် နတ်ရွာကို ရည်ရွယ်ပြီး ဆံမုတ်ဆိတ်တွေ ပယ်ဖြတ် ရဟန်းပြုလာတဲ့ ရှင်ရဟန်းကြီး အနေနဲ့လဲ အဖော်မပါ တစ်ယောက်တည်း နေခြင်းကိုသာ နှစ်သက်စေချင်ပါရဲ့၊ အဲ ဒါပေမယ့်လဲ...."

သီဝလီဒေဝီ မိဖုရားကြီး ရှိရာသို့ တစ်ချက် ကြည့်လိုက်ပြီးနောက်-

"ရှင်ရဟန်းကြီးက ဘယ့်နှယ်ကြောင့် ဟိုကမိန်းမချောကြီးကို နောက်လိုက်ပြုပြီး မြို့ထဲ ရွာထဲ လှည့်လည်နေရတာတုံး၊ အဲဒီ အမယ်မိကြီးဟာ ရှင်ရဟန်းကြီးရဲ့





ကြင်ယာလား၊ နှမလား၊ ဘာပဲဖြစ်ဖြစ်လေ ရဟန်းဆိုတာ နှမပဲဖြစ်ဖြစ် အတူသွား အတူနေဖို့ မသင့်တော်ပါဘူး၊ ရှင်ရဟန်းကြီး ကြည့်ရတာ ဒီအတိုင်းဆိုရင် ဒီ အမယ်မိကြီးနဲ့ အတူနေဖန်များပြီး မိန်းမကို စွဲပြီး ဖြစ်တဲ့ ရဟန်းအန္တရာယ် မကြာခင် ကျရောက်မှာ သေချာပါရဲ့"

မိန်းကလေးသည် ပြောစရာ ရှိသည်ကို သွက်လက်စွာ ပြောပြီး သူ၏ အိုးပုတ်များဆီသို့ ပြန်လှည့်သွားလေသည်။

မင်းကြီးလည်း နှစ်ထောင်းအားရစွာဖြင့် ထိုနေရာမှ ခွာခဲ့ကာ သီဝလိဒေဝီမိဖုရားကြီး ကြားနိုင်အောင် ပြောလိုက်၏။

"ကြားရဲ့လား သီဝလီဒေဝီ၊ အမျိုးဂုဏ်အားဖြင့် ကြည့်ရင် ငါ့အစေအပါးကျွန်အမှုလုပ်လောက်သာရှိပြီး အဆင်းအင်္ဂါအားဖြင့်လဲ ငါ့မြေးရင်း အလုပ်အကျွေး မျှလောက်သာ ရှိတဲ့ ငါ့သမီးအရွယ်၊ မြေးအရွယ် မိန်းကလေးတစ်ယောက်က ငါ့ကို ကဲ့ရဲ့ပြစ်တင်သွားလိုက်တာ သင်ကြားရဲ့ မဟုတ်လား၊ ငါ ဒီလိုပြစ်တင် ရှုတ်ချခံရတာဟာ သင့်ကြောင့်ပဲ သီဝလီဒေဝီ"

မနီးမဝေးတွင် ရှိနေသော မိဖုရားကြီးလည်း မိန်းကလေးငယ်၏ စကားလုံးများကို ဆတ်ဆတ် ကြားခဲ့ရသည်ဖြစ်၍ ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်နေ၏။

"သီဝလီဒေဝီ...ဒါကို သင် နားလည်ပြီး ငါ့ကို သနား ချစ်ခင်တယ်ဆိုရင် ဟောဒီ နေရာကစ ရှေ့ လျှောက်မယ့် ခရီးနှစ်ကြောင်းမှာ သင် နှစ်သက်ရာ ခရီးကြောင်းရွေးပြီး တစ်ယောက်တည်းသွားပါတော့၊ ငါ့ကို ခွဲခွာသွားပါတော့၊ သင်မသွားတဲ့ ခရီးကြောင်းကို ငါ သွားပါ့မယ်၊ သင် ရွေးချယ်ပါ"

မိဖုရားကြီး ခေါင်းငိုက်စိုက်ကျသွားသည်။

"ဒီနေ့ ဒီအချိန်ကစပြီး ငါ့ကို ခင်ပွန်းလို့ သင် မပြောပါနဲ့၊ သင့်ကိုလဲ ငါက ဇနီးလို့ မပြောပါရစေ နဲ့တော့၊ သင့်ကို အစွဲပြုပြီး ငါ့ကို ဆုံးမသွားလိုက်တာ သင်ကြားတဲ့အတိုင်းပါပဲ၊ ဒီတော့ အခု ငါပြောတာ တွေကို နားထောင်၊ ကုသိုလ်ပွားနိုင်ရာ တခြားကို သင် ထွက်သွားပါတော့"

အဆုံးစွန်အထိ ဖြတ်တောက် ပိုင်းခြားလိုက်သော စကား၊ နှလုံးသားကို ရဲရဲနီသော သံတွေခဲဖြင့် မွှေနှောက်လိုက်သည့် စကား။ သီဝလီဒေဝီ၏ ရင်သည် လောင်မြိုက်သွား၏။ သို့သော် ဆောက်တည်ရာမဲ့ ပရိဒေဝကိုဖော်ပြရန်အခွင့်မသာ၊ မိန်းကလေးငယ်လည်း ရှိနေသည်၊ မင်းကြီး၏ စကားကိုလည်း မလွန်ဆန်ဝံ့၍-

"အရှင် ... အရွယ်ရောက်ဦးက စ လို့ နှစ်ပေါင်း ရှည်ကြာ အတူတကွ ထီးနန်းစိုးစံခဲ့ကြတာကို အခုမှ





ကျွန်တော်မရဲ့ ခင်ပွန်း မဟုတ်ပါဘူးလို့ ဘယ်လိုလုပ် ပြောထွက် ပြောရက်နိုင်ပါ့မလဲ"

ပြိုကွဲတုန်ယင်လာသောအသံကို ထိမ်းလျက်-

"ရှိပါစေတော့ အရှင်၊ ကိုယ်တော်က ယောကျ်ား မြတ် ဖြစ်တဲ့အတွက် ဟောဒီ လက်ယာဘက် လမ်း ကြောင်းနဲ့ ကြွတော်မူပါ၊ ကျွန်တော်မက လက်ဝဲ လမ်းကြောင်းနဲ့ သွားပါတော့မယ်"

တိုးတိမ် အက်ကွဲသော အသံသည် ထိန်းသိမ်းထားသည့် ကြားမှပင် စကားအဆုံး၌ နှစ်ဝင်သွားလေသည်။

မင်းကြီးလည်း လက်ယာဘက် လမ်းကြောင်း အတိုင်း ထွက်ခွာသွား၏။

သီဝလီဒေဝီသည် လက်ဝဲ လမ်းကြောင်းကို လိုက်ခဲ့၏၊ သို့သော် အတန်ငယ်သွားပြီးမှ ခြေလှမ်းများ တွန့်ဆုတ် တုံ့ ရပ်သွားပြန်သည်။ လက်ယာဘက် လမ်းကြောင်းတွင်ကား တဖြည်းဖြည်း ဝေး၍ဝေး၍သွားနေသော မင်းကြီး အသွင်ကို မျက်ရည်ပြည့်လျှမ်းသော မြင်ကွင်း ဝိုးတဝါးတွင် တွေ့နေရ၏။

မိဖုရားကြီး၏ ခြေလှမ်းများ ရှေ့ဆက်၍ မလှမ်းနိုင်ကြ။

ကိုယ်ချင်း ခွဲလာသော်လည်း စိတ်ချင်းမကွဲဘဲ တွဲဆိုင်း လျက်သာ ရှိချေပြီ၊ မခွာနိုင်၊ မခွဲရက်၊ နှလုံးကွဲအက်ခြင်း ဝေဒနာကို မိဖုရားကြီး မခံစားနိုင်တော့။

ရောက်နေရာမှ တစ်ဖန် ပြန်လည် ဆုတ်နှင်ခဲ့၏။

ထို့နောက် မင်းကြီး လျှောက်သွားသော လက်ယာဘက်
ခမ်းကြောင်းအတိုင်း မိဖုရားကြီး လျှောက်ခဲ့လေသည်၊

■ ■ ■

ထူလာမြို့တွင်း ရောက်ခဲ့လေသည်။ နေမွန်းတည့်ချိန်
းပေပြီ၊

ဆွမ်းခံဝင်ချိန် များစွာ မရှိတော့။ မင်းကြီးသည် မြို့တွင်း
ိမ်စဉ်ရပ်၍ ဆွမ်းခံခဲ့၏၊ မိဖုရားကြီးလည်း မနီးမဝေးမှ
ိုက်ပါလာဆဲ။

သစ်လုံးများဖြင့် ဆောက်ထားသော အိမ် တစ်အိမ်၏
ံခါးဝရှေ့တွင် မင်းကြီး ရပ်လိုက်သည်။ သစ်လုံး နံရံများ
ွင် ချိတ်ဆွဲထားသော ပစ္စည်း လက်နက် ကိရိယာများကို
ထောက်ရှုလျက် ဤအိမ်သည် လေးသမား တစ်ယောက်၏
ိမ်ဖြစ်ကြောင်း သိသာသည်။

ဟန်သစ်စာပေ



လေးသမားသည် အိမ်ဝ လှေကားစင် ခါးပြင်တွင်ထိုင်နေ
၏။ သူ့ရှေ့မှာ စဉ့်အိုးခြမ်းခံထားသော မီးလင်းဖိုတစ်ခုရှိသည်၊
မီးလင်းဖိုပေါ်တွင် နန္ဒင်း၊ ကသယ်၊ လိမ်းဆီတို့ကို ရောကျို
ထားသော မီးမယ်ဖျူးအိုးတစ်လုံး တည်ထားသည်၊ ထို
အိုးကား မြားတံကို ဖြောင့်အောင် ပြုပြင်ရာတွင် ဆွတ်၍
ဆွတ်၍ ပေးရသော ပအုံးရည်ကျိုသည့် အိုးပင်ဖြစ်၏။

လေးသမား၏ လက်ထဲတွင် မြားတံတစ်ချောင်းကို ကိုင်
ထား၏။ မြားတံမှာ အသစ်စက်စက် လုပ်ပြီးခါစ ဖြစ်သည်။
ဖြောင့်စင်း ချောမွတ်ခြင်းမရှိသေး၊ လေးသမားသည် မီးလင်းဖို
ပေါ်ရှိ မီးမယ်ဖျူးအိုးထဲမှ ပအုံးရည်ကို အဝတ်ပိုင်းဖြင့်နှစ်ကာ
မြားတံပေါ်သို့ ဆွတ်၍ ဖြောင့်ပေးနေ၏။

ပအုံးရည်ကို နှိုက်ယူလိုက်၊ မြားတံပေါ် ဆွတ်လိုက်၊
ထို့နောက် မြားတံ ဖြောင့်မဖြောင့်ကို မျက်စိတွင် ကပ်ကြည့်
လိုက်ဖြင့် လေးသမားသည် သူ့အလုပ်တွင် အာရုံစိုက်နေ၏။
ထိုသို့ မျက်စိဖြင့် ကပ်ကြည့် ချိန်ရွယ်ရာတွင် လေးသမားသည်
မျက်စိတစ်ဖက်ကို မှိတ်၍ တစ်ဖက်ကို ဖွင့်ကာ၊ ဖွင့်သော
မျက်စိဖြင့် ချိန်ရွယ်လေသည်။

ဤအခြင်းအရာ အသေးစိတ်ကို မင်းကြီး ဆွမ်းခံရပ်ရင်း
မြင်သောအခါ လေးသမား၏ လှုပ်ရှားမှုထဲမှ တစ်ခုခုသော
အကြောင်းအရာကို ထုတ်နှုတ်ယူရန် စဉ်းစားမိလေသည်။

ဟန်သစ်စာပေ

လေးသမားထိုင်နေရာ လှေကား ခါးပြင်အနီးသို့ မင်းကြီး ချဉ်းကပ်လိုက်၏။ ထိုအခါမှပင် လေးသမားသည် သပိတ် ပိုက်လွယ် ထားသော ရဟန်းကို လည်းကောင်း၊ ရဟန်း၏ နောက်နားဆီမှ မိန်းမတစ်ဦးကိုလည်းကောင်း သတိထားမိ သွား၏။ လေးသမားက မင်းကြီးကို တစ်စုံတစ်ရာ မပြောမိ တွင် မင်းကြီးသည် တင်ကူး စီစဉ်ထားသော အမေးစကားကို ဆိုလိုက်လေသည်။

"လေးသမား၊ သင် မြားတံကို ဖြောင့်တဲ့နေရာမှာ မျက်စိတစ်ဖက်မှိတ်၊ တစ်ဖက်ဖွင့်ကြည့်ပြီး ဖြောင့်တာ တွေ့ရတယ်၊ ဆီးမီးနှစ်တိုင် တစ်ပြိုင်တည်း ထွန်းသလို မျက်စိနှစ်ဖက်လုံး ဖွင့်ကြည့်ပြီးဖြောင့်ရင် ပိုပြီးမဖြောင့် လွယ်ပေဘူးလား၊ ဘာကြောင့် မျက်စိတစ်ဖက် ပိတ်ရ တာလဲ၊ တစ်ဖက်တည်းနဲ့ကြည့်မှသာ မြင်သလား"

လေးသမား၏ မျက်ခုံးအစုတို့သည် တွန့်ကုပ် သွားလေ သည်၊ စူးရှသေးငယ်သော မျက်လုံးအိမ်များလည်း လေးလေး နက်နက် စဉ်းစားဟန်ဖြင့် ငြိမ်သက်သွားကြ၏။ လေးသမား ကား သူ၏ လေး, မြားအတတ်၌ ပြည့်စုံကုန်လုံသောပညာရှင် ဖြစ်ရုံသာမက မင်းကြီး၏ မေးခွန်း၌ တစ်စုံတစ်ခုသောသဘော ကို ဆောင်ကြဉ်း တောင်းခံနေသည်ကို သဘောပေါက်သည့် ပညာဉာဏ်လည်း ရှိသူဖြစ်၏။

လေးသမား ဖြေလေသည်။





"ရှင်ရဟန်း....မြား ဖြောင့်တဲ့နေရာမှာ မျက်စိ နှစ်ဖက်နဲ့ကြည့်ပြီး မဖြောင့်ရဘူး၊ မျက်စိနှစ်ဖက်စလုံး ဖွင့်ကြည့်ပြီး ဖြောင့်ရင် စိတ်အာရုံ ပြားတဲ့ အတွက် အလွန်သိမ်မွေ့တဲ့ မြားကိစ္စတွေမှာ လွဲချော်ကုန်မယ်၊ သိမ်မွေ့တဲ့ မြားကိစ္စတွေဆိုတာ မြားတံရဲ့ အမို့ အယမ်း၊ အဝှမ်း အလိမ်၊ အပိန်အထောင့်၊ အဖြောင့် အကောက်တွေပဲ၊ အဲ....မျက်စိ နှစ်ဖက်စလုံး ဖွင့် ကြည့်ပြီး ဖြောင့်နေလို့ကတော့ ဒီအသေးစိတ်တွေကို မမြင်ဘဲ တစ်ပြင်တည်းသာ ထင်လာမယ်၊ ဒီအခါမှာ မြားကို ဖြောင့်ဖို့ခက်ခဲတယ်၊ ဖြောင့်နိုင်ခဲတယ်"

လေးသမားသည် သူကျွမ်းကျင်နိုင်နင်းသော ပညာရပ်ဖြစ် ၍ အားပါးတရ ဆက်ပြောလေသည်။

"အင်း....မျက်စိတစ်ဖက်တည်းနဲ့ ကြည့်ပြီး ဖြောင့် မှသာ စိတ်က တစ်ခုတည်း၊ အာရုံလဲမပြား၊ သမာဓိ ကို ရတာကလား၊ ဒါမှသာ မြားရဲ့ အမို့ အယမ်း၊ အဝှမ်း အလိမ်၊ အပိန်အထောင့်၊ အဖြောင့်အကောက် တွေကို ပြတ်ပြတ်ထင်ထင် အသေးစိတ် မြင်နိုင်တယ်၊ ဒါမှသာ မြားကို ပြင်လွယ် ဖြောင့်လွယ် ဖြစ်လာ တယ်"

လေးသမားသည် မင်းကြီးကိုတစ်လှည့် မိဖုရားကြီးကိုတစ်လှည့် တစ်ချက်မျှ ဝေ့ကြည့်လိုက်ရင်း ဆက်ပြော၏၊

"ရှင်ရဟန်း....မြားဖြောင့်ခြင်းမှာသာ မကပေဘူး၊ အဖြောင့်ပြုအပ်တဲ့ အမှုကိစ္စမှန်သမျှမှာ နှစ်ကိုယ်နှစ်စိတ်၊ နှစ်ပညာနဲ့ အငြင်းအခုံ အနှောင့်အယှက် များတဲ့အတွက် သမာဓိမရနိုင်ဘူး၊ ဖြောင့်မှန်ဖို့ ခဲယဉ်းတယ်၊ မိမိရဲ့ သတိနဲ့ပညာကို ရင့်ကျက်စေပြီးမှ တစ်ကိုယ် တစ်စိတ် တစ်ပညာတည်းနဲ့ ပြုရတယ်၊ ဒါမှသာ အာရုံမှာ ငြိမ်ဝပ်ပြီး သမာဓိရတယ်"

လေးသမားသည် မင်းကြီးကို ကျော်လွန်၍ နောက်နားရှိ သီဝလီဒေဝီ မိဖုရားကြီးကို တည့်တည့်ကြီး စိုက်ကြည့်လိုက်လေသည်။ မိဖုရားကြီးမှာ လေးသမား၏ စူးရဲသောအကြည့်ကြောင့် မျက်လွှာချလိုက်ရ၏။

"ရှင်ရဟန်း...နတ်ရွာသုဂတိကို ရည်ရွယ်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ပြီးခါမှ ရှင်ရဟန်း ဘာကြောင့် ကိစ္စများအောင် မိန်းမကိုခေါ်လာရသလဲ၊ အင်း....ကြည့်ရတာ အသွင်အပြင် အရောင်အသွေးတင့်တယ်ပေတယ်၊ သူက ရှင်ရဟန်းနဲ့ တာတော်စပ်





သလဲ၊ နှမလား၊ ကြင်ယာလား၊ ဘာပဲဖြစ်ဖြစ် မိန်းမဆိုတာ ရဟန်းနဲ့ အတူသွားခြင်း၊ နေခြင်း မအပ်စပ်ပေဘူး၊ ရဟန်းဆိုတာ တစ်ကိုယ်တည်းနေပြီး တရားအကျင့်ကိုရှာမှ အာရုံမှာ သမာဓိရပြီး လိုချင်ရာရမယ် မဟုတ်လား၊ ခုပုံအတိုင်းသာနေရင်တော့ ရှင်ရဟန်း မကြာခင်ပဲ သီလရဲ့အန္တရာယ် ဖြစ်မှာ သေချာတယ်၊ မိန်းမကိုစွန့်ပြီး တစ်ကိုယ်တည်း ချမ်းသာစွာ နေလို့ ရဟန်းတရားကို ဖြောင့်ဖြောင့် ကျင့်တော်မူလိုက်စမ်းပါ"

လေးသမားသည် မိမိအိမ်၌ ရဟန်းတစ်ပါး ဆွမ်းရပ်သည်ကိုပင် သတိမထားဖြစ်တော့။ သူ့စကားနှင့်သူ ညီသူပင်။ မြားဖြောင့်ခြင်းအမှုကို စွဲ၍ ရဟန်းတရား အားထုတ်ခြင်းဆိုင်ရာ ဆုံးမစကားများကို ပြောဆိုရင်း လေးသမားသည် အာရုံနှစ်ခု မပြားဘဲ ဆွမ်းရပ်သည့်ကိစ္စကို မေ့နေ၏။

မင်းကြီးလည်း စကားပြောအပြီး မြား ဆက်ဖြောင့်နေသော လေးသမားအိမ်မှ ထွက်ခွာခဲ့လေသည်။

ထူလာမြို့တွင်း အိမ်စဉ်အတိုင်း ဆွမ်းခံခဲ့ပြီး ငှန်းစာ၊ စလောင်းစာ အကြမ်းအနု အမျိုးစုံလင် ရောပြွမ်းသော ဆွမ်းစမဲတို့ကို မျှတလောက်အောင် ရပြီးသောအခါ မင်းကြီးသည်

မြို့ထဲမှထွက်ကာ ရေရှိရာအရပ်သို့ ထွက်ခဲ့၏။ ထို့နောက် တိတ်ဆိတ်စွာပင် ဆွမ်းဘုဉ်းပေးလေသည်၊ သီဝလိဒေဝီလည်း အစဉ်အတိုင်း လိုက်ပါလာရင်း မင်းကြီး ဆွမ်းစားပြီးသည် အထိ အနီးအပါး သင့်ရာကြည့်ရင်း စောင့်နေရလေသည်။

ဆွမ်းစားပြီးနောက် ဆေးကြောသန့်စင်ကာ သပိတ်အိတ်တွင်းသို့ သပိတ်ထည့်သွင်းလျက် မင်းကြီး စကားပြော၏။

“သီဝလိဒေဝီ….လေးသမားရဲ့စကား ကြားတယ် မဟုတ်လား၊ ငါ့အစေအပါး ကျွန်လောက်မျှသာရှိတဲ့ လေးသမားဟာ ငါ့ကို ကဲ့ရဲ့ပြစ်တင် ဆုံးမသွားလိုက်တာ သင်ကြားတဲ့အတိုင်းပဲ၊ ငါ ဒီလိုအပြောအဆိုခံရတာ ငါ့ကြောင့်မဟုတ်ဘူး၊ သင် ငါ့နောက်ကို ဖဝါးခြေထပ် ကပ်လျက် လိုက်ပါနေလို့ပဲ၊ ငါ ထပ်ဆိုပါရစေ၊ ပြည်ကြီးရှင် မိန်းမကောင်း သီဝလိဒေဝီ….ရဟန်းတရားကို ငါ လွတ်လွတ်ကျင့်ပါရစေ၊ ငါ့နောက်မလိုက်ပါနဲ့၊ လိုရာခရီးနဲ့ သင်သွားပါ၊ သင် မသွားတဲ့ခရီးနဲ့ ငါသွားပါ့မယ်၊ ငါ့နှမ….ဒီနေ့က စပြီး ငါ့ကို လင်ယောကျ်ားလို့ မပြောပါနဲ့၊ ကုသိုလ်ပွားရာအရပ်မှာနေပြီး သုဂတိလားရာ တရား သင်လဲ





ကျင့်ပါ၊ ငါလဲ သင့်ကို ဇနီးမယားလို့ မပြောဘဲ တစ်ကိုယ်တည်း ရဟန်းတရားကျင့်မှာဖြစ်တယ်”

မိဖုရားကြီးအနေဖြင့် စကား ထပ်ကွန့်တက်စရာ မရှိတော့ပေ။ အပြစ်ကိုပြ၍ တောင်းပန်တိုက်တွန်းနေသော မင်းကြီးကို မလွန်ဆန်သာတော့။

“ကိုယ်တော် လက်ယာဘက်လမ်းက ကြွတော်မူပါ၊ ကျွန်တော်မ လက်ဝဲလမ်းကသာ သွားပါတော့မယ်”

ဟူ၍သာ ဆို့နင့်စွာပြောပြီး လက်ဝဲလမ်းသို့ လိုက်ခဲ့လေသည်။ သို့သော် လမ်းခုလတ်မှာပင် ရပ်၍ “ကိုယ်တော့်ကို ခွဲခွာပြီး ကျွန်မ မသွားတတ်ပါကလား” ဟု မြည်တမ်းကာ လာလမ်းအတိုင်း ပြန်ဆုတ်ကာ မင်းကြီး ထွက်ခွာသွားရာ လက်ယာလမ်းအတိုင်း အသော့အနှင် လိုက်ပြန်တော့၏။

မြောက်ဘက်အရပ်မှ ဟိမဝန္တာကား မဝေးတော့ပြီ၊

မှိုင်းညို့အုံ့ဆိုင်း စုံတောမြိုင် ဂနိုင်ကြီးက အေးမြသော အရိပ်အာဝါသကို ဖွင့်ထုတ်ဖြန့်ကြက်လျက် မင်းကြီးအား လာလှည့်ဟု ဖိတ်ကြိုနေသယောင်။

■ ■ ■

တောမြိုင်ယံ ဂနိုင်ခရီးအစ မြက်ပင်ရှည်ကြီးကား ထူထပ်စွာ ပေါက်ရောက်နေသော လျှိုထိပ်တွင် မင်းကြီး ခြေစုံရပ်လိုက်၏။

ဟိမဝန္တာ၏ တံခါးမုခ်ဝသို့ ရောက်ပေပြီ။

နှင်းဆွတ်လေကို မင်းကြီး တစ်ဝကြီးရှူရှိုက်လိုက်သည်။

တောတောင်၏ အငြိမ်းဓာတ်တို့က မင်းကြီး၏ကိုယ်တွင်းကိုယ်ပတို့တွင် ရစ်ပတ်လွှမ်းခြုံ ကိုယ်လုံးထိသွား၏။ မှိုင်းမှိုင်းညို့ညို့ တောကြီးစုံမြိုင်ဆီမှ အေးမြငြိမ်းချမ်းသော ကမ်းလင့်မှုတို့ကို မင်းကြီး ထိတွေ့လိုက်ရလေသည်။

သီဝလိဒေဝီလည်း မင်းကြီး ရပ်တန့်သည့်အတိုင်း ရောက်နေရာမှာ ရပ်လိုက်ရသည်။ ဟိမဝန္တာ၏ အေးမြခြင်းသည် မိဖုရားကြီးအတွက်မူကား အေးခဲရဲစက်သော လက်ချောင်းများဖြင့် နှလုံးသည်းပွတ်ကို ဖမ်းယူဆုပ်ကိုင်သည့် ကြိုဆိုမှုသာ ဖြစ်နေ၏။

"သီဝလိဒေဝီ"

မြက်ရှည်တောစပ်၌ ရပ်လျက်က မင်းကြီးလှမ်းခေါ်၏။

မိဖုရားကြီးသည် အနီးသို့ တိုးချဉ်းသွားလေသည်။

မင်းကြီးသည် စိမ်းမြွန်ထက် မြက်ပင်ရှည်တစ်ပင်ရှိရာသို့ လက်ကိုဆန့်တန်းလိုက်၏။ ထို့နောက် ဖြူသံမြက်၏ အညွန့်အမြိတ်ကို လက်ဖြင့်ဖြတ်ယူလိုက်လေသည်။





မင်းကြီးလက်ထဲ၌ ပြတ်ရှပါလာသော မြက်ပင် အညွန့်အမြိတ်။

မြေပြင်၌ကား ငုံးတိတိုပြတ်၍ ကျန်ရစ်သော အပိုင်းအစ။

"သီဝလိဒေဝီ ဒီမှာကြည့်စမ်း"

မင်းကြီးက လက်ထဲမှ မြက်ပင်ပြတ်ကို ပြလျက်....

"ဒီမြက်ညွန့်ကို သူ့အပင်မှာ ပြန်ပြီး ဆက်စပ်ရင် ဆက်စပ်လို့ ရပါဦးမလား"

မင်းကြီး၏အသံသည် လေးနက်ခိုင်ခံ့လာ၏။

"ဒီမြက်ညွန့်နဲ့ အလားတူစွာပဲ သီဝလိဒေဝီ ငါဟာ ရဟန်းတရားကို ကျင့်လိုတဲ့အတွက် သင်တို့ကို စွန့်ခွာခဲ့ပြီးမှ သင်တို့နဲ့ ထပ်မံပေါင်းဖော်ခြင်းအမှုကို မပြုလိုတော့ဘူး၊ အပင်က ပြတ်ပြီး မြက်ညွန့်လို ငါ တစ်ယောက်ထီးတည်း ပျော်ပိုက်ရှေ့က ဟိမဝန္တာမှာ ရဟန်းတရားကို အားထုတ်တော့မယ်"

မိဖုရားကြီး၏ ခြေအစုံတို့ ယိမ်းယိုင်ညွတ်ပြိုလာကြသည်။

"သီဝလိ....သင်လဲ စည်းစိမ်ချမ်းသာမှာ ငြီးငွေ့လောက်တဲ့အရွယ် ရှိနေပြီ၊ ငါနဲ့ကင်းပြီး စည်းစိမ်ချမ်းသာကို ဘာပြုလို့ ခံစားနေဦးမှာလဲ၊ ငါ့လိုပဲ တစ်ယောက်ထီးတည်း ရဟန်းပြုနေရစ်တော့"

အဆုံးတိုင် စကားကို ဆိုတော်မူလေပြီ၊

မြက်ပိုင်းပြတ်သည် မင်းကြီးလက်ထဲတွင် အတိုင်းသား။ မြေပေါ်မှာ ကျန်ရစ်ခဲ့သော မြက်ပင်ပြတ်သည်လည်း အစွင့်သား။ မြေပေါ်မှ မြက်ပြတ်ငုံးတိသည် မည်သို့မျှ ထူးခြားမသွားပေ။ သို့သော် သီဝလိဒေဝီကား ရင်ကို လက်ဖြင့်ထုရိုက်လျက် မတ်တတ်မှ ရုတ်ခြည်း ခွေညွတ်ပြိုလဲကျသွားလေသည်။

အရင်းပြတ်သော ငှက်ပျောတိုင်ကဲ့သို့ လဲကျသွားသည့် မိဖုရားကြီးကို မင်းကြီး တစ်ချက်ငဲ့ကြည့်လိုက်၏။ သီဝလိဒေဝီသည် မြက်ပင်တောများအကြားတွင် သောကပရိဒေဝ၏ ရှို့မြိုက်ခြင်းကြောင့် မိန်းမောသွားလေပြီ။

မင်းကြီးသည် မိမိရပ်လျက်ရှိသော မြက်ခင်းစပ် မြေကြီးပေါ်မှ မိမိ၏ ခြေရာများကို ဖျက်ပစ်လိုက်၏၊ ထို့နောက် စွင့်မတ်သော ဦးခေါင်း၊ ဖွံ့သောရင်၊ တူရူသို့ကြည့်သော မျက်နှာတို့ဖြင့် တောစုံမြိုင်ထဲသို့ ဝင်ရောက်သွားလေသည်။

ဟိမဝန္တာ....သို့။

■ ■ ■





နောက်မှလိုက်ပါလာကြသော အမတ်တို့သည် မြက်ရှည်တောထဲ၌ လဲကျမိန်းမောနေသည့် မိဖုရားကြီးကို တွေ့သောအခါ စုစုရုံးရုံး ဝိုင်းအုံလိုက်ကြ၏။ မင်းကြီးထွက်ခွာသွားရာသို့ မည်သူမျှ စိတ်မရောက်ကြတော့၊ လိုက်လည်းမလိုက်ကြတော့။

"သခင်မကြီး သတိလစ်နေတယ်၊ ရေစင် ဖျန်းပေးကြ၊ မျက်နှာတော်ကို ရေစက်နဲ့တောက်ပေး၊ ခြေချောင်းတွေဆုပ်ပေး၊ ခြေဖဝါးကို နှိပ်နယ်ပေး"

ခဏအကြာတွင် မိဖုရားကြီး သတိပြန်လည်လာ၏၊ မျက်စိနှစ်လုံး ဖွင့်လျှင်ဖွင့်ချင်း မိဖုရားကြီးမေးသော စကားမှာ-

"မင်းကြီးဘယ်မှာလဲ"

"ဝေးရာနောက်နားက လိုက်ကြရတဲ့ ကျွန်တော်မျိုးတို့မှာ မင်းကြီး ဘယ်ကိုသွားတယ်ဆိုတာ မသိလိုက်ကြပါ သခင်မကြီး"

မိဖုရားကြီးသည် ဖျော့တော့သွေးဆုတ်နေသော မျက်နှာဖြင့်ပင် လူးလဲထလိုက်၏၊

"မင်းကြီးကို လိုက်ရှာကြစမ်း၊ တွေ့အောင်ရှာကြစမ်း"

မိဖုရားကြီး၏ အမိန့်ကြောင့်သာ လူစုခွဲ၍ တောစုံမြိုင်ထဲ၌ လှည့်လည်ရှာဖွေကြသော်လည်း အရိပ်အရောင်ကိုမျှ မတွေ့ရတော့။ ခြေရာမျှမထင်သော မင်းကြီးကား ပျောက်ဆုံးသွားပေပြီ။

ဟိမဝန္တာအရိပ်သည် အေးစိမ့်မည်းမှောင်စ ပြုလာ၏။

တစ်စတစ်စ တည်ငြိမ်လာသော မိဖုရားကြီးသည်လည်း စိတ်နှလုံးကို ဒိုးဒိုးလျှော့ချလိုက်တော့၏၊ ထို့နောက် ယဲ့ယဲ့မျှသော အသံဖြင့် ဆိုလေသည်။

> "ငါ့ကို ဖြူဆံမြက်ပင် ဖြတ်ပြသွားတဲ့ နေရာမှာ စေတီတစ်ဆူ တည်ရမယ်၊ စေတီ တည်ဖို့ပဲ ပြင်ဆင်ကြပါတော့ကွယ်"

စေတီတည်ပြီးနောက်, မန်းနံ့သာတို့ဖြင့် စေတီကို ရှိခိုးပူဇော်ရင်း မိဖုရားကြီးသည် မြောက်ဘက်ဆီသို့ ရီဝေမှုန်မှိုင်းသော မျက်လုံးအစုံတို့ဖြင့် ငေးကြည့်မိလေသည်၊

ဟိမဝန္တာ....။

ဟိမဝန္တာ၏ တောင်ထွတ် တောင်စွယ်တို့သည် မိဖုရားကြီးအား ပျပျရေးရေး အဝေးအနီး မသဲကွဲသည့်သို့ မှိုးမှိုးမားမား ငုံ့ကြည့်နေကြသယောင်။





ထိုဟိမဝန္တာဆီတွင် ထာစ်ယောက်သော ခရီးသည်ကြီးသည် မတွန့်မဆုတ်သော ခြေလှမ်းများဖြင့် တရွေ့ရွေ့ တိုးဝင်သွားခဲ့ပြီ။

မြက်ပင်ပြတ်နေရာ စေတီငယ်၏ အောက်ခြေဖိနပ်တော်ခုံထက်တွင် မျက်ရည်တို့ စိုရွှဲတ်သော လက်အုပ် အစုံတို့ ကျရောက်သွားလေသည်။

■ ■ ■

အထိမ်းအမှတ်စေတီများ တည်ထားပူဇော်ကြ၏။

မိဖုရားကြီးအမိန့်အတိုင်းလာခဲ့သော ခရီးစဉ်တစ်လျှောက်၌ ထူလာမြို၊ လေးသမားနှင့် စကားပြောခဲ့ရာ အရပ်တွင် စေတီတစ်ဆူ၊ ရွှေလက်ကောက်ရှင် မိန်းမငယ်နှင့် စကားပြောခဲ့ရာအရပ်တွင် စေတီတစ်ဆူ၊ ပုံသကူအမဲကင်ကို ဘုဉ်းပေးခဲ့ရာ အရပ်တွင် စေတီတစ်ဆူ ထူလာမြို့တွင် စေတီ သုံးဆူ။

ထို့နောက် မိဂဒါဝိန်ရသေ့ကြီးနှင့် တွေ့ဆုံခဲ့ရာ၌ တစ်ဆူ၊ နာရဒရသေ့ကြီးနှင့် တွေ့ဆုံခဲ့ရာ၌ တစ်ဆူ၊ အစဉ်အတိုင်းမင်တောင်တွေ့ဖြင့် ဖီလာ ဖြတ် မျဉ်းသားခဲ့ရာတွင် တစ်ဆူ၊ မိထိလာပြည် ခိုးသား ဓားပြတို့ ဆူပူဟန်ပြခဲ့ရာ အရပ်တွင် တစ်ဆူ၊ မီးလောင်ခြင်းအဖြစ် ပြခဲ့ရာတွင် တစ်ဆူ၊ စုစုပေါင်း စေတီ ငါးဆူ။ ရှစ်ဆူသော စေတီတို့ကို အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ကာ ပွဲသဘင် ပြုပြီးနောက် မိဖုရားကြီးသည် စစ်အင်္ဂါစုံလင်ဖြင့် မင်္ဂလာဥယျာဉ်တော်သို့ ဝင်ခဲ့၏။

သားတော်ဒီဃာဝုအား မင်္ဂလာဥယျာဉ် ကျောက်ဖြာထက်မှာပင် ရာဇာဘိသေက သွန်းလျက် မိထိလာပြည်ကို အပ်နှင်းလိုက်သည်။

ဤ ဥယျာဉ်တွင်းမှ ဤ ကျောက်ဖျာကား မိထိလာသို့ မဟာဇနကလုလင်အဖြစ် မင်းကြီး စတင် ရောက်ခဲ့ရာအရပ်၊ ယခုမူ ထိုကျောက်ဖျာသည် သားတော် အရှင်ရာဇာဘိသေက ခံရာ နေရာအဖြစ် ပြောင်းလဲသွားပေပြီ။

ဘိသေကသဘင် အပြီးတွင် သီဝလိဒေဝီမိဖုရားကြီးသည် သား ဒီဃာဝုကို အမှူးထားလျက် တိုင်းပြည်သို့ ကြေညာလိုက်၏။





"သား....မင်းမြတ်၊ မောင့်ခမည်းတော်အုပ်ချုပ်တဲ့ အတိုင်း ပြည်အရေးအရာ အလုံးစုံ သာယာချမ်းမြေ့အောင် တရားသဖြင့် မင်းပြု အုပ်ချုပ်ပါ၊ မယ်တော်ကတော့ မောင့်ခမည်းတော် ဆုံးမခဲ့တဲ့ အတိုင်း ဒီဥယျာဉ်မှာပဲ ရဟန်းပြု စံနေတော့မယ်"

ထိုစကားကို ဆိုချိန်၌ သီဝလိဒေဝီမိဖုရားကြီး၏ မျက်နှာသည် ဆွေးရိပ် သမ်း သော တည်ငြိမ် လေးနက်မှုတို့ဖြင့် ကျက်သရေကို ဆောင်နေလေသည်။ ကြွင်းကျန်နေဝဲဆဲ ထို ဆွေးရိပ် များ သည် လည်း စင်စစ်မူ မိဖုရားကြီး၏ ခိုင်ခံ့နက်ရှိုင်းသော မျက်လုံးအိမ် အစုံတို့မှ တစ်စတစ်စ ဆုတ်ခွာလျော့ပါးသွားနေပေသည်။

■ ■ ■

ဤသို့ဖြင့်ပင်...

သိဝလိဒေဝီမိဖုရားကြီးသည် ဥယျာဉ်၌ ရဟန်းပြု သီတင်းသုံးကာ ကြောင့်ကြကြီး ငယ်တို့ကို ပယ်ဖြတ်လျက် ကသိုဏ်းပရိကံကို ပွားများပြီးနောက် ပထမ စျာန် သမာပတ်ကို ရခဲ့၏။ စုတေလတ်သော် ရပြီးသော စျာန် မပျက်သဖြင့် မဟာဗြဟ္မာတို့၏ အခြေအရံများ နေရာဘုံဖြစ်သော ဗြဟ္မပါရိသဇ္ဇာဘုံသို့ ရောက်ရှိသွားလေသည်။

မဟာဇနက မင်းကြီးကား ဟိမဝန္တာ၌ အဘိညာဉ်သမာပတ် စည်းစိမ်ဖြင့်နေခဲ့ကာ စုတေလတ်သော် ရပြီးသော စျာန်အဟုန်ဖြင့်ပင် ဝေဟပ္ဖိုလ်ဘုံသို့ ပြောင်းလဲတက်စံတော်မူခဲ့လေသည်။

ခရီး သည်ကြီးသည် ဟိမဝန္တာ သို့ လာ ခဲ့ ပြီး နောက် ဟိမဝန္တာမှ ဆက်လက် ထွက်ခွာခဲ့ပြန်လေသည်၊ ထို မဟာခရီးစဉ်ကြီးများ၏ အဆုံးသည်ကား....။



# ဇာတ်သိမ်း

- မဏိမေခလာ နတ်သမီးသည် ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ လက်ဝဲရံတပည့်တော်မ အပေါင်းတို့တွင် အမြတ်ဆုံး ဒုတိယ အဂ္ဂသာဝိကာ'ဥပ္ပလဝဏ်ထေရီ' ဖြစ်လာ၏။

- ထူလာမြို့မှ ရွှေလက်ကောက်ရှင် သတို့သမီးငယ်သည် လက်ျာရံ တပည့်တော်မ, အပေါင်းတို့တွင် ပထမ အဂ္ဂသာဝိကာ 'ခေမာထေရီ' အဖြစ် ...

- မိဂါစိန် ရသေ့ကြီး သည် အဂ္ဂသာဝက မဟာမောဂ္ဂလာန်ထေရ် အဖြစ်....

- နာရဒ ရသေ့ကြီးသည် အဂ္ဂသာဝက သာရိပုတ္တရာထေရ်အဖြစ်....

– ထူလာမြို့သား လေး သမားသည် ခမ္မဘဏ္ဍာဂါရိက အာနန္ဒာထေရ်အဖြစ်....

– သိဝလိဓေဝီသည် ရာဟုလာမိခင် ဗိမ္ဗာထေရီအဖြစ်....

– ဒီဃာဝုမင်းသားသည် ရာဟုလာထေရ်အဖြစ်....

အသီးသီး ဖြစ်ခဲ့ကြပြီးနောက်–

– မဟာဇနကမင်းကြီးကား ခပ်သိမ်းသော တရားတို့ကို သိတော်မူသော လူ နတ် တို့၏ ဆရာ ' ဗုဒ္ဓမြတ်စွာ ဖြစ်တော်မူလေသည်။

ချစ်ဦးညို

ဟန္သာဝတီ စာပေ